# လိုဏ်ဂူတော်ကြီးသမိုင်း




စီစဉ်ရေးသားသူ

သရေစည်သူ ဦးလှကျော်


---


မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

ကောဇာ ၁၃၃၂။ သာသနာ ၂၅၁၄၊ စက်တင်ဘာလ ၁၉၇၀။

ဆဋ္ဌသင်္ဂီတိမဟာပါသာဏဂုဟာခေါ်

## ဆဋ္ဌသင်္ဂါယနာတင် ကျောက်သိုက်ဂူတော်ကြီး

၏

# အတ္ထုပ္ပတ္တိ သမိုင်း


စီစဉ်ရေးသားသူ

သရေစည်သူ ဦးလှကျော်

အုပ်ချုပ်ရေးမှူး နိုင်ငံတော်အစိုးရ ပြန်လည်ထူထောင်ရေးအဖွဲ့

နှင့်

ဥက္ကဋ္ဌကြီး ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးဌာနချုပ်

# ဆဋ္ဌသံဂါယနာတင် လိုဏ်ဂူတော်ကြီး

## အတ္ထုပ္ပတ္တိအပိုင်း ၂က

ပဌမအကြိမ်ရိုက်နှိပ်ခြင်း   ၁၉၅၆-ခု၊ အုပ်ရေ ၅၀၀၀။

ဒုတိယအကြိမ်ပြန်လည်ရိုက်နှိပ်ခြင်း   ၁၉၇၀-ခု၊ အုပ်ရေ ၁၀၀၀။

ပ-မ-ဗ-သ-စ—၃၇၂—၁၉-၉-၇၀—၁၀၀၀-အုပ်။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်၍
အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်) ဦးလှမောင် M. A., M.S., B. L.
မှတ်ပုံတင်အမှတ် (၀၇၉၉/၀၅၂၂) က ပုံနှိပ်ထုတ်ဝေသည်။

**ဆဋ္ဌသင်္ဂီတိ မဟာပါသာဏဂုဟာခေါ် ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင် ကျောက်လိုဏ်ဂူ တော်ကြီး အတ္ထုပ္ပတ္တိသမိုင်း ပြုစုခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမြတ်တော်ခွန်နှင့် ကုန်သွယ် လုပ်ငန်းခွန်များ မင်းကြီးစည်သူ ဦးစံသိမ်း ဘီ-အေ ၏**

# ဥပယောဇဉ်

ဗုဒ္ဓမြတ်စွာ၏ သုံးတန်သော သာသနာတော်မြတ် ပြန့်ပွားရေးကို ကူညီချီးမြှင့်ရာ၌ ဤသမိုင်း ပြုစုသူနှင့်အတူ လွတ်လပ်ရေးရစ အချိန်ကပင် ကျွန်ုပ်သည် စတင်တွဲဖက် ဆောင်ရွက် ခဲ့ဘူးလေသည်။ ကမ္ဘာကျော် ဤကျောက်လိုဏ်ဂူ တော်ကြီး တည်ဆောက်ပြီးစ အချိန်ကပင် ကျောက်လိုဏ်ဂူတော်ကြီး၏ အတ္ထုပ္ပတ္တိ သမိုင်းကို ရေးသားရန် ရည်ရွယ်ချက်ရှိကြောင်း အကြိမ်ကြိမ် ပြောကြားခဲ့ဘူးသည်ကို မှတ်မိပါ၏။ သို့သော် ဤမျှ လောကီရေးရာနှင့်တကွ လောကုတ္တရာဆိုင်ရာလုပ်ငန်း အဖက်ဖက်တို့တွင် ဆောင်ရွက်နေသူ တယောက်အဖို့ ဤအတ္ထုပ္ပတ္တိသမိုင်းကို ရေးသားနိုင်ခွင့် ရရှိလိမ့်မည်ဟု မျှော်လင့်ခြင်း မရှိခဲ့သော်ငြားလည်း သမိုင်းပြုစုသူသည် ၁၉၅၆-ခု ဖေဖေါ်ဝါရီလ ၄-ရက်နေ့မှ အစပြု၍ တလတိုင်တိုင် အဓိဋ္ဌာန်ပြုပြီး ၁၉၅၆-ခု မတ်လ ၄-ရက်နေ့ ညတွင် အဆုံးသတ် ပြီးစီးအောင် ဤအတ္ထုပ္ပတ္တိ သမိုင်းကို ပြုစုကြောင်း အံ့အားသင့်စွာ သိရှိရပေသည်။

ကျွန်ုပ်အား ဤဥပယောဇဉ် စာတမ်း ရေးသားရန် အတ္ထုပ္ပတ္တိသမိုင်းကို ပေးပို့သောကြောင့် ဤအတ္ထုပ္ပတ္တိသမိုင်းကို လေ့လာ ဆည်းပူးရာ ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင် ကျင်းပရာ ကျောက်လိုဏ်ဂူတော်ကြီး တည်ဆောက်ပုံ တည်ဆောက်နည်းများကိုသာ ရေးသားလိမ့်မည်ဟု မူလက အထင်ရှိခဲ့သည်ထက် အတ္ထုပ္ပတ္တိသမိုင်းဟု အမည် တွင်စေအပ်သည့် အကြောင်းအရာများစွာတို့ကို ဖေါ်ထုတ်ထားကြောင်း တွေ့ရှိရပေသည်။

ကျောက်လိုဏ်ဂူတော်ကြီး၏ အတ္ထုပ္ပတ္တိသမိုင်းကို ရေးသားရာ၌ ကျောက်လိုဏ်ဂူတော်ကြီးကို မည်သို့သော မှန်မြတ်သည့် ရည်ရွယ်ချက်ဖြင့် တည်ဆောက်သည် ထိုရည်ရွယ်ချက်မှာလည်း မည်သည့် အကြောင်းဖြင့် မည်ကဲ့သို့ စတင်ပေါ်ထွန်းလာခဲ့သည် စသော အချက်အလက်များကို မှီ၍ သင်္ဂါယနာတင် ကာလဟာလနှင့် ဆဋ္ဌ-သင်္ဂါယနာတင်ကို မျှော်မှန်းခဲ့ပုံ ကြိုးစားဆောင်ရွက်ခဲ့ပုံများနှင့် သာသနဒါယကာ မင်းများ အုပ်စိုးစဉ် အာဏာစက် ဓမ္မစက်နှစ်ဖြာ စွယ်စုံထွန်းပေါ်မှုကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော် သုံးတန်တိုးတက်လာသော ပုံအခြေခံ အကြောင်းအရာတို့ကို အဘိုချုံး၍သရုပ်ဖေါ် ထည့်သွင်းထားခြင်းများကိုငှင်း လိုဏ်ဂူတော်ကြီး တည်ဆောက်ပြီးမြောက်သောကြောင့် ဆဋ္ဌသင်္ဂါယနာကို အောင်မြင်စွာ တင်နိုင်ပုံတို့ကိုငှင်း ကိုယ်တွေ့အကိုးအကား မြောက်မြားစွာဖြင့် ရေးသား ထားအပ်သော အတ္ထုပ္ပတ္တိသမိုင်းကြီးတခု ဖြစ်သည်ကို တွေ့ရပေသည်။ ထိုမှတပါး ကျောက်လိုဏ်ဂူတော်ကြီးကို အပိုင်း ကဏ္ဍ အဝဝဖြင့် တည်ဆောက်ပြီးမြောက်ခဲ့ပုံများကိုပါ အနုပညာ စိတ်ဝင်စားဘွယ်ရာ ဖေါ်ပြထားရကား ဆဋ္ဌသင်္ဂါယနာတင်၏ နောက်ခံနှင့် အခြေခံသမိုင်းတခုဟု ခေါ်တွင်ရလျှင်လည်း မှားနိုင်မည် မဟုတ်ပေ။

# ဥယျောဇဉ်

ဤအတ္ထုပ္ပတ္တိသမိုင်းသည် သာသနာ့ဗဟုသုတ ရလိုသူများအတွက် ဆိုင်ရာကဏ္ဍ၏ထူးမြတ်သော မှတ်တမ်းသဖွယ် ဖြစ်စေမည့်အပြင် သုတေသန ပညာ လိုက်စားသူများမှာ ကျယ်ပြန့်သော ဗဟုသုတဖြစ်၍ နောင်လာနောက်သားများ အတွက်လည်း ဗဟုသုတ ကဏ္ဍမှသော်၎င်း ဗိသုကာ ကဏ္ဍမှသော်၎င်း ဤကျောက်သိမ်ဂူတော်ကြီး မည်သို့မည်ပုံ တည်ဆောက်ထားခြင်းကို သိရှိရန် အတွက် တူးဆွ ဖွဲ့ချေခြင်းပြုရန်မလိုပဲ လေ့လာသိရှိနိုင်မည်ဖြစ်သောကြောင့် ပစ္စုပ္ပန်နှင့် အနာဂတ် ကာလများအတွက် မှန်မြတ်သိုက်မြိုက်သော အကျိုးကို ဆောင်လျက် ရှိပေပြီ။

ဤအတ္ထုပ္ပတ္တိသမိုင်းကို ပြုစုရာ၌လည်း သမိုင်း ပြုစုသူ သရေစည်သူ ဦးလှကျော်သည် မိမိ၏ နိဒါန်းတွင် ဖော်ပြထားချက်အရ ပစ္စုပ္ပန် ကိုယ်ကျိုးမဖက်ပဲ မှန်မြတ်ထက်သန်သော စေတနာဖြင့် ပြုစုရသော အတ္ထုပ္ပတ္တိသမိုင်းမှ ပေါ်ထွန်းလာသည့် ဝတ္ထုပစ္စည်းအရပ်ရပ်ကို ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏဂုဟာခေါ် ဆဋ္ဌသင်္ဂါယနာတင် မဟာ ဓမ္မသဘင် ကျောက်လိုဏ်ဂူတော်ကြီး၏ အကျိုးသာလျှင် ဖြစ်စေပါမည် ဟု အဓိဋ္ဌာန် ပြုချက်ရှိ၏။ သို့ဖြစ်သောကြောင့်လည်း ဤ အတ္ထုပ္ပတ္တိသမိုင်းကို ရဟန်းရှင်လူများ၏ ယခုခေတ် လက်တွေ့ဗဟုသုတ ဖြစ်ထွန်းဘွယ်ရာ အကျိုးနှင့် နောင်ကာလဗဟုသုတ ဖြစ်ထွန်းဘွယ်ရာ အကျိုးတို့ကို မျှော်ကိုး၍ ဂရုတစိုက် လေ့လာဖတ်ရှုထိုက်သော သာသနာတော်၏ အတ္ထုပ္ပတ္တိသမိုင်းတခုဖြစ်ကြောင်းကို ဤဥယျောဇဉ်စာတမ်းဖြင့် ဖော်ပြအပ်ပါသတည်း။

ပုံ—စည်သူ ဦးစံသိမ်း ဘီ-အေ၊
မြန်မာနိုင်ငံ အမြတ်တော်ခွန်နှင့် ကုန်သွယ်လုပ်ငန်း
ခွန်များမင်းကြီး
၁၉၅၆-ခု၊ မတ်လ ၁၅ ရက်နေ့

# နိဒါန်း

ဆဋ္ဌသင်္ဂီတိ မဟာပါသာဏဂုဟာခေါ် ဆဋ္ဌသင်္ဂါယနာတင် ကျောက်သိုဏ်ဂူတော်ကြီး၏ အတ္ထုပ္ပတ္တိသမိုင်းကို ရေးသားသူသည် နောင်ခေတ်ကာလ အရှည်မြော်ကိုး၍ မိမိအား နိုင်ငံတော်အစိုးရတို့က ချထားပေးအပ်သော တာဝန်ဝတ္တရားများအပြင် သာသနာရေးနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်တာအဝဝတို့ကို ဆောင်ရွက်နေရသည့်အတွက် တနေ့တာမျှ အားလပ်ခွင့်မရသော အချိန်အတွင်းမှ ရရှိနိုင်သမျှ အားလပ်ချိန်ကလေးကို ကုပ်ကပ်ယူငင်ပြီး ဤသမိုင်းတစောင်ကို ဗုဒ္ဓမြတ်စွာ သာသနာ ၂၅၀၀-ပြည့် အချိန်မှီ ရေးသားထုတ်ဝေ အပ်ပါသည်။

ဤသမိုင်း ရေးသားပြုစုသူ၏ ရည်ရွယ်ချက်နှင့် အာသီသမှာ (၁) ဤလိုဏ်ဂူတော်ကြီး မတည်ဆောက်မီက ဖြစ်ပွါးပေါ်ပေါက်ခဲ့သည့် တကယ့်အဖြစ်အပျက်များ။ (၂) ဆဋ္ဌသင်္ဂါယနာ တင်နိုင်ရန်အတွက် မည်ကဲ့သို့လုံးပမ်း ဆောင်ရွက်ခဲ့မှုများ။ (၃) ပြည်တွင်းပြည်ပ သာသနာရေး ကိစ္စအဝဝတို့သည် နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှုကြောင့် မည်ကဲ့သို့ တိုးတက်ကြီးပွါးလာရပုံများ။ (၄) ယခုလိုဏ်ဂူတော် တည်ဆောက်ရာ ဌာနကြီးမှာ ကမ္ဘာ့သာသနာ့အုတ်မြစ်ချရာ ဌာနကြီးအစစ် ဖြစ်မဖြစ် စသည့်မှုရင်းအကြောင်း အချက်ပေါင်း များစွာတို့ကို မှန်ကန်စွာ ရဟန်း ရှင်လူအပေါင်းတို့ ယခုပစ္စုပ္ပန်နှင့် အနာဂတ်ကာလတွင် သိမြင်စေလိုသော အာသီသရှိသည်ကတကြောင်း၊ နောင်လာနောက်သားများအဖို့ ဤဆဋ္ဌသင်္ဂီတိ မဟာပါသာဏဂုဟာခေါ် ဆဋ္ဌသင်္ဂါယနာတင်သည့် ကျောက်လိုဏ်ဂူတော်ကြီး မည်သို့ မည်ပုံဖြစ်ပေါ်လာသည်၊ မည်ကဲ့သို့ တည်ဆောက်သည်၊ တည်ဆောက်ရာတွင် မည်ကဲ့သို့ တည်ဆောက်သည်။ မည်သည့် တည်ဆောက်ရေးဆိုင်ရာ အဆောက်အဦ ပစ္စည်းများကို အသုံးပြုသည်၊ မည်ကဲ့သို့ အခက်အခဲများ တွေ့ရှိခဲ့သည်။ မည်သို့အောင်မြင်ထမြောက်အောင် တည်ဆောက်နိုင်ခဲ့သည်စသည့် ဗိသုကာ ပညာရပ်များနှင့် တည်ဆောက်ရေးဆိုင်ရာ ပညာရပ်များကို ဤသမိုင်းပြုစုသူသာ မဖေါ်ပြခဲ့ပါက ပုဂံမြို့ရှိ ထင်ရှားကျော်စောသော အာနန္ဒာ ဘုရား စေတီတော်မြတ်အား ယခင်ကျွန်ုပ်တို့ တိုင်းပြည်ကို အုပ်ချုပ်ခဲ့ကြသော အင်္ဂလိပ် အစိုးရမင်းများ လက်ထက်ကျောက်စာဌာနမှ မြန်မာ့အနုပညာ မြန်မာ့ဗိသုကာ ပညာဉာဏ်စွမ်းများကို ယခုကဲ့သို့ သမိုင်းတခု ပြုစုခဲ့ခြင်း မရှိခဲ့သောကြောင့်၊ တူးဖော်၍ တမျိုး ဖွဲ့ခွါ၍တဖုံ နည်းမျိုးစုံဖြင့် ပုဂံ အာနန္ဒာဘုရား၏ ဗိသုကာသမိုင်း တခု ပြုစုခဲ့ရခြင်းကို အထောက်အထားပြု၍ ယခုကမ္ဘာတွင် ထင်ရှားလျက်ရှိသော ဤဆဋ္ဌသင်္ဂီတိ မဟာပါသာဏကျောက်လိုဏ်ဂူတော်ကြီးကို သာသနာ ၅၀၀၀ အစွန့်ရှည်စွာ တည်မြဲပါစေသားဟု နိုင်ငံတော်အစိုးရနှင့်တကွ တိုင်းပြည်လူထုကြီးကပါ ဆုမွန်တောင်းလျက် အမိဌာန် အမျိုးမျိုး ပြု၍၎င်း၊ သစ္စာအမျိုးမျိုးပြု၍၎င်း၊ အဖက်ဖက်မှ လိုလေသေးမရှိ သာသနာ ၅၀၀၀-အထိ ခိုင်ခံ့အောင် တည်ဆောက်ခဲ့သော ဤကျောက်လိုဏ်ဂူတော်ကြီးကို မှုတည်သမိုင်းတိကျစွာ မရှိခဲ့ပါလျှင် အထက်ဖော်ပြပါ အင်္ဂလိပ်မင်း အုပ်စိုးစဉ်က ဖြစ်ပျက် ခံစားခဲ့သည့် နမူနာကို အတုယူ၍ နောင်လာနောက်သားတို့ အမှန် တည်ဆောက်ခဲ့သည့် နည်းနာနိသျများနှင့် ဗိသုကာ အနုပညာ

ရပ်များကို တူးဆွ ဖော်ဖောက်ခြင်းမပြုရပဲ တိကျမှန်ကန်စွာ လေ့လာစေနိုင်ရန်အတွက် ရည်ရွယ်ချက် ရှိသည်ကတကြောင်း၊ ဤအကြောင်းတို့ကြောင့် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏဂုဟာခေါ် ဆဋ္ဌသင်္ဂါယနာတင် ကျောက်လိုဏ်ဂူတော်ကြီး၏ အတ္ထုပ္ပတ္တိသမိုင်းကို သမိုင်းရေးသူ၏ ဉာဏ်စွမ်းရှိသမျှ နှောင်လာနောက်သားတို့၏ နှောင်အကျိုးကို မြော်ကိုး၍ ယခုဤလိုဏ်ဂူတော်ကြီး သာသနာ ၅၀၀၀ တည်တံ့ရန် ရည်သန်ရေးသားအပ်ပါသည်။

ဤလိုဏ်ဂူတော်ကြီး၏ အတ္ထုပ္ပတ္တိ သမိုင်းကို ရေးသားရာ၌ သမိုင်းရေးသားသူသည် မည်သည့်ပုဂ္ဂိုလ်ကိုမျှ ထိခိုက်စေလိုသော စေတနာ မရှိ။ မိမိကိုယ်ကျိုးလည်း လုံးဝမပါ၊ ရေးသားခဲ့သည့် ဉာဏ်စွမ်းသည်ရင်း၊ ရေးသားခဲ့ခြင်းဖြင့် အကျိုးဖြစ်ထွန်းမှု အားလုံးသည်ရင်း၊ ဤဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏဂုဟာခေါ် ဆဋ္ဌသင်္ဂါယနာတင် ကျောက် လိုဏ်ဂူတော်ကြီး၏ အကျိုးကျေးဇူးများသာဖြစ်ကြောင်း ရဲဝံ့စွာ ထုတ်ဖော်ဝန်ခံအပ်ပါသည်။ သို့ ဤအတ္ထုပ္ပတ္တိသမိုင်းကို ပြုစုရာ၌ လိုဏ်ဂူတော်ကြီး၏ အကြောင်းကို မရေးမီ

(၁) လိုဏ်ဂူတော်ကြီးဖြစ်ပေါ်လာပုံ။

(၂) လိုဏ်ဂူတော်ကြီး တည်နေသည့် ဌာနသည် ဘူမိနက်သန် မှန်ကန်ပုံ။

(၃) ဆဋ္ဌ သင်္ဂါယနာတင် အစ ဖြစ်ပေါ်လာပုံ။

(၄) နိုင်ငံတော်ဘွင် အာဏာစက် မမှေက် ပူးပေါင်း ဆောင်ရွက်မှုကြောင့် ဗုဒ္ဓသာသနာတော်မြတ် မြန်မာနိုင်ငံတော်သာမက ကမ္ဘာတွင် ထင်ရှားလာသည်အထိ မည်ကဲ့သို့ ဖောင်လာပုံ စသည့် အကြောင်းခြင်းရာတို့ကို မပေါ်ပြက အဆက်အစပ် အကျိုးအကြောင်း တရားတို့သည် ပေါ်လွင်မှုရရှိမည် မဟုတ်သောကြောင့် သမိုင်းတွင် စလည်ဆိုး သုံးပါး ပြည့်ဝမည် မဟုတ်ပေ။ ထို့ကြောင့် ဤသမိုင်းတွင်ပါဝင်သည့် အကြောင်းအချက်များသည် သမိုင်း ပြုစုသူ၏အကယ် အစစ် အမှန် သိရှိသမျှလောက်သော အကြောင်းများကိုသာ ဖော်ပြခြင်းဖြစ်ရာ မည်သူတစုံတယောက်ကိုမျှရင်း၊ မိမိကိုယ်ကိုရင်း၊ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ရေးသားခြင်းမဟုတ်ပဲ ဓမ္မာဓိဋ္ဌာန်အားဖြင့် အထက် ဖော်ပြပါ အကြောင်းအချက်များကို မြော်ကိုး၍ ရေးသားခြင်း ဖြစ်သည်ကို သမိုင်းရေးသားသူ၏ စေတနာဖြင့် ဗုဒ္ဓရှင်တော်ဘုရားအား တိုင်တည်၍ ဤသမိုင်းကို ရေးသားခြင်းအားဖြင့် ဗုဒ္ဓသာသနာတော်မြတ်သည် ကမ္ဘာအဝှန်း အခွန့်ရှည်စွာ တည်မြဲပါစေသောဝ်။ ဗုဒ္ဓသာသနာတော်မြတ်သည် ကမ္ဘာအဝှန်း ထွန်းလင်းတောက်ပပါစေသောဝ်၊ ကမ္ဘာသူ ကမ္ဘာသားများ ငြိမ်းချမ်းသာယာမှုကိုရရှိ၍ နိဗ္ဗာန်မဂ်ဖိုလ်ရကြောင်းတရားကို ပွားများအားထုတ် နိုင်ကြပြီး နိဗ္ဗာန် မဂ်ဖိုလ်သို့ မျက်မှောက်ပြုနိုင်ကြပါ စေသောဝ်ဟု ဆုတောင်း၍ ဤနိဒါန်းကို ရေးသားအပ်ပါသည်။

ဤဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏဂုဟာခေါ် ဆဋ္ဌ သင်္ဂါယနာတင် မဟာဓမ္မသဘင်ကျင်းပရာ လိုဏ်ဂူတော်ကြီး၏ အတ္ထုပ္ပတ္တိသမိုင်းကို ရေးသားရာ၌ ဝိုင်းဝန်း ကူညီအားပေးကြသော နိုင်ငံတော်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်၊ အမြတ်တော်မင်းကြီး စည်သူဦးစံသိမ်းနှင့် အဖွဲ့ဝင်များကိုရင်း၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးမှူး သီရိပျံချီ ဦးစိန်းမောင်နှင့်မွေ့ရောင်ခြည်စာစောင်အယ်ဒီတာဆရာဦးသာတင် (မာဃ)တို့ကိုရင်း၊ နိုင်ငံတော်အစိုးရ သာသနာ ညွှန်ကြားရေးဝန် ဦးကြီးဖေအားရင်း

လိုဏ်ဂူတော် မော်ကွန်းထိန်း ဆရာဌေးနှင့် ဒုတိယ မော်ကွန်းထိန်း စာရေးဆရာ သာယာဝတီ ဆရာ ဣန္ဒာဝဇီရကိုရင်း၊ လိုဏ်ဂူတော်ကြီးတည်ဆောက်ရာတွင် လက်တွဲဆောင်ရွက်ခဲ့ကြသော အင်ဂျင်နီယာ အဖွဲ့ဝင်များ၊ ရုံးအုပ်ချုပ်သူနှင့် ရုံးသူရုံးသားများ၊ ပစ္စည်းထိန်းဌာန လုပ်ငန်းဌာန တာဝန်ခံများနှင့် အဖွဲ့ဝင်များအားဥင်း၊ ဤသမိုင်း ပြုစုသူအား သမိုင်းတစောင်ဖြစ်မြောက်အောင် ရေးသားရာ၌ နေ့ရောညဉ့်ပါ ကူညီအားပေး ကိုယ်ထိလက်ရောက် အပင်ပမ်းခံကာ ဆောင်ရွက်သော လက်ရေးတိုနှင့် လက်နှိပ်စက်စာရေး မောင်အုန်းမောင်အားရင်း၊ ဤသမိုင်းရေးသားသူသည် ကျေးဇူးတင်စကား ရေးသား ဖော်ပြမှုမရှိပါက သမိုင်းဝင် ပုဂ္ဂိုလ်များအတွက် ပြည့်ဝမည် မဟုတ်သည့်အပြင် မင်္ဂလာတရားတော်နှင့်လည်း ကိုက်ညီမည် မဟုတ်သောကြောင့် အထက်ဖော်ပြပါ ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များကို သမိုင်းပြုစုသူသည် လေးလေးနက်နက် ချီးကျူး ကျေးဇူးတင်စွာဖြင့် ဤသမိုင်းနိဒါန်း၏ အဆုံးတွင် ဖော်ပြအပ်ပါသတည်း။

ဤအဋ္ဌုပ္ပတ္တိ သမိုင်းကို ၁၃၁၇-ခု၊ ပြာသိုလဆုတ် ၈-ရက် (၄ - ၂ - ၅၆)နေ့မှ စတင်ရေးသားခဲ့ရာ ၁၃၁၇-ခု၊ တပို့တွဲလဆုတ် ၇-ရက် တနင်္ဂနွေနေ့ (၄ - ၃ - ၅၆)နေ့ တလတိတိ အချိန်တွင် အပြီးသတ် ရေးသား ခဲ့ပါသည်။

၁၃၁၇-ခု တပို့တွဲလဆုတ် ၇-ရက်။
၁၉၅၆-ခု၊ မတ်လ ၄-ရက်။

လှကျော် သရေစည်သူ
အုပ်ချုပ်ရေးမှူး
ပြန်လည်ထူထောင်ရေးအဖွဲ့နှင့်
ဥက္ကဋ္ဌကြီး ဗမာနိုင်ငံလုံးဆိုင်ရာမီးသတ်
အစည်းအရုံးဌာနချုပ်

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဆဋ္ဌသင်္ဂါယနာ ကောလာဟလများ | ၁ |
| သင်္ဂါယနာ ၅ တန် အကျဉ်းချုပ် | ၂ |
| တိပိဋကဓရ ရွေးချယ်ပွဲ ဇယမင်္ဂလာ ဂါထာ | ၅ |
| ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ ဆာဦးသွင်၏ ချီးကျူးစကား | ၈ |
| တိုးတက်သာသနာအစ ရိပ်သာမှ | ၁၁ |
| ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဖြစ်ပေါ်လာပုံ | ၁၂ |
| မဟာစည်ဆရာတော်ဘုရားအား ပင့်ဆောင်ခဲ့ပုံ | ၁၆ |
| သာသနာ့ရိပ်သာ ဖြစ်ပေါ်လာပုံ | ၁၈ |
| တိပိဋကဓရ ရွေးချယ်ပွဲ | ၁၉ |
| တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ၏ အဋ္ဌုပ္ပတ္တိ | ၂၂ |
| သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့ | ၂၅ |
| သီရိမင်္ဂလာကုန်းတော် | ၂၈ |

အကြောင်းအရာ
ကမ္ဘာအေးစေတီတည်ခြင်း
ကမ္ဘာအေးနှင့် သီရိမင်္ဂလာကုန်းတော်ဟု ခေါ်ဝေါ်ခြင်း
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဖြစ်ပေါ်လာပုံ
သင်္ဂါယနာတင်ကိစ္စ ဖြစ်ပေါ်လာခြင်း
အကြံပေးချက်နှင့် ဆုံးဖြတ်ချက်များ
ဆဋ္ဌသင်္ဂါယနာတင်ရန် ဆရာတော်များ ဩဝါဒကို ခံယူခြင်း
ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး လျှောက်ထားချက်
ဆဋ္ဌသင်္ဂါယနာတင်အဆောက်အဦ စီစဉ်ရေးအဖွဲ့
ဆဋ္ဌသင်္ဂါယနာတင် အဆောက်အဦ ပုံစံတင်ပြခြင်း
နိုင်ငံတော်ဝန်ကြီးချုပ်တွင် စိတ်အကြံဖြစ်ပေါ်လာပုံ
လိုဏ်ဂူတော်ကြီးပုံကို ရှုဖြင့် ပုံစံ ပြုလုပ်ရပုံ
ကျောက်လိုဏ်ဂူတော်ကြီး တည်ဆောက်ရန် သဘောတူခြင်း
လိုအပ်သော ပစ္စည်းများနှင့် ရရန် ဆောင်ရွက်ကြပုံ
လိုဏ်ဂူတော်ကြီးတည်ဆောက်ရန် အပိုင်းကြီး ၅-ပိုင်း
လိုဏ်ဂူတော်ကြီး စတင်တည်ဆောက်ရန် ပန္နက်တင် မင်္ဂလာ
အုတ်မြစ်ချ မင်္ဂလာသဘင်
ထူးခြားသော တိတ်နိမိတ်များနှင့် လိုဏ်ဂူတော် မူတည် ဝိသေသ အထိမ်းအမှတ်များ
လိုဏ်ဂူတော်ကြီး တည်ဆောက်ခြင်း
မည်သို့တည်ဆောက်သည်ကို ဖော်ပြခြင်း
ဝန်တင်အားရှိသော နံရံများဖြင့် ဖန်တီးထားပုံ
သံဃာတော်များ သီတင်းသုံးရန် နေရာများ
လိုဏ်ဂူတော် တံခါးပေါက်ကြီးများ
တိုင်ကြီးခြောက်တိုင် တည်ဆောက်ပုံ
လျှပ်စစ်လေှကားနှင့် လိုဏ်ဂူလမ်း အသွယ်သွယ်
လိုဏ်ဂူတော်အထက်သို့ တက်သည့်လမ်းနှစ်သွယ်
လိုဏ်ဂူတော်ကြီး၏ သံပါ ကွန်ကရစ် အမိုး
လိုဏ်ဂူတော်ကြီး လိုဏ်သံမပါအောင် စီစဉ်ပုံ
အံ့ဘွယ်ရှစ်ဖြာ သာသနာ
ကျောက်တောင် လိုဏ်ဂူကြီး ဟည်ရန်
ကျောက်တောင်ကြီးကို စတင် ဖန်တီးပုံ
လိုဏ်ဂူတော် အပြင်လမ်းမှ တက်လျှင်
မဟာပါသာဏဂုဟာ ကျောက်လိုဏ်ဂူတော်ကြီးဟု အမည်ပေးခြင်း
တည်ဆောက်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူးချုပ် သရေစည်သူ ဦးလှကျော်၏ အစီရင်ခံစာ

# ဆင္ဒသင်္ဂီတိမဟာပါသာဏဂုဟာခေါ် ဆင္ဒသင်္ဂါယနာတင် ကျောက်လိုဏ်ဂူတော်၏အတ္ထုပ္ပတ္တိသမိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဤ ဆင္ဒသင်္ဂီတိ မဟာပါသာဏဂုဟာ ခေါ် ဆင္ဒသင်္ဂါယနာတင် ကျောက်လိုဏ်ဂူတော်ကြီး၏ အတ္ထုပ္ပတ္တိ သမိုင်း ရေးသားသူ၏ နိဒါန်းတွင် ဖော်ပြပါရှိသည့် အတိုင်း လိုဏ်ဂူတော်ကြီး၏ အတ္ထုပ္ပတ္တိသမိုင်းကို ရေးသားရာ၌ လိုဏ်ဂူတော်ကြီး တည်ရာဌာနသည်ပင်လျှင် ကမ္ဘာ့ ဗုဒ္ဓသာသနာ ထွန်းကား ပေါ်ပေါက်ရာ ဘူမိနက်သန် မှန်သည့်နေရာဌာနတခု ဟုတ်သည် မဟုတ်သည် သင်္ဂါယနာတင်ကိစ္စနှင့် မည်သို့မည်ပုံ ပေါ်ပေါက်လာသည် စသည် ဆက်စပ် အကျိုး အကြောင်း တရားတို့ကို မဖော်ပြပါက ဤအတ္ထုပ္ပတ္တိ သမိုင်းမှာ ပြည့်စုံ ပေါ်လွင်မည် မဟုတ်သောကြောင့် ၈ လယ် ဆုံး ၃-ပါး ပြည့်စုံသော သမိုင်းကောင်း တခု ပေါ်ထွန်းလာရန်နှင့် သမိုင်းရေးသားသူ၏ သိရှိသမျှသော အဖြစ်အပျက် အကျိုးအကြောင်း အမှန်တို့သည် နောင်လာ နောက်သားများ မှတ်သားနိုင်ရန်အတွက် မျှော်ကိုး၍ အတ္ထုပ္ပတ္တိသမိုင်းတွင် ပါသင့်သည့် အကြောင်းခြင်းရာတို့ကို သိရှိမှတ်သား ဆည်းပူးမိသမျှ ထုတ်ဖော်ရန်ဖြစ်သည့် အတိုင်း ဆင္ဒသင်္ဂီတိ မဟာပါသာဏဂုဟာခေါ် ဆင္ဒသင်္ဂါယနာတင် ကျောက်လိုဏ်ဂူတော်ကြီး အတ္ထုပ္ပတ္တိကိုရေးသားရာ၌ ဤနေရာ ဤဌာနတွင် ဘူမိနက်သန် မှန်ကန်စွာ မည်သို့ မည်ပုံ ဖြစ်ပေါ်လာပုံကို သမိုင်းရေးသားသူ၏ ဉာဏ်မှီသလောက် ဆည်းပူးမိသမျှ အောက်တွင် စတင်ဖော်ပြပါအံ့။

## ဆင္ဒသင်္ဂါယနာတင် ကောလာဟလများ ပေါ်ထွန်းခဲ့ပုံ

ကမ္ဘာ့တိုင်းပြည် နိုင်ငံလူမျိုးတို့ ဖွံ့ဖြိုးရာ ဖွံ့ဖြိုးကြောင်း ဆုတ်ယုတ်ရာ ဆုတ်ယုတ်ကြောင်းတို့သည်၎င်း၊ ဗုဒ္ဓမြတ်စွာ သာသနာတော်၏ တိုးတက်ရာ တိုးတက်ကြောင်း ဆုတ်ယုတ်ရာ ဆုတ်ယုတ်ကြောင်းတို့သည်၎င်း၊ ယင်းသို့ တိုးတက်မှု ဆုတ်ယုတ်မှုများ မဖြစ်ပွါးမပေါ်ပေါက်မီ ကာလအတန်ကြာကပင် သို့တိုးတက်မှု ဆုတ်ယုတ်မှု၏ ရှေ့ပြေးသဖွယ် တိတ်နိမိတ်, တပေါင်, စနည်း, ကောလာဟလ စသည့် ရှေ့ပြေးများ ပေါ်လာစမြဲ ဖြစ်ခဲ့ကြောင်းကို ကမ္ဘာ့ရာဇဝင်,မြန်မာ့ရာဇဝင်များတွင် အတိအလင်း ဖော်ပြထားရှိခဲ့ပေသည်။ ဤတိတ်, နိမိတ်, တပေါင်, စနည်း, ကောလာဟလ စသည့် ကြိုတင်ဖြစ်ပေါ်မှုများနှင့်ပတ်သက်၍ အကျယ်တဝင့် သမိုင်းတွင် ဖော်ပြရန် လိုမည်မဟုတ်ပေ။ လူတိုင်း အသိပင် ဖြစ်ပေသည်။ ရှေးဟောင်းသာဓကတခုကို ဖော်ပြရသော် မြန်မာနိုင်ငံတော်ကို အုပ်ချုပ်မင်းလုပ်ခဲ့သော ဘိုးတော်ဘုရားနှင့် အမတ်ကြီး အယူတော်မင်္ဂလာတို့၏ ထုံးကပင် သက်သေခံလျက် ရှိသည်တို့ကြောင့် ဆင္ဒသင်္ဂါယနာတင်နှင့် ပတ်သက်၍ သင်္ဂါယနာမတင်မီ အချိန် ကာလ အတော်ကြာကပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ကောလာဟလသတင်းများ အတိတ်ကောင်း နိမိတ်ကောင်းများ ပေါ်ပေါက်ခဲ့သည်ကို ဤသမိုင်းရေးသူ ဆည်းပူးမှတ်မိ

လိုဏ်ဂူသမိုင်း ၁—ပ-မ-ဗ-သ-စ

သမျှ အကြမ်းဖျင်းအားဖြင့် အောက်တွင် ဖော်ပြရပေမည်။

ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများတို့ မှီခို အားထား ကိုးကွယ်ရာ စင်စစ် ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကား အံ့ဘွယ်ရှစ်ဖြာနှင့် ပြည့်စုံတော်မူပေ၏။ ထိုလူနတ်ပြဟ္မာချမ်းသာ၏ အဆုံးဖြစ်သော သန္တိသုခမှာ ဘုံ ၃၁-ဘုံမှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကြီးသာပင် ဖြစ်ပေ၏။ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့အား ဘုံ ၃၁-မှ လွတ်မြောက်စေ၍ အချမ်းသာဆုံးဌာန ဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို ပေးစွမ်းတော်မူခဲ့သော ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန် စံလွန်တော်မူသည့်နေ့မှအစပြု၍ ယနေ့တိုင် တွက်စစ်ကြည့်ရှုပါမူ နှစ်ပေါင်း ၂၅၀၀-နီးမျှ ဗုဒ္ဓမြတ်စွာသာသနာတော် ကိန်းဝပ် စံပယ်တော်မူခဲ့လေသည်။

သို့ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီး ဗုဒ္ဓမြတ်စွာ သာသနာတော် ၂၅၀၀ တင်းတင်း မပြည့်မီအတွင်း သာသနာတော်မြတ် တိုးတက်ရာ တိုးတက်ကြောင်းသည်၎င်း၊ ဆုတ်ယုတ်ရာ ဆုတ်ယုတ်ကြောင်းသည်၎င်း၊ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်အား ဓမ္မစက် အာဏာစက်ဖြင့် ချီးမြှောက်ကြသည့် နိုင်ငံတော် အစိုးရမင်းသည်၎င်း သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်မြတ်များ သည်၎င်း၊ နိုင်ငံသူနိုင်ငံသား လူအများသည်၎င်း၊ အားပေးကူညီမှု မရှိသည့်အချိန်တွင် ဗုဒ္ဓမြတ်စွာ သာသနာရောင်ရှိန် မှေးမှိန်ခဲ့ကြောင်း, ဓမ္မစက် အာဏာစက်ဖြင့် ဝိုင်းဝန်းအားပေးချိန်တွင်မူ ဗုဒ္ဓမြတ်စွာ သာသနာသည် နေ လ ပမာ ထွန်းလင်းတောက်ပခဲ့ကြောင်း ရာဇဝင် သာသနာဝင်အရ သင်္ဂါယနာ ၅-တန်ကပင် သာဓကဖြစ်ကြောင်း ထင်ရှားစေခဲ့သည်။

## ဗုဒ္ဓမြတ်စွာ သင်္ဂါယနာ ၅-တန် အကျဉ်းချုပ်

**ပဌမသင်္ဂါယနာတင်ခြင်း။** ။ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူပြီး ၄-လကြာတွင် ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းလက်ထက် မဟာသာဝကထေရ် အရှင်မြတ် ဖြစ်တော်မူသော ရှင်မဟာကဿပထေရ်, အရှင်ဥပါလိထေရ်နှင့် ညီတော် အာနန္ဒာထေရ်တို့ အကြီးအမှူးပြု၍ ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရ် ၅၀၀-တို့သည် သာသနာအရှည် တည်စိမ့်သောငှါ ပိဋကတ်သုံးပုံတို့ကို ၇-လတိုင်တိုင် သတ္တပဏ္ဏိလိုဏ်ဂူတွင်းဝယ် အာဂုံရွတ်ဆို၍ ပဌမသင်္ဂါယနာ တင်တော်မူခဲ့ကြပေသည်၊

**ဒုတိယ သင်္ဂါယနာ တင်ခြင်း။** ။သာသနာတော်သက္ကရာဇ် ၁၀၀-ပြည့်နှစ်တွင် ဝေသာလီပြည် ကာလာသောက သာသနာ့ဒါယကာမင်း လက်ထက် ရှင်မဟာယသထေရ် အကြီးအမှူးပြု၍ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ် ၇၀၀-တို့သည် ဝါလိကာရုံကျောင်းတွင် ပိဋကတ်သုံးပုံတို့ကို အာဂုံရွတ်ဆို၍ သာသနာ နောင်အရှိန်မညှိုးရန်အတွက် ဒုတိယ သင်္ဂါယနာ တင်တော်မူခဲ့ကြပါသည်။

**တတိယ သင်္ဂါယနာ တင်ခြင်း။** ။သာသနာတော် သက္ကရာဇ် ၂၃၅-ခုနှစ်တွင် ဗုဒ္ဓမြတ်စွာ ထားရစ်ရှာသော ပိဋကတ်သုံးပုံ တရားဓမ္မကွန်တို့ မပျက်စီး မချွတ်ယွင်းစေရန်နှင့် မှန်ကန်သော ဒေသနာတော်မြတ်ကို အစဉ်ကိုးကွယ်ကြရန် ရည်သန်သောအားဖြင့် ဓမ္မစက် အာဏာစက်တို့ကို အသုံးပြုကာ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်အား အားပေးချီးမြှောက်သည့် ရာဇဝင်အရ ထင်ရှားကျော်ကြားခဲ့သော ပါဋလိပုတ်ပြည် သီရိဓမ္မာသောကမင်းကြီးလက်ထက် ဗုဒ္ဓရှင်တော်ဘုရား၏ တပည့်ရင်းအစစ် မဟာမောဂ္ဂလိပုတ္တတိဿထေရ် အကြီးအမှူးပြု၍ ရဟန္တာအရှင်မြတ် ၁၀၀၀-တို့

သည် သုံးပုံသောပိဋကတ်တော်ကို အသောကာရုံ ကျောင်းတော်တွင် ၉-လမျှအာဂုံရွတ်ဆို၍ တတိယ သင်္ဂါယနာတင်တော်မူကြပေသည်။

**စတုတ္ထ သင်္ဂါယနာ တင်ခြင်း။** ။ဗုဒ္ဓမြတ်စွာ သာသနာတော် သက္ကရာဇ် ၄၅၀-ပြည့်နှစ်တွင် သီဟိုဠ်ကျွန်းကိုအုပ်ချုပ်သည့် သာသနာ့ဒါယကာ ဝဋ္ဋဂါမဏိမင်းလက်ထက် ဗုဒ္ဓမြတ်စွာ၏ သာဝက အရင်း ဖြစ်တော်မူသော အရှင်မဟာဓမ္မရက္ခိတ ထေရ်အကြီးအမှူးပြု၍ အနုရာဓနယ် မလယဇနပုဒ် အာလောကသိုဏ်ဂူ၌ သုံးပုံသောပိဋကတ်တော်တို့ ကို အမျိုးမျိုးသောနည်းဖြင့် အာဂုံဆောင်ကြ သော ထေရ် ၅၀၀-တို့သည် သာသနာတော် အဓွန့်ရှည်ရန်အတွက် ပေထက်အက္ခရာ တင်တော် မူကြပြီး စတုတ္ထသင်္ဂါယနာ တင်တော်မူကြလေ သည်။

**ပဉ္စမသင်္ဂါယနာတင်ခြင်း။** ။သာသနာတော် သက္ကရာဇ် ၂၄၀၄-ခုနှစ်တွင် မြန်မာနိုင်ငံတော်ကို စိုးမိုးအုပ်ချုပ် မင်းလုပ်ခဲ့သည့် သာသနာပြု မင်းတုန်း မင်းတရားကြီးလက်ထက် ရတနာပုံ မန္တလေး နေပြည်တော်၌ တိပိဋကဓရ အရှင် ဇာဂရာဘိဓဇထေရ်ကို အကြီးအမှူးပြု၍ ရဟန်း တော် ၂၀၀၀-ကျော်တို့သည် ပေထက် အက္ခရာမှ ကျောက်ချပ်ရေ ၇၂၉-ချပ်တို့၌ ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာတို့ကို အပြန်ပြန်အလှန်လှန် သုံးသပ်၍ ညှိနှိုင်းတိုင်ပင် သုတ်သင်ပြင်ဆင်ကာ ၆-လတိုင်တိုင် ပဉ္စမသင်္ဂါယနာ တင်တော်မူကြလေသည်။

ဤသို့လျှင် သာသနာပြုမင်းတုန်းမင်းတရားကြီး ပဉ္စမ သင်္ဂါယနာတင်တော်မူပြီးနောက် သာသနာ့ ရောင်ရှိန်သည် ညှိုးနွမ်းစပြုလာသော အချိန်သို့ ရောက်ခဲ့ရလေသည်။ မြန်မာနိုင်ငံတော်ကို နောက် ဆုံး အုပ်ချုပ်သည့် သီပေါဘုရင်အား အင်္ဂလိပ် သိုးဆောင်းမင်းတို့က ဖမ်းဆီးပြီးနောက် ခရစ် သက္ကရာဇ် ၁၉၃၇-ခုနှစ်သို့တိုင်အောင် ဗုဒ္ဓမြတ်စွာ သာသနာတော် ညှိုးမှိန်ခဲ့လေသည်။ ဆဋ္ဌသင်္ဂါ ယနာတင်ကိစ္စ မပေါ်မီ အထက်ဖော်ပြပါ ခရစ် သက္ကရာဇ် ၁၉၃၇-ခု နှစ်ဦးစလောက်ကပင် ဆဋ္ဌ သင်္ဂါယနာတင်မည့် ကောလာဟလများ ဤ သမိုင်းရေးသူ မှတ်မိသလောက် စတင် ပေါ်ပေါက် လာခဲ့လေသည်။ ထိုအင်္ဂလိပ်မင်းများအုပ်စိုးစဉ်က အချို့သော ပိဋကစာမူများမှာ ပုဒ်ပါဌ် အက္ခရာ မှန်ကန်စွာ ရေးသားခြင်း၊ ပုံနှိပ်ခြင်း မရှိခဲ့သည်ကို တွေ့ရှိရသောကြောင့် ပိဋကတ်တော်တို့ကို ပုဒ်ပါဌ် အက္ခရာ မှန်ကန်အောင် သုတ်သင်ပြင်ဆင်ခြင်း၊ ပိဋကတ်တော်ဘို့ကို မြန်မာဘာသာ ပြန်ဆိုခြင်း၊ ပါဠိ-မြန်မာ အဘိဓာန်ရေးသားခြင်းစသည့် သာ သနာ့ လုပ်ငန်းဆောင်တာ အဝဝတို့ကို လှုံ့ဆော် အားပေးသည့် ပုဂ္ဂိုလ်တဦး ပေါ်ထွန်း လာခဲ့လေ သည်။

ထိုပုဂ္ဂိုလ်သည်ပင်လျှင် ထိုအချိန်အခါက ဗုဒ္ဓ မြတ်စွာ သာသနာတော်ကြီး ဖွံ့ဖြိုးရာ ဖွံ့ဖြိုး ကြောင်း စိတ်အားထက်သန်လှသောကြောင့် ဆဋ္ဌ သင်္ဂါယနာတင်နိုင်ရန် စီမံကိန်းတခုကို ရေးဆွဲကာ နီးစပ်ရာ ရဟန်းပညာရှိ လူပညာရှိများနှင့် တိုင်ပင် ၍ သက်ဆိုင်ရာ အစိုးရဌာနသို့ တင်ပြခဲ့ဘူးလေ သည်။ သို့သော်လည်း အင်္ဂလိပ်မင်းတို့ အုပ်ချုပ် စဉ်ခေတ်ဖြစ်ရကား အာဏာစက် ဓမ္မစက်ဖြင့်သာ ပြီးစီးအောင်မြင်နိုင်သော ဆဋ္ဌသင်္ဂါယနာတင်ကိစ္စ ကြီးဖြစ်သည့်အတွက် မည်မျှပင် အကြံဉာဏ် ကောင်း ပေး၍ တင်ပြစေကာမူ အထမမြောက်ပဲ အချည်းနှီးသာ ဖြစ်ခဲ့ရပေသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန် မြန်မာနိုင်ငံတော် ကို ဂျပန်များအုပ်စိုးခဲ့စဉ်တွင်လည်း အထက်ဖော် ပြပါ ပုဂ္ဂိုလ်သည်ပင်လျှင် ဆဋ္ဌသင်္ဂါယနာတင်နှင့် သာသနာ့စီမံကိန်းများကို တင်ပြခဲ့ပြန်သော်လည်း စစ်အတွင်းဖြစ်၍ အကျိုးမပြီး အချည်းနှီးသာ ဖြစ်ခဲ့ရကြောင်း ကြားသိရပေသည်။ ဒုတိယကမ္ဘာ

စစ်ကြီး ပြီးသည့်နောက် မြန်မာပြည်သည် နှစ်ကြိမ်မြောက် အင်္ဂလိပ် အုပ်ချုပ်မှု လက်အောက်သို့ ပြန်လည် ရောက်ခဲ့ရလေသည်။ တဖန် ၁၉၄၈-ခုနှစ် လွတ်လပ်ရေး ရပြီးနောက် ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုထံသို့ (၁) ဆဋ္ဌသင်္ဂါယနာတင်စီမံကိန်း၊ (၂) ပိဋကတ်တော် မြန်မာပြန် စီမံကိန်း၊ (၃) ပါဠိ-မြန်မာ အဘိဓာန်စီမံကိန်းဟူ၍ စီမံကိန်း ၃-ရပ်ကို အထက်ဖော်ပြပါ ပုဂ္ဂိုလ်ပင်လျှင် စိတ်အားထက်သန်စွာ ရေးသား၍ တင်ပြပြန်လေသည်။ ထိုစီမံကိန်း ၃-ရပ်မှာ ယခုအခါ အကောင်အထည်ပေါ်လျက် ရှိပေပြီ။ ဤကဲ့သို့ ဖော်ပြရခြင်းမှာ နောင် ဤသမိုင်းတွင် ဖော်ပြလတံ့သော အကျိုးအကြောင်း အဆက်အစပ်များ ပေါ်လွင် ထင်ရှားစေလို၍၎င်း၊ ထိုစီမံကိန်း ၃-ရပ်မှာ ဆဋ္ဌသင်္ဂါယနာတင် ကောလာဟလ တခု အပါအဝင် ဖြစ်၍၎င်း၊ ထိုစီမံကိန်း ၃-ရပ်ကို ရေးသားသော ပုဂ္ဂိုလ်မှာ မင်္ဂလာတရားတော်အရ မှန်ကန်စွာ ချီးမြှောက်ထိုက်သော ပုဂ္ဂိုလ်တဦးဖြစ်၍၎င်း ဖော်ပြရခြင်းဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်မှာ အခြားသူမဟုတ် ယခုနိုင်ငံတော်အစိုးရ သာသနာရေးဌာန သာသနာ့ညွှန်ကြားရေးဝန် ပဋ္ဌမကျော် **ဦးကြီးဖေ** ပင်ဖြစ်ပေသည်။

ဆဋ္ဌသင်္ဂါယနာတင် ကောလာဟလဖြစ်ခြင်းများ၏အကြောင်း မြောက်မြားစွာရှိသည့်အနက် ထူးခြားသော ကောလာဟလ မြောက်မြားစွာလည်း ပါရှိပါသေးသည်။ ဆဋ္ဌသင်္ဂါယနာတင်မတိုင်မီ လွတ်လပ်ရေးရပြီးနောက် ဆဋ္ဌသင်္ဂါယနာတင်ထိုက်,မဘင်ထိုက်ဟု မိမိတို့ ထင်မြင်ကြသည့်အတိုင်း သတင်းစာများတွင် ဆောင်းပါးများရေးသားကြခြင်း,သတ္တိမြို့၌လည်း ဆဋ္ဌသင်္ဂါယနာတင်ဦးမည်ဟု အကြီးအကျယ်စီမံသုပ်ကိုင်ကြခြင်း, သင်္ဂါယနာတင်ခြင်း ဆိုသည်မှာ ထူးခြားသော ရဟန်းတော် အရှင်မြတ်များ ပေါ်ထွန်းရမည်၊ ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သော တိပိဋကဓရပုဂ္ဂိုလ်များ ပါရှိရမည်၊ ဆဋ္ဌသင်္ဂါယနာတင်ကို မျှော်မှန်း၍ တိပိဋကဓရအရှင်မြတ်များ ပေါ်ထွန်းရေး လှုံ့ဆော်မှုဖြစ်သည့် တိပိဋကဓရရွေးချယ်ပွဲကြီးသည်၎င်း ထူးခြားသော လှုံ့ဆော်မှုများနိုင်ငံအဝှန်း ကောလာဟလသတင်းများပင် ဖြစ်ခဲ့ရာ ဆဋ္ဌသင်္ဂါယနာ တင်ဖြစ်မည် မဘင်ဖြစ်မည်ကိုမည်သူမျှ ထိုအချိန်အခါက မမျှော်မှန်းနိုင်ခဲ့သော်လည်း မြန်မာသက္ကရာဇ် ၁၃၁၀-ခုနှစ် တပို့တွဲလတွင်ကျင်းပသော တိပိဋကဓရ ရွေးချယ်ပွဲ ပဋ္ဌမအကြိမ်မြောက် အစီရင်ခံစာမှ အောက်ပါ ကောက်နုတ်ချက်တို့ကို ဖတ်ရှုပါက ဆဋ္ဌသင်္ဂါယနာတင်၏ကောလာဟလများ ကြိုတင်ပေါ်ပေါက်ခဲ့ကြောင်း ပေါ်လွင်စေပါလိမ့်မည်။

### ပဌမကျော်ဦးကြီးဖေ ရေးသားအပ်သော

# ဇယမင်္ဂလာဂါထာ

ဥဿဝံ သင်္ဂါဟကာနံ၊ ဂါယတဥ္စ ဝိသဇ္ဇတံ။ ပူဇိတံ အာဇာနိယာနံ၊ ဝိဝရိမှာ မဟာသဘံ။

သာဓဝေါ၊ အို သူတော်ကောင်းတို့။ သာဓဝေါ၊ ဘုရားမြတ်စွာ စိန္တေယျာ၏ သာသနာသုံးတန်ကြီးပွါးရန်ကို အမှန်လိုလား အိုသူတော်စင်များတို့။ သင်္ဂါဟကာနံ၊ သင်္ဂါယနာငါးသွယ် တင်ကြနှယ်သို့၊ ကြံရွယ်ဆဲနိုး ခြောက်ကြိမ်မြောက်ဖြစ်တဲ့ ဆဋ္ဌသင်္ဂါယနာပွဲကြီးကို နွှဲချီးကာ အမြင့်ပို၍ တင်လိုကြကုန်သော အာဇာနည်တို့၏။ ဥဿဝံ၊ ဝင်ရောက်ပြန်ဆိုရာဖြစ်တဲ့ တိပိဋကဓရ ရွေးချယ်ပွဲကြီးသို့။ ဥဿဝံ၊ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အသုံးစုံကို အာဂုံပြန်တထွေ ရေးဖြေသဘာဝ၊ နှစ်ဌာနတို့ဖြင့် သာဓကတန် ယှဉ်မှီးလောက်တဲ့ ပွဲသဘင်ကြီးသို့။ ဂါယတံ-ဂါယန္တာနံ၊ ဝင်ရောက်ပြန်ဆိုတော်မူကြကုန်သော။ ဂါယတံ-ဂါယန္တာနံ အာဂုံနှုတ်ဘက် အရကျက်၍ ပြက်ပြက်ထင်ထင် ကျမ်းကုန်စင်မျှ ပီပြင်နှုတ်ချို စာနာသူတို့ ကြည်ညိုလောက်အောင် ဝင်ရောက်ပြန်ဆိုတော် မူကြကုန်သော။ အာဇာနိယာနံ၊ အာဇာနည်ပုဂ္ဂိုလ်တို့အားရှင်း။ အာဇာနိယာနံ၊ ဇမ္ဗူမြေပေါ် ရှာပါသော်လည်း တသောင်းကျော်အနက် တပါးသာ ထွက်သဖြင့် ထက်မြက်စွမ်းရည် အာဇာနည်ပုဂ္ဂိုလ်တို့အားရှင်း။ ဝိသဇ္ဇတံ-ဝိသဇ္ဇန္တာနံ၊ သဘောရေးဖြေတော်မူကြကုန်သော။ ဝိသဇ္ဇတံ-ဝိသဇ္ဇန္တာနံ၊ ပါဠိအဋ္ဌကထာ ဋီကာနက်နဲ ခက်ခဲသော အမေး သဘောတွေကို တွေးတောမနေဘဲ ရေးဖြေတော်မူကြကုန်သော။ အာဇာနိယာနံ၊ ဇမ္ဗူမြေပေါ် ရှာပါသော်လည်း တသောင်းကျော်အနက် တပါးသာ ပေါ်ထွက်သဖြင့် ထက်မြက်စွမ်းရည် အာဇာနည် ပုဂ္ဂိုလ်တို့အားရှင်း။ အာဇာနိယာနံ၊ ပိဋကတ်အရာ ကောင်းစွာ ချောက်ချားနိုင်သဖြင့် တောက်ကြွားဉာဏ်ရည် အာဇာနည် ပုဂ္ဂိုလ်တို့အားရှင်း။ ပူဇိတံ၊ ပူဇော်ရာဖြစ်သော။ ပူဇိတံ၊ ပစ္စယဓမ္မ နှစ်ဌာနတို့ဖြင့် တုပ်ကွကော်ရော် လှူဒါန်းပူဇော်ရာဖြစ်သော။ မဟာသဘံ၊ ပွဲသဘင် အခမ်းအနားကြီးကို။ မဟာသဘံ၊ သီလသမာ ပညာလောက်လုံ ဂုဏ်ပေါင်းခြုံသဖြင့် ကမ္ဘာတုန်လောက်အောင် ဆင်ယင်နွှဲချီးကြတဲ့ သဘင်ပွဲကြီးကို။ မဟာသဘံ၊ ဂုဏ်တွေကို ချီးကျူးလျက် ကြီးမှူးကော်ရော်တဲ့ ပူဇော်ပွဲသဘင် အခမ်းအနားကြီးကို။ မယံ၊ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ဝင် ဖြစ်ကုန်သော အကျွန်ုပ်တို့သည်။ ဝိဝရိမှာ၊ ဖွင့်လှစ်ကြပါကုန်ပြီ ဘုရား။ ဝိဝရိမှာ၊ ဘာသာရေးမည့်းမနွမ်းစေဘို့ သာသနာတန်ဆောင် တန်ခိုးလျှမ်းလျှမ်းပြီး ကြိုးကြိုးပမ်းပမ်းနှင့် လမ်းမမှားစေဘဲ အမျိုးမျိုး အခားခားနှင့် စခန်းသွား အသင့်ဖြစ်တဲ့အောင် ဩ-အခမ်းအနား ဖွင့်လှစ်ကြပါကုန်၏ ဘုရား။

**ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏ တိပိဋကဓရ ရွေးချယ်ပွဲ အခမ်းအနား ပြီးမြောက် အောင်မြင် ပူဇော်ပွဲ သဘင်ကြီးတွင် စေတီယင်္ဂဏ ပရိယတ္တိအသင်းကြီးက အားရနှစ်ထောင်း ချီးကျူးကြောင်း။**

**အဘိတ္ထဝမင်္ဂလာ ဩဘာစာဘုရား**

**သောဓယတံ-မလံ-မလော**

သမ္မာဆန္ဒ၊ ဥဿာဟနှင့်၊ ရှင်ပြသဒ္ဓါ၊

ပူဇော်ရာသည်၊ ကြည်သာနှစ်ထောင်း၊ ချီး
ကျူးကြောင်း။

"ကေပုဂ္ဂလဿ ဘိက္ခဝေ ပါတုဘာဝါ မဟတော စက္ခုဿ ပါတုဘာဝေါ ဟောတိ" အစရှိသော အင်္ဂုတ္တရနိကာယ အဝင်အပါ ဧကနိပါတ ဒေသနာလာသည်နှင့်အညီ တထာဂတ အရဟ ဗုဒ္ဓမြတ်စွာ စေသတ္တာဆို ပုဂ္ဂိုလ်တယောက် ထွန်းပေါ် ပေါက်က မျှားစွာ့မျှားစွာ ပညာစက္ခု ပညာ အလင်း ပညာအရောင်မှစ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်သည့် တိုင်အောင် မြားမြောင် တိုးပွါး အကျိုးတရား ထင်ရှားစင်စစ် ဖြစ်ရပါ ကြောင်း၊ ထိုသို့သော ဗုဒ္ဓမြတ်စွာ စေသတ္တာ၏ မွေ့ဝိနယ ပါဝစနကို ငါးထောင်သာသနာ ရှည်မြင့်ကြာအောင် သင်္ဂါယနာ တင်ခဲ့သည်တို့တွင် သုဘဒ္ဒမည်သော တောထွက်ရဟန်းကြီး၏ လျော် မလျော် သင့်မသင့် ထောက်ချင့်ရာမလို ပြုလိုရာပြု မပြုလိုက မပြုဘဲနေနိုင်ကြောင်း၊ ဘုရားမျက်နှာ တော်ကို မထောက် မကြောက်မရှက် ရက်ရက် စက်စက် ပြောဆိုခြင်းကို အကြောင်းရင်းပြု၍ အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာငါးရာ တို့သည် ဓမ္မိကဓမ္မရာဇာ သာသနာ့ဒါယကာ အဇာတသတ် မင်းကြီးကို အမှီပြုလျက် ပဌမ သင်္ဂါယနာတင်တော်မူခဲ့ကြပါကြောင်း။

ထိုနောက် အနှစ်တရာမြောက်၌ ဝေသာလီ ပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့၏ ဆယ်ပါး သော အဝိနယဝတ္ထုကို ဝိနယဝတ္ထု ပြုလုပ်ပြော ဟောကြသည့်အပြင် ရွှေ-ငွေကိုပင် ဒါယကာတို့ ထံမှ အလှူခံခြင်းကို အကြောင်းရင်းပြု၍ အရှင် မဟာယသမထေရ်, အရှင်ရေဝတမထေရ် ဝါတော် ၁၂၀-ရှိ ရှင်သဗ္ဗကာမိမထေရ် အမှူးရှိသော ရဟန္တာ ၇၀၀-တို့သည် ဓမ္မိကဓမ္မရာဇာ သာသနာ့ ဒါယကာ ကာလာသောက မင်းကြီးကို အမှီပြု လျက် ဒုတိယသင်္ဂါယနာ တင်တော်မူခဲ့ကြပါ ကြောင်း။

ထိုနောက် သာသနာ ၂၃၃-နှစ် အရှိတွင် သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့သည် စားလို, ဝတ်လို, လာဘ်ပေါမျှားလိုသဖြင့် မိမိတို့ အလိုလျောက် သင်္ကန်းဝတ်ပြီးလျှင် ရဟန်းကောင်း တို့နှင့် ရောနှောပေါင်းစပ် ရောက်တတ်ရာရာ မိစ္ဆာ အယူကို ဘုရားအယူ ပြုလုပ်ပြောကြား သာသနာ့ ဘေးဆိုးကြီး ဖန်တီး ဖြစ်ပေါ် စေသည်ကို အကြောင်းရင်းပြု၍ အရှင်မဟာမောဂ္ဂလိပုတ္တ-တိဿမထေရ် အမှူးရှိသော ရဟန္တာတထောင် တို့သည် ဓမ္မိက ဓမ္မရာဇာ သာသနာ့ဒါယကာ သီရိဓမ္မာသောကမင်းကြီးကို အမှီပြုလျက် တတိယ သင်္ဂါယနာ တင်တော်မူခဲ့ကြပါကြောင်း။

ထိုနောက် သာသနာသက္ကရာဇ် ၄၅၀ အရှိတွင် နောင်သောအခါ သတ္တဝါတို့သည် သတိ ပညာ သမာဓိ ယုတ်လျော့သောကြောင့် ပိဋကတ်သုံးပုံ ပါဠိတော်မျှားကို နှုတ်၌ထား၍ မဆောင်နိုင်ကြ ကုန်လတ့်၊ ပေပေါ်တွင် ထား၍သာ ဆောင်နိုင်ကြ ပေလိမ့်မည်ဟု မြော်မြင်သိရှိတော် မူကြသဖြင့် ရဟန္တာမထေရ်ကြီး ငါးရာတို့သည် ဓမ္မိကဓမ္မရာဇာ သာသနာ့ ဒါယကာ ဝဋ္ဋဂါမဏိ မင်းကြီးကို အမှီ ပြုလျက် စတုတ္ထသင်္ဂါယနာ ပေထက်အက္ခရာ တင်တော်မူခဲ့ကြပါကြောင်း။

ထိုနောက် သာသနာ သက္ကရာဇ် ၂၄၁၅-နှစ် အရှိ တွင် ဘဝရှင် မင်းတုန်းမင်းတရားကြီး၏ အတိုင်း ထက်အလွန် သာသနာတော် သန့်ရှင်းစင်ကြယ် တင့်တယ်ခိုင်ခံ့ တည်တံ့ထွန်းလင်း တောက်ပစေ လိုခြင်း ပြင်းပြသော သမ္မာဆန္ဒကို အကြောင်း ရင်းပြု၍ (ဇာဂရာဘိဝံသ တိပိဋကရေ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု) တံဆိပ်တော်ရ ဒက္ခိဏာရာမ ဆရာတော် ဘုရားကြီးနှင့်တကွ တံဆိပ်တော်ရ ဆရာတော် ဘုရားကြီး သုံးပါးတို့က စောင့်ရှောက် ကြပ်မ ဗုဒ္ဓပါဝစန စကားတော်အစဉ်ကို ရတနာ ကျောက်အပြင်၌ ကျိန်းဝပ်စေသား ထုလုပ်ထား

ပြီးမှ တံဆိပ်တော်ရ,မရ, သာသနာပြု ဆရာတော်ဘုရားကြီးတို့သည် ဓမ္မိကဓမ္မရာဇာ သာသနာ့ဒါယကာ မင်းတုန်းမင်းတရားကြီးကို အမှီပြုလျက် ပိဋကတ်သုံးပုံ အာဂုံနှုတ်လွတ် ပေါင်းစုရွတ်ဆိုတော်မူကြခြင်းအားဖြင့် သေလာရုဋ္ဌ ပဉ္စမသင်္ဂါယနာ ကျောက်အက္ခရာ တင်တော် မူခဲ့ကြပါကြောင်း။

ယင်းသို့ ငါးတန်သင်္ဂါယနာ တင်လာ ပင့်ထောက် ချီးမြှောက်ခဲ့ကြသော ဓမ္မိကဓမ္မရာဇာ သာသနာ့ဒါယကာ မင်းကောင်း မင်းမြတ်တို့၏ သာသနာပြုထုံးကို အသင့်နှလုံး ပိုက်ယူကျုံးမိကြသော ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ နာယကဖြစ်တော်မူပေသော နိုင်ငံတော်သမတကြီးနှင့် အဖွဲ့ချုပ်၏ ဥက္ကဋ္ဌ သူဌေးကြီးဆာ-ဦးသွင်၊ နိုင်ငံတော် ဝန်ကြီးချုပ် အမှူးရှိသော အသင်းအဖွဲ့ဝင် အပေါင်း သူတော်ကောင်းတို့၏ ဆဋ္ဌသင်္ဂါယနာသို့ ရှေးရှုတမ်းတ မျှော်မှန်းဆလျက်ရှိသော သမ္မာဆန္ဒ အထက်တန်းကျကျ မှန်မြတ်လှသော ကုသိုလ်ဇော စေတနာကို ပဌမ ချီးကျူးရပါကြောင်း။

ထိုသို့ အထက်တန်းကျကျ မှန်မြတ် လှသော စေတနာ အလျောက် ယခုနှစ် ဝိနယဓရ ရွေးချယ်ပွဲ အခမ်းအနားကို ရည်မှန်းထားသည့် အတိုင်း ရက်နှစ်ဆယ်ပေါက် ပြီးမြောက်သည့် တိုင်အောင် မနားမနေ မသွေမဖီ ဦးလည်မသုံ မဘုန်မလုပ် မဆုတ်မနစ်သော မဟုဿာဟ ဇွဲလုံ့လနှင့် အဆိုပါ အခမ်းအနားပွဲသဘင်ကို ဆင်ယင်ကျင်းပ ဖြစ်မြောက်ရမည်ဟူသော အားပေးအဆင့် အသင့်ချီးမြှောက် အရောက်ကြွလာ ရွေးချယ်ရာ ဓမ္မသဘင်သို့ ရဲရဲကြီးဝင်တော်မူခဲ့ကြသော ဇာနည်မှန်သောက် အံ့စလောက်ပင် သာသနာ ဤအရောက်တွင်မှ ပေါ်ပေါက်သည့် မကြောက်သျှင်သခင်ငါးပါး စွမ်းနိုင်အား ထောက်ထားနှိုင်းချိန်မြတ်ကဝိန် စိန်တရထည် ထွင်းမည် ဖောက်မည်ထွင်းဖောက်မည်ဟန် ထာဝရံအမှန်ရ နာဂတံစံပြဉာဏ်ဇဝန ထင်စွာဖြင့် ပဉ္စာ ပုစ္ဆက ပဋ္ဌာတ္တရဂုဏ်ရည် စုံအညီကို ယုံကြည်ကာ ညွတ်နူးလျက် ဒုတိယ ချီးကျူးမိပါကြောင်း။

ထိုသို့ ရက်နှစ်ဆယ်ပေါက် ကြွရောက်ရိပ်သာ ထေရ်သံဃာနှင့် ဗိုလ်ပါအများ ပရိသတ် အပေါင်းတို့အား မှန်မြတ်လှသည့် ဘောဇဉ်ခဲဘွယ် အသွယ်သွယ်တို့ဖြင့် ဆက်ကပ်လှူဒါန်း ဧည့်ခံကြရာ ဝိသာခါနောက် ခြံစည်းကိုခုန်ပေါက်၍ ကောက်ကောက်ပါလိုက်သွား နို့စားနွားမ ဒါသဒါသီ အလီလီ တိုးပွါး အကျိုးသွားရှိပေသော ပုညဝန္တ ဘုန်းရှင်ကံရှင် ကုသိုလ်ရှင်တို့၏ တော်ပါပြီ တန်ပါပြီ တားမြစ်ရသည်အထိ ရွှန်းအိသောသဒ္ဓါ အံ့ဘွယ် ဘနန်း ရှူမခန်းအောင် လှူဒါန်းဘွယ် အဖြာဖြာ တို့ဖြင့် ဓမ္မာနုဂ္ဂဟဓမ္မပူဇာ ထက်သန်သော စေတနာတို့ကို အခါခါ ညွတ်ပျောင်း အတိုင်းထက် လွန်စေကြောင်းဖြင့် နှစ်ထောင်းအားရ အန္တိမ ချည်စူး၍ နောက်ဆုံးအနေ ချီးကျူးရပါကြောင်း။

✺✺✺✺✺✺✺

တိပိဋကဓရရွေးချယ်ပွဲဝင် အာဇာနည်တို့အား ချီးကျူးပူဇော်ရာ၌—
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မသူဌေးကြီး ဆာဦးသွင်
ပြောကြားအပ်သော

# ချီးကျူးစကား

ယနေ့ကျင်းပသော ချီးကျူးပွဲသို့ ကြွရောက်အားပေးတော်မူကြသော အကြီးအမှူး နာယကဆရာတော် သံဃာတော်များနှင့်တကွ မင်းယောကျာ်း,မင်းမိန်းမ အပေါင်းတို့အား များစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

မကြာမီ ရက်အတွင်း ကျင်းပ ပြီးစီးခဲ့သော တိပိဋကဓရရွေးချယ်ပွဲကြီး၏ အဓိကရည်ရွယ်ချက်မှာ ဆဋ္ဌသင်္ဂါယနာ တင်နိုင်သည့်အခါတွင် ရှေ့ဆောင်နိုင်မည့် တိပိဋကဓရ အာဇာနည် ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်လာရန် ဖြစ်ပါကြောင်း။

၎င်းပြင် စစ်ဘေး စစ်ဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တိုင်းသူပြည်သားများမှာ များစွာကိုယ်ကျင့်တရား ပျက်ပြားခဲ့သဖြင့် မြတ်စွာဘုရားဆုံးမတော်မူသည့်အတိုင်း မှန်သောတရားသဘောကို သက်ဝင်လျက် ကံ, ကံ၏အကျိုးကို ယုံကြည် လာကြစေရန် ရည်သန်ကာ ယခုကဲ့သို့ ပရိယတ္တိသာသနာကို အဓိကထား၍ အားပေးခဲ့ခြင်းလည်း ဖြစ်ပါကြောင်း။

တိပိဋကဓရ ရွေးချယ်ပွဲတွင် ဦးစွာပဌမ ဝင်ရောက် ဖြေဆိုရန် လျှောက်လွှာ တင်သွင်းသော ပုဂ္ဂိုလ်ဦးရေမှာ ၁၇ ပါးဖြစ်ပါကြောင်း၊ သို့သော် ဝင်ရောက် ဖြေဆိုရန် အတည်ပြုရမည့် အချိန်အခါတွင် ၁၁ ပါးမှာ အကြောင်း မညီညွတ်၍ အတည် မပြုကြပါ၊ ဖြေဆိုရန် အတည်ပြုကြသော ပုဂ္ဂိုလ်များမှာ အောက်ပါ ၆-ပါး ဖြစ်ပါကြောင်း။

(၁) ဝါးခယ်မမြို့ မန္တလေးကျောင်းဆရာတော် ဦးကလျာဏ။

(၂) ကျိုက်ထိုမြို့၊ မရမ်းချိုကျောင်း ဆရာတော် ဦးသာဂရ။

(၃) မြိတ်ခရိုင်၊ ပုလောမြို့၊ မော်သာယာကျောင်း ဆရာတော် ဘိက္ခုဃောသဓမ္မ။

(၄) စစ်ကိုင်း တောင်ရိုး၊ မဟာဂန္ဓာရုံချောင် ဆရာတော် ဦးတိက္ခ။

(၅) မင်းလှမြို့၊ စံကျောင်း ဆရာတော် ဦးကုသလ။

(၆) လှည်းကူးမြို့၊ ဝါးရုံကျောင်း ဆရာတော် ဦးပဒုမတို့ ဖြစ်ပါကြောင်း။

ထိုဆရာတော် ၆-ပါးအနက် ဆရာတော် ဦးပဒုမမှာ အာဂုံပြန်ဆိုပွဲတွင် တရက်သာ ပြန်ဆိုနိုင်၍ မကျန်းမမာမှုကြောင့် ရပ်နားလိုက်ရပါကြောင်း၊ ကျန်ဆရာတော် ၅-ပါးမှာ ပိဋကတ်သုံးပုံပါဠိတော် သင်္ဂါယနာတင်ကျမ်း ၅၄-ကျမ်း အနက် ဝိနည်း ၅-ကျမ်းကို အာဂုံ ပြန်ဆိုပွဲတွင် ၁၅-ရက်၊ ရေးဖြေပွဲတွင် ၅-ရက်၊ ပေါင်း ရက်ပေါင်း ၂၀-ပြီးဆုံး အောင် ထူးကဲသော ဇွဲသတ္တိဖြင့် ပြန်ဆို ခဲ့ပါကြောင်း။

ယခု ပဌမနှစ်တွင် ကျင်းပသော တိပိဋကဓရ ရွေးချယ်ပွဲတွင် ဝိနည်း ငါးကျမ်းကို ပြန်ဆိုရာ၌ လုံးဝ အောင်မြင်သော ပုဂ္ဂိုလ်များ မရှိခြင်း အကြောင်းမှာ ရှေးအခါက ဝိနည်းငါးကျမ်းကို ၃-ရက်လောက်နှင့် ပြန်ဆိုကြသည်ဟု ကြားဘူးခဲ့ရာ ယခုမှာမူ ဝိနည်းငါးကျမ်းကို ၁၅-ရက်လုံးလုံး

က-မှအ-အထိ အာဂုံပြန်ဆို၍ တရားသဘောကို ၅-ရက်တိုင်တိုင် အလွန်နက်နဲ ခက်ခဲစွာ ဖြေဆိုကြရသောကြောင့် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါသောကြောင့် အောင်သည် မအောင်သည်ကို အပထား၍ တိပိဋကဓရရွေးချယ်ပွဲဝင် ထေရ်အရှင်တို့၏ ဇွဲသတ္တိဂုဏ်ထူးကို အထူးသဖြင့် ချီးကျူးလိုသည်တကြောင်း၊ ၎င်းပြင် သာသနာတော်ကြီးကိုလည်း အားပေးချီးမြှောက်လိုသည်တကြောင်း၊ ဤအကြောင်းများကြောင့် ပူဇော်ပွဲကြီးကို ပူဇာ စ ပူဇနေယျာနံ ဆိုသော မင်္ဂလာတရားတော်အရ တခမ်းတနား စွမ်းအား ရှိသလောက် ချီးမြှောက်ကျင်းပကြခြင်း ဖြစ်ပါကြောင်း။

တိပိဋကဓရ ရွေးချယ်ပွဲ ကျင်းပသည့်ရက်များတွင် နာယကဆရာတော်ကြီး ၉-ပါးမှစ၍ စာထောက် စာမ ဆရာတော်များအပြင်၊ အရံ သံဃာတော် အရှင်မြတ်များပါ စုစုပေါင်း ၂၃၉၄-ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပါကြောင်း။

ဤရွေးချယ်ပွဲနှင့် ပတ်သက်၍ ဓမ္မာသနပလ္လင်၊ ကနက္ကဒဏ်ထီး၊ နေရာထိုင်ခင်း၊ မဏ္ဍပ် စသည့် ပြုလုပ်စီမံရေးနှင့် ဆွမ်းစရိတ်၊ ဥပ္ပံခံစရိတ်၊ ခရီးစရိတ် အရပ်ရပ်နှင့် အခြား လှူဘွယ်ဝတ္ထုများအတွက် ပဌမငွေ ၃၀၀၀ဝိ-ခန့်မှန်းထားသော်လည်း အခမ်းအနားကြီး ပြီးသည့်အခါ ငွေ ၅၀၀၀ဝိ-ခန့် ကုန်ကျပါကြောင်း။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က တိပိဋကဓရ ပုဂ္ဂိုလ်ကျော်များ ပေါ်ထွက်ရေးအတွက် ဆောင်ရွက်ရာ၌ ယခု ပဌမနှစ်တွင် ဝိနည်း ငါးကျမ်းအတွက်သာ ရွေးချယ်ပွဲ ပြုလုပ်နိုင်သော်လည်း နောက်နှစ်များ၌ ပိဋကတ်သုံးပုံကို ယခုထက် ပိုမို ပြန်ဆိုနိုင်မည့်ပုဂ္ဂိုလ်များ တိုးတက် ပေါ်ထွက်ရန် ရည်သန်၍ ဆက်လက် ဆောင်ရွက် သွားလိမ့်မည် ဖြစ်ပါကြောင်း။ ယခု ပြီးမြောက်ခဲ့သော တိပိဋကဓရ ရွေးချယ်ပွဲနှင့် ချီးကျူးပွဲကို ထူးကဲစွာ ကူညီအားပေးတော်မူကြသော....

(၁) နေဝ်မံကျောင်းကြီး ဆရာတော် ကြီးမှူးသော နာယကဆရာတော်ကြီးများ။

(၂) အာဂုံပြန် စာမေးပွဲတွင် ကူညီကြသော စာထောက် စာမ ဆရာတော်များ။

(၃) ရေးဖြေ စာမေးပွဲတွင် ပါဝင် ကူညီကြသော ဆရာတော်များ။

(၄) သိမ်နုတ်ရန် ကိစ္စအတွက် ချီးမြှောက်ကြသော ဆရာတော်များ။

(၅) စာထောက်စာမ ဆရာများ။

(၆) တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ခွဲ ကော်မီတီ လူကြီးများ။

(၇) သံဃာတော်များအား နေ့စဉ် ဆွမ်းကပ်လှူဒါန်းရေးအတွက် တာဝန်ယူ၍ ဆောင်ရွက်ကြသော ဆေးမင်းကြီးကတော် ဒေါ်ခင်သွယ်ညွန့် ကြီးမှူးသည့် ဝိသာခါအမျိုးသမီးအဖွဲ့ဝင်များ။

(၈) ယခုပူဇော်ပွဲ၌ ပစ္စယာနုဂ္ဂဟဖြင့် လှူဒါန်းကြသော တသီးပုဂ္ဂလအလှူဒါယိကာမများ။

(၉) ရွေးချယ်ပွဲဝင် ဆရာတော် တပါးလျှင် ဝိနည်း ငါးကျမ်းနှင့် အဋ္ဌကထာ ၄-အုပ်ကို လှူဒါန်းသော ရန်ကုန်မြို့ သိမ်ကြီးဈေး သမဂ္ဂ အဖွဲ့ဝင်များ။

(၁၀) ပြန်ကြားရေး အတွင်းဝန် ဦးအောင်သန်း ကြီးမှူးသော ဥပ္ပံခံကော်မီတီ လူကြီးများ။

(၁၁) ဦးလှကျော် ကြီးမှူးသော မီးသတ်အဖွဲ့နှင့် ဆွမ်းကျွေးဝေယျာဝစ္စအဖွဲ့ဝင်များ။

(၁၂) ပူဇော်ပွဲသို့ ကြွရောက် ချီးမြှင့်ကြကုန်သော အသင်းအဖွဲ့များနှင့် ရဟန်း၊ ရှင်၊ လူ

ပရိသတ်ကိုအား ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏ ကိုယ်စား များစွာ ကျေးဇူးတင်ပါကြောင်း။

၎င်းပြင် အထက်ဖော်ပြပါ သာသနာတော်ရေး လုပ်ငန်းကြီးသည် တနှစ်ထက်တနှစ် တိုးတက် တည်တံ့ခိုင်မြဲစေရန် ဗုဒ္ဓဘာသာဝင် ရဟန်း ရှင် လူ အပေါင်းတို့အား ထက်သန်သော သဒ္ဓါတရား ရှေ့ထား၍ နောင်လာလတ္တံ့သော နှစ်များတွင် လည်း ဆထက်ထမ်းပိုး တိုးတက်ကူညီအားပေး ကြရန် မေတ္တာရပ်ခံဘိုက်တွန်း နှိုးဆော်ကာ နိဂုံး ချုပ်လိုက်ပါကြောင်း။

## တိပိဋကဓရရွေးချယ်ပွဲ၌ အာဇာနည်တို့အား ချီးကျူးပူဇော်ပွဲတွင် ဓမ္မာစရိယ ဦးစိုးဝင်း ရေးသားအပ်သော တေးထပ်

မင်္ဂလာရောင်ရှိန် လျှမ်းကြွယ်တင့်၊ နန်းလယ် အမြင့် လစက်ငွေ၊ ဆန်းကြွယ်တမင့် လှကြက် သရေလို၊ ဓမ္မ စက်ရွှေအောင်ရိပ်လွှမ်း၊ တေပိဋက စာသဘင်မှာ၊ သာသနာဝင် ဥဒါန်းတွင်မျှဆန်း။ ပွဲကြီးဆဋ္ဌ သင်္ဂါယနာ၊ သဘင်မဟာမျှော်လျက် မှန်း၊ ထေရ်ရှင်သံဃာ ပေါ် ထွက်မြန်းဘို့၊ အကျော် တက်လှမ်း ရွေးချယ်ဆင်၊ သာသနာ့ရိပ်သာ ဘုံ ဆောင်နန်း၊ ဂုဏ်ရောင် ပလျှမ်း ဓမ္မအောင်လံတင်။ စာပြန်ဝင်လတ် ဇာနည်ရှင်ကို၊ သဒ္ဓါကြည်လင် အစလယ်ဆုံးနှင့်၊ မဟာဒါနပွဲကြီးအလှူတော်၊ နှဲ့ချီး ညွှတ်ပူဇော်၊ သူတော်စင်တို့ ပေါင်းစုမျှော်သည်၊ တောင်းဆုရည်ရော် ပြည့်လျှမ်းမည်ထင့်လေး။ ဓမ္မစည်ကြီး ရိုက်ကာဆော်သည်၊ တိုက်ဝဋ္ဋာပေါ် တုန်ဟီးပါလို့လေး။

## သာသနာရောင်ရှိန်ထွန်းပေါ်ချိန်

၁၉၄၇-ခု နှစ်ဦးအချိန်လောက်တွင် ဗုဒ္ဓဘာသာ သာသနာနှင့်ပတ်သက်၍၎င်း၊ အမျိုးသားစည်းလုံး ညီညွတ်ရေး နိုင်ငံတော် လွတ်လပ်ရေး ပညာရေး စီးပွါးရေး ကြီးပွါးရေးစသည့် နိုင်ငံတော်၏ အခြေ အမြစ်ဖြစ်သည့် လုပ်ငန်းစဉ်ရပ်ကြီးများနှင့် ပတ်သက်၍၎င်း ထိုအချိန်အခါ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသည့် နိုင်ငံတော်အစိုးရအဖွဲ့ဝင်များသည် ၎င်း၊ ဖ-ဆ-ပ-လ အဖွဲ့ဝင်များသည်၎င်း၊ စီမံကိန်း အမျိုးမျိုး ရေးဆွဲ၍ ဆောင်ရွက်နေချိန်တွင် ဘာသာ သာသနာနှင့် ပတ်သက်၍ နိုင်ငံတော် တဝှန်းလုံးရှိ မြို့နယ်ပေါင်း မြောက်မြားစွာတို့၌ ဘာသာ သာသနာရေး မျက်စိများ ဟိုနေရာ သည်နေရာဆိုသလို ကွက်ကြားမျက်စိပွင့်လင်းလာ ကြောင်း တွေ့ရှိရသည်။ ဤသည်ပင်လျှင် ဗုဒ္ဓ မြတ်စွာ သာသနာ တိုးတက်ဖွံ့ဖြိုးရာ ပဌမနိမိတ် ဖြစ်သည်။ လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံ ပြည်နယ် အသီးသီး စုပေါင်း ဖွဲ့စည်းအပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များ ရာခိုင်နှုန်း ၉၀-ကျော်မျှ ပါဝင်လင့် ကစား ထိုအချိန်အခါက လွတ်လပ်ရေးမရမီ အုပ်ချုပ်ခဲ့သော အောင်ဆန်းအမှူးရှိသည့် နိုင်ငံရေး ခေါင်းဆောင်ကြီးများသည် ဘာသာရေး ကိုးကွယ် ကြရာ၌ ညီတူ ညီမျှ ဘာသာရေး လွတ်လပ်ခွင့်ကို အမြော်အမြင် ကြီးစွာဖြင့် ပေးခဲ့ကြသည့် အလျောက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော လူတန်းစား အားလုံးတို့သည် လွတ်လပ်စွာ မိမိတို့ ကြိုက် နှစ်သက်ရာ ဘာသာကို ကိုးကွယ်နိုင်ရန် အခြေခံ ဥပဒေတွင် ပြဋ္ဌာန်းခဲ့လေသည်။ သို့ပင် ဖြစ်လင့် ကစား ဗုဒ္ဓသာသနာတော်၏ တိုးတက်မှုမှာ လွတ်လပ်ရေး မရမီပင်လျှင် ထင်ထင်ရှားရှား ကွက်ကြား ကွက်ကြား ပေါ်လွင်လာခဲ့ကြောင်းကို ထိုအချိန် အခါက ဘာသာရေးလုပ်ငန်းစဉ် သာသနာရေး လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ခြင်းဖြင့် ပေါ်လွင် ထင်ရှားစေခဲ့ပေသည်။ သို့သော် ကံမကောင်း အကြောင်းမလှသဖြင့် ဗိုလ်ချုပ်တေဇခေါ် ဗိုလ်

ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ အဖွဲ့၊ အဖွဲ့ဝင်
များမှာ လူမသမာတို့၏ လုပ်ကြံမှုကြောင့် ၁၉၄၇-ခု
ဇူလိုင်လ ၁၉-ရက်နေ့တွင် ကျဆုံးခဲ့ကြရလေသည်။
သို့သော် ၎င်းတို့၏ ချမှတ်ခဲ့သော လမ်းစဉ်နှင့်
အခြေခံ ဥပဒေများမှာ ယခုအချိန်အထိ တည်မြဲ
လျက်ရှိရကား ဆဋ္ဌသင်္ဂါယနာ တင်နိုင်သည်အထိ
ဘာသာရေး သာသနာရေးနှင့် ဘာသာရေး သာ
သနာရေးတွင် တရားမျှတမှုရှိအောင် ဖန်တီးခိုင်မြဲ
အောင် ဆောင်ရွက်သည့် ယခု နိုင်ငံတော်ဝန်ကြီး
ချုပ် ဦးနုနှင့် အစိုးရအဖွဲ့ဝင်များ နိုင်ငံအုပ်ချုပ်
မင်းလုပ်စဉ်မှာပင် ဗုဒ္ဓဘာသာ သာသနာလုပ်ငန်း
စဉ်များမှာ ဆဋ္ဌသင်္ဂါယနာ တင်နိုင်သည်အထိ၊
ထို့ပြင် ဆဋ္ဌသင်္ဂါယနာ တင်ရာတွင် ကမ္ဘာ့ဗုဒ္ဓ
ဘာသာဝင်အပေါင်းတို့ ပူးပေါင်းသင်္ဂါယနာ တင်
နိုင်ကြသည်အထိ တိုးတက်မှုရှိခဲ့ကြောင်းကို နိဒါန်း
ပျိုး၍ အစီရင်ခံရမည် ဖြစ်ပေသည်။

## တိုးတက်သာသနာအစ ရိပ်သာမှ

ရိပ်သာ ဟူသော ဝေါဟာရမှာ သမိုင်းရေးသား
သူ ငယ်စဉ်က နားမလည်၍လားဟု မပြောတတ်
ပေ၊ ကောင်းစွာလည်း မသိပေ၊ ယခု ဒုတိယကမ္ဘာ
စစ်ကြီး ပြီးသည့်နောက် (ဒုတိယ ကမ္ဘာစစ်ကြီး
ဆိုသည်မှာ ၁၉၃၈-ခုနှစ်မှ ၁၉၄၅-ခုနှစ် အထိ ဖြစ်
ပွါးသော ကမ္ဘာစစ်ပွဲကြီးကို ဆိုလိုသည်) ရိပ်သာ
အမည် မှိုလိုပေါက်ခဲ့သော ဝေါဟာရစကားကို
သမိုင်းရေးသားသူ အမှတ်ပြုမိပါသည်။ သမိုင်း
ရေးသားသူသည် ရေးသားမည့် အထက်ဖော်ပြပါ
ကျောက်လိုဏ်ဂူတော်ကြီး၏ အတ္ထုပ္ပတ္တိကို အစစ်
အမှန် သိရှိနိုင်ရန်အတွက် သမိုင်းရေးသားသူ၏
ကိုယ်တွေ့များကို အစီရင်ခံရာတွင် ပဌမဦးစွာ
သမိုင်းရေးသားသူ ဝင်ရောက်ဆောင်ရွက်ခဲ့သည့်
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ အကြောင်းကို အလျဉ်း
သင့်သည့်အလျောက် ထုတ်ဖော်ရပေမည်။ ဗုဒ္ဓ
သာသနာနုဂ္ဂဟအဖွဲ့ စတင်ပေါ်ပေါက် ခဲ့သည့်
ရာဇဝင်အကျဉ်းချုပ်ကို ၁၉၄၈-ခုနှစ် ဤသမိုင်း
ရေးသူ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ အကျိုးဆောင်
အင်ဂျင်နီယာအဖြစ် ဆောင်ရွက်နေစဉ် အချိန်က
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ အကျိုးဆောင်ကြီး
ဖြစ်သူ ထိုအချိန်က ဝန်ကြီးချုပ် ဦးနု အစိုးရအဖွဲ့
အတွင်းဝန် ယခု နိုင်ငံတော်အစိုးရ အမြတ်တော်
ဌာနမင်းကြီး စည်သူ ဦးစံသိမ်း ပြောပြချက်အရ
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ပေါ်ပေါက်လာပုံကို အ
ကျဉ်းချုပ်အားဖြင့် အောက်တွင် ရှင်းလင်းထုတ်
ဖော်အပ်ပါသည်။

## နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းချုပ်

သမိုင်းတခု ရေးသားရာတွင် သမိုင်းရေးသား
သူမှာ အထက်က ဖော်ပြခဲ့သည့်အတိုင်း အကျိုး
အကြောင်းဆက်မှာ ကွင်းဆက်ကဲ့သို့ တည်တံ့
လျက် ရှိရကား သမိုင်းပြည့်စုံမှုအတွက် ပြည်
ထောင်စု မြန်မာနိုင်ငံတော်တွင် ကမ္ဘာကပင် လေး
စားအပ်သည့် ဆဋ္ဌသင်္ဂါယနာတင်ကိစ္စကြီး ပေါ်
ထွန်းနိုင်မှုအတွက် အခြေခံလုပ်ငန်း ဆောင်တာ
များကိုလည်း ထုတ်ဖော်ဝန်ခံ ရေးသားရပေမည်။
လုပ်ငန်းတခုပေါ် လွင်စေမှုတွင် အကျိုးအကြောင်း
ဆက်စပ်စွာ ရှိရကား အကျိုးအကြောင်းဆက်
လုပ်ငန်းစဉ် တခုနှင့်တခု ပြိုင်တူသော်၎င်း၊ တဆင့်
တဆင့်သော်၎င်း ပေါ်ပေါက်ခဲ့သော အကြောင်း
အချက်များစွာရှိသည်ကို သမိုင်းရေးသားသူ သတိ
ရမိသည်။ သို့သော် ဤသမိုင်း ဖတ်ရှုသူများ
အတွက် ဆက်စပ်ဝေဖန် သုံးသပ်လျှင် ပိုမိုသင့်
လျော်ပါမည်။ ဥပမာအား ဖြင့် ဆဋ္ဌသင်္ဂါယနာ
တင်ရေးအတွက် ရဟန်းတော် အရှင်သူမြတ်များ၏
လှုံ့ဆော်မှုသည်၎င်း၊ တိပိဋကရေခေါ် ပိဋကတ်
သုံးပုံ အာဂုံဆောင်ပုဂ္ဂိုလ်များ ပေါ်ထွန်းရေး

ဆောင်ရွက်မှုများသည်၎င်း၊ ဆဋ္ဌသင်္ဂါယနာတင် ဖြစ်မြောက်ရေးအတွက် ကောလာဟလ ဖြစ်ပွါးမှုများသည်၎င်း တကြိမ်တည်း ပေါ်ပေါက်လာခဲ့၍ တိပိဋကရေခေါ် ပိဋကတ်သုံးပုံ အာဂုံဆောင် ပုဂ္ဂိုလ် ရွေးချယ်ရေးနှင့် ဆဋ္ဌသင်္ဂါယနာတင် ကိစ္စမှာ တဆက်တည်း ကွင်းဆက်သဖွယ် ထွန်းလင်း ပေါ်ပေါက်လာသဖြင့် ဤသမိုင်းရေးသားသူသည် တပြိုင်တည်း ပေါ်ပေါက်လာပုံများနှင့် ကွင်းဆက်သဖွယ် ပေါ်ပေါက်လာပုံများကို မထည့်သွင်း မဖော်ပြပါက သမိုင်းတခု ဖြစ်မြောက်ရေး ပေါ်လွင်နိုင်မည် မဟုတ်ပေ။ သို့ကြောင့် ပဌမဦးစွာ ပြိုင်တူပေါ်လာခဲ့သည့် အကြောင်းဇစ်မြစ်များနှင့် နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် ပေါ်လွင်လာပုံကို ရေးသား ဖော်ပြရန် လိုအပ်ပါသည်။

## နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဖြစ်ပေါ်လာပုံ

အထက်က သမိုင်းရေးသားသူ ဖော်ပြခဲ့သည့်အတိုင်း ၁၉၄၇-ခု ဇူလိုင်လ ၁၉-ရက်နေ့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ ဖြစ်ကြသော သခင်မြ၊ ဒီးဒုတ် ဦးဘချို စသည့် ပုဂ္ဂိုလ်ကြီးများ လူမသမာတို့၏ လုပ်ကြံခံရပြီးနောက် ဖ-ဆ-ပ-လ အဖွဲ့ကြီး၏ ထိုစဉ်အခါက ဒုတိယဥက္ကဋ္ဌ ဖြစ်သူ သခင်နု၊ ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဝန်ကြီးချုပ်ရာထူးကို ဆက်ခံခဲ့လေသည်။ သာသနာတော်သက္ကရာဇ် ၂၄၅-ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး၏ သာသနာပြုပုံများအရ တိုင်းနိုင်ငံအသီးသီးသို့ သာသနာပြုအဖွဲ့များ စေလွှတ်၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ထွန်းပြောင်ပွင့်လင်းအောင် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတော် သုဝဏ္ဏဘုမ္မိတိုင်း သုဓမ္မဝတီမြို့သို့လည်းရဟန်းတော်အရှင်မြတ် ၇-ပါးတို့သည် အထက်ဖော်ပြပါ ခုနှစ်ကဆုန် လပြည့်နေ့တွင် ကြွရောက်တော်မူကြ၍ ဗုဒ္ဓမြတ်စွာ သာသနာ ၃-တန် စည်ပင်ဖွံ့ဖြိုးအောင် ဆောင်ရွက်တော်မူကြသည်ကို အမှတ်တရ နှစ်ထောင်း ကြည်နူးလှသည် အားလျော်စွာ ၁၃၀၉-ခုနှစ် တန်ဆောင်မုန်း လပြည့်နေ့မှ အစပြု၍ ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် မိမိထမ်းဆောင်သော တာဝန်ဝတ္တရားများမှ ခေတ္တ အားလပ်ခွင့်ယူ၍ သထုံခရိုင် ဘီးလင်းမြို့ရှိ မြသပိတ်တောင်တော်၌ ၉-ရက်တိုင်တိုင် နဝင်္ဂသီလ ဥပုသ် သီတင်းဆောက်တည်၍ မေတ္တာ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်ကာ နေလေသည်။ ထိုအချိန်၌ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုသည် သုဝဏ္ဏဘုမ္မိတိုင်း အတွင်းရှိ မြသပိတ်တောင်နှင့်တကွ ပတ်ဝန်းကျင်ရှိ သာသနာ့အဆောက်အဦ လမ်းပန်းစခမ်း စသည်တို့မှာသွားလာမှုခက်ခဲ၍ အချို့ ပျက်စီးယိုယွင်းလျက်ရှိနေကြောင်းများကို တွေ့ရှိရကား ဗုဒ္ဓသာသနာ ၃-တန်ကို ကြည်ညိုဆည်းကပ်အားပေး ကူညီရာ၌ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူများနှင့် ရဟန်းရှင်လူ တိုင်းသူပြည်သား အများအကူအညီဖြင့် ပျက်စီးယိုယွင်းလျက်ရှိသော ဗုဒ္ဓမြတ်စွာ သာသနာ အဆောက်အဦတို့ကို ပြန်လည်မွမ်းမံ ဆောင်ရွက်ရန်နှင့် သာသနာ ၃-ရပ် ချီးမြှင့်ရန် စိတ်စေတနာသဒ္ဓါတရား မြောက်မြားစွာ ပေါ်ထွန်းလာခဲ့သည်။ သို့ဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည့်အခါ ဗုဒ္ဓသာသနာတော်ကြီး မည်သို့မည်ပုံ ကြီးပွါး တိုးတက်အောင် ဆောင်ရွက်သင့်ကြောင်း၊ မည်သို့ ပြုစုပျိုးထောင်သင့်ကြောင်းကို တိုင်ပင်ဆွေးနွေးရန်အတွက် သတိုးသီရိသုဓမ္မ သူဌေးကြီး ဆာဦးသွင်၊ ထိုစဉ်က ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မဟာသီရိသုဓမ္မ ဟသ်ာတ ဦးမြ၊ ဘဏ္ဍာရေးဝန်ကြီး (မြန်မာ့အလင်း) ဦးတင်၊ ငွေစာရင်း မင်းကြီး ဦးဘခင်၊ ဝန်ကြီးချုပ်၏ အတွင်းဝန် ဦးစံသိမ်း

စသည့် ပုဂ္ဂိုလ်များကိုခေါ်ယူ၍ ဗုဒ္ဓသာသနာတော်မြတ်ကို မည်သို့မည်ပုံတိုးတက်ကြီးပွါးအောင် ဆောင်ရွက်သင့်ကြောင်း အကြမ်းဖျင်းအားဖြင့် ဆွေးနွေးခဲ့ကြလေသည်။ထိုဆွေးနွေးပွဲတွင် သတိုးသီရိသုဓမ္မ သူဌေးကြီး ဆာဦးသွင်က ဗုဒ္ဓသာသနာတော်မြတ် တိုးတက် ကြီးပွါးစေမှုတွင် ဓမ္မစက်အာဏာစက် နှစ်ခုဒွန်တွဲပြီး ဆောင်ရွက်မှ အောင်မြင်နိုင်မည်ဖြစ်၍ ဗုဒ္ဓသာသနာတော်မြတ်အား လေးစား ကြည်ညိုကြသူဘို့ စုပေါင်း၍ အဖွဲ့တခုဖွဲ့စည်းပြီး ထိုအဖွဲ့က နိုင်ငံတော် တဝှန်းလုံးရှိ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓခေါ် သာသနာ ၃-ရပ်ကို ဖွံ့ဖြိုးအောင် စည်းလုံးညီညွတ်စွာ ဆောင်ရွက်လျှင် ဝန်ကြီးချုပ်အလိုရှိသော ဗုဒ္ဓသာသနာတော်မြတ် တိုင်းပြည်နှင့် ကမ္ဘာအဝှန်း ထွန်းပြောင်စေမည်ဟု မိမိယုံကြည်ကြောင်းဖြင့် ပြောပြရာ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်တကွ ကြွရောက်လာကြသော ပုဂ္ဂိုလ်များက သဘောတူညီသည့်အတိုင်း ၁၃၀၉-ခု နတ်တော် လဆန်း ၁-ရက် (၁၃-၁၁-၄၇) ကြာသပတေးနေ့ နံနက် ၉-နာရီ အချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် သခင်နု(ယခု ဦးနု)၏ နေအိမ်၌ ဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပအောင် ဆောင်ရွက်မည့် အဖွဲ့တခုကို ဖွဲ့စည်းရန်နှင့် အောက်ပါ ရည်ရွယ်ချက် ၃-ခုကို မူတည်ချမှတ်ခဲ့ကြသည်။

## အဖွဲ့ရည်ရွယ်ချက်

(၁) ဗုဒ္ဓသာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွါးစေခြင်းငှါ ဆောင်ရွက်ခြင်း၊

(၂) ပရိယတ္တိ-ပဋိပတ္တိ သာသနာတော်ကြီးများကို ချီးမြှင့်ဆောင်ရွက် မြှင့်တင်ခြင်း၊

(၃) နိုင်ငံပေါင်းစုံ ဗုဒ္ဓသာသနာ့ပိဋကတ်တိုက်ကြီး တည်ဆောက် ထူထောင်ခြင်း—

စသည့် မူတည် ရည်ရွယ်ချက် ၃-ခုပေါ်တွင် အမှီပြု၍ အဖွဲ့တခု ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

ထိုဖွဲ့စည်း တည်ထောင်ခဲ့သော အဖွဲ့၏အမည်ကို (နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့)ဟု ခေါ်တွင်စေလျက် ထိုအစည်းအဝေးကျင်းပသည့်နေ့မှာပင် အဖွဲ့တည်ရာ ဌာနကို နိုင်ငံတော်ဝန်ကြီးချုပ် သခင်နု(ယခုဦးနု)၏ နေအိမ်၌ ထားရှိခဲ့ပါသည်။

အဂ္ဂမဟာသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ ထိုစဉ်က နိုင်ငံတော်သမတကြီး စပ်ရွှေသိုက်အား နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ နာယကအဖြစ် တင်မြှောက်၍ အောက်ပါ လူကြီးမင်း ၁၁-ယောက်တို့အား အမှုဆောင်အဖြစ် အများသဘောတူ ရွေးကောက် တင်မြှောက်ကြပါသည်။ ထိုနိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်တွင် (၁) သတိုးသီရိ သုဓမ္မ သူဌေးကြီး ဆာဦးသွင် ဥက္ကဋ္ဌ။ (၂) နိုင်ငံတော် အစိုးရ ဘဏ္ဍာရေးဌာနဝန်ကြီး (မြန်မာ့အလင်း)ဦးတင် ဒုတိယဥက္ကဋ္ဌ။(၃) ယခင်နိုင်ငံတော် ဝန်ကြီးချုပ် အတွင်းဝန် ယခု အမြတ်တော်မင်းကြီး စည်သူ ဦးစံသိမ်း အကျိုးဆောင်။ (၄) ငွေစာရင်းမင်းကြီး ဦးဘခင် စာရင်းစစ်။ (၅) စက်ပိုင်ရှင် ဦးအုန်းဆိုင် ငွေထိန်း။ (၆) အလုပ်အမှုဆောင် လူကြီးများမှာ နိုင်ငံတော်ဝန်ကြီးချုပ်သခင်နု (ယခု ဦးနု)။ (၇) ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မဟာသီရိသုဓမ္မ ဟသ်ာတ ဦးမြ။ (၈) ယခင် တရားဌာနဝန်ကြီး သတိုးမဟာသရေစည်သူ ဦးဘဂျမ်း။ (၉) ယခင် ပြည်သူ့လုပ်ငန်းဌာန ဝန်ကြီး ဗိုလ်ဖိုးကွန်း။ (၁၀) ကျောင်းကုန်းဆန်စက်သူဌေး ဦးသာဒက်နှင့် (၁၁) ဦးထင်ပွါးတို့ဖြစ်ကြပါသည်။

နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ စည်းမျဉ်းဥပဒေများကို ရေးဆွဲကြ၍ ၁၃၁၀-ခုနှစ် ပဌမဝါဆိုလဆန်း ၄-ရက်။ ၉-၆-၄၈ ဗုဒ္ဓဟူးနေ့ နံနက် ၉-နာရီ အချိန်တွင် ဝန်ကြီးချုပ် သခင်နု (ယခု ဦးနု) နေအိမ်၌ ကျင်းပသော ၇-ကြိမ်မြောက် အစည်းအဝေးမှ အတည်ပြုခဲ့ကြသည့် ယခင် ဒုတိ

ယ အကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အဖွဲ့ကြီး၏ မူလရည်ရွယ်ချက်များအတိုင်း သာသနာ ၃-ရပ် တည်တံ့ခိုင်မြဲတိုးတက်ရေးကို အကြောင်းပြု၍ အစည်းအဝေး ဆုံးဖြတ်ချက် အသီးသီးနှင့် မူတည်ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် အဖွဲ့ချုပ်ဘည်ရာဌာနတခု ရရှိရေးအဘွက် စိုင်းပြင်းခဲ့ကြပါသည်။ ထိုဌာနသည် ပရိယတ္တိ ပဋိပတ္တိ လုပ်ငန်းများအဘွက် လုံလောက်စွာ ရှိရမည်ကိုလည်း သဘောပေါက်မိကြပါသည်။

သို့စဉ်တွင်ပင် ထိုအဖွဲ့ကြီးသို့ နိုင်ငံတော်အစိုးရက ပြည်တွင်းပြည်ပ သာသနာပြုရေးအတွက် ငွေ ၅-သိန်း မ-တည် ထောက်ပံ့ခဲ့ပါသည်။ ထို ၅-သိန်းအနက် ၄-သိန်းကို တောင်တန်းသာသနာပြုအပါအဝင် ပြည်တွင်းသာသနာပြုရေး လုပ်ငန်းများအတွက် အသုံးပြုစေ၍ ကျန်တသိန်းကို အခြေခံဥပဒေအရ ဘာသာပေါင်းစုံကို ထောက်ပံ့ရန်နှင့် ပြည်ပတွင် သာသနာပြုစုရန်အတွက် ရည်ရွယ်ချက်ရှိခဲ့ပါသည်။ သို့ဖြစ်သည့်အလျောက် ထိုအဖွဲ့ကြီး ပေါ်ပေါက်စ ကဆုန်လပြည့်နေ့တွင် ကဆုန်ညောင်ရေသွန်း ပွဲတော်ကို တတိုင်းပြည်လုံး ကျင်းပနိုင်ရေးကိုင်၊ နယုန်လပြည့်နေ့တွင် မဟာသမယ အခါတော်နေ့ကြီး တတိုင်းပြည်လုံး ကျင်းပနိုင်ရေးကိုင်၊ ဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာအခါတော်နေ့ကျင်းပရေးကိုင်း နိုင်ငံနှင့်အဝှန်း ကျင်းပရန်လှုံ့ဆော်ဆောင်ရွက်ခဲ့လေသည်။

အဖွဲ့၏ ဒသမ အကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့ ဆင်းဒဝစ်လမ်း အမှတ် (၈၀) အဖွဲ့အကျိုးဆောင် ဦးစံသိမ်းအိမ်၌ ကျင်းပရာ အဖွဲ့တည်ရာဌာနနှင့် အဖွဲ့၏လုပ်ငန်းစဉ်များ ထမြောက်အောင်မြင်စေရန်အတွက် မြေနေရာ ရှာဖွေကြသော်လည်း သင့်တော်လျော်ကန်သော နေရာကိုမတွေ့ရှိ အဆင်မပြေ ဖြစ်နေရာတွင် အဖွဲ့၏ ဒသမ အကြိမ်မြောက် အမှုဆောင် အစည်းအဝေး၌ စေဘနာသဒ္ဓါတရား ထက်သန်လှသည့် အဖွဲ့၏ ဥက္ကဋ္ဌကြီးဖြစ်သူ သတိုးသီရိသုဓမ္မ ဆာဦးသွင်က မိမိပိုင် ဟာမစ်ဘစ်လမ်း ယခုသာသနာ့ရိပ်သာ လမ်းရှိ (၅-၄၈၈) ဧက ခြံမြေတခုလုံးကို အဖွဲ့ကြီးအား သာသနာတော် ကိစ္စအဘွက် အသုံးပြုရန် သဘောနှစ်ခြိုက်ပါက လှူဒါန်းပါမည်ဟု အဖွဲ့ဝင်များအား ကတိပေးခဲ့လေသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ ပေါ်ပေါက်လာပုံ အကျဉ်းချုပ်ကို အထက်ဘွင် ဖော်ပြပြီးနောက် ရန်ကုန်မြို့ ကုက္ကိုင်းလမ်း ဟာမစ်တစ် (ဟာမစ်တစ်ဟု ခေါ်ရာတွင် မြန်မာဘာသာအားဖြင့် ရသေ့လမ်းဟု ပေါ်လွင်စေပါသည်) ယခု သာသနာ့ရိပ်သာလမ်း ခေါ်တွင်ခံရသည့် ၅-ဧကကျော်ရှိ နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ သတိုးသီရိသုဓမ္မ ဆာဦးသွင်၏ ခြံမြေကို စေတနာ သဒ္ဓါတရား ရက်ရောစွာဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးသို့ အပြီးအပိုင်လှူဒါန်းခဲ့သည့်အလျောက် ထိုခြံမြေအတွင်း မည်သို့မည်ပုံ အဆောက်အဦများ ဆောက်လုပ်သင့်သည်၊ မည်သို့မည်ပုံ နိုင်ငံတော်၏ သာသနာတော်မြတ် ထွန်းကားရေး အတွက် ဆောင်ရွက်သင့်သည် စသည့် အကြောင်းအချက်များကို အခြေခံပြု၍ ဆွေးနွေးတိုင်ပင်ကြရာ ထိုအချိန်က စာရေးသူသည် ရန်ကုန် မြူနီစီပယ်မီးသတ်ဌာန အရာရှိချုပ်တဦးပင် ဖြစ်သော်လည်း စာရေးသူ၏ မူလဗီဇ အခြေခံ ပညာရပ်များမှာ ဗိသုကာ အင်ဂျင်နီယာတယောက် ဖြစ်သည်ကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌကြီး သိရှိပြီးဖြစ်၍ ၎င်း၏ ညွှန်ကြားချက်အရ ထိုအချိန်က ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ အကျိုးဆောင်ဖြစ်သူ ယခု အမြတ်တော်မင်းကြီး စည်သူ ဦးစံသိမ်းသည် စာရေးသူအား ခေါ်ယူတွေ့ဆုံကာ ယခု သာသနာ့ရိပ်သာအမည်ဖြင့် သဘိုးသီရိသုဓမ္မ ဆာ ဦးသွင် လှူဒါန်းသော မြေ၌ သာသနာတော်ကိစ္စရပ်

များနှင့် ပတ်သက်ပြီး မည်သို့ မည်ပုံ ဆောင်ရွက်သင့်ကြောင်း တိုင်ပင်ဆွေးနွေးလေသည်။ ထိုနောက် အကျိုးဆောင် ဦးစံသိမ်းသည် ယခင်ကဂုဏ်း၏ နေအိမ်ဖြစ်သော ရန်ကုန်မြို့ ဆင်းဒဝစ်လမ်း အမှတ် (၁၀)တွင် ၁၁-ကြိမ်မြောက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ အစည်းအဝေးတရပ်ကို ၁၇-၁၁-၄၇ နေ့တွင် ခေါ် ယူ၍ ထိုအစည်းအဝေးတွင် စာရေးသူအားလည်း ဖိတ်ကြားသောကြောင့် ထိုအစည်းအဝေးသို့ တက်ရောက်ခဲ့ရာ ထိုအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်၊ ဟသ်ာတ ဦးမြ၊ ဦးဘခင်၊ ဦးစံသိမ်း၊ ဤသမိုင်း ရေးသားသူနှင့် ဗုဒ္ဓဘာသာဝင် သူတော်စင် အရာရှိကြီးများ၊ ကုန်သည်ကြီးများ တက်ရောက်ပြီး သတိုးသီရိသုဓမ္မ ဆာဦးသွင် လှူဒါန်းသော မြေ၌ သာသနာပြု လုပ်ငန်းများအတွက် မည်သို့မည်ပုံ ဆောင်ရွက် သင့်ကြောင်း ဆွေးနွေးကြပါသည်။ ထိုအစည်းအဝေး၌ပင်လျှင် ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်သည် စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့်မိမိပိုင် မြေ ၅ ဧကကျော်ကို လှူဒါန်းရုံမျှမက ပဋိပတ္တိ သာသနာတော်မြတ်ကို ထွန်းကားအောင် ဆောင်ရွက်ကြစေလိုသောစေတနာဖြင့် ပဋိပတ္တိ သာသနာတော်မြတ်ကြီးကို အားပေးရန်နှင့် တရားဓမ္မ ညွှန်ပြရန် ဆရာတော် တပါးပါး ကိန်းဝပ် နိုင်စိမ့်သောငှါ စံကျောင်းတော်တဆောင် လှူဒါန်းရန် ကတိပြုပြီး ထိုစံကျောင်းတော် တည်ဆောက်ရေးအတွက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့မှ ဤစာရေးသူအား တာဝန်လွှဲအပ်သည့်အပြင် အဖွဲ့၏အကျိုးဆောင် အင်ဂျင်နီယာအဖြစ် ဆောင်ရွက်ရန်ကိုပါ တာဝန် လွှဲအပ်ကြပါသည်။ ✓

သာသနာ့ရိပ်သာ ပေါ် ထွန်းရာ၌ ပရိယတ္တိ ပဋိပတ္တိ နှစ်ရပ် စွယ်စုံပြည့်ဝသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တပါးအား ဤသာသနာ့ရိပ်သာတွင် ကြီးကြပ်အုပ်ချုပ်စေ၍ ဗုဒ္ဓသာသနာတော်မြတ်ကြီး နေလရောင်ရှိန်ပမာ ၃-တန် သာသနာတော်ကို ဓမ္မစက် အာဏာစက်ဖြင့် မြှင့်တင်အားပေးချီးမြှောက်ရန် မူလဗီဇရည်ရွယ်ချက် ရှိခဲ့ကြသည့် အတိုင်း မြင်းခြံမြို့ စွန်းလွန်းဂူ ကျောင်း ဆရာတော်ဘုရားကြီး၏ ပဋိပတ္တိ သာသနာတော် ထွန်းကားရေး စွန်းလွန်း ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိနှင့် ဆရာတော် ဘုရားကြီး၏ ဗုဒ္ဓသာသနာတော် မြှင့်တင်ရာ လုပ်ငန်းဆောင်တာ အဝဝတို့ကိုလည်း နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ ဆာဦးသွင်နှင့်တကွ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် အမှုဆောင် လူကြီးများအသိပင် ဖြစ်သည်။ သို့နည်းလျှင် ယခု ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်ကြီးတွင် ပုစ္ဆကအဖြစ်ဖြင့် ဆောင်ရွက်တော်မူသော သာသနာ့အကျိုးဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘန မဟာစည်ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိကိုလည်း နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုနှင့်တကွ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်တို့သည် မဆွကပင် ကြိုတင်သိရှိကြလေသည်။ မည်သို့ သိရှိကြောင်းကိုမူ အောက်တွင် အကျဉ်းအားဖြင့် အဆင်သင့်သောကြောင့် အနည်းငယ်ဖော်ပြရန် လိုပေသည်။

၁၉၅၀-ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အခြေအနေမှာ ပြည်တွင်းဆူပူလျက် သူပုန်သူကန်များ လှုပ်ရှားထကြွနေစဉ် ဖြစ်သော်လည်း သာသနာရေးကို အားပေးချီးမြှောက်ရန် ရည်သန်ချက်ရှိကြသော နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာသနာ့ရိပ်သာတွင် ပရိယတ္တိ ပဋိပတ္တိ သာသနာတော်မြတ်နှစ်ပါးကို အားပေးချီးမြှောက်ရန် နိုင်ငံတော်အစိုးရ၏ တာဝန်ကို ထမ်းဆောင်ရင်း မြင်းခြံမြို့ စွန်းလွန်းဂူကျောင်း ဆရာတော်ဘုရားကြီးကို ပင့်ဖိတ်မည်ဟု ရည်ရွယ်လျက်

လေယာဉ်ခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွါခဲ့ရာ သူပုန်သူကန် လုပ်ရှားမှုများကြောင့် မြင်းခြံ လေယာဉ်ကွင်းသို့ မဆင်းသက်နိုင်ဘဲ ရွှေဘိုမြို့သို့ သွားရောက် ဆင်းသက်ခဲ့ရလေသည်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုသည် မိမိ၏အထုံပါရမီအလျောက် ရောက်ရှိသော မြို့များရှိ ကျောင်းကန် ဘုရားများကို လှည့်လည်သွားလာ ဖူးမြော်စဉ် ရွှေဘိုမြို့ လောကမာရဇိန် စေတီတော်ကို ဖူးမြော်၍ အပြီးတွင် ယခု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘန မဟာစည် ဆရာတော်ဘုရားကြီးအား တွေ့ရှိ ဖူးမြော်ရပေသည်။ သို့ ဆရာတော်ဘုရားကြီးအား တွေ့ရှိခြင်းသည် ပင်လျှင် ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်ကြီးနှင့် ဆက်စပ်လျက် ရှိရကား ဤသမိုင်းတွင် ဆရာတော်ဘုရားကြီး ရန်ကုန်သို့ ရောက်ရှိလာပုံ အကျဉ်းချုပ်ကို ဖော်ပြရန် လိုအပ်သည်ဟု ယူဆသည့်အတိုင်း အောက်ဘွင် အကျဉ်းအားဖြင့် ဖော်ပြရပေသည်။

၁၃၀၉-ခုနှစ် နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်သည် စစ်ကိုင်းမြို့သို့ ရောက်ရှိနေစဉ် ပဋိပတ္တိ သာသနာတော်မြတ် တည်တံ့ခိုင်မြဲရေး အုတ်မြစ်ချသည့် တရားဒေသနာတော်မြတ်ကို ပေးနိုင်မည့် ပုဂ္ဂိုလ်တဦးအတွက် စုံစမ်းထောက်လှမ်းခဲ့ရာ စစ်ကိုင်းမြို့ ချုပ်သင်းချောင်တွင် သီတင်းသုံးလျက်ရှိသော သီလရှင် ဆရာဒေါ်ဝိစာရီနှင့် ဆက်သွယ်၍ ရွှေဘိုခရိုင် ရေဦးမြို့ စက်ပိုင်ရှင် သူဌေးဦးဘာသင်နှင့် တွေ့ဆုံကာ ဆွေးနွေးကြရာတွင် ရွှေဘိုမြို့ ဆိပ်ခွံ့ရွာ အထက်ဖော်ပြပါ ယခုအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘန မဟာစည် ဆရာတော် ဘုရားကြီး၏ ဝိပဿနာလမ်းစဉ် ထူးခြားသော သတင်းရပ်များကို ပြောကြားသိရှိသည်နှင့် ထိုဆရာတော်ဘုရားကြီးအား စစ်ကိုင်းတောင်ရိုးရှိ သမိဒ္ဓေါဒယတိုက်သို့ ပင့်၍ ဝိပဿနာ တရားတော်မြတ်ကို နာယူခဲ့ပါသည်။ သို့ တရားထူး တရားမြတ်ကို နာယူပြီးနောက် စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယ တိုက်အုပ် သီလရှင် ဆရာကြီး ဒေါ်မာလာရီ၊ ဒေါ်သုဓမ္မစာရီတို့ကိုယ်တိုင် ဆရာတော်ဘုရားကြီး ညွှန်ကြားပြသအပ်သည့် ဝိပဿနာလမ်းစဉ်များကို ဆည်းပူးအားထုတ်၍ ကိုယ်တိုင် ကိုယ်ကျ ဘုရားဒေသနာလမ်းစဉ်မှန်ကန်သည့် သဘောတရားအတိုင်း ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်အား မိမိတို့တွေ့ရှိ သဘော နှစ်ခြိုက်သည့် ဝိပဿနာလမ်းစဉ် အကျင့်တရားမှန်ကန်စွာ တွေ့ရှိပုံတို့ကို ပြန်လှန်ပြောပြကြရာ "ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်အား ကျေးဇူးကြီးလှသဖြင့်" သီလရှင်တို့တော့ သူဌေးကြီးကို ကျေးဇူးတင်လို့မဆုံးပါဘူး။ ဥက္ကဋ္ဌကြီးကျေးဇူးဖြင့် သီလရှင်တို့တော့ အပါယ်ရေနှင့် အိုးစား ကွဲကြရပါပြီဟု နောက်ဆုံးလှိုက်လှဲစွာ ပြောကြားလိုက်ကြောင်း သိရှိရပါသည်။

ထိုအချိန်မှစ၍ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်သည် အထက်ဖော်ပြပါ ဘဒ္ဒန္တ သောဘန မဟာစည် ဆရာတော်ဘုရားကြီး အပေါ်၌ ကြည်ညိုလေးစားမှု ရှိခဲ့သည့်အတိုင်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုအားလည်းကောင်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဝင် လူကြီးများအားလည်းကောင်း ပြောပြသဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်များ ဆည်းပူးမှတ်သားခဲ့မိကြပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံတော်ဝန်ကြီးချုပ်သည် သာသနာ့ရိပ်သာကို အုပ်ချုပ်စီမံဆောင်ရွက်ရန်အတွက် မြင်းခြံမြို့ စွန်းလွန်း ဆရာတော်ဘုရားကြီးအား ဦးထိပ်ထား၍ လေယာဉ်ပျံဖြင့် သွားရောက်ပင့်ဆောင်ခဲ့သော်လည်း အကြောင်းမညီညွတ်ခဲ့သည့်အလျောက် ၁၃၁၁-ခု၊ တန်ဆောင်မုန်း လဆန်း ၁၄-ရက်နေ့တွင် ရွှေဘိုမြို့

သို့ ဆိုက်ရောက်ခဲ့ပါသည်။ ထိုအချိန်တွင်ပင်လျှင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘန မဟာစည် ဆရာတော်ဘုရားကြီးမှာလည်း ဆရာတော်ဦးမုနိန္ဒ သီတင်းသုံးတော်မူရာ လောကမာရဇိန်ကျောင်း ကမ္မဋ္ဌာန်းဌာနသို့ ရောက်ရှိနေခိုက်နှင့် ကြုံကြိုက်ရကား နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုသည် ရွှေဘိုမြို့ရှိ ဘုရားများကို လှည့်လည်ဖူးမြော်ရာတွင် ထိုမဟာစည် ဆရာတော်ဘုရားကြီးနှင့် ဘုရားအနီး စောင်းတန်းတွင် ဖူးမြော်တွေ့ဆုံရ၍ နိုင်ငံတော်ဝန်ကြီးချုပ်ကရိုသေလေးမြတ်စွာဖြင့်မဟာစည်ဆရာတော်ဘုရားကြီးအား ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ ချီးမြှောက်နိုင်စိမ့်သောငှါ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ သာသနာတော်သုံးရပ်ကို ချီးမြှောက်တော်မူပါမည့် အကြောင်း ဆရာတော် ဘုရားကြီးအား လျှောက်ထားခဲ့လေသည်။ သို့ လျှောက်ထားခဲ့သည့်အတိုင်း ဆရာတော် ဘုရားကြီးမှာလည်း ဝိနည်းတော်နှင့်အညီ ဗုဒ္ဓသာသနာတော်မြတ် သုံးတန်ကို ချီးမြှောက်ရန် ရည်သန်လျက် သာသနာပြုမည့်အကြောင်း နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုသို့ မြွက်ကြားလေသည်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် နှစ်ထောင်းအားရလှသည်နှင့် ရန်ကုန်မြို့ရှိ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် လူကြီးများအား ကိုးမှဲ့ကြေးနန်းဖြင့်အကြောင်းကြားလျက် ၁၃၁၁-ခု၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ခမ်းနားသိုက်မြိုက်စွာ ယခုအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန မဟာစည် ဆရာတော်ဘုရားကြီးအား ကြိုဆိုပင့်ဆောင်၍ ရန်ကုန်မြို့ ပဌမမူလ သာသနာ့ရိပ်သာတွင်းရှိ စံကျောင်းတော်တွင် သီတင်းသုံးစေပါသတည်း။

ဤရန်ကုန်မြို့ရှိ သာသနာ့ရိပ်သာကြီးသည်ပင်လျှင် ဗုဒ္ဓသာသနာတော်ကြီး ဖွံ့ဖြိုးရာ အစစ်အမှန်ဒေသကြီးတခု ဖြစ်ရကား ကမ္မဋ္ဌာန်းကျောင်းများ ဓမ္မာရုံကြီး ပိဋကတ်တိုက်ကြီး သိမ်တော်ကြီး နိုင်ငံခြား တရားအားထုတ်ရာ ဌာနကြီး စသည်တို့ လိုလေသေးမရှိ၊ အဆောက်အဦများသည် တစတစ နေ့-ည မခြား ပေါ်ထွန်းခဲ့ရကား ထိုသာသနာ့ရိပ်သာဌာနကြီးပင်လျှင် သာသနာ့အုတ်မြစ်ချခဲ့သော ဌာနကြီးတခုဖြစ်၍ ဓမ္မစက် အာဏာစက်ဖြင့် ဗုဒ္ဓသာသနာတော်မြတ်အား ပြန့်ပွါးစေခဲ့ရာ သာသနာတော်နှင့် ပတ်သက်၍ ဝိနိစ္ဆယဌာန အက်ဥပဒေ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေ ယခင်အခါက ပဌမကျော် ဦးကြီးဖေ ရေးသားခဲ့သော ပိဋကတ်တော် မြန်မာပြန် စီမံကိန်း၊ ပါဠိ မြန်မာ အဘိဓာန် စီမံကိန်းဟောင်းတို့ကို မူတည်ကာ ပိဋကတ်တော် မြန်မာပြန် စီမံကိန်း ပါဠိ မြန်မာ အဘိဓာန် စီမံကိန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် အကြံပေးချက်အရ ရေးသားအပ်သော ဗုဒ္ဓဝင်စီမံကိန်း စသည့် ဗုဒ္ဓသာသနာထွန်းပြောင်ရာ အက်ဥပဒေနှင့် စီမံကိန်းအရတို့သည်ပင်လျှင် ထိုဌာနကြီးမှ ပေါ်ထွန်းခဲ့ကြရသည့်ပြင် ပိဋကတ်သုံးပုံ အာဂုံဆောင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ပေါ်ပေါက်ရေးကို ဖန်တီးပေးခဲ့သည့်ဌာန၊ နိဗ္ဗာန်မဂ်ဖိုလ်ရောက်ကြောင်း ဗုဒ္ဓမြတ်စွာ သာသနာ ၃-ရပ်ကို ဖြည့်စွမ်းနိုင်သည့်ဌာန၊ ပိဋကတ်တော် မြန်မာပြန် စတင်ပြန်ဆိုရာဌာန၊ ဗုဒ္ဓဝင် စတင်ပြုစုရာဌာန၊ ပြည်တွင်းပြည်ပ ဗုဒ္ဓသာသနာ ထွန်းပြောင်ရေးအတွက် နိုင်ငံအသီးသီးမှ လာရောက်ဆွေးနွေးရာဌာန၊ ဆဋ္ဌသင်္ဂါယနာတင် အခြေခံ လုပ်ငန်းဆောင်တာ အဝဝ တို့ကို စတင် ဖန်တီးရာဌာန၊ နိုင်ငံခြား ဗုဒ္ဓသာသနာပြုဌာနစသည့် အခြေခံ လုပ်ငန်းဆောင်တာ အဝဝ တို့ကို ဤရန်ကုန်မြို့ သာသနာ့ရိပ်သာကြီးကပင် ဖန်တီးပေးခဲ့သောဌာနကြီးဖြစ်ကြောင်းကို မည်သူမျှ ငြင်းဆိုနိုင်လိမ့်မည်မဟုတ်ပေ၊ ယနေ့တိုင် ဗုဒ္ဓသာသနာတော် ကမ္ဘာအဝှန်း ပြန့်ပွါးရေးအတွက် ဆောင်ရွက်လျက်ရှိသည်ကိုလည်း တနိုင်ငံလုံးအသိဖြစ်ပေသည်။ ပရိယတ္တိ သာသနာတော်ကြီး၌ ဤသာသနာ့ရိပ်သာ ဌာနကြီး၏ အားပေးကူညီမှု

ကြောင့်၎င်း၊ ယခင်က အကြိမ်ကြိမ် အမျိုးမျိုး တွေ့ကြုံခဲ့ရသော အခက်အခဲ မြောက်မြားစွာ တို့၏အကြားမှ စွမ်းစွမ်းတမန် နိုင်ငံတော် ဗုဒ္ဓ သာသနာနုဂ္ဂဟအဖွဲ့မှ ဆောင်ရွက်မှုကြောင့်၎င်း၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ထူးချွန်သည့် ဘွဲ့ တော် ရရှိပြီး ပိဋကတ်သုံးပုံ အာဂုံဆောင်ကာ ချောက်ချားနိုင်ခဲ့သည့်အပြင် ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်ကြီးတွင် ပိဋကတ်သုံးပုံ၏ အဆီ အနှစ် အနက်အဓိပ္ပါယ် ဥပမာဥပမေယျ စသည့် ခဲရာခဲဆစ် ဇစ်မြစ် အဖြေမှန်တို့ကို တိကျပြတ်သား စွာ ရဟန်း ရှင်လူ အများ လက်ပန်းပေါင်းခတ်မျှ အံ့သြချီးကျူးလောက်အောင် (ဝိသဇ္ဇက)ပုဂ္ဂိုလ် အဖြစ် ဆောင်ရွက်လျက် ထင်ရှား ပြတ်သား ရှင်း လင်းစွာ ဖြေကြားနိုင်သည့် သာသနအာဇာနည် ပုဂ္ဂိုလ်ပြီသော အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာ တော် အကျော် အမော် ပေါ်ထွန်းခဲ့သည် မဟုတ် တုံလော။ ထို့ပြင် ဆဋ္ဌသင်္ဂါယနာတင် မေ့သဘင် ကြီးတွင် ပိဋကတ်သုံးပုံကို (ပုစ္ဆက)ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်လျက် ဆိုင်ရာ ဆိုင်ရာ အမေးပြဿနာ ရပ်တို့ကို တည်းဖြတ် သုတ်သင်ကာ မေးမြန်းတော် မူနိုင်၍ သီလ သမာဓိ ပညာဂုဏ်တို့နှင့် ပြည့်စုံ တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန မဟာစည်ဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့သည် မဟုတ်တုံလော၊ ဤသို့လျှင် သာသနာ့ရိပ်သာဌာန ကြီးကား တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ် တော်ရ အရှင် ဝိစိတ္တသာရာဘိဝံသ ဆရာတော် ဘုရားနှင့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန မဟာစည် ဆရာတော်ဘုရားတို့၏ ဘုန်းတန်ခိုးတေ ဇော် အာနုဘော် ထွန်းပရာဌာနကြီး ဖြစ်ပေသည်။

အထက်ဖော်ပြခဲ့သော သာသနာ့လုပ်ငန်း အစု စုမှာ သာသနာ့ရိပ်သာဌာနကြီးမှ ပြန့်ပွါးလာရ ကား သာသနာ့ရိပ်သာဌာနကြီးနှင့် ထိုသာသနာ့ ရိပ်သာဌာနကြီးကို ဖြစ်မြောက်အောင် ဖန်တီးခဲ့သော နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီး၏ ဇစ်မြစ်အခြေမှန်ကိုလည်း နောင်လာနောက်သား များ သိသင့် သိအပ်သည်ဟု ယူဆရပေမည်။ ကိုင်း နှင့်ကျွန်း မှီဘိသကဲ့သို့ သာသနာ့ရိပ်သာနှင့် နိုင်ငံ တော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးသည်လည်း တ ပြိုင်တည်း ပေါ်ပေါက်လာခဲ့သည်။ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့မရှိလျှင် သာသနာ့ရိပ်သာ ဟူသော အမည်ဝေါဟာရ ပေါ်လာကောင်းမှ ပေါ်လာပေ မည်။ မြန်မာပြည်အဝှန်း သာသနာ့ရိပ်သာများ ပေါ်ပေါက်လာခြင်း၏ အစကား ဤဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့၏ သာသနာ့ရိပ်သာ အမည်ဝေါဟာရ ပေါ်လွင်မှုမှ စတင်ထင်ရှားလာခဲ့သည့်ပြင်၊ ယခု ရန်ကုန်မြို့ သာသနာ့ရိပ်သာတွင် ကမ္ဘာအဝှန်း ရဟန်း ရှင်လူ မြောက်မြားစွာတို့သည် ပဋိပတ္တိ သာသနာတော်ကြီးကို အားပေးကူညီ ကိုယ်တိုင် ကိုယ်ကျ ဆည်းပူးလေ့လာလျက် ရှိခြင်းများက သက်သေခံလျက် ရှိပေသည်။ ထို့ကြောင့် ဗုဒ္ဓ သာသနာတော်ကြီး စတင် ပွါးများရာ အထက် ဖော်ပြပါ ကဏ္ဍများအရ ဗုဒ္ဓသာသနာတော်ကြီး၏ ထွန်းကားရာဌာနကြီး စတင်ဖွံ့ဖြိုးမှုကို မချီးကျူး ဘဲ ချန်လှပ်ထားခဲ့ပါမူ စာရေးသူ၏အပြစ်သာ ဖြစ် လိမ့်မည်ဟု တထစ်ချ ယုံကြည်မိသည့်အတိုင်း ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

အထက် ဖော်ပြပါ ယခု သာသနာ့ရိပ်သာမြေ (၅.၄၇၇) ကေကို ဥက္ကဋ္ဌကြီးဖြစ်သူ သတိုးသီရိ သုဓမ္မ ဆာဦးသွင်က လှူဒါန်းပြီးနောက် ထိုမြေ တွင် မိမိတို့အဖွဲ့၏ ရည်ရွယ်ချက်အတိုင်း အောက် ပါ ကိစ္စများကို ဆောင်ရွက်ရန် ဆုံးဖြတ်ကြလေ သည်။

(၁) နိုင်ငံပေါင်းစုံ ဗုဒ္ဓဘာသာ ပိဋကတ်တိုက် တော်ကြီး တခု တည်ဆောက်ရန်။

(၂) တိပိဋကဓရ ပိဋကတ်သုံးပုံ အာဂုံဆောင် နိုင်သည့် ပုဂ္ဂိုလ်များ ပေါ်ထွန်းရေးနှင့် ထိုပုဂ္ဂိုလ်

များ သီတင်းသုံးနိုင်ရေးအတွက် ကျောင်းတော်ကြီးတဆောင် ဆောက်လုပ်ရန်။

(၃) ပဋိပတ္တိ သာသနာတော် ထွန်းကားရေးအတွက် ကမ္မဋ္ဌာနာစရိယ ဆရာတော်နှင့် ကမ္မဋ္ဌာန အဆောက်အဦများ ဆောက်လုပ်ရန်။

(၄) နိုင်ငံခြား ပဋိပတ္တိ သာသနာပြုစုရေးအတွက် ဗမာပြည်သို့ လာရောက်လေ့လာ ဆည်းပူးနိုင်ရန်ပုဂ္ဂိုလ် ၁၀-ဦး တကြိမ်လျှင် တည်းခိုနိုင်သည့် အဆောက်အဦများ ဆောက်လုပ်ရန်။

(၅) တိပိဋကဓရ ပိဋကသုံးပုံကို အာဂုံဆောင်သော ပုဂ္ဂိုလ်ပေါ်ထွန်းသောအခါ ပရိယတ္တိသာသနာ အားပေးနိုင်သည့် စာချ စာသင်ကျောင်း ထူထောင်ရန် စသည်တို့ကို ဆုံးဖြတ်ရာ ထိုကိစ္စအဝဝအောင်မြင်ရန်အတွက် ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ သူဌေးကြီး ဆာဦးသွင်၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မဟာသီရိသုဓမ္မ ဟသံ္ဘတ ဦးမြ၊ အကျိုးဆောင် ဦးစံသိမ်းတို့ သုံးဦးပါဝင်သော အဖွဲ့အား တာဝန်လွှဲအပ်ကြ၏။ ထို ၃-ဦးကော်မီတီကပင် အထက် ဖော်ပြပါ ကိစ္စများကို ဆောလျင်စွာ အောင်မြင်ရန်အတွက် ဥက္ကဋ္ဌကြီးလှူဒါန်းသောနေရာကို သွားရောက်ကြည့်ရှုကြပြီး အကောင်အထည်ဖော်နိုင်ရန် ရည်သန်၍ အဆိုပါ လုပ်ငန်းစဉ်အောင်မြင်မှု အဖွဲ့ခွဲတွင် ရန်ကုန်မြို့ ယခင် မြူနီစီပယ် မီးသတ်ဌာနအရာရှိချုပ်၊ ၎င်းနောက် နိုင်ငံတော် အစိုးရမီးသတ်ဌာန ညွှန်ကြားရေးဝန်၊ ယခုပြန်လည်ထူထောင်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူးချုပ် (ဤသမိုင်း ပြုစုရေးသားသူ) သရေစည်သူ ဦးလှကျော်အား သာသနာ့ရိပ်သာ တည်ဆောက်ပြုစုရေးအဖွဲ့တွင် အဖွဲ့ဝင်တဦးအဖြစ် တိုးချဲ့ခန့်ထားရန် ၁၇-၁၀-၄၇ နေ့တွင် ကျင်းပသော ၁၁-ကြိမ်မြောက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ အစည်းအဝေး၌ တင်ပြ၍ အဆောက်အဦဆောက်လုပ်ရေး ကော်မီတီ အဖြစ် ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင် မဟာသီရိသုဓမ္မ ကူးသန်းရောင်းဝယ်ရေးဌာနဝန်ကြီး ဟသံ္ဘတ ဦးမြ၊ ဦးလှကျော်၊ ဦးစံသိမ်း၊ ဦးဘခင်တို့ ပါဝင်သည့် အဖွဲ့တခုကို ဖွဲ့စည်းခဲ့ကြပါသည်။ ထိုနေ့မှစ၍ သာသနာ့ရိပ်သာအတွင်းရှိ အဆောက်အဦများကို စတင် ဖန်တီးခဲ့လေသည်။

## တိပိဋကဓရရွေးချယ်ပွဲ

ယခု သာသနာ့ညွှန်ကြားရေးဝန် ပဌမကျော် ဦးကြီးဖေသည် ယခင်အခါက မိမိ ရေးသားခဲ့ပြီးဖြစ်သော (၁) ဆဋ္ဌသင်္ဂါယနာတင် စီမံကိန်း၊ (၂) ပိဋကတ်တော် မြန်မာပြန် စီမံကိန်း၊ (၃) ပါဠိ-မြန်မာ အဘိဓာန် စီမံကိန်း ၃-ရပ်ကို နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုထံသို့ရင်း နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့သို့ရင်း တင်ပြလေသည်။ ထိုစီမံကိန်း ၃-ရပ်တို့တွင် (၂) ပိဋကတ်တော် မြန်မာပြန် စီမံကိန်းနှင့် (၃) ပါဠိ-မြန်မာ အဘိဓာန် စီမံကိန်းတို့ကို မဟာစည် ဆရာတော်က နာယကအဖြစ် ဆောင်ရွက်၍ အဂ္ဂမဟာပဏ္ဍိတဆရာလင်း၊ သာသနာ့ညွှန်ကြားရေးဝန် ပဌမကျော်ဦးကြီးဖေ၊ သာသနာရေး အတူးအရာရှိ ဦးဘဆွေ၊ သာသနာရေး အရာရှိ ဦးခင်မောင်လင်း၊ ပဌမကျော် ဦးသန့်စင်၊ ပါဠိဆရာ ဆရာဉာဏ်၊ မေဓာဝီ ဆရာဆိုင်တို့ ပါဝင်သည့် အစိုးရကော်မီတီက မူတည် အခြေခံ ပြုလျက် ဖြည့်စွက်ကာ (၁) ပိဋကတ်တော် မြန်မာပြန်စီမံကိန်း၊ (၂) ပါဠိ-မြန်မာ အဘိဓာန် စီမံကိန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် အကြံပေးချက်အရ (၃) ဗုဒ္ဓဝင်စီမံကိန်းတို့ကို အသစ်တဖန် ရေးသားကြသည်။ ထိုစီမံကိန်းများအရ ပိဋကတ်တော် မြန်မာပြန်၊ ပါဠိ-မြန်မာ အဘိဓာန်နှင့် ဗုဒ္ဓဝင်တို့ အကောင်အထည် ပေါ်လာခြင်း ဖြစ်ပေသည်။

(၃) ဆဋ္ဌသင်္ဂါယနာစီမံကိန်းကိုကား အောင်မြင်၍ အကောင်အထည်ပေါ်ရန် နိုင်ငံတော်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ ဆာ

ဦးသွင်သည် အာသာဆန္ဒ ပြင်းပြလျက် ရှိခဲ့လေသည်။ သို့ အာသာဆန္ဒ ပြင်းပြစွာ ရှိခဲ့သည့် အလျောက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ (နိုင်ငံတော်ဝန်ကြီးချုပ်အပါအဝင်) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် တိပိဋကဓရ သာသနာ့ အာဇာနည် ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်သည် သင်္ဂါယနာ တင်ရာဝယ် အလွန် အရေးကြီးရကား တိပိဋကဓရ ရွေးချယ်ပွဲတခုကို လွတ်လပ်သည့် နိုင်ငံတော်ဝယ် သာသနာရေးကို အားပေးကူညီနိုင်သည့် အစိုးရပေါ်လာချိန်တွင် အာဏာစက်ဓမ္မစက်ဖြင့် ပူးပေါင်းဆောင်ရွက်ကာ ဆဋ္ဌသင်္ဂါယနာတင်နိုင်ရန် ရည်ရွယ်၍ တိပိဋကဓရပိဋကတ်သုံးပုံအာဂုံဆောင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ပေါ်လိုပေါ်ငြား ဤဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့မှ စီစဉ်ဆောင်ရွက်သင့်ကြောင်း အကျယ်တဝင့် မိန့်ကြားရာ ထိုအချိန်က အလုပ်အမှုဆောင်အဖွဲ့ဝင်များ (သမိုင်းရေးသူ အပါအဝင်) တို့က နှစ်ထောင်းအားရရှိလှသဖြင့် ကောဇာ သက္ကရာဇ် ၁၃၁၀-ခုနှစ် တပို့တွဲ လဆန်း ၆-ရက် ၃-၂-၄၉နေ့ နံနက်အချိန်တွင် ရန်ကုန်မြို့ ထိုစဉ်က ဟာမစ်တစ်လမ်း၊ ယခု သာသနာ့ရိပ်သာလမ်းတွင် အလျားပေ ၁၀၀၊ အနံပေ ၆၀-ရှိ ဘုံငါးဆင့်ပြာသာဒ်တော်အောက် မဏ္ဍပ်ကြီးတွင် ဆဋ္ဌသင်္ဂါယနာတင် ရွှေပြေးနိမိတ်သဖွယ် ရာဇဂြိုဟ်ပြည်တွင် စရည်းပင်ပေါက်ရောက်ရာ မြတ်လိုဏ်သာ၌ အဇာတသတ်မင်းနှင့် ပဌမသင်္ဂါယနာတင်ခြင်းအမှူးပြု၍ ဆဋ္ဌသင်္ဂါယနာကို မျှော်မှန်းရာတွင် ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်သည့် ပုဂ္ဂိုလ်များပေါ်ထွန်းရေးကို နိုင်ငံတော် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ကြီးက စတင်စီစဉ် ဆောင်ရွက် ခဲ့လေသည်။

ထိုစဉ်အခါက ဆဋ္ဌသင်္ဂါယနာတင်မည့် ထူးမြတ်လှသော ဗုဒ္ဓကိစ္စကြီးသည် မည်သည့်အခါတွင် ပေါ်ထွန်းလာလိမ့်မည်ဟု မည်သူမျှ မစဉ်းစား မမျှော်မှန်းနိုင်ခဲ့ပေ။ လွတ်လပ်ရေးရပြီးနောက် သူပုန်သူကန်များကလည်း တိုင်းပြည်တွင် ဆူပူသောင်းကျန်းလျက် တဝိုးဝိုးတဒိုင်းဒိုင်း ဖြစ်နေချိန်ပင်ဖြစ်သည်။ သတင်းစာများနှင့် ကမ္ဘာတဝှန်းလုံးရှိ တိုင်းပြည်များကလည်း ရန်ကုန်အစိုးရဟု သမုတ်ကြကာ မြန်မာပြည်တွင် ရန်ကုန်ကွက်ကွက်ကလေးသာ အုပ်ချုပ်သည်ဟူ၍ အများထင်မြင်ယူဆနေကြသော အချိန်ပင် ဖြစ်သည်။ သို့သော် ဗုဒ္ဓမြတ်စွာသာသနာ၏တန်ခိုးတေဇော်အာနုဘော်တော်ကြောင့် နိုင်ငံတော် အစိုးရသည် သာသနာတော်မြတ်အား ချီးမြှောက်နေချိန်တွင် မည်မျှဘေးအန္တရာယ် ဖြစ်စေသော တိုင်းပြည်နှင့် အဝှန်း သူပုန်သူကန် များက ဖန်တီးခဲ့သော်လည်း မည်သို့မျှ ထိုတိပိဋကဓရ ရွေးချယ်ပွဲကို ထိခိုက်စေခြင်းမရှိခဲ့ပေ။ ထို့ကြောင့်ပင်လျှင် တိပိဋကဓရ ရွေးချယ်ပွဲ ဆင်ယင်ကျင်းပရာ၌ ဘေးရန်မရှိ အေးချမ်းသာယာစွာ ပဌမ တိပိဋကဓရ ရွေးချယ်ပွဲကြီးကို အထက်ပါ နေ့ရက်တွင် အောင်မြင်စွာ ပြီးဆုံးသည်အထိ ကျင်းပနိုင်ခဲ့ပေသည် (တိပိဋကဓရ ရွေးချယ်ပွဲအကျယ်ကို သိလိုပါမူ ပဌမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကြီး၏ အစီရင်ခံစာတွင် ကြည့်ရှုနိုင်ပါသည်)။

ဤသမိုင်းရေးသားသူသည် ထိုပဌမ အကြိမ် တိပိဋကဓရ ရွေးချယ်ပွဲ ကျင်းပသည့် အချိန်တွင် နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ အလုပ်အမှုဆောင်တဦးအဖြစ် ရွေးကောက်ခြင်းခံရသည့်အပြင် ထိုတိပိဋကဓရ ရွေးချယ်ပွဲ ဧည့်ခံကော်မီတီ၏ ဒုတိယ ဥက္ကဋ္ဌလည်းဖြစ်ခဲ့သည်၊ ဆဋ္ဌသင်္ဂါယနာတင်၏ ရွှေပြေးနိမိတ်များတွင် ဤတိပိဋကဓရ ရွေးချယ်ပွဲကြီးသည်ပင်လျှင် မူရင်းလမ်းပြ နိမိတ်ကြီးတခု ဖြစ်ခဲ့၍ ကောလာဟလ အတိတ်ကောင်း နိမိတ်ကောင်းကြီးတခုလည်း ဖြစ်ပေါ်ထင်ရှားစေခဲ့ရကား သာကေအမှန်တို့ကို အောက်တွင် ဆက်လက် ဖော်ပြပါဦးအံ့။

ထိုနိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး ပေါ်ပေါက်လာချိန်၌ရှင်း တိပိဋကဓရ ရွေးချယ်ကြသည့် အချိန်များတွင်ရှင်း ဆဋ္ဌသင်္ဂါယနာတင်ကို မျှော်မှန်းဆောင်ရွက်ခဲ့ကြသော်လည်း မည်သည့်အခါတွင် ဆဋ္ဌသင်္ဂါယနာတင်နိုင်မည်ဟူ၍ မည်သူမျှ မျှော်မှန်းခဲ့ခြင်း၊ မှန်းဆနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ သို့သော် အထက်က ဖော်ပြခဲ့သော သင်္ဂါယနာတင် ကောလာဟလများက သက်သေခံ၍ ထိုကောလာဟလများအတိုင်း အကယ်ပင် ပေါ်လာကြောင်း မျက်ဝါးထင်ထင် တွေ့ရှိခဲ့ကြရပေသည်။

ထိုတိပိဋကဓရရွေးချယ်ရေးအတွက် အထက်က ဖော်ပြပါ အစီရင်ခံခဲ့သည့်အတိုင်း နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ဆဋ္ဌသင်္ဂါယနာတင်ကို မျှော်မှန်း၍ လက်ခံအတည်ပြုပြီးနောက် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ခွဲတခုကို နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးက ဖွဲ့စည်းပေးခဲ့လေသည်။ ထိုအဖွဲ့ခွဲတွင် ပုဇွန်တောင် နော်မန်ကျောင်းကြီးဆရာတော်၊ သရက်တောကျောင်းတိုက် သာသနာလင်္ကာရဆရာတော်၊ ဘုရားကြီးတိုက် ဆရာတော်တို့ကို နာယကဆရာတော်များအဖြစ် အမှူးပြု၍ သတိုးသီရိသုဓမ္မ သူဌေးကြီး ဆာဦးသွင်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း၊ မေဓာဝီ ဆရာဆိုင်၊ ပဌမကျော် ဦးကြီးဖေ၊ သီဟိုဠ် ဆရာ ဉာဏ်တို့ ပါဝင်သော တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ခွဲတခုကို နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကဖန်တီးပေးခဲ့လေသည်၊ ထိုအဖွဲ့ခွဲ၌ ဘုရားကြီးတိုက် ဆရာတော်က ဥက္ကဋ္ဌ၊ ပဌမကျော် ဦးကြီးဖေက အကျိုးဆောင်အဖြစ် ဆောင်ရွက်ကြသည်။ ဤအထက်ဖော်ပြပါ ဆရာတော် သံဃာတော် အရှင်မြတ်များနှင့် လူပုဂ္ဂိုလ်များ ပါဝင်သော အဖွဲ့ခွဲက တိပိဋကဓရရွေးချယ်ရေး ဥပဒေရပ်ကို ရေးဆွဲကာ နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးသို့ တင်သွင်းပြဋ္ဌာန်းပြီးလျှင် ထိုဥပဒေအရ တိပိဋကဓရ ရွေးချယ်ပွဲကြီးကို စတင်ဆောင်ရွက်ခဲ့ကြလေသည်။

သို့နှင့် အခက်အခဲမြောက်မြားစွာကြားမှ မိမိတို့ ယုံကြည်ချက်ဖြင့် နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်များသည် အားကြိုးမာန်တက် မဖြစ်မနေ ဆောင်ရွက်ခဲ့ကြရာဆဋ္ဌသင်္ဂါယနာမတင်မီ ၁၃၁၅-ခု နတ်တော်လဆန်း ၁၄-ရက် (၂၀၊ ၁၂၊ ၅၃) တနင်္ဂနွေနေ့တွင် ယခု နိုင်ငံတော်သမတကြီး အဂ္ဂမဟာ သီရိသုဓမ္မ ဒေါက်တာ ဦးဘဦး ကိုယ်တိုင်ထို ၆-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကို ဖွင့်လှစ်ပြီး ၁၃၁၅-ခု ပြာသိုလဆန်း ၁၁-ရက်နေ့တွင် အပြီးရောက်ခဲ့၍ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တပါးအား ဆဋ္ဌသင်္ဂါယနာတင်ကို ရည်စူးမြော်မှန်း ခဲ့ကြသည့်အတိုင်း လက်ပန်းပေါက်ခတ်မျှ အံ့ချီးဘွယ်ရာ ဗုဒ္ဓသာသနာတော် သုံးရပ်ကို အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရန်အလို့ငှါ သာသနာတော်စောင့် နတ်များအားပေး ကူညီသည့်အသွင် ခြောက်ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီးတွင် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည့် ပိဋကတ်သုံးပုံဆောင် တိပိဋကဓရ မဟ္ဘဏ္ဍာဂါရိက သာသနာ့အာဇာနည် အရှင်ဝိစိတ္တသာရာဘိဝံသထေရ် ပေါ်ပေါက်လာခြင်းကား နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ အင်္ဂါက ရည်ရွယ်ချက် ပြီးမြောက်အောင်မြင်သည့် ပြင် ဆဋ္ဌသင်္ဂါယနာအတွက် အတိတ်ကောင်း နိမိတ်ကောင်း ဖြစ်ပေသည်။

ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရမဟာတိပိဋကကောဝိဒ ဝိစိတ္တသာရာဘိဝံသ
တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ

# အရှင်ဝိစိတ္တသာရာဘိဝံသ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

## ဖွားရာဇာတိ

မြင်းခြံမြို့ ကျည်းပင်ရွာသူကြီး ဦးဆုံ၊ သူကြီးကတော် ဒေါ်ဆင် တို့မှ ၁၂၇၃-ခု တဆောင်မုန်းလဆန်း ၁၁-ရက် ဗုဒ္ဓဟူးနေ့ နေ့လည် စက်နာရီ ၃-နာရီကျော်တွင် ဖွားမြင်သည်။ သားသမီး ၃-ယောက်အနက် သားအလတ်ဖြစ်သည်။ ငယ်စဉ်က ဆွေမျိုးမိဘများနှင့် ရပ်ရွာလူထုက ခင်မင်ယုယခြင်းခံရသဖြင့် လူအမည် မောင်ခင်ဟု မှည့်ခေါ်ခဲ့သည်။ ငယ်စဉ်ကပင် ယဉ်ကျေးသိမ်မွေ့၍ စာပေကို ဝါသနာအထုံရှိခဲ့သည်၊ ၆-နှစ်သားအရွယ်တွင် ကျည်းပင်ရွာကျောင်း ဆရာတော် အရှင် သာသနမထေရ်မြတ်ထံ ပညာသင်ကြား ခဲ့လေသည်။ ကျောင်းနေစ ငယ်စဉ်အခါကပင် မင်္ဂလသုတ် ပရိတ်ကြီးများကို အသက် ၈-နှစ်အရွယ်တွင် မပင်မပန်း နှုတ်တက်အရ ဆောင်ခဲ့သည်။ သူငယ်၏ ဘခင်မှာ ၄-နှစ်သားအရွယ်က ကွယ်လွန်ခဲ့သောကြောင့် အဘိုးဖြစ်သူ ဦးချယ်က ထိုသူငယ်ကို အများဆုံး တာဝန်ယူ ထိန်းခဲ့လေသည်။

အဘိုး ဦးချယ်မှာ မြေးသူငယ် ကျောင်းပြန်ချိန်များ၌ ကိုယ်တိုင် ကျောင်းသို့ သွား၍ မြေးငယ်အား ထမ်းဆောင်လေ့ရှိပြီး ညစာထမင်း စားပြီးသော အချိန်များတွင် သီလခံစေခြင်း၊ မေတ္တာပို့ချပေးခြင်းမှအစ ဗဟုသုတ ဖြစ်ဘွယ်တို့ကိုသာ အမြဲတစေ နေ့စဉ်နေ့တိုင်း အားလပ်ချိန်များ၌ လေ့လာစေခဲ့သည်။ ထိုသူငယ်သည် နေ့စဉ်နှင့်အမျှ အခြားကစားနည်းများကို သူငယ်တို့လေ့ ပျော်မွေ့သည်ထက် စာအံခြင်း၊ စာဖတ်ခြင်း၊ သူတောင်းစာ စာပေအရသာကိုသာ လေ့လာဆည်းပူးခဲ့သည့်အပြင် မှတ်ဉာဏ်ကောင်းသောကြောင့် မိမိသင်အံ လေ့လာရမည့်စာများကို ပိုင်းခြား၍ နှုတ်ငုံရအောင် အမြဲတစေ လေ့လာခဲ့လေသည်။

## စာပြန်ပွဲများကိုအောင်မြင်ခဲ့ခြင်း

အသက် ၁၀-နှစ်တွင် မိခင်ဖြစ်သူ ဒေါ်ဆင်က ရှင်ဒါယကာခံ၍ ရှင်အဖြစ်သို့ ဒုတိယ အကြိမ် သာသနာ့ဘောင်သို့သွတ်သွင်းခဲ့ရာ ဥပဇ္ဈာယ်ဆရာတော် ဦးသောဘိတက ရှင်သာမဏေ၏ ဉာဏ်အမြင်ဆန်းကြယ်မှုကိုအစွဲပြု၍ ရှင်ဝိစိတ္တသာရဟု အမည် မှည့်တော်မူသည်။ အသက် ၁၃-နှစ်တွင် မြင်းခြံမြို့လုံးဆိုင်ရာ ဝိနည်း စာပြန်ပွဲ ကျင်းပရာ၌ ကစ္စည်းသဒ္ဒါကြီး ရှစ်စောင်ကို အထောက်အမမရှိ ထူးကဲစွာ အောင်မြင်ခဲ့သည်။ သက်တော် ၁၄ နှစ် သားအရွယ်တွင် သင်္ဂြိုဟ် ၉-ပိုင်းကို ထူးခြားစွာ ပြန်ဆို အောင်မြင်ခဲ့လေသည်။

ဥပဇ္ဈာယ်ဆရာတော် ဦးသောဘိတက ရှင်ငယ် ဝိစိတ္တသာရ၏ ဉာဏ်အမြင်ကျယ်မှုကို လေ့လာထောက်ရှုသောအားဖြင့် စာအုပ်စာတမ်း မြောက်မြားစွာတို့ကို ဖတ်ရှုသင်အံ လေ့လာစေခဲ့သောကြောင့် ရှင်ဝိစိတ္တသာရ၏ သက်တော် ၁၅-နှစ်အရွယ်တွင် အစိုးရ ပဌမငယ်တန်းကိုလည်း၊ သက်တော် ၁၆-နှစ်အရွယ်တွင် ပဌမလတ်တန်းကိုလည်း နှစ်ချင်းစွဲ အောင်မြင်ခဲ့ပေသည်။ ရှင်ဝိစိတ္တသာရ သက်တော် ၁၇-နှစ်မှ ၁၈-နှစ်တိုင်၊ ၂-နှစ်ကျော် ကာလအတွင်းမှာမူ ဥပဇ္ဈာယ်ဆရာတော်ဖြစ်သော ဦးသောဘိတ မကျန်းမာသောကြောင့် ဝိနည်း

တော်နှင့်အညီ ဆရာတော်ထံပါး ဆည်းကပ်ပြုစု စောင့်ရှောက်ခြင်းဖြင့် ဥပဇ္ဈာယ် ဆရာတော် ဦးသောဘိတ ဘဝနတ်ထံ ပျံလွန်တော်မူသည့်နောက် ဈာပနကိစ္စပြီးဆုံးသည့်တိုင် ဝေယျာဝစ္စကို ဆောင်ရွက်ပြီး ဆရာတော် ဦးသောဘိတ၏ တပည့်ကြီးများ အစည်းအဝေးမှ ဆုံးဖြတ်ချက်အရ ရှင်ဝိစိတ္တသာရအား မင်းကွန်းဓမ္မနာဒတိုက်သို့ ပို့အပ်ရန် ဘုန်းတော်ကြီး ဦးဣန္ဒာလောက အား တာဝန်လွှဲအပ်သည့်အလျောက် ၁၂၉၁-ခု နှောင်းတန်းခူးလဆန်း၁၃ရက်နေ့တွင်ရှင်ဝိစိတ္တသာရအား ဘုန်းတော်ကြီး ဦးဣန္ဒာလောကကိုယ်တိုင် လိုက်ပါစောင့်ရှောက်၍ မင်းကွန်းဓမ္မနာဒ ကျောင်းတိုက်သို့ ပို့အပ်ပညာ သင်ကြားစေခဲ့လေသည်။

## ဂုဏ်ထူးဆောင် ဓမ္မာစရိယ

ရှင်ဝိစိတ္တသာရသည် မင်းကွန်းတောရ ဓမ္မနာဒတိုက်သို့ ရောက်ရှိရာ၌၊ သူတော်ချင်းချင်း သတင်းလွှေလွှေ ဟူသည့်နှယ် ထိုကျောင်းတွင် သစ္စဝါဒီဋီကာကျမ်းပြု ဗဟုသုတဂုဏ် ပြည့်ဝသော မင်းကွန်း ဂူကလေးကျောင်း ဆရာကြီး ဒေါ်ဓမ္မစာရီစသည့် တရားဓမ္မပြည့်ဝသည့် ပုဂ္ဂိုလ်ကြီးများကို တွေ့ရှိရကား ရှင်ဝိစိတ္တသာရအဖို့ ထူးမြတ်သော အခွင့်အရေးကြီးတခုပင် ဖြစ်ခဲ့လေသည်။ သို့နှင့် ၁၂၉၂-ခုဝါဦးတွင် ဒေါ်ဓမ္မစာရီသည် ရန်ကုန်မြို့သို့ ရောက်ရှိ၍ ရှင်ဝိစိတ္တသာရအကြောင်းကို သူဌေးကြီး ဆာဦးသွင် သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့အား စကားစပ်မိ၍ ပြောကြားရာ ရှေးရှေးဘဝရေစက်တို့ကြောင့် သူဌေးကြီး ဆာဦးသွင်နှင့် သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့မှာ ရှင်ဝိစိတ္တသာရအား ရဟန်းဒါယကာအဖြစ် ခံယူလိုစိတ်ပွါးများပြီး သီလရှင် ဒေါ်ဓမ္မစာရီနှင့်တကွ ဆရာတော် ဦးပညာစက္ကထံသို့ ထိုသာမဏေအား ရဟန်းဘောင်သို့ သွတ်သွင်းရန် ခွင့်တောင်းခဲ့လေသည်။

၁၂၉၂-ခု နှောင်းတန်းခူး လဆန်း ၆-ရက်နေ့တွင် မင်းကွန်း ငွေတောင် တောရကျောင်းတိုက် ခဏ္ဍသိမ်တော်တွင် ဓမ္မနာဒဆရာတော် အရှင်ပညာစက္ကမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ထိုရှင်ဝိစိတ္တသာရ သာမဏေအား ရဟန်းအဖြစ်သို့ သွတ်သွင်းချီးမြှောက်ခဲ့လေသည်။ ၁၂၉၃-ခုနှစ်တွင် ရဟန်းတော် အရှင်ဝိစိတ္တသာရသည် အစိုးရပဌမကြီးတန်း အောင်မြင်ခဲ့၍ ၁၂၉၄-ခုနှစ်တွင် အမျိုးသား ပဌမကြီးတန်းကိုလည်း နှစ်ချင်းပင် ဖြေဆိုအောင်မြင်တော်မူခဲ့သည်။ ရဟန်း ၂-ဝါရ ၁၂၉၅-ခုနှစ်တွင် ထူးခြားလှစွာသော သကျသီဟ စာသင်တန်းနှင့် အစိုးရပဌမကြီးတန်း၌ ဂုဏ်ထူးပြည့် ပဌမကြီးတန်းကို အောင်မြင်တော်မူခဲ့လေသည်။ ၁၂၉၆-ခုနှစ်တွင် သကျသီဟ စာချတန်းနှင့် အစိုးရပဌမကျော်တန်း တည်းဟူသော ပဌမကျော် အောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့ပြန်လေသည်။ ထိုနှစ်စာသင်မှု ရပ်စဲ၍ သင်ရိုး ပါဠိ အဋ္ဌကထာ ဋီကာကုန်အောင် ဆက်လက် သင်ကြားရင်း စာသင်သားများကို ပို့ချနေခဲ့ရပေသည်။

ရဟန်းသိက္ခာ ၇-ဝါအရ ၁၂၉၉-ခုနှစ် နတ်တော်လပြည့်ကျော်၁-ရက်နေ့တွင် ဓမ္မနာဒ သာသနာပြုသံဃအစည်းအဝေးကြီးမှ ကျေးဇူးရှင် ညောင်ကန်ဆရာတော်ဘုရားကြီး အမှူးပြုသော သံဃာတော်များ၏ လွှဲအပ်တိုက်တွန်းချက်အရဓမ္မနာဒတိုက်၏ နာယကအဖြစ် အရှင်ဝိစိတ္တာသာရာဘိဝံသက ဆောင်ရွက်ရလေသည်။

၁၃၀၂-ခုနှစ်တွင် ပထမဆုံး ကျင်းပသော အစိုးရ စာချတန်းကို ဝင်ရောက်ဖြေဆိုရာ နှစ်ချင်းစွဲ ဂုဏ်ထူးဖြင့် အောင်မြင်သောကြောင့် သာသနဓဇ သီရိပဝရဓမ္မာစရိယဘွဲ့ကို ရရှိခဲ့လေသည်။

## ပိဋကတ်သုံးပုံပြန်ရန်ဝန်ခံပုံ

၁၃၁၀-ခု တပို့တွဲလဆန်း ၆-ရက်နေ့သည်ကား တိပိဋကဓရ ရွေးချယ်ပွဲ၏ ပဌမဆုံးနှစ် ရွေးချယ်ပွဲ

အပြီး နိုင်ငံတော်သမတကြီးကိုယ်တိုင် ဖွင့်လှစ်သော အခမ်းအနားတွင် ပင့်သံဃာများ၌ အရှင်ဝိစိတ္တသာရာဘိဝံသလည်း ပါဝင်ခဲ့လေသည်။ နိုင်ငံတော်သမတကြီးသည် သာသနာတော်မြတ်အားလေးစားစွာဖြင့် မည်မျှပင် ချီးမြှောက်ထောက်ပံ့စေခဲ့မှုလည်း တိပိဋကဓရ ရွေးချယ်ရာ၌ အာဂုံပြန်ရာတွင်၎င်း သဘောရေးဖြေရာတွင်၎င်း အောင်မြင်မှုမရဘဲ သုညသာပေါ်ထွန်းလာသောကြောင့် များစွာဝမ်းနည်းပက်လက် ဖြစ်ခဲ့ရသည်အထိပင် အရှင်ဝိစိတ္တသာရ၏ ရဟန်းဒါယကာ ဖြစ်သော သူဌေးကြီး ဆာဦးသွင်နှင့် သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့လည်း ထိုတိပိဋကဓရ ပေါ်ထွန်းရေးအတွက် အပါအဝင် ဖြစ်ခဲ့ပေသည်။ ထိုအချိန်ကအရှင်ဝိစိတ္တသာရသည်ရန်ကုန်မြို့အောင်မြေသုခကျောင်းတိုက်တွင် သီတင်းသုံးနေခဲ့သည်။ ထိုသို့သီတင်းသုံးနေစဉ်အတွင်း တပေါင်းလ တနေ့သောအချိန်၌ သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာရီ၊ သူဌေးကြီး ဆာ ဦးသွင်၊ သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့ သုံးဦးသည် အရှင်ဝိစိတ္တသာရာဘိဝံသ ခေတ္တသီတင်းသုံး တည်းခိုရာဌာနသို့ ရောက်ရှိလာ၍ တိပိဋကဓရ စာမေးပွဲကြီး၏ (သုည)မှ အောင်မြင်ပုံကို စကားစပ်မိ၍လျှောက်ထားကြလေသည်၊ ထိုအခါ အရှင်ဝိစိတ္တသာရာဘိဝံသက ရဟန်းဒါယကာ ဒါယိကာမများအား ကျေးဇူးဆပ်သည့်အနေဖြင့် အနည်းဆုံး ဝိနယဓရအဖြစ် ပိဋကတ် အာဂုံပြန်ပါမည်ဟု ကတိပေးခဲ့လေသည်။ ကျန်းမာရေးပြည့်စုံ၍အကြောင်းညီညွတ်ပါကတိပိဋကဓရအဖြစ်ဖြင့် ခံယူ၍ ကျေးဇူးဆပ်ပါမည်ဟု ရဲရဲတောက် ဝန်ခံကတိပြု သောကြောင့် ရဟန်းဒါယကာ သူဌေးကြီးသတိုးသီရိသုဓမ္မ ဆာဦးသွင်နှင့်သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့သည် ထိုစဉ်ကပင် များစွာနှစ်ထောင်းအားရခြင်း ဖြစ်ခဲ့ကြလေသည်။

## ပိဋကသုံးပုံပြန်ပြီ

သို့ အရှင်ဝိစိတ္တသာရာဘိဝံသ ကတိပေးပြီးသည်နှင့်အညီ၊ ၁၃၁၂-ခုနှစ် ကျင်းပသော သုံးကြိမ်မြောက် တိပိဋကရေရွေးချယ်ပွဲကြီး၌ စတင်ဝင်ရောက် ဖြေဆိုရာ ဝိနယပိဋက ဝိနည်း ၅-ကျမ်း စာမျက်နှာ ၂၀၀၀-ကို သန့်ရှင်းစင်ကြယ်ပြတ်သားစွာ နာယက ဆရာတော်ဘုရားများနှင့်တကွ စာထောက်စာမ စာနာပရိသတ်တို့ စိတ်နှလုံး ရွှင်ပြုံးနှစ်သိမ့်ရအောင်အထောက်အမကင်းစွာဖြင့် အာဂုံပြန်ဆောင်နိုင်ရုံမျှမက သဘောရေးဖြေတွင်လည်း အမှတ် ၁၀၀-ပေးသည့်အနက် အမှတ်ပေါင်း ၇၅-မှတ်ထက် ကျော်လွန်၍ အောင်မြင်တော်မူသောကြောင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က လှူဒါန်းသော ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယကောဝိဒဟူသောဘွဲ့တံဆိပ်တော်နှင့် နိုင်ငံတော်အစိုးရက လှူဒါန်းသော အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော် တလက်ပါရှိသည့် သာသနာ့အောင်လံတော် အမှတ်တံဆိပ်ကို နိုင်ငံတော်သမတကြီး ကိုယ်တိုင် ဆက်ကပ်ခြင်းခံခဲ့ရလေသည်။

၁၃၁၃-ခုနှစ်တွင် ကျင်းပသော ၄-ကြိမ်မြောက် တိပိဋကရွေးချယ်ပွဲကြီးတွင် အဘိဓမ္မပိဋက ပဌမပိုင်း ငါးကျမ်း၊ စာမျက်နှာ ၁၁၀၀-ကျော်ကို အထောက်အမ ကင်းစွာဖြင့် အာဂုံပြန်နိုင်သည့်အပြင် သဘောရေးဖြေ စာမေးပွဲကိုလည်း တဖန်အောင်မြင်ခဲ့လေသည်။

၁၃၁၄-ခုနှစ်တွင် ကျင်းပအပ်သော ၅-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီးတွင် အဘိဓမ္မပိဋက ဒုတိယပိုင်းကျမ်းရေ ၂-ကျမ်းနှင့် စာအုပ် ၈-အုပ်၊ စာမျက်နှာ ၂၅၀၀-ကို အာဂုံအထောက်အမ ကင်းစွာဖြင့် ပြန်ဆိုနိုင်၍ သဘောရေးဖြေတွင်လည်း အမှတ် ၇၉-ရာခိုင်နှုန်း ဂုဏ်ထူးဖြင့် အောင်မြင်တော်မူပြန်သောကြောင့် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့က လှူဒါန်းအပ်သော (ဝိသိဋ္ဌ

အာဘိဓမ္မိကမဟာအဘိဓမ္မကောဝိဒ) ဟူသော ဘွဲ့ လက်မှတ်တံဆိပ်နှင့် နိုင်ငံတော်အစိုးရတို့က လှူဒါန်းအပ်သော အရိုးဝါ ကနက္ကဒဏ် ထီးဖြူ တော်နှစ်လက် သာသနာ့အောင်လံတော်ကို ဆွတ်ခူးအောင်မြင်တော်မူခဲ့လေသည်။

၁၃၁၅-ခုနှစ် နတ်တော်လဆန်း ၁၄-ရက်နေ့မှ အစပြု၍ ဖ-ကြိမ်မြောက် ကျင်းပသော တိပိဋကရေ ရွေးချယ်ပွဲကြီး၌ သုတ္တန္တပိဋက(ဒီဃနိကာယ်) သုတ်သုံးကျမ်း စာမျက်နှာ ၆၀၀-ဘို့ကို အထောက်အမ ကင်းစွာဖြင့် အရှင်ဝိစိတ္တသာရာဘိဝံသသည် အာဂုံ ပြန်ဆောင်တော်မူနိုင်၍ သဘောရေးဖြေ ကျင်းပပွဲတွင်လည်း ရာခိုင်နှုန်း ၉၀-ကျော် အမှတ်ရရှိကာ ဂုဏ်ထူးဖြင့် အောင်မြင်တော်မူသည့်အတွက် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့က ဝိသိဋ္ဌ ဒီဃဘာဏကမဟာဒီဃနိကာယ ကောဝိဒ ဟူသော ဘွဲ့ကို ဆက်ကပ်လေသည်။

အိုသူတော်ကောင်းအပေါင်းတို့ တိပိဋကရေ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ပေါ်ပေါက်ရေးသည် ဆဋ္ဌသင်္ဂါယနာတင်အတွက် လွန်ခဲ့သော နှစ်ပေါင်း ၁၀-နှစ်ကျော်မျှကပင် မျှော်မှန်း တမ်းတခဲ့လေသည်။ ထိုပုဂ္ဂိုလ်မြတ်မျိုး ပေါ်ပေါက်ရေးသည် လည်း လွယ်ကူသော ကိစ္စတရပ် မဟုတ်ပေ။ အာဏာစက် ဓမ္မစက်ဖြင့် သာသနာတော်ကို ချီးမြှောက်မှသာ ပေါ်ထွန်းနိုင်ပေမည်။ ဤသို့တပြီးကား ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် အမှုဆောင်များသည် ဆဋ္ဌသင်္ဂါယနာတင်ကို မျှော်မှန်း၍ တိပိဋကရေရွေးချယ်ပွဲကို ၁၃၁၀-ခုနှစ် မတိုင်မီကပင် စတင်ကြံစည်ကြိုးစားဆောင်ရွက်ခဲ့ပေသည်။ ဆဋ္ဌသင်္ဂါယနာတင်၏ တန်ခိုးတေဇော် အာနုဘော်မြတ်ကြောင့် ဆဋ္ဌသင်္ဂါယနာတင်ရာတွင် ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည် တိပိဋကရေရွေးချယ်ပွဲ ဖ-ကြိမ်မြောက်ကျင်းပရာတွင် ဆဋ္ဌသင်္ဂါယနာတင်၏ ရှေ့ပြေးနိမိတ်သဖွယ် ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သည့် ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋက ကောဝိဒ ဝိစိတ္တသာရာဘိဝံသနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဟူသော ဘွဲ့တံဆိပ်တော်ရ အရှင်ဝိစိတ္တသာရာဘိဝံသ ပေါ်လာခဲ့သည် မဟုတ်တုံလော။ ဤသည်ပင်လျှင် ထိုပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ၏ အတ္ထုပ္ပတ္တိ အကျဉ်းကို နိဂုံးချုပ်ရပေသတည်း။

# သီရိမင်္ဂလာပရိတ်တော်အဖွဲ့

ဆဋ္ဌသင်္ဂါယနာတင် ကိစ္စ အဝဝတို့၌ အသိုင်းအဝန်း အခြေအမြစ် မြောက်မြားစွာ ပါဝင်ခဲ့လေသည်။ ဆောင်ရွက်မှု တခုနှင့် တခုမှာ ဤသမိုင်း ရေးသားသူ မူလက နိဒါန်း၌ ဖော်ပြခဲ့သည့်အတိုင်း အချင်းချင်း ဆက်စပ်လျက် ရှိရကား ဆဋ္ဌသင်္ဂါယနာတင်အတွက် ကောလာဟလဖြစ်ပေါ်မှုများသည်၎င်း၊ နိုင်ငံတော်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၊ သာသနာ့ရိပ်သာ၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဖြစ်ပေါ်လာပုံများသည်၎င်း၊ ကမ္ဘာ့အေးစေတီတော်နှင့်တကွ သီရိမင်္ဂလာကုန်းမြေ အပါအဝင် တည်ဆောက် ဆောင်ရွက်ရာဝယ် အတိတ်ကောင်း နိမိတ်ကောင်း ထွန်းပေါ်ပုံများသည်၎င်း၊ အထက်ဖော်ပြပါ မည်သည့်အခါကမျှ မမျှော်မှန်းခဲ့သည့် တိပိဋကဓရ သာသနာ့အာဇာနည် ပေါ်ပေါက်လာခြင်းသည်၎င်း၊ ပြဆိုခဲ့ပြီးသော အကြောင်းအချက် အလုံးစုံတို့မှာ ဆဋ္ဌသင်္ဂါယနာတင်တော်မူနိုင်ရန်အတွက် ရှေ့ပြေး အတိတ် နိမိတ်၊ ရှေ့ပြေးဆောင်ရွက်မှုများပင် ဖြစ်ပါသည်။ ယခုအခါ ဆဋ္ဌသင်္ဂါယနာတင်ခြင်း ကိစ္စအဝဝတို့ကို ဓမ္မစက် အာဏာစက်ဖြင့် ရဟန်းပရိသတ်၊ လူပရိသတ်၊ မင်းပရိသတ်တို့ ညီညာဖျဖျ လုပ်ဆောင်နိုင်ကြခြင်းကား အထက် ဖော်ပြပါ

အကြောင်းအချက်များ ပါဝင်မှုကြောင့်ပင် ဖြစ်ပါသည်။ ဆဋ္ဌသင်္ဂါယနာတင် ကိစ္စအတွက် အထက်ဖော်ပြပါ အကြောင်းအချက်များ ပါဝင်သကဲ့သို့ သီရိမင်္ဂလာပရိတ်တော်အဖွဲ့သည်လည်း ရွှေပြေးနိမိတ်သဖွယ် အရေးကြီးသော အကြောင်းအချက်အနေဖြင့် ပါဝင်ပါသည်။

ထိုသီရိမင်္ဂလာပရိတ်တော်အဖွဲ့ကို ၁၃၁၂-ခု၊ ကဆုန်လဆန်း ၁၄-ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု နေအိမ်၌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ မဟာသီရိသုဓမ္မ ဟသ်ာတဦးမြ၊ ပဌမကျော်ဦးကြီးဖေ၊ စိန်ဘရားသား ဦးထွန်းစိန် စသော ပုဂ္ဂိုလ်ကြီး ၉-ဦးတို့ မတည်ပါဝင်လျက် ဖွဲ့စည်းခဲ့ပါသည်။ သီရိမင်္ဂလာပရိတ်တော်အဖွဲ့ ဖွဲ့စည်းပုံနှင့် ဆောင်ရွက်ခဲ့ပုံများကို သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့မှ ရိုက်နှိပ်သည့် သီရိမင်္ဂလာ ပရိတ်တော် စာအုပ်တွင် အစုံအလင်ပါရှိပါသည်။ ထိုသီရိမင်္ဂလာ ပရိတ်တော်အဖွဲ့၏ ရည်ရွယ်ချက်များမှာ မြတ်စွာဘုရား၏ ပရိတ်တော်မြတ်ကို ရွတ်ဖတ် နာကြားကြရန်၎င်း၊ပရိတ်တော်မြတ်၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ကမ္ဘာအဝှန်း ဝေနေယျသတ္တဝါများ ငြိမ်းချမ်းသာယာမှု ရှိစေရန်၎င်း နိုင်ငံတော် ငြိမ်းချမ်းသာယာမှု ရှိစေရန်၎င်း ဆဋ္ဌသင်္ဂါယနာတင်နိုင်ရန် ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြသော ကိစ္စအဝဝတို့ ချောမောပြေပြစ်စွာ ပြီးမြောက်စေရန်၎င်း ရည်သန်သောအားဖြင့် တည်ထောင်ခဲ့လေသည်။

မှတ်ချက်။ ။ဤသီရိမင်္ဂလာ ပရိတ်တော်အဖွဲ့သည် တိုင်းပြည်ငြိမ်းချမ်းရေးအတွက် မြန်မာပြည်အဝှန်းသို့ လှည့်လည်၍ ပရိတ်တော်မင်္ဂလာမြတ်များ ရွတ်ဖတ် ဆောင်ရွက် ခဲ့ကြသည့်ပြင် ကမ္ဘာ့အေး စေတီတော် တည်ဆောက်ပြီးမြောက်ရန်၎င်း ဆဋ္ဌသင်္ဂါယနာတင် လိုဏ်ဂူတော်ကြီး ပြီးမြောက်ရန်၎င်း လိုဏ်ဂူတော်ကြီး စတင်တည်ဆောက်သည့်နေ့မှအစပြု၍ လိုဏ်ဂူတော်ကြီး မပြီးမြောက်မီ ဆဋ္ဌသင်္ဂါယနာတင်ကို မျှော်မှန်း၍ ရွှေပြေး ဆဋ္ဌသင်္ဂါယနာတင်အနေဖြင့် ပိဋကတ်သုံးပုံ ရွတ်ဆိုပွဲ ခမ်းနားသိုက်မြိုက်စွာ ရွတ်ဆိုကျင်းပကြကြောင်းများကိုလည်း ယခု ဤသမိုင်းတွင် အလျဉ်းသင့်သည့်နေရာများ၌ ထည့်သွင်းဖော်ပြပြီးဖြစ်ပါသည်။ ဤသီရိမင်္ဂလာပရိတ်တော်အဖွဲ့ကြီးက ရွတ်ဖတ်ကြသော ပရိတ်တော်မြတ်နှင့် ပိဋကတ်သုံးပုံတို့၏ တန်ခိုးတေဇော် အာနုဘော်တို့ကြောင့်ပင်လျှင် ဤလိုဏ်ဂူတော်ကြီး ပြီးမြောက်ရာ ပြီးမြောက်ကြောင်းတွင် ကဏ္ဍတခုအဖြစ် ပါဝင်ရကား ဆက်စပ် ကျိုးကြောင်း တခုဖြစ်သည့် အားလျော်စွာ ဤသီရိမင်္ဂလာ ပရိတ်တော်အဖွဲ့၏ ပေါ်ပေါက်လာပုံကိုလည်း ထည့်သွင်းဖော်ပြရပေသည်။

သို့ သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့ကို ၁၃၁၂-ခုနှစ် ကဆုန်လဆန်း ၁၄-ရက်နေ့မှ အစပြု၍ ဖွဲ့စည်းတည်ထောင်ပြီးနောက် အထက်ဖော်ပြပါ ပုဂ္ဂိုလ်ကြီး ၉-ဦးက ကမကထပြု၍ နိုင်ငံတော် အစိုးရသာသနာရေးဌာနအရာရှိများ ပါဝင်သော ဆဋ္ဌသင်္ဂါယနာတင်၏ ရွှေပြေးနိမိတ်အဖြစ် ပိဋကတ်သုံးပုံကို ဆဋ္ဌသင်္ဂါယနာမတင်မီ နိုင်ငံတော်ဝန်ကြီးချုပ်၏နေအိမ်၌ စတင်၍ နေ့ညမစဲ ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။ ထို့အပြင် ၅၄-နာရီ ပဋ္ဌာန်းဒေသနာတော်ကြီးကိုလည်း နေရာဌာန အသီးသီးတို့၌ အကြိမ်ကြိမ် ဗုဒ္ဓသာသနာတော်မြတ်၏ ထွန်းကားရာထွန်းကားကြောင်း ဆောင်ရွက်မှုများအောင်မြင်စေရန် မျှော်မှန်း၍ ရွတ်ဖတ်ပူဇော်ကြပါသည်။ ထိုမျှမက ရန်ကုန်မြို့ ရပ်ကွက် အနှံ့အပြားနှင့် နိုင်ငံတော်အနှံ့အပြားရှိ မြို့ရွာကြီးများတွင် သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့ဝင်များသည် သီရိမင်္ဂလာ ပရိတ်တော်များကို ရွတ်ဖတ်ခြင်းအားဖြင့် တိုင်းပြည်လူမျိုးနှင့် ဗုဒ္ဓသာသနာတော်မြတ်၏ အကျိုး

စီးပွါးကို ငြိမ်းချမ်းသာယာ ပေါ်ထွန်းအောင် ဆောင်ရွက်ခဲ့ပါသည်။ အလျဉ်းသင့်သဖြင့် ဤသီရိမင်္ဂလာ ပရိတ်တော်အဖွဲ့မှ နိုင်ငံတော် အေးချမ်းသာယာလာအောင် ဖန်တီးမှုသည်ပင်လျှင် ဗုဒ္ဓမြတ်စွာ ပရိတ်တော်မြတ်၏ တန်ခိုးတေဇော် အာနုဘော်များကြောင့် ချမ်းသာမှု ရရှိခဲ့ကြောင်းကိုလည်း ဤသမိုင်းရေးသားသူ ကိုယ်တွေ့ ဆောင်ရွက်ခဲ့သည့်ကိစ္စ တရပ်ကို ဖော်ပြရန် လိုပေသည်။

၁၉၅၁-ခုနှစ်တွင် ပြည်တွင်းပုန်ကန်ထကြွမှုများ အနည်းငယ်ရှင်းလင်းသွားသဖြင့် ရန်ကုန်-မန္တလေး မီးရထားလမ်း၊ မော်တော်ကားလမ်းဖြင့် သွားလာနိုင်ခွင့် အသင့်အတင့် ရရှိခဲ့လေသည်။ ထိုအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်က သမိုင်းရေးသူအား ရန်ကုန်-မန္တလေးလမ်း တလျှောက်ရှိ မြို့ကြီးများတွင် သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့က ဦးဆောင်၍ ဘုရားကိုးဆူ ပူဇော်ခြင်း၊ ပရိတ်တော်မြတ် ရွတ်ဖတ်ပူဇော်ခြင်း၊ ဗလိနတ်စာ ကျွေးခြင်းစသည့် လုပ်ငန်းရပ်များ ဆောင်ရွက်လျှင် သင့်လျော်မည်။ ပရိတ်တော်အဖွဲ့သည် ရန်ကုန်နှင့် မန္တလေးမြို့ကြားရှိ မြို့ကြီးများတွင် ရွတ်ဖတ်ပူဇော်နိုင်ရန်အတွက် အသံချဲ့စက်များ တပ်ဆင်ခြင်း၊ လူအများ ပူဇော်သက္ကာရ ပြုစေခြင်းနှင့် တိုင်းပြည် ငြိမ်းချမ်းသာယာမှုကို ရှေးရှု၍ သီရိမင်္ဂလာ ပရိတ်တော် အဖွဲ့ဝင်များ လှည့်လည်သွားလာ မဆောင်ရွက်မီ သမိုင်းရေးသူ ကိုယ်တိုင် ဦးဆောင်၍ အစီအစဉ်ပြုလုပ်ရန် ညွှန်ကြားခဲ့သည့်အတိုင်း ရန်ကုန်မှ ထွက်ခွါ၍ ရန်ကုန်-မန္တလေးလမ်းတလျှောက် သင့်ရာ မြို့ကြီးများတွင် သီရိမင်္ဂလာပရိတ်တော် ရွတ်ဖတ်ပူဇော်ပွဲကြီးများ ဖြစ်မြောက်အောင် ဖန်တီးပေးခဲ့ရပါသည်။

ထိုနှစ် အချိန်အခါက သွားလာမှုမှာ လွယ်ကူခြင်း မရှိခဲ့ပါ၊ သို့သော် ဗုဒ္ဓမြတ်စွာ၏ ဓမ္မစက် ပရိတ်တော်မြတ်များ၏ တန်ခိုးအာနုဘော်ကြောင့် မည်မျှပင် အခက်အခဲများ ရှိစေကာမူ သမိုင်းရေးသူသည် မြေထောင်ဗုန်း၊ စက်သေနတ်ပစ်ခတ်နေသည့် ဘေးရန်မြောက်မြားစွာ အကြားမှ လွတ်ကင်းခဲ့၍ နိုင်ငံတော်ဝန်ကြီးချုပ် အလိုရှိသော ရန်ကုန်-မန္တလေး လမ်းမကြီးတလျှောက် မြို့ကြီးများ၌ သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့ဝင်များ ဗုဒ္ဓမြတ်စွာ၏ နှုတ်ကပါဌ်တော် ပရိတ်တော် ရွတ်ဖတ်ရခြင်း၊ ဘုရားကိုးဆူ ပူဇော်ရခြင်း၊ ဗလိနတ်စာ ကျွေးရခြင်းစသည့် ဗုဒ္ဓမြတ်စွာ သာသနာရောင်ဝါ ထွန်းလင်းတောက်ပစေမည့် အခြေခံ လုပ်ငန်းရပ်များကို အောင်မြင်စွာ ဖန်တီးနိုင်ခဲ့သည်ကိုလည်း အလျဉ်းသင့်သဖြင့် ဖော်ပြရခြင်း ဖြစ်ပါသည်။ ဤသီရိမင်္ဂလာ ပရိတ်တော်အဖွဲ့၏ နိုင်ငံအဝှန်း လှည့်လည်၍ ပရိတ်တော်ကို ရွတ်ဖတ် ပူဇော်ခြင်းဖြင့် နိုင်ငံတော် ငြိမ်းချမ်းမှုအတွက် ဆောင်ရွက် ဖန်တီးနိုင်ခြင်း ဗုဒ္ဓမြတ်စွာ၏ ဓမ္မစက် တန်ခိုးတေဇော် အာနုဘော်ကြောင့် ပြည်တွင်းပြည်ပ ငြိမ်းချမ်း သာယာမှု ရရှိစေရန် ဖန်တီးနိုင်ခြင်းတို့ ပါဝင်ခဲ့ကြောင်းကိုလည်း ရှင်လူအများ မျက်ဝါးထင်ထင် သိမြင် မှတ်သားမိစေရန် မှန်ကန်သော အကြောင်းအချက်များကို ထည့်သွင်း ဖော်ပြရခြင်းဖြစ်ပေသည်။ ဤဆောင်ရွက်မှုများကို မန္တလေးမြို့ မော်တော်စတိုးပိုင်ရှင် ဦးဘသော် (ယခု ဗုဒ္ဓသာသနာ့အဖွဲ့ အမှုဆောင်လူကြီး) နှင့် ဓမ္မာစရိယဆရာများကဆောင်ရွက်ကြပါသည်။ ရောက်ရာ ရောက်ရာအရပ်၌ ရွတ်ဖတ်ပူဇော်ရန် အစီအစဉ်များကို သာသနညွှန်ကြားရေးဝန် ပဌမကျော် ဦးကြီးဖေ၊ သာသနာရေးအရာရှိ ဦးခင်မောင်လင်း၊ သာသနာရေးအရာရှိ ဦးညွန့်မောင် စသော ပရိတ်တော်အဖွဲ့ဝင်တို့က ပြုလုပ်ပေးပါသည်။

ဤသီရိမင်္ဂလာပရိတ်တော်အဖွဲ့၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ကို ရေးသားဖော်ပြရာ၌ ဆဋ္ဌသင်္ဂါ

ယနာတင် ကျောက်လိုဏ်ဂူတော် တည်ဆောက်ရေးနှင့် ထိုပရိတ်တော်အဖွဲ့ မည်သို့သက်ဆိုင်သည်ကို စာဖတ်ပရိသတ်များက သံသယရှိကောင်း ရှိပေလိမ့်မည်။ လောကတွင် အမှန်တရားကို ဖန်တီးပေးစွမ်းရာ၌ ဟုတ်မှန်ရာ ဖြစ်ပေါ်လာသည့် ကိစ္စရပ်များ ချန်လှပ်ထားပါမူ အမှန်တရားသို့ ရောက်ရှိအောင် စွမ်းဆောင်နိုင်မည် မဟုတ်ပေ။ သို့ကြောင့်ပင် သီရိမင်္ဂလာပရိတ်တော်အဖွဲ့၏ အကြောင်းကို အထက်ဖော်ပြပါ နိဒါန်းတွင် ပါရှိသည့်အတိုင်း မှန်ကန်ရာကို သိဒ္ဓိတင်၍ ရေးသားရပေသည်။

ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင် ဆင်ယင်ကျင်းပရာ ဆဋ္ဌသင်္ဂီတိမဟာပါသာဏဂုဟာခေါ် ကျောက်လိုဏ်ဂူတော်ကြီး တည်ဆောက်ရာ၌ သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့သည်ပင်လျှင် လိုဏ်ဂူတော်ကြီးပန္နက်ချသည့်နေ့မှအစပြု၍ ပြီးဆုံးသည့်နေ့အထိ ကိုယ်ထိလက်ရောက် လေးလေးစားစား အာရုံပြုကာ ပရိတ်တော်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ပဋ္ဌာန်းဒေသနာတော်ကြီးကို ၅၄-နာရီ အသံမစဲ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ကျောက်လိုဏ်ဂူတော်ကြီးတည်ဆောက်ရာ ဓမ္မာရုံ၌ ရွှေပြေး ဆဋ္ဌသင်္ဂါယနာအနေဖြင့် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို ၉-လပတ်လုံး ပြီးဆုံးအောင် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ကျောက်လိုဏ်ဂူတော်ကြီး တည်ဆောက်ပြီးသောအခါ ဒုတိယထပ် တနင်္ဂနွေဒေါင့်အခန်း၌ ရွှေပြေး ဆဋ္ဌသင်္ဂါယနာ အနေဖြင့် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို ရက်ပေါင်း ၂၇-ရက် နာရီပေါင်း ၆၅၀ အသံမစဲ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းစသော ကိစ္စအဝဝတို့ကို သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့ဝင် ဖြစ်ကြသော ယခု သာသနညွှန်ကြားရေးဝန် ပဌမကျော် ဦးကြီးဖေ ခေါင်းဆောင်သည့် သာသနာရေး အရာရှိများ ဓမ္မာစရိယဆရာများက ဆောင်ရွက်ခဲ့ကြပါသည်။

ဤသို့လျှင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု မဟာသီရိသုဓမ္မ ဟသံ်ာတ ဦးမြ၊ သာသနာရေးဌာနဝန်ကြီး (ယခု အမေရိကန်သံအမတ်ကြီး ဦးဝင်း) တို့ ကြီးမှူးသော သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့ဝင် ပုဂ္ဂိုလ်များအားလည်း ကျေးဇူးတင်သောအားဖြင့် ဤသမိုင်း ပြုစုရေးသားသူသည် ဆဋ္ဌသင်္ဂီတိမဟာပါသာဏဂုဟာခေါ် ကျောက်လိုဏ်ဂူတော်ကြီး တည်ဆောက်ရာ၌ ထိုမျှတိုတောင်းလှသော အချိန်ကာလအတွင်း အောင်မြင်ပြီးမြောက်ခြင်းမှာ ဤဖော်ပြပါ သီရိမင်္ဂလာပရိတ်တော် အဖွဲ့က ရွတ်ဖတ် သရဇ္ဈာယ်ကြသော ပရိတ်တော်မြတ်များ၏ တန်ခိုးတေဇော် အာနုဘော် အစွမ်းသတ္တိများလည်း ပါဝင်သည်ဟု တထစ်ချ ယုံကြည်သည့်အတိုင်း မင်္ဂလာတရားတော်အရ ဖော်ပြ ချီးကျူးရခြင်း ဖြစ်ပါသည်။

သမိုင်း ရေးသားသူ၏ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဤဆဋ္ဌသင်္ဂီတိ မဟာပါသာဏဂုဟာခေါ် ဆဋ္ဌသင်္ဂါယနာတင် လိုဏ်ဂူတော်ကြီးပေါ်ပေါက်ရေးတွင် သမိုင်းပြုစုရန်အတွက် အချက်အလက်ပြည့်စုံစွာ ဖော်ပြလိုပါမူ သီရိမင်္ဂလာကုန်းမြေနှင့် သင်္ဂါယနာတင်ရန် ဘူမိနက်သန်မှန်သည့် မြေရရှိရေး ကြိုးပမ်းမှုများကိုလည်း ဖော်ပြရန် လိုပေမည်။ သို့နှင့်တဆက်တည်း ကမ္ဘာအေးဘုရားပေါ်လာပုံနှင့် သီရိမင်္ဂလာကုန်းမြေပေါ်လာပုံများကိုလည်း နောက်လာ နောက်သားများ အမှတ်တရဖြစ်စေရန် ရည်သန်၍ ရေးသား ဖော်ပြရန် လိုအပ်သည်ဟု သမိုင်းပြုစုသူ၏ စိတ်တွင် ယူဆသည့်အတိုင်း အကျိုးအကြောင်း အဆက်အစပ်ပေါ်လွင် ထင်ရှားမှုများဖြစ်သည် အားလျော်စွာ အောက်တွင် ဗဟုသုတအဖြစ် ဖော်ပြပါဦးအံ့။

## သီရိမင်္ဂလာကုန်းတော်

ယခု သီရိမင်္ဂလာကုန်းတော်မြတ်သည် ရွှေတိဂုံ ရှင်တော်မြတ် ကိန်းဝပ်ရာ သိင်္ဂုတ္တရကုန်းကို ဝန်းရံ

လျက်ရှိသော ၉၉-ကုန်းတွင် ကုန်းတခု အပါအဝင် ဖြစ်သည်ဟု ရှေးအခါက မည်သူမျှ သိကြဟန် မတူပါ။ သီရိမင်္ဂလာကုန်း ပေါ်လာခြင်းသည်ပင် လျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ် ထွန်းကားရာ ကေန်စင်စစ်ဖြစ်မည့် ဒေသတခုဖြစ်ပေါ်ဖန်တီးလာသည့် အကြောင်းရင်း အချက်များကိုရင်း ထိုပေါ်ထွန်းလာမှုများကိုမှီ၍ ဤသမိုင်းရေးသားသူ၏ ကိုယ်တွေ့ သီရိမင်္ဂလာကုန်း နေရာထင်ရှားပေါ်ထွန်းလာပုံကိုရင်း မှန်ကန်တိကျစွာ အကျဉ်းချုပ် ဖော်ပြရန် လိုအပ်ပေသည်။ ထိုဘူမိနက်သန် မှန်ကန်သည့် သာသနာ့ကုန်းမြေကို သမိုင်းပြုစုသူသည်ရင်း အခြားပုဂ္ဂိုလ်များသည်ရင်း ယခင်အခါက မသိ ရှိခဲ့ပေ။

ထိုအချိန်က ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးရပြီးနောက် ဝါဒအမျိုးမျိုး ကွဲပြားကြ၍ရင်း၊ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့်ရင်း ဆူပူသောင်းကျန်းမှု အမြောက်အမြား ပေါ်လာချိန် ဖြစ်၍ ကမ္ဘာကပင် အထင်အမြင် သေးလျက် ရန်ကုန်အစိုးရဟု သွားပုပ်လေလွင့် ပြောနေကြသည့်အချိန်ဖြစ်ပြီး နိုင်ငံတော် အစိုးရတွင်လည်း ရရှိပြီးသော လွတ်လပ်ရေးတည်တံ့မှာ အလွန်အရေးကြီးသော်လည်း ချောက်ထဲကျရန် လက် ၂-လုံးမျှသာ လိုနေသော အချိန်ကျရောက်နေစဉ်ဖြစ်ခဲ့သည်။ ထိုအခါ အထက်အညာဌာန ပခုက္ကူမြို့အပိုင် ပုခန်းကြီးရွာအနီး ရှင်မတောင်ခေါ်တောင်တွင် လူသူတော် ဆရာဒွေးဆိုသည့် ပုဂ္ဂိုလ်တဦးမှာ တောမှီပျော်မွေ့လျက် ကမ္မဋ္ဌာန်း ဘာဝနာ တရားများကို အားထုတ်လျက်ရှိသတတ်။ ၁၃၁၁-ခု ပြာသိုလပြည့်နေ့တွင် ထိုလူသူတော်ဆရာဒွေးသည် ရှင်မတောင် တောင်ထိပ်၌ သူတော်စဉ်တရားများကို ပွါးများ အားထုတ်နေခိုက် ရှင်မတောင် တောင်ထိပ်သို့ ဝတ်ဖြူစင်ကြယ် ဝတ်သည့် သူတော်တပါး ကြွလာ တွေ့ဆုံပြီး လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးများကို ရှေးရှုဆွေးနွေးကြရာတွင် ထိုလူသူတော်က ရှင်မတောင်ဆရာဒွေးအား (ယခု နိုင်ငံတော်အုပ်ချုပ် မင်းလုပ်လျက်ရှိသော ဝန်ကြီးချုပ် မောင်နုသည် ရတနာသုံးပါးကို မှီဝဲဆည်းကပ်သူ ဖြစ်ကြောင်း သိရှိရသည်။ တိုင်းပြည်မငြိမ်ဝပ် မပိပြား ဖြစ်နေခြင်းကိုလည်း ငြိမ်ဝပ်ပိပြားအောင် သာသနာ့ တန်ခိုးရောင်ဖြင့် ဆောင်ရွက်ပါက ဖြစ်နိုင်မည်) စသည့် လောကီလောကုတ္တရာ ၂-ဖြာသော အကျိုးစီးပွါးများ ဖြစ်ထွန်းရန် အကြိမ်ကြိမ် မှာထား၍ရင်း ဦးသူတော်ကိုယ်တိုင် ကိုင်ဆောင်လာသည့် တောင်ဝှေးတချောင်းကို ယူဆောင်ပြီး ဝန်ကြီးချုပ် မောင်နုသို့ အပ်ပါလေ။ ၎င်းတောင်ဝှေးကို ဌာပနာ၍ ဘုရားတည်ဆောက်ပြီး ဆုကို တောင်းပါက တိုင်းပြည် ငြိမ်ချမ်းရေး ကမ္ဘာ ငြိမ်းချမ်းရေး ရရှိနိုင်လိမ့်မည်ဟု မှာကြားသွားကြောင်း ရှင်မတောင် ဆရာဒွေး ထံမှ ဆည်ပူး ရရှိ ပါသည်။

ထိုမှာကြားချက်များအရ ရှင်မတောင် ဆရာဒွေးသည် ရှင်မတောင်မှ ထွက်ခွါခဲ့၍ ၁၃၁၂-ခု ဒုတိယ ဝါဆိုလဆန်း ၇-ရက်နေ့တွင် ယခင်တရားဌာနဝန်ကြီးဟောင်း သတိုးမဟာ သရေစည်သူ ဦးဘဂျမ်း၏ နေအိမ်သို့ ရောက်ရှိ၍ အကျိုးအကြောင်းစုံလင်စွာ ရှင်းလင်းပြောပြခဲ့ရာ ဦးဘဂျမ်းမှာ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်လျက် နိုင်ငံတော်ဝန်ကြီးချုပ်သခင်နုထံသို့သွားပြီး အထက်ပါ အကြောင်းခြင်းရာများကို စုံလင်စွာ ရှင်းလင်းပြောပြပြန်ရာ နိုင်ငံတော် ဝန်ကြီးချုပ်က ရှင်မတောင် ဆရာဒွေးနှင့်တွေ့ဆုံ၍ လူသူတော် ပေးအပ်လိုက်သည့် တောင်ဝှေးကို လက်ခံကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဗုဒ္ဓသာသနာတော် ပြန့်ပွါးရေးတို့ကို ရှေးရှုပြီး စိတ်ဓာတ်ပြင်းပြစွာဖြင့် စေတီတော်တဆူ တည်ထားကိုးကွယ်ရန် မြေနေရာ ရှာဖွေရေး၊ စေတီတော် တည်ထားရေးအတွက် ထို

စဉ်က တရားဌာနဝန်ကြီး သတိုးမဟာသရေစည်သူ ဦးဘဂျမ်းအား တာဝန်လွှဲအပ်ခဲ့လေသည်။

ဦးဘဂျမ်းသည် နိုင်ငံတော်မီးသတ်ဌာန ညွှန်ကြားရေးဝန်(ယခု သရေစည်သူဦးလှကျော်)အား ခေါ်ယူ၍ဘုရားတည်ထားရန် မြေနေရာတခု ရရှိရေးအတွက် ဆောင်ရွက်ရန် တာဝန်လွှဲအပ်ခဲ့လေသည်။ သို့ တာဝန် ချထားသည့် အလျောက် ဤသမိုင်းရေးသားသူမှာလည်း ဦးလည်မသုံ ဘုရားတည်ထားရန် ကောင်းနိုးရာရာ နေရာများကို ရွေးချယ်ရာ၌ မိမိ တကိုယ်တည်းရွေးချယ်ရန် သို့မဟုတ် နေရာ သတ်မှတ်ရန်မဖြစ်နိုင်သည့်အတိုင်း အကျိုးအကြောင်းစုံလင်စွာ ဖော်ပြရယူနိုင်ရေးအတွက် ထိုစဉ်အခါက ရန်ကုန်မြို့ ဆင်ခြေဖုံး စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးအရာရှိ ယခု ကွယ်လွန်သူ ဦးဘကြိုင်အား အကူအညီ တောင်းရလေသည်။ ပဌမဦ ရန်ကုန်မြို့အနီး ဆင်ခြေဖုံးရှိ ကျိက္ကဆံဘက်တွင် လိုက်လံရွေးချယ်ရာ ရရှိနိုင်သည့်နေရာမှာ ကျယ်ဝန်းညီညာသော်လည်း မြေနေရာ ရွေးသူများကိုယ်တိုင် မည်သည့်အကြောင်းကြောင့်ဟူ၍မသိ ကြိုက်နှစ်သက်ခြင်း မရှိခဲ့ပေ။

နောက်တဖန် ဦးဘကြိုင်၏ တိုက်တွန်းချက်အရ ရန်ကုန် ဆင်ခြေဖုံးရပ်ကွက် ရေကူးရွာအနီး ကုန်းမြေတခုကို သွားရောက်ကြည့်ရှုရန် စီစဉ်ခဲ့ကြလေသည်။ ဤသမိုင်းရေးသားသူနှင့် ဦးဘကြိုင်အပြင် ယခု ရေကူးရွာသူကြီး ဦးနီ ယခု သမိုင်းရေးသားသူ မီးသတ်ညွှန်ကြားရေးဝန်အဖြစ် ဆောင်ရွက်စဉ်က မီးသတ်ညွှန်ကြားရေးဝန်ဌာနတွင် စာရေးအဖြစ် ဆောင်ရွက်သူ ဦးမောင်မောင်တို့နှင့်အတူ ထိုကုန်းမြေသို့ သွားရောက်ကြည့်ရှုရန် စီစဉ်ခဲ့ပြန်သည့်အတိုင်း ထိုဖော်ပြပါကုန်းမြေကို ကြည့်ရှုရန် သွားသည့်အခါ သမိုင်းရေးသားသူနှင့် အဖွဲ့ဝင်များသည် ထို ကုန်းမြေကို နင်းမိသည်နှင့်တပြိုင်နက် ကြက်သီး ဖြန်းဖြန်းထကြပါသည်။ ထိုသို့ ကြက်သီး ဖြန်းဖြန်းထခြင်းကား ထိုမြေသည် သာသနာ့မြေတခုဖြစ်ရန် အတိတ် နိမိတ် ပြသည်ဟု တထစ်ချ ယုံကြည်ပါသည်။ ထိုမျှမကသေး ကုန်းမြေကို ကြည့်ရှုကြပြန်ရာ မြက်ပင်များမှာ လကျာ်ရစ်ရှက်လှည့် ခွေပတ်၍ ပေါက်ရောက်လျက် ရှိသည်ကို တွေ့ရှိကြပါသည်၊ ထိုကုန်းမြေမှာ သန့်ရှင်းပြီး ဝါ-နီမြန်းသောအဆင်းရှိသဖြင့် မြေဘုရင်ဖြစ်ရကား ကောင်းသော မြေကြန်အင်္ဂါ လက္ခဏာနှင့် ပြည့်စုံကြောင်းကို တွေ့ရှိရပါသည်။

သို့အတွက် သာသနာ့မြေ ရှာသူများသည် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြလျက် ဤမြေသည်ပင်လျှင် သာသနာ့မြေ ဖြစ်ထိုက်သည်ဟု တထစ်ချ ယုံကြည်ကြပြီး မြေရှာစေခိုင်းသူ တရားဌာနဝန်ကြီး သတိုးမဟာသရေစည်သူ ဦးဘဂျမ်းသို့ အကြောင်းကြား၍ ၎င်းကိုယ်တိုင်လိုက်၍ ကြည့်ရှုရန် မြေနေရာသို့ ခေါ်ဆောင်၍ ပြသကြပါသည်၊ ဦးဘဂျမ်းမှာလည်း ထိုမြေကို နင်းမိသည်နှင့်တပြိုင်နက် ပီတိ သောမနဿဖြစ်ပြီး အားရရွှင်လန်းစွာ ကောင်းမြတ်သော မြေနေရာရကြောင်း နိုင်ငံတော် ဝန်ကြီးချုပ် သခင်နု (ယခုဦးနု) စိန်ဘရားသား ဦးထွန်းစိန်၊ ကုန်သည်ကြီး ဦးမြရင်၊ ကုန်သည်ကြီး ဦးမောင်မောင်၊ တရားဌာနဝန်ကြီး ဦးဘဂျမ်းနှင့် ဤသမိုင်း ရေးသားသူ (ယခု သရေစည်သူ ဦးလှကျော်) တို့သည် ထိုကုန်းမြေသို့ ကြည့်ရှုကြပြီး ထိုကုန်းမြေ၏ ကြန်အင်္ဂါလက္ခဏာများကို သုံးသပ်ကြလျက် ဝမ်းမြောက် ဝမ်းသာ ထိုနေရာတွင် လှူသူတော် ပေးအပ်လိုက်သော တောင်ဝှေးကို ဌာပနာ၍ ၉-တောင်ပြည့် ဘုရားတဆူ တည်ဆောက်ရန်ကိုလည်း မဟာသီရိသုဓမ္မဟံသာတ ဦးမြနှင့် မီးသတ်ညွှန်ကြားရေးဝန်(ယခု သရေစည်သူ ဦးလှကျော်)တို့အား တာဝန်လွှဲအပ်ကြလေသည်။

# ကမ္ဘာ့အေးစေတီတည်ခြင်း

ထိုအချိန် အခါက ထို ကုန်းမြေသည် ဗုဒ္ဓသာသနာ့ အုတ်မြစ်ချရာ ကုန်းမြေကြီးတခု ဖြစ်လာလိမ့်မည်ဟူ၍ငှင်း ဆဋ္ဌသင်္ဂါယနာတင်ရန် ဌာနကြီးတခု နောင်ဖြစ်လာလိမ့်မည်ဟူ၍ငှင်း မည်သူတဦးတယောက်မျှ မမျှော်မှန်းခဲ့ကြပေ။ ထိုကုန်းမြေနေရာကို နိုင်ငံတော်ဝန်ကြီးချုပ်သခင်နု (ယခု ဦးနု)နှင့် အဖွဲ့ဝင်များက ဘုရားတည်ရန် ဆုံးဖြတ်သည့် နေ့မှာပင်လျှင် ထိုဘုရားတည်ခြင်းအားဖြင့် ပြည်တွင်းပြည်ပ ငြိမ်းချမ်းရေး ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ရည်ရွယ်၍ တည်ဆောက်ရမည်ဖြစ်သည်။ ထို ၉-တောင်ပြည့်ဘုရားတည်ရာတွင် အောင်မြင်စေရန် ရည်သန်၍ ပရိတ်တော်မြတ်များ ရွတ်ဖတ်သရဇ္ဈာယ်လိုကြောင်း နိုင်ငံတော် ဝန်ကြီးချုပ်က ဤသမိုင်းရေးသားသူအား အမိန့်ရှိလေသည်။ ထိုအချိန်၌ပင်လျှင် ရန်ကုန်မြို့အနီးပတ်ဝန်းကျင်၌ ရန်သူသူပုန် သူကန်များ ထကြွလျက် ရှိရကား နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ပရိတ်ရွတ်ဖတ်သရဇ္ဈာယ်ရာတွင် လုံခြုံမှုရရှိစေရန်အတွက် ၃-တိုင်စင် တဲတခု ဆောက်လုပ်ရန်နှင့် လေးဘက်လေးတန် အစောင့်ချထားရန် တဲကလေးများပါ တည်ဆောက်ရန် ဤသမိုင်းရေးသားသူအား စေခိုင်းပါသည်။

ဤသမိုင်း ရေးသူ သိရှိသမျှ အစီရင် ခံရမည်ဆိုသော် သာသနာ့ အုတ်မြစ် တည်ဆောက်ရေးအတွက် ဤ ကုန်းမြေသည်ပင်လျှင် ဘူမိနက်သန်မှန်သော အရပ် ဌာနတခု ဖြစ်ရကား ဆိုအပ်ခဲ့ပြီးသော ၉-တောင်ပြည့်ဘုရား တည်ဆောက်ရန်စီစဉ်မှုသည် သာမက ဤ ကုန်းမြေတွင် မည်သည့်ကိစ္စဆောင်ရွက်မှုများမဆို သေးငယ်ကျဉ်းမြောင်းစွာ ကြံစည်စိတ်ကူး အားထုတ်လုပ်ကိုင်လိုကြစေကာမူ ထို သေးငယ်ကျဉ်းမြောင်းစွာ ကြံစည်စိတ်ကူး အားထုတ်လုပ်ကိုင်တိုင်းမရပါ၊ မည်မျှ သေးငယ်ကျဉ်းမြောင်းသည့်အလုပ်ကိုပင် ထို ကုန်းတော်၌ ကြံစည်လုပ်ကိုင်ပါမူ ကြီးကျယ်ခမ်းနားစွာသာ ဖြစ်ပေါ်လာကြောင်း စာရေးသူသည် သာဓကများစွာ တွေ့ရှိခဲ့သည့်အတိုင်း ဝန်ခံရေးသားရမည်ဖြစ်ပေသည်။ ဥပမာအားဖြင့် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုက ထိုကုန်းမြေတွင် ပရိတ်ရွတ်လိုသဖြင့် ၃-တိုင်စင် တဲတခုဆောက်လုပ်ပေးရန် သမိုင်းရေးသူအား ညွှန်ကြားခဲ့သော်လည်း ထို ၃-တိုင်စင်တဲတည်ဆောက် ဖြစ်မြောက်မည့်အစား ၉-ခန်းပြည့် သစ်ဝါးအတိပြီးသော ယာယီဓမ္မာရုံကြီးတခု ပေါ်ထွန်း တည်ဆောက် ဖြစ်မြောက်ခဲ့လေသည်။ ထို ၉-ခန်းပြည့် သစ်ဝါးအတိပြီးသော ဓမ္မာရုံသည်ပင်လျှင် ယခု ကမ္ဘာအေးစေတီတော် တည်ဆောက်ပြီးသည်အထိ ဗုဒ္ဓဘာသာဝင် သူတော်စင်များ ကမ္ဘာ့သာသနာပြုရေးအတွက် အထောက်အပံ့ရစေသည့် ဓမ္မာရုံကြီးတခု ဖြစ်ခဲ့လေသည်။ ယခုထင်ရှားလျက်ရှိသော ကမ္ဘာအေး စေတီတော်ပန္နက်တင် မင်္ဂလာကျင်းပရာ၌ သံဃာတော် ၉-ပါး ပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေး လှူဒါန်းရန် မူလက စီစဉ်ခဲ့သော်လည်း ပန္နက်တင်မင်္ဂလာ ကျင်းပသောနေ့တွင် သံဃာတော် ၁၀၈-ပါး ဆွမ်းလုပ်ကျွေးမှု ဖြစ်ပေါ်လာခဲ့လေသည်။

ထို့ပြင် ကမ္ဘာအေးစေတီတော်၏ ပန္နက်တင်မင်္ဂလာမကျင်းပမီ ၁၃၁၂-ခု ဝါခေါင်လပြည့်ကျော် ၃-ရက် ကြာသပတေးနေ့ညက ကုန်းတော်၏ ထူးခြားချက်တခုကိုလည်း ဖော်ပြရန်လိုပါသည်။ ထိုအချက်မှာ အခြားမဟုတ်၊ နောက်တနေ့တွင် ပန္နက်မင်္ဂလာ ကျင်းပရေးကို မျှော်ကိုး၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ဆန္ဒအရ ထိုညပိုင်းမှ အစပြု၍ ရတနာသုံးပါးကို ဦးထိပ်ထားကာ ဘုရားကိုးဆူ ပူဇော်ခြင်း၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား ဗလိနတ်စာပူဇော်ခြင်း စသည့်ကိစ္စများကို လူ ၉-ဦးပါဝင်သည့် (ယခု နိုင်ငံတော်သမတကြီး

အဂ္ဂမဟာ သီရိသုဓမ္မ ဒေါက်တာဘဦး၏ အကျိုးဆောင် သာသနာရေးအရာရှိ ဒိဗ္ဗစက္ခု ဆရာကျော်၊ ယခုသာသနာ့ညွှန်ကြားရေးဝန် ဦးကြီးဖေတို့ ခေါင်းဆောင်၍) အဖွဲ့က ဆောင်ရွက်ကြရာတွင် ညဥ့်သန်းခေါင်ယံအချိန်၌ အထက်ဖော်ပြပါ ဓမ္မာရုံ အောက်မြေအတွင်းမှ မြေတွန်ခြင်း၊ ထိုကုန်းတော်ကို စောင့်ရှောက်နေသည့် အစောင့်အရှောက်များက သာဓုအနုမောဒနာပြုခြင်း စသည်တို့ကို ဘုရားကိုးဆူ ပူဇော်ကြသည့် ပုဂ္ဂိုလ်အများကြားနာ ကြရုံမျှမက ကြက်သီး မွေးညှင်း ထလောက်အောင်ပင် ကုန်းတော်မြတ်၏ အသရေကို စွမ်းဆောင် ပေးခဲ့ကြောင်းကို ထိုပုဂ္ဂိုလ်များက ဝန်ခံခဲ့ကြပေသည်။ ထိုအချိန်အထိ ဤကုန်းမြေသည် ရှေးအခါက မည်သည့်ကုန်းမြေဖြစ်ကြောင်း မည်သူတဦးတယောက်မျှ သိရှိခြင်း မရှိခဲ့ပေ။

၁၃၁၂-ခု ဝါခေါင် လပြည့်ကျော် ၄-ရက် သောကြာနေ့ နံနက် ၈-နာရီ အချိန်တွင် နိုင်ငံတော် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊ နိုင်ငံတော်တရားဝန်ကြီး ဆာဘဦး (ယခုနိုင်ငံတော်သမတကြီး အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာ ဘဦး)၊ နိုင်ငံတော်တရားဝန်ကြီး ဦးသိမ်းမောင်) ယခု သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးသိမ်းမောင်)၊ မဟာသီရိသုဓမ္မ ဟသ်ာတ ဦးမြမှစ၍ နိုင်ငံတော်အစိုးရဝန်ကြီးများ၊ တရားဝန်ကြီးများ၊ လူထုအသင်းအဖွဲ့ ကိုယ်စားလှယ်ကြီးများ၊ စိန်ဘရားသား ဦးထွန်းစိန်၊ ဦးမြရင်၊ ဦးဆင်-ဒေါ်ဒွေး ကုမ္ပဏီပိုင်ရှင် ဦးမောင်မောင်၊ ဆန်းကုမ္ပဏီပိုင်ရှင် ဦးညွန့်စသည့် မြန်မာ ကုန်သည်ကြီးများ ပါဝင်၍ အရပ် ၈-မျက်နှာမှ ကောင်းမွန်သော မင်္ဂလာ အချိန်အခါဝယ် ဘုရားရှေ့ပန္နက်တော်ကို စိုက်ထူအောင်မြင်ပြီးစီးခဲ့လေသည်။ ထိုမင်္ဂလာ အချိန်အခါတော်ဝယ် ပန္နက်တင်မင်္ဂလာ ဆင်ယင်ကျင်းပပြီးသည်နှင့် တပြိုင်နက် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုခေါင်းဆောင်သော အစိုးရအဖွဲ့ ဝန်ကြီးများ၊ အရာရှိများ၊ နိုင်ငံတော် တရားဝန်ကြီးချုပ်နှင့် တရားဝန်ကြီးများ၊ သတိုးသီရိသုဓမ္မ ဆာဦးသွင် အမှူးပြု၍ ဗုဒ္ဓဘာသာဝင်သူတော်စင်များတို့သည် ပေါက်တူး ပေါက်ချွန်း ခြင်းတောင်းကိုယ်စီကိုင်၍ ဒုတ်မြစ်ချရာ ပန္နက်တင်ထားသည့် နေရာမြေများ ကိုကိုယ်တိုင်ကိုယ်ကျ တူးဆွသယ်ယူ ရှင်းလင်းကြသည့် ဒါနကုသိုလ်တို့ကို ကိုယ်တိုင်ကိုယ်ကျ ရရှိပွဲများအောင် ဆောင်ရွက်ကြလေသည်။

ဤနည်းနှင့်ပင် စေတီတော်ကြီး တည်ဆောက်ရာမှာလည်း ရည်ရွယ်ချက်အတိုင်း ၉-တောင်ပြည့် စေတီတော်တဆူ တည်ဆောက်ရန် ကြံရွယ်ကြသော်လည်း ဗုဒ္ဓဘာသာအများ၏ စေတနာ သဒ္ဓါတရား ပွါးများလာခြင်းကြောင့်၎င်း၊ တည်ဆောက်ရန် တာဝန်လွှဲအပ်ခြင်း ခံရသော မဟာသီရိသုဓမ္မ ဟသ်ာတဦးမြနှင့် ဤသမိုင်းရေးသားသူတို့၏ စိတ်စေတနာ သဒ္ဓါတရား ပွါးများလာခြင်းကြောင့်၎င်း ဘူမိနက်သန်မှန်သော ဤကုန်းတော်မြတ်တွင် ထွန်းကားလာမည့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်၏ ဘုန်းတန်ခိုး တေဇော်အာနုဘော်တို့ကြောင့်၎င်း မူလ ရည်ရွယ်ချက် ရှိသည့်အတိုင်း ၉-တောင်ပြည့် စေတီတော်ကလေး မဖြစ်တော့ဘဲ မူလရည်ရွယ်ချက်ကို ကျော်လွန်၍ ယခု မျက်ဝါးထင်ထင် ဖူးမြင်ရသည့် ကမ္ဘာအေးစေတီတော်ကြီး တဆူ ဖြစ်ပေါ်လာခဲ့ပေသည်။ ယခု ကမ္ဘာအေးစေတီတော်ကြီးမှာ ဉာဏ်တော်အားဖြင့် အမြင့် ၁၁၈-ပေ၊ စေတီတော် လုံးပတ် ၂၂၅-ပေ၊ အာရုံခံတိုက် အဝှန်းပတ်လည်ပေ ၂၆၇-ပေ၊ အာရုံခံအခင်းမှ အမိုးအထိ အမြင့် ၃၂-ပေ ဖြစ်၍ ထိုစေတီတော် တည်ဆောက်သည့် အချိန်ကာလမှာ တနှစ် ၆-လ ၂၇-ရက် ကြာရှိပါသည်။

အထက်ဖော်ပြပါ စေတီတော် တည်ဆောက်နေချိန်အတွင်း၌လည်း ဤကုန်းတော်မြတ်ကို မည်သည့်ကုန်းဖြစ်ကြောင်း မည်သူမျှ မသိကြသေးချေ၊ ထိုစေတီတော်မြတ် တည်ဆောက်နေချိန် ၁၃၁၂-ခု သီတင်းကျွတ်လဆန်း၂-ရက်နေ့ နေ့လည်အချိန်တွင် ဤသမိုင်းရေးသားသူမှာ နေ့လည်အနည်းငယ် အားလပ်ခွင့်ရသဖြင့် ထိုစေတီတော်တည်ဆောက်ရာ အနီးရှိ ၉-ခန်းပြည့် ဓမ္မာရုံသို့ နေ့လည် ၁-နာရီအချိန် ရောက်ရှိခဲ့ပါသည်။ ထိုအချိန်တွင် စေတီတော် တည်ဆောက်ရေး ပန်းရံဆရာကြီးများ အလုပ်သမား အုပ်ချုပ်သူ လူကြီးများနှင့် ဝိုင်းဝန်း လဘက်ရေကြမ်းသောက်နေစဉ် လုံချည် အဖြူ၌ နက်ပြာကွက်ဆင်သော လုံချည် မော်လမြိုင်ခစိုက် ပိတ်အင်္ကျီနှင့် ခေါင်းတွင် ပိတ်ဖြူပတ်၍ လက်တွင်ပုတီးတကုံး ဝါးတောင်ဝှေး တချောင်းကိုင်ဆောင်လာသည့် လူပုဂ္ဂိုလ်တဦးကို တွေ့ရှိရာ လူကြီးသူမတဦး ဖြစ်သည့်အတိုင်း ဓမ္မာရုံ အတွင်း နေရာထိုင်ခင်းများပေး၍ ထိုင်စေခဲ့ရုံမျှမက လဘက်ရေကြမ်းနှင့် လဘက်များကို ပင်ရှိသေသမှု တည်ခင်းကျွေးမွေးခဲ့ပါသည်။ ဤသမိုင်းပြုစုသူသည် ထိုအချိန်အခါက ဤပုဂ္ဂိုလ်ကိုရေကူးရွာမှ အသက်ကြီးရင့်သူပုဂ္ဂိုလ်တဦးဟု စိတ်တွင် ထင်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ဤသမိုင်းပြုစုသူနှင့်တကွ အနီးတွင် ထိုင်နေကြသူများအား အလ္လာပ သလ္လာပ သိုက်သမိုင်းရာဇဝင်စကားများကိုပြောဆို၍ ယခု တည်ဆောက်လျက်ရှိသော ဘုရားကုန်းမြေနှင့် ပတ်သက်သည့် စကားများကို ထည့်သွင်းပြောဆိုပါသည်။

ထိုပုဂ္ဂိုလ်ကြီး ပြောဆိုသည့် စကားများတွင် ဤကုန်းမြေသည် အလွန်သန့်ရှင်း စင်ကြယ်သော ကုန်းမြေတခုဖြစ်သည်။ စစ်မဖြစ်မီက ထိုကုန်းမြေတွင် နိုင်ငံခြားသားများ နေထိုင်ရန် မည်သည့်အဆောက်အဦကိုပင် တည်ဆောက် စေကာမူ တည်ဆောက်၍ မရသည်သာမက ထိုကုန်းမြေတွင် နေထိုင်လိုသည့် ပုဂ္ဂိုလ်များသည် နေထိုင်ရန်မည်မျှပင် ကြိုးစားစေကာမူ ပျက်စီး၍ အတိဒုက္ခရောက်ရသည်။ တနေ့ ထိုကုန်းမြေ ယခု စေတီတော်တည်ရာနှင့် ပေ ၅၀-ကွာ နေရာ၌ အာရ်-အီး-တီ-ကုမ္ပဏီတွင် အလုပ်လုပ်သော မျက်နှာဖြူအရာရှိတယောက် နေအိမ်ဆောက်လုပ်ရာ အဖျက်အဆီး အနှောက်အယှက် များစွာ တွေ့ကြုံရုံမျှမကနေ၍ပင် မရအောင်ဖြစ်ခဲ့ကြောင်း ရှင်းလင်းပြောပြပါသည်။ ထိုကုန်းမြေသည် ဗုဒ္ဓမြတ်စွာ သာသနာတော် ထွန်းကားရာ အစဉ်အလာရှိသော ကုန်းတခုဖြစ်သည့် သိင်္ဂုတ္တရကုန်းကို ဝန်းရံလျက်ရှိသော ၉၉-ကုန်းတွင် ကုန်းတခု အပါအဝင်ဖြစ်၍ ဥက္ကလာပ မင်းကြီး အမြဲဆည်းကပ်ကိုးကွယ်သော အရှင်ရသေ့ညီနောင် ၂-ပါး အရညဝါသီ ကျင့်သုံးနေထိုင်ခဲ့သော ဝဏ္ဏသီရိမင်္ဂလာ ကုန်းတော်ဖြစ်သည်ဟု ပြောဆိုပြီးနောက် အလ္လာပ သလ္လာပ စကားခဏမျှ ဆက်လက်ပြောကြားပြီး ထိုပုဂ္ဂိုလ်ကြီးသည် စေတီတော်တည်ဆောက်သည့် အဖွဲ့ဝင်များအား သာဓုအနုမောဒနာပြု၍ ဓမ္မာရုံအတွင်းမှ ထွက်ခွာသွားလေသည်။

ထိုခဏ၌ပင်လျှင် ဤသမိုင်းရေးသားသူသည်သတိရလာသဖြင့် အနားရှိ ပုဂ္ဂိုလ်များအား ယခုကြွလာသော ပုဂ္ဂိုလ်ကြီးသည် ရေကူးရွာမှ ဖြစ်သလောဟု မေးမြန်းစုံစမ်းရာ ရေကူးရွာမှ မဟုတ်ကြောင်း ပြောဆိုကြသည့်အတိုင်း ချက်ခြင်းပင်အနီးအနား ပတ်ဝန်းကျင်သို့ လိုက်လံရှာဖွေရာထိုပုဂ္ဂိုလ်ကြီးအား လုံးဝမတွေ့ရှိတော့ပေ၊ သို့သော်မှတ်မိသည့်စကားမှာ ဤကုန်းတော်သည် ဒဂုံဥက္ကလာပ သိင်္ဂုတ္တရ ကုန်းတော်ကို ဝန်းရံလျက်ရှိသော ၉၉-ကုန်း အနက် ကုန်းတကုန်း အပါအဝင်ဝဏ္ဏသီရိမင်္ဂလာ ကုန်းတော်မြတ်တခုဖြစ်ကြောင်းသာ မှတ်မိသတိရရှိလိုက်သည်။ ထိုနေ့ညနေမှာပင်

နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုသည် အထက်ဖော်ပြပါ ရှင်မတောင်ဆရာဒွေး ပေးအပ်ထားသော တောင်ဝှေးကို ကိုင်ဆောင်လျက် စေတီတော် တည်ဆောက်ရာ နေရာသို့ ရောက်ရှိလာခဲ့သည်။ ထိုအချိန်၌ ဝန်ကြီးချုပ် ဦးနုနှင့်အတူ မဟာသီရိသုမှေ ဟင်္သာတဦးမြစသည့် သာသနာရေးတွင် အားပေးကူညီကြသည့်ပုဂ္ဂိုလ်များနှင့် မြန်မာကုန်သည်ကြီးများ၊ တရုပ်တန်းရပ်ကွက် မြူနီစီပယ်လူကြီးဦးကြိုင်နှင့် ၎င်း၏မိတ်ဆွေများလည်း ရောက်ရှိလျက်နေကြကြောင်းသတိပြုမိသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် ဓမ္မာရုံအတွင်းသို့ ရောက်လျှင်ရောက်ချင်း ရှင်မတောင်ဆရာဒွေး ပေးအပ်ထားသဖြင့် ထိုအချိန်က ကိုင်ဆောင်လာခဲ့သော တောင်ဝှေးကို ဓမ္မာရုံထောင့်တခုတွင် ထောင်ထား၍ ဘုရားကို အာရုံပြုပြီးနောက် ဓမ္မာရုံအတွင်းရှိပုဂ္ဂိုလ်များနှင့် လဘက်ရေကြမ်းသောက်ရင်း အလ္လာပ သလ္လာပ စကားများ ပြောဆိုနေခဲ့ကြပါသည်။

ထိုအခါတွင် ဤသမိုင်းရေးသားသူက ယနေ့နေ့လည် အလုပ်အားလပ်သဖြင့် ဤဘုရား တည်ဆောက်ရာသို့ လာရောက်စဉ် အထက်ဖော်ပြပါ ပုဂ္ဂိုလ်ကြီးက ဤကုန်းတော်မြတ်သည် ရှေးအခါက ဥက္ကလာပမင်းကြီး အမြဲဆည်းကပ် ကိုးကွယ်ခဲ့သော ရှင်ရသေ့ညီနောင် အရည၀ါသီ ပုဂ္ဂိုလ်ကြီးများ မှီတင်းနေထိုင်ရာ သိင်္ဂုတ္တရကုန်းကို ဝန်းရံလျက်ရှိသော ၉၉-ကုန်းတွင် တခုအဖြစ် ပါဝင်ခဲ့သော ဝဏ္ဏသီရိမင်္ဂလာကုန်းတော်မြတ် ဖြစ်ကြောင်း မိန့်ကြားသွားပြီးနောက် ချက်ခြင်းပင်လျှင် ထိုပုဂ္ဂိုလ်ကြီးအား သတိရသဖြင့် ရှာဖွေရာ ဤရေကူးရွာအနီး ရွာများမှ မဟုတ်ပဲ လုံးဝပျောက်သွားကြောင်းကို ပြောကြားရာ နိုင်ငံတော် ဝန်ကြီးချုပ်ဦးနုသည် ထိုအခါမှ သတိရသည့်အလား ၎င်းလာစဉ်က ယူဆောင်လာခဲ့သော ရှင်မတောင် ဆရာဒွေး ပေးအပ်ထားသည့် တောင်ဝှေးကို ထောင်ထားရာ ဓမ္မာရုံထောင့်မှ ယူဆောင်ပြီး တောင်ဝှေးတွင် မူလပါလာသည့် စာကိုကြည့်ရှုရာ ထိုတောင်ဝှေးတွင်ပင်လျှင် ဝဏ္ဏသီရိမင်္ဂလာဟူသော ကဗျည်းစာ ပါလာသည်ကို ဓမ္မာနုံပေါ်ရှိ လူအများတွေ့ရှိရသည့်အတိုင်း ဝမ်းမြောက်ကာ လက်ပန်းပေါင်းခပ်မျှ တအံ့တသြဖြစ်ခဲ့ကြပါသည်၊ ထိုစေတီတော်မြတ်ကြီးကို ၁၃၁၂-ခု ဝါခေါင်လပြည့်ကျော် ၄-ရက် သောကြာနေ့တွင် ပန္နက်တင်မင်္ဂလာ ဆင်ယင်ကျင်းပခဲ့၍ ၁၃၁၃-ခု တပေါင်းလဆန်း ၁၀-ရက်နေ့မှ တပေါင်းလပြည့်ကျော် ၁-ရက်နေ့အထိ ၇-ရက်ပတ်လုံး ထီးတော်မင်္ဂလာသဘင်ကို ခမ်းနားကြီးကျယ်သိုက်မြိုက်စွာ ဆင်ယင်ကျင်းပ အောင်မြင်ခဲ့ပေသတည်း။

# ကမ္ဘာ့အေးဟု ခေါ်ဝေါ်သမုတ်ခြင်းနှင့် သီရိမင်္ဂလာကုန်းတော်ဟု ခေါ်ဝေါ်သမုတ်ခြင်း

ထိုကမ္ဘာအေးစေတီတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းသည်၎င်း သီရိမင်္ဂလာကုန်းတော်ဟူ၍ ထင်ရှားစေသည့် ဝိသေသများသည်၎င်း ပေါ်လွင်ထင်ရှားစေခဲ့ခြင်းမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသို့မဟုတ် ဤသမိုင်းပြုစုရေးသားသူ၊ သို့မဟုတ် နိုင်ငံတော်အတွင်း ဩဇာတိက္ကမ ကြီးမားသူများ၏ ပယောဂကြောင့် ကမ္ဘာအေးစေတီတော်နှင့် သီရိမင်္ဂလာကုန်းတော်ဟူသော အမည်များ ပေါ်လွင်လာခြင်းမဟုတ်ပေ၊ ဤကုန်းမြေနှင့် စေတီတော်သည် ကမ္ဘာ့ရာဇဝင်သမိုင်းတလျှောက် ထင်ရှားပေါ်ပေါက်မည့် အတိတ်ကောင်း နိမိတ်ကောင်းနှင့် ပေါ်ထွန်းလာသော ဗုဒ္ဓသာသနာတော်မြတ်၏ တိုးတက်စည်ပင်ရာ ဘူမိနက်သန်မှန်သည့် ကုန်းမြေတခုနှင့် စေတီတော်ဖြစ်ခြင်းကြောင့် မည်သူတဦးတယောက်၏ ပယောဂ လှုံ့ဆော်မှုမျှ မရှိပဲ တိုင်းသူပြည်သား ရှင်လူအများ၏ ပါးစပ်ကပင် သီရိမင်္ဂလာကုန်းတော်ဟူ၍၎င်း၊ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဟူ၍၎င်း၊ တယောက်စကား တယောက်နား ကောလာဟလ သတင်းဖြစ်ပေါ်နေရာမှ ထိုအမည်နာမ ဝိသေသသည် ကမ္ဘာတဝှန်း ပြန့်နှံ့ကာ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ဟူ၍၎င်း သီရိမင်္ဂလာကုန်းမြေဟူ၍၎င်း ပေါ်ထွန်းလာခြင်း ဖြစ်ကြောင်းကို ဤသမိုင်း ရေးသားပြုစုသူကိုယ်တိုင် သိရှိသည့်အတိုင်း ဝန်ခံထုတ်ဖော်အပ်ပါသည်။

အလျဉ်းသင့်သဖြင့် ဤကမ္ဘာအေးစေတီတော် တည်ဆောက်ရေးနှင့် ပတ်သက်၍ မည်သို့ မည်ပုံ တည်ဆောက်ခဲ့ကြောင်း နောင်လာနောက်သားများ မှတ်သားစိမ့်သောငှါ အနည်းငယ် ဖော်ပြရန်လိုအပ်သည်ဟု ယူဆပါသည်။ မြန်မာ့ခေတ် ရာဇဝင် တလျှောက်တွင် စေတီတော် တည်ဆောက်ပုံများ၌ ရွှေတိဂုံစေတီ ယခု ရွှေမော်ဓောစေတီ ယခင် ဗိုလ်တထောင်စေတီစသည့် အတွင်းဌာပနာတော်များ ပိတ်ဆို့၍ ဂင်ပိတ်စေတီတော်များ, ပုဂံအာနန္ဒာကဲ့သို့ ဥမင်လိုဏ်ဖြင့် တည်ဆောက်သော ရှေးခေတ်စေတီတော်များ ရှိခဲ့သော်လည်း ဤကမ္ဘာအေးစေတီတော်မှာ ယခုခေတ်အခါတွင် ဌာပနာဖူးမျှော်နိုင်သည့် ဥမင်တိုက်ခန်း ပါဝင်ရုံမျှမက အထက်စေတီကြီးမှာလည်း ခေတ်မှီအတွင်းခံ သံပါသော ကွန်ကရစ်ဖြင့် ပြုလုပ်ထားသော ခေါင်းပွခေတ်မှီ ထူးခြားစွာ တည်ဆောက်သည့် စေတီတော် တဆူဖြစ်ကြောင်း မှတ်သားကြစေလိုပါသည်။ ရှေးယခင်က တည်ဆောက်ခဲ့သော စေတီများသည် ဌာပနာမြှုပ်နှံ၍ ခေါင်းပိတ်စေတီများ ဌာပနာတော်များကို မြှုပ်နှံ၍ ဥမင်စေတီများရှိခဲ့သော်လည်း တိုင်းပြည်တွင် ခေတ်အမှီဆုံးဖြစ်၍ ပဌမဦးစွာ တည်ဆောက်သော ကမ္ဘာအေး စေတီတော်မှာ ဌာပနာတော်မြတ်ကို ဖူးမျှော် နိုင်၍ လေးလံခြင်း မရှိစေပဲ ခေတ်မှီနည်းဖြင့် အထူးခိုင်ခံ့စွာ တည်ဆောက်ထားသော စေတီကြီးတဆူ ဖြစ်ပါသည်။

ဤစေတီတော်မြတ် တည်ဆောက်ရာတွင် မဟာသီရိသုဓမ္မ ဟသ်ာတ ဦးမြနှင့် ဤ သမိုင်း ရေးသားသူ၏ အကြံဉာဏ်များကို ရယူ၍ မြန်မာ ဗိသုကာ တဦးဖြစ်သူ ဦးသိန်းတင်က တာဝန်ယူ ရေးဆွဲသည့် ပုံသဏ္ဌာန်ဖြင့် တည်ဆောက် ခဲ့ပါသည်။

အပေါ်ထည် ခေါင်းပွ စေတီတော်မြတ်ဝယ် မြန်မာ ပိသုကာ ဆရာကြီး ဦးသိန်းတင်သည် သံထည်လုပ်ငန်းများကို တွက်ချက်ရေးဆွဲရုံမျှမက ၎င်းကိုယ်တိုင် ကြီးကြပ်၍ တည်ဆောက်နိုင်ခဲ့ပါသည်။ ထိုစေတီတော်ကြီး အုတ်မြစ်တွင် အပြင်အာရုံခံစက်ဝိုင်းနှင့် အတွင်းဂန္ဓကုဋီတိုက် စက်ဝိုင်းဟု နှစ်ခု ရှိခဲ့သည်။ ထိုစက်ဝိုင်းများ၏ မြေဝင်ပန္နက် အနက်နှင့်အကျယ်မှာ ဂ-ပေရှိ၍ အောက်ခံမြေတွင် ၁-ပေခွဲ ဒုရှိ အုတ်ထုခွဲပြီး ၄ ဆ၊ သဲ ၂ ဆနှင့် ဘိလပ်မြေ ၁ ဆ ပါဝင်သော သံပါ ကွန်ကရစ်ဖြင့် တည်ဆောက်ခဲ့ပါသည်။ အပြင်အာရုံခံဘုရားဝင်းပတ်လည် အုတ်ရိုးကို ဘိလပ်မြေ သရွတ်ဖြင့် တည်ဆောက်ခဲ့သော်လည်း အမာခံအတွင်းဂန္ဓကုဋီတိုက် နံရံအပိုင်းမှာကား မီးရထားသံလမ်းများကို တခုနှင့်တခု ထိယှက်စေလျက် သာသနာ ၅၀၀၀-တည်တံ့ စိမ့်သောငှါ သံပါ ကွန်ကရစ် ၄×၂×၁ ကျောက်စရစ်ဖြင့် ခိုင်ခံ့အောင် တည်ဆောက်ခဲ့ပါသည်။ အတွင်း ဂန္ဓကုဋီတိုက် ပတ်ဝန်းကျင်၌ ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသော ဘုရားငါးဆူကို ရည်သန်သောအားဖြင့် မုခ်ပေါက် ၅-မျက်နှာထား၍ ဘုရား ငါးဆူ ရုပ်ပွါးတော်မြတ်များကို တည်ထား ကိုးကွယ်ခဲ့ပါသည်။ အတွင်းဂန္ဓကုဋီတိုက်အဝင်၌ သံတံခါးကြီးနှစ်ခု တပ်ဆင်ထားရှိပါသည်။ အပြင် သံတံခါးမှာ သာမန်အားဖြင့် သံလုံးများ ခွေပတ်တပ်ဆင် ထားရှိခဲ့သော်လည်း အတွင်းတံခါးမှာ နိုင်ငံခြားမှ တန်ဘိုးငွေကျပ် ၇၀၀၀-ကျော်မျှပေး၍ မှာယူခဲ့သော အာမခံသံတံခါးကြီးတခု တပ်ဆင်ထားရှိခဲ့ပါသည်။

ဂန္ဓကုဋီတိုက်တော် အတွင်း၌ အဝင်တံခါးနှင့် တည့်တည့် နေရာတွင် ဘားမား ကော်ပိုရေးရှင်းခေါ် နိုင်ငံတော်အစိုးရနှင့် ဖက်စပ်အကျိုးစီးပွါးတူ လုပ်ကိုင်သည့် ကုမ္ပဏီမှ နိုင်ငံတော် အစိုးရသဘောတူညီချက်အရ လှူဒါန်းသော ပဌမစာချုပ်ပြီးနောက် ထုတ်ဖော်ရရှိသည့် ဘော်သားအလေးချိန်များကို လှူဒါန်းသည်နှင့် ငွေဖြင့်သွန်းလုပ်ထားရှိသော ဘုရားတဆူ တည်ထားကိုးကွယ် ခဲ့ပါသည်။ ထိုဘုရား၏ လက်ဝဲလကျာ်ပတ်လည်တွင် အိန္ဒိယနိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတော်အစိုးရသို့ မြန်မာနိုင်ငံတော်ပြည်သူ ပြည်သား ရဟန်းရှင်လူအများ ကိုးကွယ်ဆည်းကပ်နိုင်စိမ့်သောငှါ လွှဲပြောင်း ပေးအပ်သည့် ဗုဒ္ဓရှင်တော်မြတ်၏ အဂ္ဂသာဝကများ ဖြစ်ကြသော ရှင်သာရိပုတ္တာနှင့် ရှင်မဟာမောဂ္ဂလာန်ရဟန္တာ အရှင်မြတ်များ၏ ဓာတ်တော်မြတ်များနှင့်တကွ မြတ်စွာဘုရား ဓာတ်တော် မွေတော်များ စသည်တို့ကို ကိန်းဝပ်စေ၍ ကမ္ဘာသား အပေါင်းတို့ မျက်ဝါးထင်ထင် ဖူးမျှော်နိုင်စိမ့်သောငှါ ဖန်တီးထားရှိပါသည်။ ထို ဂန္ဓကုဋီတိုက်ပေါ်၌ ဂန္ဓကုဋီတိုက်အတွင်း သံပါကွန်ကရစ် နံရံတွင် အမှီပြု၍ အထက်အုတ်ဆောင်းသဖွယ် ကမ္ဘာအေးစေတီတော်ကြီးကို အတွင်းသံခံ၍ ခေါင်းပွ တည်ဆောက်ထားရှိပါသည်။ ထိုစေတီတော် အတွင်း၌လည်း တည်ဆောက်ရေးတာဝန်ခံ တဦးဖြစ်သူ မဟာသီရိသုဓမ္မဟသ်ာတ ဦးမြ၏ တိုးတက်ဉာဏ်များအရ ကမ္ဘာအေးစေတီတော်သမိုင်းကို ငွေထက်အက္ခရာတင်၍ ၎င်း ပိဋကတ်သုံးပုံ အဆီအနှစ်များကို ငွေထက်အက္ခရာတင်၍၎င်း ရွှေစေတီ ငွေစေတီ ရွှေရုပ်ထုငွေရုပ်ထု ကျောက်သံပတ္တမြားစသည့် ဓာတ်တော်မွေတော် ဌာပနာတော်များကို ထိုအောက်ခံ ဂန္ဓကုဋီတိုက်အပေါ်တွင် စေတီပုံ ခေါင်းပွ သံပါကွန်ကရစ်စေတီတော်အတွင်းတွင် ကျောက်တိုက်တခု တည်ဆောက်၍ ထည့်သွင်း ဌာပနာခဲ့လေသည်။

အထက် စေတီတော်မြတ်ကို စေတီပုံ သံဒိုင်းသံတောင်များအား ကျောက်စရစ် ၄×၂×၁ ဘိလပ်မြေ ကွန်ကရစ်ဖြင့် သံဇကာများကို ဝန်းရံပတ်ခြုံ၍ အတွင်းအမာခံအဖြစ် တည်ဆောက်ပြီး ၎င်းအပေါ်မှ သဲ ၃-ဆ ဘိလပ်မြေတဆ ပါဝင်

ရောမွှေသည့် အင်္ဂတေဖြင့် ထုပိကာ ပေါင်းရစ်မှ အစ စေတီအောက်ခြေ စိန်တောင်ထိအောင် မွမ်းမံတည်ဆောက် ခဲ့ပါသည်။ သို့အတွက် အကြမ်းအားဖြင့် ဤစေတီတော် တည်ဆောက်ပုံမှာ အခြားအခြားစေတီတော် တည်ဆောက်ပုံများနှင့် မတူပဲ ယခုခေတ်တွင် ထူးခြားသော ခေတ်မှီစေတီတဆူ ဖြစ်ကြောင်း အလျဉ်းသင့်သဖြင့် နောင်လာ နောက်သားများ မှတ်သားနိုင်စိမ့်သောငှါ အကျဉ်းချုပ် ဖော်ပြခဲ့ခြင်းဖြစ်ပေသည်။

ဤကမ္ဘာ့အေးစေတီမတည်ဆောက်မီ ကုန်းတော်ရှင်းစဉ်အခါ၌၎င်း ပန္နက်ချစဉ်အခါ၌၎င်း တည်ဆောက်ဆဲအခါ၌၎င်း သာသနာ့ညွှန်ကြားရေးဝန်ဦးကြီးဖေ ကြီးမှူးလျက် ပရိတ်တော်အကြိမ်ကြိမ် ရွတ်ဖတ်ခဲ့ပါသည်။ ပဋ္ဌာန်း ဒေသနာတော်ကိုလည်း ၅၄-နာရီ ရွတ်ဖတ်ခဲ့ပါသည်။ စေတီတော် ပြီးစီးသောအခါ၌လည်း အာရုံခံ တန်ဆောင်းအတွင်းဝယ် ရွှေပြေး ဆဋ္ဌသင်္ဂါယနာအနေဖြင့် ဂ-လ တို့ ပတ်လုံး နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို ရွတ်ဖတ် ပူဇော်ခဲ့ပါသည်။

# နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဖြစ်ပေါ်လာပုံ

အထက်တွင် သမိုင်း ရေးသားသူ ဖော်ပြခဲ့ပြီးဖြစ်သော နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီး ပေါ်ပေါက် ထွန်းကားလာပြီးနောက် ၎င်းအဖွဲ့ကြီး၏ အမှုဆောင်လူကြီးများသည်၎င်း၊ ဗုဒ္ဓမြတ်စွာ သာသနာကို အထူးတလည် အားပေးချီးမြှောက်လိုကြသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် လူကြီးများသည်၎င်း၊ ဗုဒ္ဓမြတ်စွာသာသနာရောင်ဝါ ထွန်းတောက်အားပေး ချီးမြှောက်လိုကြသော ရဟန်း ရှင် လူ များသည်၎င်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ ရည်ရွယ်ချက် ပန်းတိုင်ဖြစ်သော တိပိဋကရေ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ပေါ် ထွန်းရေးနှင့် ဆဋ္ဌသင်္ဂါယနာတင်ကိစ္စ အစဝ တို့ကို ပေါ်ပေါက်လာစေရန် ရည်သန်သောအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အခြေခံဥပဒေအရ နိုင်ငံတော်တွင် ဘာသာပေါင်းစုံပါဝင်၍ လွတ်လပ်စွာ ကိုးကွယ်ကြစေရန် ရည်သန်သောအားဖြင့်၎င်း၊ သက်ဆိုင်ရာ ဘာသာ သာသနာကို အားပေးကူညီ ထောက်ခံခြင်း အားဖြင့်၎င်း၊ တတိုင်းပြည်လုံး လိုလားကိုးစားချက်ဖြင့်သာ တိကျမှန်ကန်စွာ သက်ဆိုင်ရာ သာသနာတော်ကို အားပေးကူညီခြင်းအားဖြင့်၎င်း၊ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကို အားပေးကူညီ ထောက်ပံ့ဆောင်ရွက်ကြရာ၌ တတိုင်းပြည်လုံးမှ ဗုဒ္ဓဘာသာ အသင်းအဖွဲ့ ကြီးတခု ဖွဲ့ စည်း၍ ဆောင်ရွက်ရပါမူ နိုင်ငံတော်အစိုးရ အဖို့တွင်လည်း ဗုဒ္ဓမြတ်စွာ သာသနာတော်ကို အားပေးချီးမြှောက်ရာ၌ ဒီမိုကရေစီ နည်းစံနစ်အရ တတိုင်းပြည်လုံး ကိုးစားလောက်သော အဖွဲ့ ကြီးတခု ဖြစ်လာပေမည်။ သာသနာ့ လုပ်ငန်းရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်မှုများသည်၎င်း ဆုံးဖြတ်မှုများသည်၎င်း တိုင်းပြည်က ကိုးစားလောက်သော အဖွဲ့ ကြီးဖြစ်သောကြောင့် မှန်ကန်သော လမ်းစဉ်သို့ ရှေးရှုဆောင်ရွက်နိုင်ပေမည်၊ ထိုမျှမကသေး နိုင်ငံတော် အစိုးရနှင့် ပြည်သူလူထုသာမက ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်အား စောင့်ထိန်းလျက်ရှိကြသော သံဃာတော်အရှင်မြတ်များ၏ အလိုကျ

လည်း ဖြစ်စေရန်အတွက် သံဃာတော်အရှင်မြတ်များ၏ ကိုးစားလောက်သော လူဒါယကာများလည်း ပါဝင်လာပေမည်ဟု ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်လူကြီးများသည် အပြန်ပြန် အလှန်လှန် ဆင်ခြင်စဉ်းစား သုံးသပ်ကြပြီးနောက် တိုင်းပြည်တွင် သံဃာတော်အရှင်မြတ်များ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုအများ ပါဝင်သဘောနှစ်ခြိုက် ဆောင်ရွက်နိုင်မည့် ဘာသာရေး အဖွဲ့ကြီးတခု ကျယ်ပြန့်စွာဖွဲ့စည်းရန် သဘောပိုက်မိကြလေသည်။

သဘောပိုက်မိသည့်အတိုင်း ယခင် နိုင်ငံတော်အစိုးရရှေ့နေချုပ်ကြီး ယခု နိုင်ငံတော် တရားဝန်ကြီးဖြစ်သူ သတိုးမဟာသရေစည်သူ ဦးချန်ထွန်းနှင့် တိုင်ပင်၍ အထက်ဖော်ပြပါ ရည်ရွယ်ချက်များ ပါဝင်သော ဗုဒ္ဓဘာသာ အဖွဲ့ကြီးတခုကို မည်သို့ မည်ပုံ ဖွဲ့စည်းသင့်ကြောင်း တိုင်ပင်ဆွေးနွေး၍ ဥပဒေကြမ်းတခု အကြမ်းဖျင်းအားဖြင့် ရေးဆွဲတင်ပြရန် မေတ္တာရပ်ခံခဲ့ကြပါသည်။ သို့မေတ္တာရပ်ခံ ခဲ့သည့်အတိုင်း သတိုးမဟာသရေစည်သူ ဦးချန်ထွန်းသည် ခေတ်နှင့်ဆီလျော်သော ဗုဒ္ဓသာသနာ့ဥပဒေကြမ်းတရပ် ရေးဆွဲ၍ ရန်ကုန်မြို့ရှိ ဗုဒ္ဓဘာသာ အသင်းအဖွဲ့များ၏ ခေါင်းဆောင်များပါဝင်သော အစည်းအဝေးကြီးတရပ်ကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ဦးစီးဖိတ်ခေါ်ကာ သာသနာ့ရိပ်သာတွင် တင်ပြဆွေးနွေးခဲ့လေသည်။ ထိုပဌမအကြိမ် ရန်ကုန်မြို့ရှိ ဗုဒ္ဓဘာသာအဖွဲ့ပေါင်းစုံကိုယ်စားလှယ်တော်များ ဆွေးနွေးချက်မှ ပေါ်ပေါက်လာသည့် အချက်အလက် အခက်အခဲများကို မူတည်၍ ထပ်မံ ရှင်းလင်းပြီး နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ ဥပဒေကြမ်းကို ပြန်လည်ရေးဆွဲ၍ ဒုတိယအကြိမ် အစည်းအဝေးတွင် အများသဘောတူညီသည့် အလျောက် ၁၉၅၀-ခု အောက်တိုဘာလ ၃-ရက် ပါလီမန်တွင် ၁၉၅၀-ပြည့်နှစ် အက်ဥပဒေအမှတ် ၅၆ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေတခုကို ပြဋ္ဌာန်းအတည်ပြုခဲ့ပါသည်။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာသာသနာတော်ကို ချီးမြှောက်နိုင်ရန်အတွက် မားမားမတ်မတ် ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေကြီးတခု ပေါ်ပေါက်လာရကား ထိုအတည်ပြုပြီး ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေအရ အစိုးရ သာသနာ့ညွှန်ကြားရေးဝန်ပဌမကျော် ဦးကြီးဖေ၊ သာသနာရေးအထူးအရာရှိ ဦးဘဆွေနှင့် သာသနာရေးအရာရှိများ မနားမနေ ကြိုးစားအားထုတ်မှုကြောင့် နိုင်ငံတော်တွင် ဗုဒ္ဓသာသနာအဖွဲ့ကြီးတခု ပေါ်ပေါက်လာပေသည်။ ထိုအဖွဲ့ကြီးတွင် အထက်ပါ သမိုင်းရေးသားသူ အစီရင်ခံခဲ့သည့်အတိုင်း အပိုင်း၃-ပိုင်း၌ ညီညွတ်စွာ ပါဝင်သည့် အမှုဆောင်အဖွဲ့ကြီးကို ဖွဲ့စည်းရပါသည်။ ထိုအဖွဲ့ကြီးတွင် ဗုဒ္ဓမြတ်စွာသာသနာတော်အတွက် ပါဝင် ဆောင်ရွက်ရမည့် အပိုင်း ၃-ပိုင်းမှာ (၁) သာသနာတော်ဝန်ထမ်းရဟန်းသံဃာ ဂိုဏ်းပေါင်းစုံမှ အညီအညွတ် ရွေးကောက်တင်မြှောက်သည့်နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ ကိုယ်စား ဒကာ ၉-ဦး၊ ထိုဒကာ ၉-ဦးကို နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များက နိုင်ငံတော်အတွင်းရှိ လူပုဂ္ဂိုလ် ဒကာများတွင် သာသနာရေး အထူးအားပေး ချီးမြှောက်ထောက်ပံ့ကြသော လူပုဂ္ဂိုလ် ဒကာများကို အမှုဆောင်အဖြစ် ရွေးကောက်တင်မြှောက်သည်။ (၂) နိုင်ငံတော် အစိုးရကိုယ်စားလှယ် ၉-ဦး။ ထိုပုဂ္ဂိုလ်များကို နိုင်ငံတော်အစိုးရက ဗုဒ္ဓမြတ်စွာ သာသနာကို အားပေးချီးမြှောက်သော ပုဂ္ဂိုလ်များတွင် အသင့်လျော်ဆုံးပုဂ္ဂိုလ် ၉-ဦးကို အမှုဆောင်အဖြစ် ရွေးကောက်တင်မြှောက်သည်။ (ထိုအစိုးရ ရွေးချယ်သည့် ပုဂ္ဂိုလ် ၉-ဦးတွင် နိုင်ငံတော်အစိုးရ သာသနာရေးဌာန ဝန်ကြီးလည်း အပါအဝင် ဖြစ်

သည်)။ (၃) လူထုမှ ကိုယ်စားလှယ် ၉-ဦး ရွေးချယ်ရာ၌ ခရိုင်အလိုက် ခရိုင်အတွင်းရှိ မြို့ရွာများမှ ဗုဒ္ဓဘာသာအသင်းအဖွဲ့ ကိုယ်စားလှယ်တော်များပါဝင်စေ၍ တခရိုင်တွင် ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေ အခန်း ၃ အထွေထွေ ပဌမဇယား၊ နိုင်ငံတော် အဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၅ (၂) အရ ပဌမနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ဝင်အဖြစ်တခရိုင်တွင် ကိုယ်စားလှယ် တဦးကျ ရွေးကောက် တင်မြှောက်သည်။ ထိုရွေးကောက်တင်မြှောက်ပြီး နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ဝင်များထဲမှ ပုဂ္ဂိုလ် ၉-ဦးကို လူထုကိုယ်စားနိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အမှုဆောင်အဖြစ်ရွေးကောက်တင်မြှောက်သည်။

သို့တနိုင်ငံလုံးတွင် ဒီမိုကရေစီအရ ဆရာတော်သံဃာတော်အရှင်မြတ်များ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုများ ပါဝင်သော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကို ဖွဲ့စည်းပြီးနောက် ၁၉၅၁-ခု ဩဂုတ်လ ၂၆-ရက်နေ့ နံနက်တွင် ပဌမဆုံးအကြိမ် ဗဟိုအမှုဆောင် အစည်းအဝေး ညီလာခံကို ရန်ကုန်မြို့ တက္ကသိုလ်မှော်ရုံတွင် ကျင်းပခဲ့လေသည်။

ထိုညီလာခံတွင် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေအရ သံဃာ့ဂိုဏ်းပေါင်းစုံမှ ရွေးကောက် တင်မြှောက်ခြင်း ခံရသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များ အမှူးပြု၍ သံဃာ့ကိုယ်စားလှယ်တော် ဒါယကာ ၉-ဦးနှင့် နိုင်ငံတော် အစိုးရ ကိုယ်စားလှယ်တော် ပုဂ္ဂိုလ် ၉-ဦးတို့၏ အမည်များကို ကျေညာပြီး ခရိုင်အသီးသီးမှ လူထုကိုယ်စားလှယ်တော်အဖြစ် တက်ရောက်ကြသော ဗဟိုအမှုဆောင်အဖွဲ့ ကိုယ်စားလှယ်တော်များမှာ ဌာနချုပ်အလုပ်အမှုဆောင်အဖြစ် ပုဂ္ဂိုလ် ၉-ဦးတို့အား ထိုညီလာခံမှ ရွေးချယ်တင်မြှောက်ကြ၍ ထိုနေ့ ပဌမဆုံး ညီလာခံကို ရုပ်သိမ်းပြီး ပုဂ္ဂိုလ် ၂၇-ဦး ပါဝင်သော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အလုပ်အမှုဆောင် အစည်းအဝေးကို ၁၃၁၃-ခု ဝါခေါင် လဆုတ် ၁၀-ရက် (၂၇-၈-၅၁) နေ့လည် ၂-နာရီအချိန်တွင် အတွင်းဝန်ရုံးရှိ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီး တည်ရာဌာန အစည်းအဝေး ခန်းမဆောင်တွင် ပဌမဆုံးအကြိမ် ဗုဒ္ဓသာသနာ့အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ကျင်းပခဲ့လေသည်။

ထိုပဌမဆုံးအကြိမ် အလုပ်အမှုဆောင်အစည်းအဝေးမှ အဖွဲ့ငယ် ၄-ခုကို ဖွဲ့စည်းခဲ့လေသည်။ ထိုအဖွဲ့ငယ်များမှာ (၁) ပရိယတ္တိအဖွဲ့၊ (၂) ပဋိပတ္တိအဖွဲ့၊ (၃) ဘဏ္ဍာရေးအဖွဲ့နှင့် (၄)ပြန်ကြားရေးနှင့် ဗုဒ္ဓဝါဒဖြန့်ချီရေးအဖွဲ့တို့ပင် ဖြစ်ပေသည်။ ထိုအစည်းအဝေးမှာပင် အဖွဲ့ခွဲများ၏ ဆောင်ရွက်ရန်လုပ်ငန်း တာဝန်ဝတ္တရားကို ခွဲဝေပေးအပ်ခဲ့လေသည်။

## နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့တွင် သင်္ဂါယနာတင်ကိစ္စ ဖြစ်ပေါ်လာခြင်း

၁၃၁၇-ခု တန်းခူးလဆန်း ၁၂-ရက်နေ့ နံနက် ၈-နာရီအချိန်၌ ထိုအချိန်က တည်ရာဌာနဖြစ်သောအတွင်းဝန်ရုံး နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ခန်းမဆောင်တွင် အဖွဲ့၏ (၇) ကြိမ်မြောက် အလုပ်အမှုဆောင် အစည်းအဝေးတရပ် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် (၁) သတိုးသီရိသုဓမ္မ ဆာ-ဦးသွင် ဥက္ကဋ္ဌ၊ (၂) ယခု အဂ္ဂမဟာသရေစည်သူ သတိုးသီရိသုဓမ္မ တရားဝန်ကြီး ဦးသိမ်းမောင်၊ (၃) သာသနာရေးဝန်ကြီး ဦးဝင်း၊ (၄) တရားဝန်ကြီး ဦးအုန်းဖေ၊ (၅) ချုပ်သင်း ဦးဘတင်၊ (၆) စာရင်းစစ် မင်းကြီး ဦးဘခင်၊ (၇) အတွင်းဝန် ဦးစံညွန့်၊ (၈) ဦးဘိုးမြ၊ (၉) ဦးဝင်းရှိန်၊ (၁၀) ဦးစံဖေ၊ (၁၁) သာသနာ့ညွှန်ကြားရေးဝန် ဦးကြီးဖေ၊ (၁၂) ဦးထွန်း

အောင်၊ (၁၃) စကားစော်ဘွားကြီး၊ (၁၄) ဦးစံညွန့် (ကော်သူးလေ)၊ (၁၅) ယခု အမြတ်တော်မင်းကြီး စည်သူ ဦးစံသိမ်း၊ (၁၆) ယခု နိုင်ငံတော်တရားဝန်ကြီးချုပ် သတိုးမဟာသရေစည်သူ ဦးချန်ထွန်းနှင့် သာသနာရေးအရာရှိ ဦးဘဆွေတို့တက်ရောက်ကြ၍ ပိဋကတ်မြန်မာပြန်ဌာနမှ အယ်ဒီတာချုပ် အဂ္ဂမဟာပဏ္ဍိတ ဆရာလင်းနှင့် ပါဠိဆရာကြီး မေဓာဝီဆရာဆိုင်တို့လည်း အထူးဩ့သည်များအဖြစ် တက်ရောက်ကြသည်။

## အကြံပေးချက်နှင့် ဆုံးဖြတ်ချက်များ

၁။ ။အစည်းအဝေး စလျှင်စချင်း သာသနာရေးဝန်ကြီးက ယနေ့ ဤနိုင်ငံတော်ဗုဒ္ဓသာသနာ့အမှုဆောင်အဖွဲ့ အထူးအစည်းအဝေးကို ဆဋ္ဌသင်္ဂါယနာကိစ္စနှင့် စပ်လျဉ်း၍ တိုင်ပင်ဆွေးနွေးလိုသည့်အတွက် ဖိတ်ခေါ်ကျင်းပရခြင်း ဖြစ်ပါသည်။ လွန်ခဲ့တဲ့ (၂၈-၁၂-၅၁)နေ့ ညနေ ကျွန်တော်၏ အိမ်တွင် ကျင်းပသည့် အစည်းအဝေးမှာ အစီရင်ခံခဲ့သည့်အတိုင်း နိုင်ငံတော်အစိုးရက ဤဆဋ္ဌသင်္ဂါယနာကို ကျင်းပရန် အထူးပင် ပြင်းပြသော အာသီသရှိသည့်အလျောက် စကားစမိတိုင်း နယ်အရပ်ရပ်ရှိ သံဃာနှင့် လူပုဂ္ဂိုလ်များဆွေးနွေးကြည့်ခဲ့ရာ အစိုးရကို ဆန့်ကျင်ဘက်ပြုနေသူတစုမှတပါး အားလုံးကပဲ သာဓုခေါ်လျက် ထိုဆဋ္ဌသင်္ဂါယနာတင် ကျင်းပရန်လိုလားကြသည်ကို သိရှိရပါသည်။ တိုင်းပြည်ကို အတိအလင်း မကျေညာသေးသည်မှာ ထိုဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသည် အလွန်ကြီးကျယ် ခမ်းနားမည့် အလျောက် ကုန်ကျရမည့်ငွေအတွက် ရရန်မှာ မရေရာသေးသဖြင့် မကျေညာခဲ့ရသည့်အပြင် ဤအဖွဲ့ကြီးကိုလည်း ပွင့်ပွင့်လင်းလင်း တိုင်ပင်မှု မပြုနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုအခါမှာမူ ငွေရေးကြေးရေးအတွက် အားတက်ဖွယ် အရိပ်အရောင်များ ထင်ရှားစွာ သိမြင်လာရပြီဖြစ်၍ အစိုးရကလဲ တိုင်းသိပြည်သိ ကျေညာပြီးလုပ်ဖို့ ဆုံးဖြတ်ပြီးဖြစ်သဖြင့် ယနေ့ ဤအစည်းအဝေးကို ခေါ်ယူပြီးလျှင် ထိုဆဋ္ဌသင်္ဂါယနာကိစ္စကို လူကြီးမင်းများအဖွဲ့က လက်ခံပြီး ဆောင်ရွက်သည့်အခါ အဖွဲ့ကြီးကပဲ ကြီးမှူးပြီး ဆောင်ရွက်မည်လား၊ သို့မဟုတ် အစိုးရနှင့်ဒွန်တွဲပြီး ဆောင်ရွက်မည်လားဆိုသော အချက်များကို လူကြီးမင်းများထံမှ ကျွန်တော် ကြားသိလိုပါသည်ဟု အမိန့်ရှိလေသည်။

၂။ ။ထိုနောက် ဦးသိမ်းမောင်က ဤဆဋ္ဌသင်္ဂါယနာကို အစိုးရ၏ အကူအညီကိုယူပြီးလျှင် ဤအဖွဲ့ကြီးက ကြီးမှူးကျင်းပရန်ဟူသော အဆိုကို တင်သွင်းလေသည်။

၃။ ။ထိုအဆိုနှင့် စပ်လျဉ်း၍ ဦးချန်ထွန်းက အောက်ပါအတိုင်းပြောဆိုလေသည်။

ယခု ကျင်းပရမည့် ဆဋ္ဌသင်္ဂါယနာသည် ယခင်က တင်ခဲ့သည့် ပဉ္စမသင်္ဂါယနာနှင့်မတူပဲ ခေတ်အလျောက် လုပ်ငန်းသဘော နယ်ပယ်အနေအားဖြင့် အတော်ပင် ကျယ်ဝန်းရမည် ဖြစ်ပါသည်။ ပဉ္စမသင်္ဂါယနာတင်စဉ်ကမူ မြန်မာတပြည်လုံးပင် မဟုတ်ခဲ့ပဲ အောက်ပိုင်းတွင် ဘာသာခြား အင်္ဂလိပ်များ ကြီးစိုးအုပ်ချုပ်နေချိန်ဖြစ်၍ အထက်ပိုင်းမျှဖြင့်ပင် ဆောင်ရွက်ခဲ့ရပါသည်။ ယနေ့ကမ္ဘာကြီးတွင် ဗုဒ္ဓဘာသာသည် အတော်ပင် ထင်ရှားလာပြီးလျှင် လူအမျိုးမျိုး၏ လေးစားမှုကို ခံယူရရှိနေပါသည်။ ထို့ကြောင့် ဆဋ္ဌသင်္ဂါယနာကို မြန်မာပြည်မျှသာမက ထေရဝါဒ ဗုဒ္ဓဘာသာ တိုင်းပြည်များဖြစ်သော သီဟိုဠ် ယိုးဒယား ကမ္ဘောဒီးယားတို့၏ ပါဝင်ဆောင်ရွက်မှုကို ခံယူ၍ ကျင်းပသင့်ပါသည်။ ဗုဒ္ဓဘာသာ တိုင်းပြည်လုံးဝပင် မဟုတ်စေကာမူ အိန္ဒိယပြည်ကြီးကိုလည်း မချွင်းခဲ့စေလိုပါ၊ ပါဝင်ဆောင်ရွက်စေ

သင့်ပါသည်။ ဤသို့ ကျင်းပနိုင်ရန် အလွန်အရေးကြီးသောအချက်မှာ နိုင်ငံခြားရေး ဆက်သွယ်မှု ဖြစ်ပါသည်။ ကျွန်တော် သီဟိုဠ်ရောက်ခဲ့စဉ်က အစိုးရပိုင်းဆိုင်ရာများနှင့်တကွ သံဃာများ လူဒါယကာအားလုံးကပင် သာသနရာဇဝင်တွင် အရေးကြီးလှသည့် ဤဆဋ္ဌသင်္ဂါယနာသဘင်ကြီးကို စိတ်ရော ကိုယ်ပါ ပါဝင်ဆောင်ရွက်လိုကြောင်း သိရှိခဲ့ရပါသည်။ သို့အတွက် ဒုတိယ ဥက္ကဋ္ဌကြီး တင်သွင်းသည့် အဆိုသည် သင့်လျော်ပါသော်လည်း ကျွန်တော်တို့အဖွဲ့က ဖွဲ့စည်းခါစ ဖြစ်၍ အသား မကျသေးသည့်အပြင် အဖွဲ့ဩဇာကလည်း မပြောင်းလှသေးသဖြင့် အစိုးရနှင့် ပူးတွဲဆောင်ရွက်လျှင် ပိုမိုခရီးရောက်မည် ထင်ပါသည်။ ဥပမာ....အစိုးရပိုင်းက နိုင်ငံတော် ဝန်ကြီးချုပ် သာသနာရေးဝန်ကြီး ဘဏ္ဍာရေးဝန်ကြီးများနှင့် ဤအဖွဲ့ကြီးက ဥက္ကဋ္ဌနှစ်ဦးနှင့် အကျိုးဆောင်လူကြီးများအပြင် အခြားအရေးပါ အရာရောက်သော ပုဂ္ဂိုလ်များ ပါဝင်သည့် (ဆဋ္ဌသင်္ဂါယနာစီစဉ်ရေးအဖွဲ့) တခုကို တိုးချဲ့နိုင်သည့် အာဏာနှင့်တကွ ဖွဲ့စည်းလျက် အစိုးရနှင့် ဒွန်တွဲပြီး ဆောင်ရွက်သွားစေလျှင် ပိုမို ခရီးရောက်မည်ဟု ကျွန်တော် အကြံပေးလိုပါသည်။

၄။ ။ထိုနောက် ဦးသိမ်းမောင်က အောက်ပါအတိုင်း ပြန်လည်ပြောဆိုလေသည်။ ကျွန်တော် အဆိုတင်သွင်းစဉ်က အခြားအကြံပေးချက်များ ရှိမည် မထင်သောကြောင့်ရင်း အားလုံးကပင် စိတ်တွင်းက လက်ခံရန် ရည်ရွယ်ပြီး ဖြစ်သောကြောင့်ရင်း တိုတိုကျဉ်းကျဉ်းပဲ အစီရင် ခံပါသည်။ သို့သော် ယခု စဉ်းစားရမည့် ပြဿနာက အစိုးရလွှဲအပ်သည့် ဆဋ္ဌသင်္ဂါယနာကိစ္စကို ဤအဖွဲ့က လက်ခံ မခံသာ ဖြစ်ပါသည်။ အကယ်၍ ဤအဖွဲ့က ဖွဲ့စည်းစဖြစ်၍ အသားတကျ မရှိသေး ဟု ယူဆပြီး တခြားအဖွဲ့သစ်တခု ဖွဲ့စည်းလျှင် ပို၍ ဆိုးမည် မဟုတ်ပါလား။ တပြည်လုံး၏ ကိုယ်စားလှယ်များပါဝင်သည့် ဤအဖွဲ့ကြီးကမှ လက်မခံနိုင်လျှင် အခြားမည်သည့်အဖွဲ့က လက်ခံ ဆောင်ရွက်နိုင်မည်ဆိုတာကို ကျွန်တော်မပြောတတ်ပါ။

အစိုးရကလည်း ယတိပြတ် လွှဲအပ်ဖို့ မဟုတ်ပါ၊ နာယကအဖြစ်ဖြင့် ဤအဖွဲ့ကြီးနှင့် ဒွန်တွဲပြီး ဆက်လက် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ အမှန်က ဆဋ္ဌသင်္ဂါယနာဆိုတာ ဝန်ကြီးချုပ်အိမ် အစည်းအဝေးတွင် လက်ခံခဲ့သည့်အတိုင်း ပါဠိတော် အဋ္ဌကထာ-ဋီကာများကို ပဋ္ဌမ မူကောင်း မူသန့်ရအောင် လုပ်ဖို့နှင့် ပိဋကတော်ကို မြန်မာဘာသာ ပြန်ဆိုဖို့ ဖြစ်ပါသည်။ သည်မူတွေကို အခြား တိုင်းပြည်သို့ ပို့ပြီးဆောင်ရွက်မည့်ကိစ္စမှာ အစိုးရကသာမဟုတ် ဤအဖွဲ့ကြီးကလည်း လုပ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ဆဋ္ဌသင်္ဂါယနာကို မည်သို့မည်ပုံ ကျင်းပလိုကြောင်း မူများကို အစိုးရက ချပေးနိုင်ပါသည်။ ချပေးတဲ့ မူအတိုင်း ဤအဖွဲ့မှ ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ သို့အတွက် ကျွန်တော်၏အဆိုကို လူကြီးမင်းများ လေးလေးနက်နက် စဉ်းစားစေလိုပါသည်။

၅။ ။ထိုနောက် ဦးထွန်းအောင် (စစ်တွေ) က (ဤဆဋ္ဌသင်္ဂါယနာသည် ကြီးကျယ်သော်လည်း ငွေရှိက လုပ်နိုင်ပါသည်။ ငွေလည်း ရရှိမည် ဖြစ်၍ ဦးသိမ်းမောင်၏ အဆိုကို ကျွန်တော် ထောက်ခံပါသည်) ဟု ပြောဆိုလေသည်။

၆။ ။ဥက္ကဋ္ဌကြီးက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် မသတ်မှတ်သေး၍ အစိုးရက ဦးဆောင်၍ ဆောင်ရွက်ရန် ဝန်လေးမည်လားဟု မိန့်ကြား၏။

၇။ ။ထိုနောက် သာသနာရေး ဝန်ကြီးက အစိုးရက ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာ

အဖြစ် မသတ်မှတ်သော်လည်း လူများစုက ဗုဒ္ဓဘာသာဝင်များဖြစ်သဖြင့် ဘာသာရေး ဌာနဖွင့်လှစ်ကာ သာသနာရေးကိစ္စများကိုဆောင်ရွက်လျက် ရှိပါသည်။ ဤဆဋ္ဌသင်္ဂါယနာကိစ္စမှာမူ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးကပဲ ကြီးမှူးပြီး ဆောင်ရွက်စေလိုပါသည်။ တပြည်လုံး၏ ကိုယ်စားပြုထားသည့်အဖွဲ့ဖြစ်၍ ပြည်တွင်းသာမက ပြည်ပကိုလည်း တိုင်ပင်၍ ဆောင်ရွက်နိုင်ပါသည်။ မည်သို့မည်ပုံ ဆဋ္ဌသင်္ဂါယနာတင်ပွဲကျင်းပရန်နှင့် မည့်သည့်ကိစ္စများ ပါဝင်ရမည်ကို အစိုးရအား မေးမြန်းနိုင်ပါသည်။ ထိုအခါ အစိုးရက လိုအပ်သည်များကို ညွှန်ကြားပေးမည်ဖြစ်ပါကြောင်းဟု အမိန့် ရှိလေသည်။

၈။ ။ထိုနောက် ဦးကြီးဖေက ဒုတိယ ဥက္ကဋ္ဌအဆိုကို ပဥ္စမ သဘောတူ-မတူ ဆုံးဖြတ်ပြီးမှ အခြားကိစ္စများကို ဆက်လက်ဆွေးနွေးရန် အကြံပေးရာ ဦးသိမ်းမောင်၏အဆိုကို အားလုံးသဘောတူ လက်ခံ အတည်ပြုကြလေသည်။

၉။ ။ထိုနောက် ဆဋ္ဌသင်္ဂါယနာနှင့်စပ်လျဉ်း၍ သံဃာတော်များ ဩဝါဒကို ခံယူရရှိရန်အလို့ငှါ ရန်ကုန်မြို့သို့ ပင့်ဆောင် လျှောက်ထားသင့်သည့် ဆရာတော်များကို ရွေးချယ်ရန် ဦးသိမ်းမောင်က အဆိုတင်သွင်း လေသည်။

၁၀။ ။ထိုအဆိုနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌကြီး၊ သာသနာရေးဝန်ကြီး ဦးဝင်းနှင့် ဦးကြီးဖေတို့က ပရူပဝါဒ မရှိစေရန် ဂိုဏ်းပေါင်းစုံ ဆရာတော်များ ပါဝင် သင့်ကြောင်းဖြင့် အသီးအသီး အကြံပေးကြလေသည်။ ထိုနောက် ဆရာတော်များ ရွေးချယ်ရေးနှင့်တကွ ဆဋ္ဌသင်္ဂါယနာနှင့် စပ်လျဉ်း၍ အသေးစိပ် ဆောင်ရွက်ရမည့် အချက်များကို ဆက်လက် ဆွေးနွေးရန် (၁၂-၁-၅၂) နေ့ တနင်္ဂနွေ အချိန်တွင် အဖွဲ့တည်ရာခန်းမကြီး၌ အမှုဆောင်အစည်းအဝေး ထပ်မံကျင်းပဘို့ရန် ဆုံးဖြတ်ကြပြီးလျှင် ဆရာတော်များရွေးချယ်ရာ၌ လွယ်ကူစေရန် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်များ နိုင်ငံတော် ဩဝါဒါစရိယနှင့် ဝိနည်းဓိုရ် ဆရာတော်များ စာရင်းကို အမှုဆောင်အဖွဲ့ဝင်များအား ဝေငှထားရန် သာသနာရေး အထူးအရာရှိ ဦးဘဆွေ အား တာဝန်လွှဲအပ်ကြ၏။

မှတ်ချက်။ ။နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၌ ဆဋ္ဌသင်္ဂါယနာတင်ရန်ကိစ္စ ပေါ်ပေါက်လာခြင်းမှာ ယခင်အခါ ပဥ္စမကျော် ဦးကြီးဖေရေးသား၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့် နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့သို့ တင်သွင်း အပ်သော (ဆဋ္ဌသင်္ဂါယနာတင် စီမံကိန်း) အရ ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုသည် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အမှုဆောင်များနှင့် ပိဋကတ်မြန်မာပြန် စီစဉ်ရေး ကော်မတီအဖွဲ့ဝင် လူကြီးများကို ၁၃၁၃-ခု တော်သလင်း လဆန်း ၁၃-ရက် (၁၃-၉-၅၁) နေ့၌ ၎င်း၏နေအိမ်အတွင်းရှိ ဘုရားကျောင်းဆောင်ခန်းမသို့ ဖိတ်ခေါ်၍ ဆဋ္ဌသင်္ဂါယနာတင်ရန်ကိစ္စကို အောက်ပါအတိုင်း ဆွေးနွေးဆုံးဖြတ်ခဲ့လေသည်။

၁။ သာသနာ သက္ကရာဇ် ၂၄၉၈ (ကောဇာ သက္ကရာဇ် ၁၃၁၆) ခုနှစ် ကဆုန် လပြည့်နေ့မှစ၍ သာသနာ သက္ကရာဇ် ၂၅၀၀ (ကောဇာ သက္ကရာဇ် ၁၃၁၈) ကဆုန် လပြည့်နေ့တွင် ပြီးစီးအောင် ဆဋ္ဌသင်္ဂါယနာတင်ရန်။

၂။ ဆဋ္ဌသင်္ဂါယနာတင်မည့် ကျမ်းစာများ။

(က) သုတ်သင်ပြီး ပိဋကတ်ပါဠိတော်များ။

(ခ) သုတ်သင်ပြီး ၎င်းအဋ္ဌကထာနှင့် ဋီကာများ။

(ဂ) သုတ်သင်ပြီး ပိဋကမြန်မာပြန် ကျမ်းစာများ။

၃။ ။သုတ်သင် ပြင်ဆင်ခြင်းနှင့် မြန်မာပြန်ဆိုခြင်း။

(က) နိုင်ငံတော် အစိုးရက ခန့်ထားသည့် ပိဋကမြန်မာပြန်အဖွဲ့က ပါဠိတော်များကို မူအမျိုးမျိုးနှင့် ညှိနှိုင်းတိုက်ဆိုင်သုတ်သင်ပြီးလျှင် ဆက်လက်၍ပါဠိတော်များကို မြန်မာပြန်ဆိုရန်။

(ခ) ပိဋကမြန်မာပြန်အဖွဲ့က သုတ်သင်ပြီးသမျှ ပါဠိတော်များနှင့် ပြန်ဆိုပြီးသမျှ ပိဋကမြန်မာပြန်များကို ထပ်မံစစ်ဆေးအတည်ပြုရန်အတွက် ဆရာတော်ကြီးများ အဖွဲ့ချုပ်သို့ တင်ပြရန်။

(ဂ) ထို ဆရာတော်ကြီးများ အဖွဲ့ချုပ်ကပင် အဋ္ဌကထာနှင့် ဋီကာပါဠိများကို သုတ်သင်ပြင်ဆင်ရန်။

(ဃ) ဆရာတော်ကြီးများ အဖွဲ့ချုပ်က အတည်ပြုပြီး သုတ်သင်ပြီးသမျှ ပါဠိတော်အဋ္ဌကထာ ဋီကာများနှင့် ပိဋကမြန်မာပြန် ကျမ်းစာများကို ဆက်ကာဆက်ကာ ပုံနှိပ်သွားရန်။

(င) ကျမ်းစာများကိုပုံနှိပ်ရာတွင် ကြည့်ရှုရန် လွယ်ကူစိမ့်သောငှါ အစဉ် မာတိကာ အဆုံး၌ အက္ခရာဝလိ ထည့်သွင်း၍ ဖြတ်သင့်သည့်ဝါကျနှင့် အပိုဒ်များ၌ ပုဒ်ဖြတ်ပြီးလျှင် ကဏ္ဍအသီးသီး၌ ခေါင်းစဉ်များ ထည့်သွင်း ပုံနှိပ်ရန်။

၄။ ဆရာတော်များ၏ အဖွဲ့ချုပ်နှင့် အဖွဲ့ဝင်များတွင် နေရာလစ်လပ်ပါက အချိန်မှီ အစားဖြည့်သွင်းနိုင်ရန် ပိဋကဆေက ဆရာတော် အပါး (၁၅)ခန့်ကို အရံသံဃာအဖြစ် ရွေးချယ်၍ ထားပါမည့်အကြောင်း ရွေးချယ်ရေးဆရာတော်အဖွဲ့အား လျှောက်ထားရန်။

၅။ ဤအဖွဲ့များအတွက် လိုအပ်သည့် ပါဠိတော် အဋ္ဌကထာနှင့် ဋီကာများကို အနည်းဆုံး ၁၂-စုံခန့် ထားရှိရန်။

၆။ ရေကူး ကမ္ဘာအေးစေတီတည်ရှိရာ နေရာကို ဆဋ္ဌသင်္ဂါယနာတင်ရန်နေရာအဖြစ် သတ်မှတ်ရန်။

၇။ ၎င်းနေရာတွင် အောက်ပါ အဆောက်အဦများကို ဆောက်လုပ်ထားရန်။

(က) သံဃာ ၅၀၀ခန့်အပြင် လူပုဂ္ဂိုလ်အများအပြား ဝင်ဆန့်သည့် သင်္ဂါယနာတင်ခန်းမကြီး။

(ခ) သင်္ဂါယနာတင် ကျမ်းစာများကို ရန်သူမျိုး ငါးပါးဘေးမှ လုံခြုံစွာ ထားရှိဘို့အတွက် ခိုင်ခံ့သည့် ပိဋကတ်တိုက်။

(ဂ) သင်္ဂါယနာတင်ဆရာတော်များ သီတင်းသုံးရန်။

(ဃ) ပဋိပတ် အားထုတ်ရန် အခန်းငယ်များပါဝင်သည့် တန်းလျားကျောင်းများ။

(င) အခြားလိုအပ်သည့်အဆောက်အဦများ။

(အထက်ပါ အဆောက်အဦများကို အခိုင်အခံ့ ဆောက်လုပ်ပြီးလျှင် ဆဋ္ဌသင်္ဂါယနာတင်ကိစ္စပြီးစီးပါက ဗုဒ္ဓဘာသာ တက္ကသိုလ်ကြီးနှင့် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့အတွက် ဆက်လက်အသုံးပြုရန် ရည်ရွယ်သည်။

၈။ ၎င်းသင်္ဂါယနာတင် အဆောက်အဦများ၏ ကုန်ကျမည့် စရိတ် ခန့်မှန်းခြေနှင့် ပုံစံများကို ယခု မြန်မာပြည်သို့ ရောက်ရှိနေသော ကမ္ဘာ့ပိသုကာဆရာကြီးများနှင့် တိုင်ပင်ရေးဆွဲရန်။

၉။ ဆဋ္ဌသင်္ဂါယနာတင်မည့် ကျမ်းစာများစသည်တို့ကို ပုံနှိပ်ရန်အလို့ငှါ နောက်ဆုံးပေါ်ခေတ်မှီ စာပုံနှိပ်စက်ကြီးတခုကို နိုင်ငံခြားမှ ဝယ်ယူရန်။

## ဆဋ္ဌသင်္ဂါယနာ တင်ရန်အတွက် ဆရာတော် အရှင်မြတ်များထံမှ ဩဝါဒခံယူခြင်း

နိုင်ငံတော်တဝှန်းလုံးရှိ (၁) နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ (၂) နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများနှင့် (၃) အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးမှ ဆဋ္ဌသင်္ဂါယနာတင်ရန်ကိစ္စအတွက် ဩဝါဒခံယူရန် ရန်ကုန်မြို့သို့ ပင့်ဆောင်၍ ၁၃၁၃-ခု၊ တပို့တွဲလပြည့်နေ့ နံနက် ၈-နာရီ ၂၅-မိနစ်အချိန် ရန်ကုန်မြို့ ကုက္ကိုင်းရပ် သာသနဝ္ရိပ်သာ၌ ဩဝါဒခံယူဆွေးနွေးပွဲကြီးကို စတင်ကျင်းပခဲ့လေသည်။

ဦးစွာ အခမ်းအနား စတင်ကြောင်း အခမ်းအနားမှူး ဦးဘဆွေက လျှောက်ထားပြီး ဗုဒ္ဓသာသနာအဖွဲ့ဝင်များ နိုင်ငံတော်အစိုးရ အဖွဲ့ဝင်များနှင့် ကြွရောက်ကြသော ဗုဒ္ဓဘာသာ ကိုယ်စားလှယ်တော်များ ၅-ပါး သီလ ခံယူပြီးနောက် ဆရာတော်ကြီးများက မေတ္တာသုတ်တော်ဖြင့် ရွတ်ဖတ် ချီးမြှင့်တော်မူကြပါသည်။ ထိုနောက် သာသနာရေးဝန်ကြီး ဦးဝင်းက နိုင်ငံတော်အစိုးရ ကိုယ်စား ဆရာတော်များအား ဆဋ္ဌသင်္ဂါယနာ တင်ရန်ကိစ္စနှင့် ပတ်သက်၍ လျှောက်ထားလေသည်။ ထိုဆွေးနွေးပွဲကြီးတွင် ဟင်္သာတမြို့ ဘုရားကြီးဆရာတော်အား ခေတ္တ သဘာပတိအဖြစ်ဖြင့်၎င်း မန္တလေးမြို့ ညောင်ရမ်း ဆရာတော်ဘုရားကြီးအား ခေတ္တ အကျိုးဆောင်အဖြစ်ဖြင့်၎င်း တင်မြှောက်တော်မူကြလေသည်။

ဆွေးနွေးပွဲကြီးတွင် ဆဋ္ဌသင်္ဂါယနာတင်ရန် အတွက် ဩဝါဒခံယူရာ၌ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုကြီးတရပ်လုံး၏ကိုယ်စား နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်က ဆရာတော် အရှင်သူမြတ်များအား အောက်ပါအတိုင်း လျှောက်ထားလေသည်။

### လျှောက်ထားချက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ကိုယ်စား တပည့်တော် ရိုသေစွာ ရှိခိုးလျှောက်ထားပါသည် ဆရာတော် အရှင်သူမြတ်များ ဘုရား။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ဆဋ္ဌသင်္ဂါယနာတင်ရန်ကိစ္စတွင် လူဒါယကာတို့ဘက်မှ ဆောင်ရွက်ဖွယ် ရှိသမျှကို မိမိ၏အကူအညီဖြင့် ဆောင်ရွက်ရန် ဗုဒ္ဓသာသနာအဖွဲ့သို့ တာဝန်လွှဲအပ်သည့်အတိုင်း ထိုကိစ္စနှင့် စပ်လျဉ်း၍ ဆရာတော်များ၏ ဩဝါဒကို ခံယူလိုသောကြောင့် ဗုဒ္ဓသာသနာအဖွဲ့က ပြည်ထောင်စု မြန်မာနိုင်ငံတော် တဝှန်းလုံးရှိ

(၁) အဂ္ဂမဟာပဏ္ဍိတဆရာတော်ဘုရားများ။

(၂) နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ဘုရားများနှင့်

(၃) နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်များအားလုံးကို ဤအစည်းအဝေးသို့ ပင့်ခဲ့ပါသည် ဘုရား။

ဆဋ္ဌသင်္ဂါယနာ၏ ရည်ရွယ်ချက် များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် ဘုရား။

(၁) ယခုအခါ ပိဋကတ်ပါဠိတော် အဋ္ဌကထာနှင့် ဋီကာကျမ်းစာအုပ်များ အလွန်ရှားပါး၍နေရာ ရှိသေးသော ကျမ်းစာအုပ်များမှာလည်း အချို့မူများမှာ စာပျက်များ ပါရှိနေပြီးအဖြတ်အတောက် အစီအစဉ် မသန့်ရှင်းရှိနေရာ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကျောက်စာတော်မူ သီဟိုဠ်မူ ယိုးဒယားမူ လန်ဒန်မူ စသော မူအမျိုး

မျိုးတို့နှင့်တိုက်ဆိုင်၍ ဆရာတော်များသုတ်သင်ပြီး သဘောတူ လက်ခံတော်မူကြသည့်အတိုင်း သင်္ဂါယနာတင်၍ သေသေသပ်သပ် ရှင်းရှင်းလင်းလင်း ပုံနှိပ်ပြီး အဖိုးချိုသာစွာဖြင့် ဖြန့်ချီရန်။

(၂) ယခုအခါ ပိဋကတ် ပါဠိတော် ကျမ်းစာအားလုံးကို မြန်မာဘာသာ ပြန်ဆိုပြီးမရှိသေးသည့်အပြင် အဂ္ဂမဟာပဏ္ဍိတ ဆရာမြို့၏ မြန်မာပြန် ကျမ်းစာအုပ်များသည်လည်း စာအုပ်ဆိုင်များတွင် ကုန်၍ နေပြီဖြစ်ရာ ပိဋကတ်ပါဠိတော်အားလုံးကို မြန်မာဘာသာ ပြန်ဆိုပြီး ဆရာတော်များထံ တင်ပြ၍ ဆရာတော်များ ပြင်ဆင်ဖြည့်စွက်ရန်ရှိလျှင် ပြင်ဆင်ဖြည့်စွက်၍ လက်ခံတော်မူကြသည့်အတိုင်း သင်္ဂါယနာတင်၍ သေသေသပ်သပ် ရှင်းရှင်းလင်းလင်းပုံနှိပ်ပြီး အဖိုးချိုသာစွာဖြင့် ဖြန့်ချီရန်။

(၃) သင်္ဂါယနာတင်သော ပိဋကတ်ပါဠိတော် အဋ္ဌကထာ ဋီကာမူများသည် အနောက်နိုင်ငံများအတွက် ရောမအက္ခရာနှင့် ပုံနှိပ်ရန်၊ အိန္ဒိယတိုင်းအတွက် ဒေဝနာဂရီ အက္ခရာနှင့်ပုံနှိပ်ရန် စသည်တို့အတွက် အခြေခံ မူများ ဖြစ်ကြစေရန်။

(၄) သင်္ဂါယနာတင်သော ပိဋကတ်ပါဠိတော် မြန်မာပြန်များသည် အင်္ဂလိပ်ဘာသာပြန် ဟင်ဒီဘာသာပြန် စသော ဘာသာပြန်များအတွက် အခြေခံ မူများ ဖြစ်ကြစေရန်။

(၅) သင်္ဂါယနာတင်ခြင်းသည် အခြား ထေရဝါဒနိုင်ငံများကလည်းပါဝင်ကူညီသောသင်္ဂါယနာတင်ခြင်း ဖြစ်စေရန်။

ဆဋ္ဌသင်္ဂါယနာအတွက် ခန့်မှန်း၍ထားသော ကာလအပိုင်းအခြားမှာ ပဋ္ဌကိစ္စအားလုံးကို အမြန်ဆုံး စတင်ဆောင်ရွက်ပြီးလျှင် ပဓာန ကိစ္စဖြစ်သော ဆဋ္ဌသင်္ဂါယနာတင်ခြင်းကို ၁၃၁၆-ခု ကဆုန်လပြည့်နေ့မှစတင်ပြီး ၁၃၁၈-ခု ကဆုန်လပြည့်နေ့တွင် ပြီးမြောက်စေရန်။

ပိဋကတ်ပါဠိတော် အဋ္ဌကထာနှင့်ဋီကာများကို သုတ်သင်ရန်ကိစ္စမှာဆရာတော်များနှင့် လုံးဝသက်ဆိုင်သော ကိစ္စဖြစ်ပါသည်။

သို့ရာတွင် ထိုကိစ္စမှာ ဆရာတော်များအတွက် လမ်းရှင်းနှင့်သော အနေဖြင့် အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း ကြီးမှူးသော ပိဋကတ် မြန်မာဘာသာပြန်ဆိုစီစဉ်ရေးအဖွဲ့ ဖွဲ့ကာ ရှိရင်းပိဋကတ် ပါဠိတော်မူများကို အယ်ဒီတာတို့၏ နည်းအတိုင်း တည်းဖြတ်နှင့်ခြင်းအားဖြင့် ဆရာတော်များအား ကူညီကြပါလိမ့်မည်။

ထိုအဖွဲ့သည် ပိဋကတ်ပါဠိတော်များကို မြန်မာဘာသာသို့ပင် ပြန်ဆိုရဦးမည် ဖြစ်သောကြောင့် အဋ္ဌကထာများနှင့် ဋီကာများအတွက်မှာမူ ထိုကဲ့သို့ တည်းဖြတ်သုတ်သင်နှင့်ခြင်းအားဖြင့်မကူညီနိုင်ကြပါဘုရား။

တပည့်တော်များ၏ ဆန္ဒမှာ အထက်တွင် လျှောက်ထားခဲ့သည့် အလုပ်ကိစ္စများနှင့် ရည်ရွယ်မှန်းထားချက်များ ၁၃၁၈-ခု ကဆုန်လပြည့်နေ့ အလုံးစုံ ပြီးမြောက်အောင်မြင်ဘို့သာ ဖြစ်ပါသည်၊ သို့ ပြီးမြောက်အောင်မြင်ဘို့ရာမှာလည်း ဆရာတော်များစီမံဆောင်ရွက်တော်မူကြမှသာလျှင် ပြီးမြောက်အောင်မြင်နိုင်ပါမည်၊တပည့်တော်များမှာ ဆရာတော်များ စီမံတော်မူကြသည့်အတိုင်း လိုက်နာ၍ ဆရာတော်များ အလိုရှိတော်မူကြသည့်အတိုင်း ကူညီဘို့ရန်သာ ဖြစ်ပါသည်ဘုရား။

သို့ပါ၍ ဆဋ္ဌသင်္ဂါယနာတင်ကိစ္စ အချိန်မှီ ပြီးမြောက်အောင်မြင်အောင်—

(၁) မည်သို့သော ရဟန်းတော်များကို ရွေးချယ်မည်။

(၂) မည်သို့ ရွေးချယ်မည်။

(၃) မည်သို့ သံဃာ့အဖွဲ့ကြီးကို ဖွဲ့စည်းမည်။

(၄) မည်သို့ သံဃာ့အဖွဲ့ငယ်များကို ဖွဲ့စည်းမည်။

(၅) မည်သို့ ကျမ်းစာအုပ်များနှင့် အလုပ်ကိစ္စများကို ခွဲဝေမည်။

(၆) မည်သို့ ကျမ်းစာအုပ်များကို သုတ်သင်မည်။

(၇) ခွဲဝေသုတ်သင်ပြီး ကျမ်းစာမူများကိုအားလုံး သုံးသပ်ဝေဘန်ရအောင် မည်သို့ စီမံမည်။

(၈) အားလုံး သုံးသပ်ဝေဘန်၍ လက်ခံပြီး ကျမ်းစာမူများကို မည်သို့ သင်္ဂါယနာတင်မည် စသော အချက်အလက်များမှာ ဆရာတော်များနှင့်သာလျှင် လုံးဝသက်ဆိုင်သော အချက်အလက်များ, ဆရာတော်များ၏ သဘောတော်အတိုင်းသာလျှင် ဆုံးဖြတ်စီမံရမည့် အချက်အလက်များဖြစ်ပါသည်ဘုရား။ ၎င်းတို့ကို ဆရာတော်များ၏ သဘောတော်အတိုင်းသာလျှင် ဆုံးဖြတ်စီမံတော်မူကြပါဘုရား။

ယခု ဤစာနှင့်အတူ တပည့်တော်များ ဆက်ကပ်သော စာတမ်းများမှာ ၁၃၁၃-ခုနှစ်တော်သလင်း လဆန်း ၁၃-ရက် ၁၉၅၁-ခု စက်တင်ဘာလ ၁၃-ရက်နေ့ နိုင်ငံတော်ဝန်ကြီးချုပ်၏ နေအိမ်တွင် ကျင်းပသော ဗုဒ္ဓသာသနာအမှုဆောင်အဖွဲ့နှင့် ပိဋကတ်မြန်မာပြန် စီစဉ်ရေးအဖွဲ့ နှစ်ဖွဲ့ပေါင်း၏ အစည်းအဝေး မှတ်တမ်းမျှသာ ဖြစ်ပါသည်ဘုရား။ ထိုစာတမ်းတွင် ပါရှိသော ဆုံးဖြတ်ချက်များနှင့် အကြံဉာဏ်များသည် လူဒါယကာများ ဉာဏ်မှီသမျှ အကြမ်းယာယီ သဘောအားဖြင့်သာလျှင် လက်ခံထားသော ဆုံးဖြတ်ချက်နှင့် အကြံဉာဏ်များ ဖြစ်ပါသည်ဘုရား။

ထိုစာတမ်းတွင် ပါရှိသော အကြံဉာဏ်များကို ဆရာတော်ဘုရားများ သဘောတော်အတိုင်း ပြင်ဆင် ဖြည့်စွက်လိုက ပြင်ဆင်ဖြည့်စွက်တော်မူနိုင်ပါသည်။ အချုပ်အားဖြင့် လျှောက်ထားရသော ဆဋ္ဌသင်္ဂါယနာတင်အတွက် အစီအစဉ်မှာ ဆရာတော်များ စီစဉ်သည့်အတိုင်းသာလျှင် ဖြစ်ရပါစေမည် ဘုရား။

အထက်ပါ လျှောက်ထားချက် အတိုင်း ကြွရောက် ချီးမြှောက်တော်မူကြသော ဆရာတော် သံဃာတော် အရှင်သူမြတ်များမှာလည်း အပြန်ပြန် အလှန်လှန် ဆွေးနွေးသုံးသပ်၍ အားလုံး သဘောတူ ဆဋ္ဌသင်္ဂါယနာတင်ရန် တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြလေသည်။

## နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ တည်ရာဌာနရုံးကို သာသနာ့ရိပ်သာသို့ ပြောင်းရွှေ့ခြင်း

၁၃၁၄-ခု နယုန်လဆန်း ၄-ရက် (၂၇-၅-၅၂) အင်္ဂါနေ့ နံနက် ၈-နာရီအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ နေအိမ်၌ ကျင်းပသော နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အထူးအမှုဆောင် အစည်းအဝေးမှ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ရုံးကို မူလအတွင်းဝန်ရုံးတွင် ထားရှိရာမှ ရန်ကုန်မြို့ ကုက္ကိုင်းသာသနာ့ရိပ်သာတွင် တည်ဆောက်ထားရှိသော ဘာသာပေါင်းစုံ ပိဋကတ်တိုက် အဆောက်အဦကြီးသို့ ၁-၆-၅၂ နေ့မှ အစပြု၍ ပြောင်းရွှေ့ရန်ဟူသော ဆုံးဖြတ်ချက်တခုကို ချမှတ်ခဲ့လေသည်။ ထိုအစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့် ပိဋကတ်မြန်မာပြန်ဌာန အယ်ဒီတာချုပ် အဂ္ဂမဟာပဏ္ဍိတ ဆရာလင်းတို့လည်း တက်ရောက်ဆွေးနွေးကြလေသည်။

## ဆဋ္ဌသင်္ဂါယနာတင်အဆောက်အဦ စီစဉ်ရေးအဖွဲ့

အထက် ဖော်ပြပါ ဆဋ္ဌသင်္ဂါယနာတင် ကိစ္စပေါ်လာပြီးနောက် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့

မှ ဆဋ္ဌသင်္ဂါယနာတင်စီစဉ်ရေးအဖွဲ့ငယ်တခု ဖွဲ့စည်းခဲ့ပါသည်။ ထိုအဖွဲ့ငယ်တွင် (၁) သတိုးသီရိသုဓမ္မ ဆာဦးသွင်။ (၂) သတိုးသီရိသုဓမ္မ ဦးသိမ်းမောင်။ (၃) သာသနာရေးဝန်ကြီး ဦးဝင်း။ (၄) စည်သူ ဦးစံသိမ်း။ (၅) သတိုးမဟာသရေစည်သူ ဦးချန်ထွန်း။ (၆) စည်သူ ဦးဘခင်။ (၇) မဟာသီရိသုဓမ္မ ဟသ်ာတ ဦးမြ။ (၈) ဘဏ္ဍာရေးဝန်ကြီး ဦးတင်။ (၉) စက်မှုလက်မှုဝန်ကြီး ဦးကျော်ငြိမ်း။ (၁၀) လယ်ယာမြေ ပြည်သူပိုင် ပြုလုပ်ရေး ဝန်ကြီး သခင်တင်။ (၁၁) သတ္တုတွင်းဌာန ဝန်ကြီး ဦးကျော်မြင့်ကလေး။ (၁၂) ပြန်ကြားရေးဝန်ကြီး ဦးထွန်းဝင်း (၁၃) ကာကွယ်ရေး ဝန်ကြီး ဦးဘဆွေ။ (၁၄) ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်လေးနှင့် (၁၅) ပြန်လည်ထူထောင်ရေးနှင့် ပြည်သူ့လုပ်ငန်းဌာန ဝန်ကြီး ဗိုလ်မင်းခေါင်တို့ ပါဝင်ခဲ့လေသည်။ ထိုအဖွဲ့တွင် အစီအစဉ် ၂-ပိုင်း ပိုင်းခြား၍ ဆဋ္ဌသင်္ဂါယနာတင် စီစဉ်ရေးအဖွဲ့ခွဲနှင့် အဆောက်အဦအဖွဲ့ခွဲဟု နှစ်ပိုင်း ပိုင်းခြား ဆောင်ရွက်ကြလေသည်။

၁၃၁၄-ခု ကဆုန်လဆုတ် ၉-ရက် ၁၇-၅-၅၂ စနေနေ့ နံနက် ၈-နာရီ အချိန်တွင် ကျင်းပသော ဆဋ္ဌသင်္ဂါယနာတင် စီစဉ်ရေး အဖွဲ့၏ ၅-ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက် အပိုဒ် ၅-တွင် ဆဋ္ဌသင်္ဂါယနာတင်ရမည့်နေရာ ရေကူး သီရိမင်္ဂလာကုန်းမြေ ကမ္ဘာအေးစေတီပတ်ဝန်းကျင်ရှိ မြေကွက်၌ ရှေးဦးစွာ အောက်ပါ အဆောက်အဦ ၉-ခုကို ဆောက်လုပ်ရန်။ (၁) သံဂါယနာတင် အဆောက်အဦ သံဃာတော်အပါး (၂၅၀၀-မှ ၃၀၀၀)ခန့် ဆန့်ရမည်။ (၂) ဆရာတော်များ သီတင်းသုံးရန်ကျောင်းဆောင်များ(အပါး ၄၀၀-ခန့်ဆန့်ရမည်)။ (၃) ဆွမ်းစားကျောင်း(ကပ္ပိယဒါယကာ အဆောင်များ)။ (၄) ပိဋကတ်တော် မြန်မာပြန် ရုံးနှင့် ရုံးသားများ နေထိုင်ရန် အိမ်များ။ (၅) ဗုဒ္ဓသာသနာအဖွဲ့ရုံး။ (၆) ပိဋကတ်တိုက်။ (၇) စာပုံနှိပ်တိုက်။ (၈) ဆေးပေးရုံ။ (၉) ရေစည်တင်ရန် စင်မြင့်တို့ကို တည်ဆောက်ရန် ဆုံးဖြတ်ကြလေသည်။ ထိုအစည်းအဝေးတွင်ပင် အစည်းအဝေး အစီအစဉ် အမှတ် ၆-တွင် အထက်ပါ အဆောက်အဦများ ဆောက်လုပ်ရန် နေရာ အတည်တကျကို အင်ဂျင်နီယာ ဦးကျော်စိန် ရေးဆွဲတင်ပြသည့် မြေပုံ အမှတ် ၃-အရ လက်ခံကြပြီးလျှင် အဆောက်အဦများ၏ ပုံစံအသီးသီးကိုမူ အင်ဂျင်နီယာ ဦးကျော်စိန် ထပ်မံရေးဆွဲ၍ တင်ပြသည့်အခါမှ ဆက်လက် စဉ်းစားရန်ဟု ဆုံးဖြတ်ခဲ့လေသည်။

သို့ ကမ္ဘာအေးကုန်းမြေတွင် ဆဋ္ဌသင်္ဂါယနာတင်ရန် အထက်ဖော်ပြပါ အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ကြသည့်အလျောက် ထိုသင်္ဂါယနာတင်မြေများရရှိရေးမှာလည်း ဆောင်ရွက်ရန် တာဝန်ရှိခဲ့ပေသည်။ သို့နည်းလျှင်လျှင် သာသနာ့မြေအဖြစ် သိမ်းဆည်းရန်မှာ သာသနာရေးဌာန၏ တာဝန်ဝတ္တရားများ ဖြစ်သောကြောင့် သာသနာရေး ဝန်ကြီး ဦးဝင်းသည် ထိုစဉ်အခါက နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပိသုကာ အင်ဂျင်နီယာဖြစ်သူ ဦးအုန်းကိုင်အပြင် ဤသမိုင်းရေးသူနှင့် ညှိနှိုင်းတိုင်ပင်၍ လိုအပ်သော မြေဧက ၁၀၀ ကျော်ကို ဆဋ္ဌသင်္ဂါယနာ တင်နိုင်ရန်နှင့် ကမ္ဘာ့ဗုဒ္ဓသာသနာတော်မြတ် ထွန်းပြောင်ရန် သာသနာ့မြေ ဧကေန်စင်စစ် ဖြစ်သည့်အားလျော်စွာ ပုဂ္ဂလိကမြေများကို အဖိုးအခပေး၍ သက်ဆိုင်ရာ အာဏာပိုင်များအား သိမ်းယူစေခဲ့ပြီး သာသနာ့မြေအဖြစ် သွတ်သွင်း သိမ်းဆည်းခဲ့လေသည်။

**ဆဋ္ဌသင်္ဂါယနာတင်အဆောက်အဦကြီး ဆောက်လုပ်ရန် ပုံစံရေးဆွဲတင်ပြခြင်း**

၁၃၁၄-ခု တန်ဆောင်မုန်း လဆုတ် ၇-ရက် ၈-၁-၅၂- စနေနေ့ နံနက် ၈-နာရီ အချိန်တွင်

ကုက္ကိုင်း သာသနာ့ရိပ်သာရှိ ဗုဒ္ဓသာသနာအဖွဲ့ တည်ရာဌာနတွင် ဆဋ္ဌသင်္ဂါယနာတင် စီစဉ်ရေး အဖွဲ့ငယ်၏ ၁၈-ကြိမ်မြောက် အစည်းအဝေး၌ (၁) သတိုးသီရိသုဓမ္မ ဆာဦးသွင် ဥက္ကဋ္ဌ။ (၂) သတိုးသီရိသုဓမ္မ ဦးသိမ်းမောင်။ (၃) စည်သူ ဦးစံညွန့်။ (၄) အင်ဂျင်နီယာ ဦးတင်။ (၅) ပိသုကာ ဦးအုန်းကြိုင်။ (၆) သတိုးမဟာ သရေ စည်သူ ဦးချန်ထွန်း (အကျိုးဆောင် စာချီ ၁) တို့ ပါဝင်သော အစည်းအဝေးမှ အောက်ပါအတိုင်း ဆွေးနွေး သဘောတူညီကြလေသည်။

## ဆွေးနွေးသဘောတူညီချက်များမှ ကောက်နုတ်ချက်

၁။ ဆဋ္ဌသင်္ဂါယနာတင် ခန်းမကြီး ဆောက်လုပ်ရန်အတွက် တင်ဒါခေါ်ယူပြီး ပုံစံရေးဆွဲတင်ပြရန် ဦးတင် အင်ဂျင်နီယာအား တာဝန်လွှဲအပ်ထားချက်အရ အင်ဂျင်နီယာ ဦးတင် တင်ပြသော ပုံကို ကြည့်ရှုစစ်ဆေးကြပြီးလျှင် ထိုပုံစံမှာ တင်ဒါခေါ်နိုင်အောင် ပြီးစီးခြင်း မရှိသေးကြောင်း (၁၅-၁၁-၅၂) နေ့တွင် ကျင်းပမည့် ဆဋ္ဌသင်္ဂါယနာတင် စီစဉ်ရေးအဖွဲ့ငယ် အစည်းအဝေးတွင် အပြီးအစီး ရေးဆွဲတင်ပြရန်အတွက် အင်ဂျင်နီယာ ဦးတင်အား ပြန်လည်လွှဲအပ်ကြသည်။

## သင်္ဂါယနာတင် မူလခေတ်မှီ အဆောက်အဦကြီးအတွက် တင်ဒါခေါ်ယူရန် ဆုံးဖြတ်ခြင်း

၁၃၁၄-ခုနှစ်တော်လဆန်း ၈-ရက်၊ ၂၄-၁၁-၅၂ တနင်္လာနေ့ နံနက် ၈-နာရီ အချိန်တွင် ဗုဒ္ဓသာသနာအဖွဲ့ တည်ရာဖြစ်သော ရန်ကုန်မြို့ ကုက္ကိုင်းလမ်း သာသနာ့ရိပ်သာ တည်ရှိရာဌာနတွင် ဆဋ္ဌသင်္ဂါယနာ စီစဉ်ရေးအဖွဲ့ငယ်၏ ၂၀ ကြိမ်မြောက် အစည်းအဝေးတရပ်ကို ကျင်းပရာ သတိုးသီရိသုဓမ္မ ဆာဦးသွင်၊ ချုပ်သင်း ဦးဘတင်၊ အင်ဂျင်နီယာ ဦးအုန်းကြိုင်၊ အင်ဂျင်နီယာ ဦးတင်နှင့် အကျိုးဆောင်စာချီ သတိုးမဟာသရေစည်သူ ဦးချန်ထွန်းတို့ တက်ရောက်ကြလေသည်။ ထိုအစည်းအဝေးမှ ဆွေးနွေး သဘောတူညီချက်များမှာ အင်ဂျင်နီယာ ဦးတင် တင်ပြသော ဆဋ္ဌသင်္ဂါယနာတင်ရန် ပုံစံများနှင့် ကုန်ကျမည့် ခန့်မှန်းခြေငွေဇယားကို အသေးစိတ် စစ်ဆေးကြည့်ရှုကြပြီးလျှင် ဆောက်လုပ်ရန်အတွက် တင်ဒါခေါ်ရန် အင်္ဂလိပ်သတင်းစာများ နေးရှင်း၊ နယူးတိုင်းနှင့် ဘားမင်းသတင်းစာအပြင် မြန်မာသတင်းစာများဖြစ်သော မြန်မာ့အလင်း၊ ဟံသာဝတီ၊ တိုးတက်ရေးသတင်းစာများမှ ၁၉၅၂-ခု နိုဝင်ဘာလ ၂၆-ရက်နေ့မှ ၁၉၅၂-ခု ဒီဇင်ဘာလ ၁၂-ရက်နေ့အထိ တင်ဒါပေးသွင်းနိုင်ကြောင်း ကြော်ငြာရန် အများသဘောတူကြသည်။ ထိုပေးသွင်းသော တင်ဒါကို ဆုံးဖြတ်ရန်အတွက် ၁၉၅၂-ခု ဒီဇင်ဘာလ ၁၃-ရက်နေ့တွင် အစည်းအဝေး ထပ်မံခေါ်ယူရန်ကိုလည်း သဘောတူကြသည်။

## ဆဋ္ဌသင်္ဂါယနာတင်ရန် ဆောင်ရွက်ကြပုံ

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးကို အထက်ဖော်ပြပါအတိုင်း နိုင်ငံတော် ဗုဒ္ဓသာသနာ့ အက်ဥပဒေတခုကို နိုင်ငံတော် အစိုးရတို့က ပါလီမန်လွှတ်တော်တွင် ပြဋ္ဌာန်းအတည်ပြုပြီးနောက် ထိုအဖွဲ့ကြီး၏ ရည်ရွယ်ချက်အတိုင်း နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကို နိုင်ငံတော်အတွင်းရှိ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ အပေါင်းတို့၏ ဒီမိုကရေစီ အများဆန္ဒအရ ရွေးကောက်တင်မြှောက် ဖွဲ့စည်းခဲ့လေသည်။ ထိုအဖွဲ့ကြီး၏ လုပ်ငန်းဆောင်တာများအနက် အဆောက်အဦ အဖွဲ့ခွဲတခုကိုလည်း ဖွဲ့စည်းပေးအပ်ခဲ့ပါသည်။ ထိုအဆောက်အဦအဖွဲ့ခွဲတွင် သမိုင်းရေးသူလည်း နောင်တွင် အပါအဝင် ဖြစ်ခဲ့သည်။

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ ရည်မှန်းချက်အရ အဆောက်အဦများ ဆောက်လုပ်ရန်အတွက် ပုံစံရေးဆွဲခြင်း ကြီးကြပ်ခြင်း စသည့် လုပ်ငန်းများအတွက် တာဝန်ခံ ဆောင်ရွက်ရန် ပိသုကာတဦး လိုအပ်သည့်အလျောက် ရေဝန်ရုံး ပိသုကာကြီးဖြစ်သူ ဦးအုန်းကြိုင်အား နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ ပိသုကာအဖြစ် ခေါ် ယူခန့်ထားခဲ့စေပြီး နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ လိုအပ်သော အဆောက်အဦများကို ကြီးကြပ်ရေးဆွဲစေခဲ့ပါသည်။ ထိုနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ တည်ဆောက်ရမည့် အဆောက်အဦများမှာ အချိန်ကာလတိုတောင်း၍ များပြားလှရကား ဆဋ္ဌသင်္ဂါယနာတင် အဆောက်အဦကြီးတခု တည်ဆောက်ရေးကို အဖွဲ့ပိသုကာ ဦးအုန်းကြိုင်အား တာဝန်ပေးအပ်ခဲ့လျှင် အလုပ်ပိုမိုများပြားသဖြင့် မနိုင်မနင်းဖြစ်မည်ကို စိုးရိမ်သောကြောင့် အင်ဂျင်နီယာ ပိသုကာကြီးတဦးဖြစ်သူ စည်သူ ဦးတင်အား ထိုဆဋ္ဌသင်္ဂါယနာ အဆောက်အဦကြီး၏ ပုံစံရေးဆွဲရန် တာဝန်လွှဲအပ်ကြပါသည်။

အင်ဂျင်နီယာ ပိသုကာကြီးဖြစ်သူ ဦးတင်မှာလည်း ထိုဆဋ္ဌသင်္ဂါယနာတင်ရန် အဆောက်အဦကြီးတခု ဖြစ်မြောက်ရေး တကယ်ထက်သန်လှသည့်စေတနာဖြင့် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ အကောင်းဆုံး ခေတ်မီအဆောက်အဦကြီး ပုံစံတခုကို ရေးဆွဲတင်ပြရာ၌ ဤသမိုင်းရေးသူ အပါအဝင် ထိုစဉ်အခါက အဆောက်အဦအဖွဲ့မှ နှစ်ခြိုက်ကြေနပ်စွာဖြင့် ပိသုကာ အင်ဂျင်နီယာကြီး စည်သူ ဦးတင် တင်ပြသော ပုံစံကို လက်ခံခဲ့ကြပြီး အုတ်မြစ်ချရန်အတွက် ဈေးနှုန်း တင်ဒါခေါ် ယူ၍ အုတ်မြစ်ချလုပ်ငန်းကို တင်ဒါစံနစ်ဖြင့် ပေးအပ်ရန် စီစဉ်ခဲ့ပြီး ဖြစ်ပါသည်။

ထိုစဉ်အခါ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ စိတ်တွင် အကြံဖြစ်သည်မှာ ဆဋ္ဌသင်္ဂါယနာတင် အဆောက်အဦကြီးသည် ဤမျှ ကောင်းမွန်သော ကမ္ဘာ့ခေတ်မီ ပုံစံဖြင့် တည်ဆောက်မည့် အဆောက်အဦအစား ပဥ္စမသင်္ဂါယနာတင် စရည်းပင် ပေါက်ရောက်ရာ လိုဏ်ဂူကဲ့သို့ သင်္ဂါယနာသမိုင်းတွင် မော်ကွန်းတင်လျက် သာသနာ ငါးထောင်ပတ်လုံး ခိုင်ခံ့တည်မြဲကာ ကမ္ဘာတွင် အထိမ်းအမှတ်တခုအနေဖြင့် ကျန်ရစ်မည့် လိုက်ဂူကြီးအသွင်ဖြင့် ထူးချွန်သော အဆောက်အဦကြီး တခု တည်ဆောက်လျှင် ပိုမိုကောင်းမွန်လိမ့်မည်ဟု အကြံ ဖြစ်လေသည်။

ထိုသို့ အကြံဖြစ်ပြီးနောက်(ထန်းသီးကျွေခိုက် ကျီးနင်းခိုက် ဆိုသလို) ၁၉၅၂-ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အိန္ဒိယနိုင်ငံတော် ဝန်ကြီးချုပ် ရှရီနေရူး၏ ဖိတ်ကြားချက်အရ စံချီစေတီ ပြီးမြောက်အောင်မြင်ပွဲ အထိမ်းအမှတ်သို့ တက်ရောက်ရန် မြန်မာနိုင်ငံတော်မှ အိန္ဒိယနိုင်ငံတော်သို့ သွားခါနီးတွင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ အကျိုးဆောင်စာချီ ၁-ဖြစ်သော ယခင် နိုင်ငံတော်ရှေ့နေချုပ်ကြီး ယခု နိုင်ငံတော်တရားဝန်ကြီး သတိုးမဟာသရေစည်သူ ဦးချန်ထွန်းအား ဤဆဋ္ဌသင်္ဂါယနာတင် အဆောက်အဦပုံစံနှင့် တည်ဆောက်ရေးကို အိန္ဒိယပြည်မှ ပြန်လာသည်အထိ ဆိုင်းငံ့ထားပါရန် ညွှန်ကြားခဲ့လေသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် အိန္ဒိယပြည်သို့ သွားရောက်၍ ဗုဒ္ဓကိစ္စတို့ကို မည်မျှပင် ဆောင်ရွက်လင့်ကစား ဤဆဋ္ဌသင်္ဂါယနာတင် ကိစ္စအတွက် တည်ဆောက်ရမည့် အဆောက်အဦကိစ္စကို စိတ်ပါဝင်စားစွာ အချိန်အခါမလပ် သတိရလျက် ရှိနေပေသည်။ သို့ဖြစ်ရကား အိန္ဒိယပြည်မှ မြန်မာပြည်သို့မပြန်မီ တနေ့သော အချိန်တွင် ဗုဒ္ဓဂါယာ မဟာဗောဓိပင်ရင်း ဆိတ်ငြိမ်ရာ အရပ်၌ တယောက်ထည်းနေထိုင်ကာ ဘုရားဂုဏ်

ကို အာချုံပြုလျက် ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်ကျင်းပရာ အဆောက်အဦပုံသဏ္ဍာန် ဖြစ်ပေါ်စေရန် အဓိဋ္ဌာန် ပြုခဲ့ပါသည်။ ထိုအခါ သာသနာတော်စောင့် နတ်မင်းများ ညွှန်ပြသည့်အလား ယခု တွေ့မြင်ကြရသည့် ကျောက်လိုဏ်ဂူတော်ကြီးပုံသဏ္ဍာန်သည် မျက်စိဖြင့်မြင်ရသကဲ့သို့ စိတ်အစဉ်၌ ထင်ထင်ရှားရှား ပေါ်ပေါက်လာလေသည်၊ ထိုနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အိန္ဒိယပြည်မှ မြန်မာပြည်သို့ ပြန်လည်ရောက်သောအခါ မရပ်မဆိုင်းပင် အင်ဂျင်နီယာ ပိသုကာများဖြစ်ကြသော စည်သူ ဦးတင်နှင့် ဦးအုန်းကြိုင်တို့အား နေအိမ်သို့ ခေါ်ယူ၍ မိမိအဓိဋ္ဌာန်ပြုရာဝယ် စိတ်အစဉ်တွင် ထင်ထင်ရှားရှား ပေါ်ပေါက်လာသည့် ကျောက်လိုဏ်ဂူကြီး ပုံသဏ္ဍာန်ကိုပြောပြ၍ ထိုပုံသဏ္ဍာန်မှာ ခေတ်မှီပုံစံထက် ခမ်းနားကြီးကျယ်၍ ခိုင်ခံ့သည်။ သို့အတွက် ထိုပုံသဏ္ဍာန်တခု ဖြစ်မြောက်ရေးကို မျှော်မှန်း၍ အကြမ်းနမူနာပုံစံတခု လုပ်ကိုင်ပြသရန် ညွှန်ကြားဆောင်ရွက်စေခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ် အိန္ဒိယမှ ရောက်လာပြီး နောက်တနေ့တွင် ယခု သမိုင်းရေးသားသူအားလည်း နံနက် ၇-နာရီအချိန်တွင် အိမ်သို့ခေါ်၍ ၎င်း၏ အာသီသအရ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကျင်းပရန်ဌာန အဆောက်အဦကြီးတခု တည်ဆောက်ရေးအတွက် မိမိအဓိဋ္ဌာန်ဖြင့် ပေါ်ပေါက်လာသည့် ကျောက်လိုဏ်ဂူတော်ပုံသဏ္ဍာန်ကို ပြောပြကာ ထိုကျောက်လိုဏ်ဂူ နမူနာပုံစံကို ရွှံ့စေးဖြင့်ဖြစ်စေ, အခြားပစ္စည်းဖြင့်ဖြစ်စေ ၄-၅-၆-ခု စီမံဖန်တီးပြသရန် ညွှန်ကြားခဲ့ပါသည်။ သို့ညွှန်ကြားချက်အရ ကျောက်လိုဏ်ဂူတော်ပုံစံတခုကို အဘယ်ပုံစံကိုနည်းမှီး၍ အဘယ်ကဲ့သို့ ဖန်တီးပြသရမည်ဟူသော ပြဿနာကြီးမှာ ဤသမိုင်းရေးသူအတွက် အကြီးဆုံးသော အခက်အခဲ ပြဿနာကြီးတရပ်ဖြစ်၍ ထိုပြဿနာကြီးနှင့် ရင်ဆိုင် တွေ့ရှိရပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ညွှန်ပြရာတွင် ပုံစံ ၄-၅-၆-ခု ရွှံ့ဖြင့် ပြုလုပ်ပြသရန် ညွှန်ကြားခဲ့သော်လည်း ထိုအချိန်က သမိုင်းရေးသားသူသည် မည်သို့မည်ပုံ ဖန်တီးရမည်ကို အတိအကျ ညွှန်ကြားချက် မရှိသောကြောင့် အတော်ပင် စိတ်ပင်ပန်းခဲ့လေသည်။ ရှေးအခါက ဤပုံစံမျိုးကို စိတ်ဝင်စားခြင်းလည်း မရှိခဲ့ပေ။ သို့ စိတ်ဝင်စားခြင်း မရှိသော်လည်း နိုင်ငံတော် ဝန်ကြီးချုပ် ညွှန်ကြားပြီး နောက်တနေ့တွင် ညွှန်ကြားစေခိုင်းသော နမူနာပုံစံ မည်မျှ ပြီးစီးကြောင်း စကားပြောကြေးနန်းကြိုးဖြင့် မေးရာ သမိုင်းရေးသားသူက ယနေ့ပင် စတင်ဆောင်ရွက်မည် ဖြစ်ကြောင်း ပြန်ကြားလိုက်ပြီးနောက် တပည့်တဦးဖြစ်သူ မောင်ဘကျင်အား အောက်ခံ ထင်းရှူးသေတ္တာအပေါ်မှာ ပျဉ်ပြားအမာခံခုံတခု ပြုလုပ်စေပြီး ရွှံ့စေးရှာဖွေရန်နှင့် ဤသမိုင်းပြုစုသူ ငယ်စဉ် အင်ဂျင်နီယာဘဝက ပုံတူများ နမူနာလုပ်ရာတွင် အသုံးပြုခဲ့ဘူးသည့် လက်နက်ကိရိယာများ ရှာဖွေစုဆောင်းစေပြီး ၎င်းနေ့ ၁၀-နာရီ အချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်အလိုရှိသည့် ကျောက်လိုဏ်ဂူ နမူနာပုံစံတခုကို ရွှံ့စေးဖြင့် စတင်လုပ်ကိုင်ခဲ့ပါသည်။ ထိုအချိန် မူလ စတင် နမူနာလုပ်စဉ်က စိတ်ပါဝင်စားမှု မရှိခဲ့ သော်လည်း သာသနာတော်စောင့် နတ်များ ညွှန်ကြား နှိုးဆော်သည့်အလား ရွှံ့စေးကို ကိုင်၍ ကျောက်လိုဏ်ဂူတော်ပုံစံ စတင်လုပ်ကိုင်ချိန်တွင် စိတ်များစွာ ဝင်စားလာခဲ့၍ လက်နက်ကိရိယာပစ္စည်းများကိုင်တွယ်စဉ်တွင် သမိုင်းရေးသားသူသည် နှစ်ပေါင်းများစွာ ထိုနမူနာပုံစံလုပ်ကိုင်ခြင်းများနှင့် လက်ဝေးသွားသော်လည်း ထိုအချိန်၌ စိတ်ဝင်စားစွာဖြင့် လက်နက်ကိရိယာများကို စနစ်တကျကိုင်တွယ်၍ အချိန်အနည်းငယ်အတွင်းတွင်ပင် ထိုကျောက်လိုဏ်ဂူတော်၏ နမူနာပုံစံ

ကြမ်းတခုကို ပြီးစီးအောင် ဖန်တီးနိုင်ခဲ့ပေသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က ရှုံ့ပုံစံ ၄-၅-၆-ခု ပြုလုပ်၍ ၎င်းအားပြသရန် အမိန့်ရှိသော်လည်း ထိုပုံစံတခုမျှ အထက်ဖော်ပြသည့်အတိုင်း စနေနေ့နံနက် ၁၀-နာရီသာသာခန့်မှ အစပြု၍ ပြုလုပ်ခဲ့ရာ ရှိုး ဆင်းချိန် ၁၂-နာရီမတိုင်မီပင် ပြီးစီးသွားပြီးနောက် အခြားပုံများကို ဆက်လက်လုပ်ကိုင်ရန် စိတ်မပါတော့ကြောင်း ထင်ရှားစွာ တွေ့ရှိရပါသည်။ သမိုင်းရေးသားသူ သေချာစွာ မှတ်မိသည့်ကိစ္စတရပ်မှာ ဤပုံစံနမူနာပြုလုပ်ပြီးနောက် နမူနာပုံစံများ ဆက်လက်မလုပ်လိုသဖြင့် နေ့လယ် ၁၂-နာရီခွဲ အချိန်တွင် နေအိမ်သို့ ပြန်လာခဲ့ပါသည်။

ထိုနောက် ညနေ ၅-နာရီ အချိန်ခန့်တွင် နိုင်ငံတော် ဝန်ကြီးချုပ်အိမ်မှ ဝန်ကြီးချုပ်၏ အပါးတော်မြဲ အတွင်းဝန် မခင်စုထံမှ ဦးလှကျော်၊ ဦးစံသိမ်းနှင့် ဗမာ့ခေတ် ဦးအုန်းခင်တို့ နက်ဖန် နံနက် ၇-နာရီ အချိန် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် လာရောက်တွေ့ဆုံရမည်ဟု အမိန့်တရပ် ရရှိပါသည်။ သို့အမိန့်ရှိသည့်အလျောက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား အကြောင်းကြားပြီး နောက်တနေ့ (တနင်္ဂနွေနေ့) နံနက် ၇-နာရီခွဲအချိန် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် သွားရောက် တွေ့ဆုံကြပါသည်။ ထိုအချိန်၌ သာသနာရေးနှင့် ပတ်သက်သည့် အခြားကိစ္စများ ဆွေးနွေးစဉ် နိုင်ငံတော်ဝန်ကြီးချုပ်က ဦးလှကျော် ခင်ဗျားကို ပြောထားတဲ့ ကျောက်လိုဏ်ဂူ နမူနာပုံစံများ ပြီးပြီလားဟု ကျွန်တော့်အားအမှတ်မထင်ရုတ်တရက်မေးမြန်းပါသည်။ ထိုအခါ ကျွန်တော်က ဝန်ကြီးချုပ်အလိုရှိသောပုံစံများတော့ မပြီးသေးပါ၊ ပုံစံတခုတော့ မနေ့က ကျွန်တော်လုပ်ကိုင်ထားပါသည်၊ အဲဒီလို ကျွန်တော် လုပ်ကိုင်ထားတဲ့ ပုံစံကို ကြည့်ပြီးမှ လိုလျှင်ပြင်ပါ၊ ပြင်ဆင်သည့်ပုံစံကို ကျွန်တော် ထပ်မံ ပြုလုပ်ပေးပါမည်ဟု ပြောပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က ဒါဖြင့် ခင်ဗျားလုပ်ထားတဲ့ ပုံစံတခုကို သွားရောက် ယူခိုင်းပါလို့ စေခိုင်းသည့်အတိုင်း ကျွန်တော်၏ ကားမောင်းသူအား ကျွန်တော်ပြုလုပ်ထားသော ရှုံ့နမူနာပုံစံကို သွားရောက် ယူစေခဲ့ပါသည်။ ထိုပုံစံ ယူလာသဖြင့် မော်တော်ကားမှ ပုံစံကို ထုတ်ပြလျှင်ပြခြင်း နိုင်ငံတော် ဝန်ကြီးချုပ်က ကျွန်တော် စိတ်ကူးထဲမှာ ပေါ်တဲ့ပုံစံဟာ ဒီပုံနဲ့တူတယ်၊ အဲဒီ ပုံစံကို အကောင်အထည်ဖော်နိုင်ရန် ၁၅-ရက်အတွင်း သစ်သားပုံစံနှင့်တကွ ကုန်ကျမည့် ငွေစာရင်း စသည်တို့ကို တင်ပြပေးရန် တာဝန်လွှဲအပ်လိုက်ပါသည်။

ရှုံ့ဂူပုံစံမှ တကယ် အကောင်အထည်ဖော်ရန် ကိစ္စမှာ လွယ်ကူသောကိစ္စမဟုတ်၊ သို့သော်လည်း နိုင်ငံတော်ဝန်ကြီးချုပ်၏ ဗုဒ္ဓသာသနာထွန်းကားပေါ်ပေါက်ခြင်း စိတ်ဓာတ်ဖြစ်ပေါ်ပုံ၊ ဗုဒ္ဓသာသနာတော်မြတ်အား တိုးတက်ချီးမြှင့် ထောက်ပံ့လိုပုံ၊ တကဲ့သာသနာရေးဘက်တွင် စိတ်ကောင်းစေတနာရှိပုံတွေကို အထောက်အထားပြု၍ ဤသိန်းပေါင်းများစွာ ကုန်ကျမည့် ကျောက်လိုဏ်ဂူကြီးတခု တည်ဆောက်ဖန်တီးရေးမှာ ရှုံ့ဘဝမှ တကဲ့အဖြစ်အပျက်သို့ ပြောင်းလဲဖန်တီးပေးရန် လွယ်ကူသည့်ကိစ္စမဟုတ်ဘဲ ၁၅-ရက်အချိန်ကာလကလေးအတွင်း သစ်သားနမူနာပုံစံနှင့်တကွ ကုန်ကျမည့် တန်ဘိုးငွေ စသည်တို့ကို အကြမ်းဖျဉ်းလုပ်ကိုင်တွက်ချက် ပေးရမည့် တာဝန်မှာလည်း သေးငယ်သောကိစ္စ မဟုတ်သော်လည်း နိုင်ငံတော်ဝန်ကြီးချုပ်၏ စေတနာအလျောက် ဗုဒ္ဓသာသနာတော်မြတ်ကြီး၏ ထွန်းကားရာ ထွန်းကားကြောင်းကိုမျှော်ကိုး၍ မည်သူမျှ အာမခံနိုင်ရန်ခဲယဉ်းလှသော ဤပုံစံရေးဆွဲခြင်း နမူနာပုံစံ ပြုလုပ်ခြင်း ငွေကြေးတွက်ချက် ခန့်မှန်းခြေစာရင်းပေးခြင်း စသည့်ကိစ္စများကို ဤသမိုင်းရေးသူက တာဝန်ယူ၍ ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့လေသည်။

ထိုနေ့နံနက်က ဝန်ကြီးချုပ် ဦးနု၏ နေအိမ်တွင် အမှတ်မထင် ဖြစ်ပျက်ခဲ့သော အကြောင်းကိစ္စကလေး တခုကိုလည်း အမှန်ဖြစ်ပျက်သော ကိစ္စရပ်တခု ဖြစ်၍ရင်း၊ လိုဏ်ဂူတော်ကြီး တည်ဆောက်ရေးတွင် အောင်မြင်ကြောင်းတခု အရင်းခံပါဝင်သဖြင့်ရင်း အနည်းငယ် ဖော်ပြလိုပါသည်။ ထိုနေ့နံနက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ ဦးစံသိမ်း၊ ဗမာ့ခေတ်ဦးအုန်းခင်နှင့် သမိုင်းရေးသူတို့ အလ္လာပ သလ္လာပစကားများ ပြောကြားရာ၌ ဤတင်ပြသော ရှုံပုံမှ အကောင်အထည်ဖော်၍ ခေတ်မှီ ပုံစံဘခုမဟုတ်ဘဲ ကျောက်ဂူသဖွယ် တည်ဆောက်ရာတွင် ကျွန်တော်သဘော တခုထည်းဖြင့် မဖြစ်စေလိုပါ၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှလည်း အများသဘောတူညီမှ သင့်လျော်မည် ဖြစ်ပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်ကလည်း မည်သည့်အတွက်ခေတ်မှီအဆောက်အဉီတခု တည်ဆောက်မည့် အစားကျောက်ဂူကြီးတခု တည်ဆောက်လိုကြောင်းကြိုတင် သဘောပေါက်ထားရန်လိုမည် စသည်ဖြင့် ဒိမိုကရေစီ ဝါဒအတိုင်း ဖြစ်မြောက်စေလိုသည့် ဆန္ဒ နိုင်ငံတော် ဝန်ကြီးချုပ်၌ ပြင်းပြလျက်ရှိရကား ဗမာ့ခေတ် ဦးအုန်းခင်က ဤကိစ္စကို ကျွန်တော်နှင့် ဤသမိုင်းရေးသားသူ ဦးလုကျော်တို့ တာဝန်ယူ၍ ဆောင်ရွက်ပါမည် မစိုးရိမ်ပါနှင့်ဟု ပြောကြားရာ နိုင်ငံတော်ဝန်ကြီးချုပ်က ပဌမတွင် ယုံကြည်ဟန်မတူ သို့လော သို့လောဟု တွေးတောနေပုံရသည်။ သို့သော် ဗမာ့ခေတ် ဦးအုန်းခင်နှင့် ဤသမိုင်းရေးသားသူတို့က တာဝန်ခံပြီး ဤသဘောတူညီချက်ကို ချက်ခြင်းအကြောင်းပြန်ကြားပါမည်ဟု နိုင်ငံတော် ဝန်ကြီးချုပ်သို့ ကတိပြု၍ ချက်ခြင်းပင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ သူဌေးကြီး ဆာ ဦးသွင်၏ နေအိမ်သို့ သွားရောက်၍ အကျိုးအကြောင်း စုံလင်စွာတို့ကို ရှင်းလင်း အစီရင်ခံခဲ့ကြလေသည်။ ထိုအချိန်က ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်၏ခြေ၌ အနည်းငယ်သော ရောဂါစွဲကပ်လျက်ရှိသည်။ သို့ဖြင့်ပင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို အထူးအားပေး ချီးမြှင့်လျက်ရှိသော ဥက္ကဋ္ဌကြီးသည် ကျွန်တော်တို့အားတွေ့ဆုံ၍ နိုင်ငံတော် ဝန်ကြီးချုပ် အလိုရှိသော ဆန္ဒများကို သဘောပေါက် နှစ်ခြိုက်လိုက်လျောခဲ့သည့် အတိုင်း ဥက္ကဋ္ဌကြီး၏ နေအိမ်မှ နိုင်ငံတော် ဝန်ကြီးချုပ်၏ နေအိမ်သို့ အစီရင်ခံရန် တဖန်ပြန်သွားရာ၌ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုသည် ကျွန်ုပ်တို့ သွားရောက် ဆောင်ရွက်မှု အောင်မြင်မှု အောင်မြင်ပါလေမည်လားဟု စိုးရိမ်ကြီးစွာဖြင့် စောင့်နေသော နိုင်ငံတော်ဝန်ကြီးချုပ်အား ၎င်း၏ နေအိမ် အဝင်ဝတွင် တွေ့ရှိရသည်။ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီးက ဤကျောက်ဂူ တည်ဆောက်ရေးကို သဘောတူကြောင်း ဗမာ့ခေတ်ဦးအုန်းခင်နှင့် ဤသမိုင်းရေးသူတို့ကအစီရင်ခံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်မှာ အထူးတလည် ဝမ်းမြောက်ရွှင်လန်းကြောင်း တွေ့ရှိမှတ်သားခဲ့မိသည့်အတိုင်း ဖော်ပြရခြင်း ဖြစ်ပေသည်။

၁၃၁၄-ခုပြာသိုလဆုတ် (၁၁) ရက်၊ (၁၀-၁-၅၃) စနေနေ့ ညနေ ၃-နာရီအချိန် တည်ဆောက်ဆဲပြီးလုနီး ကမ္ဘာအေး စေတီတော်အနီးရှိ ၉-ခန်းယာယီ မဏ္ဍာပ်ရုံတွင် အစည်းအဝေးတခု ပြုလုပ်ကြရာ နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်နှင့် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ ဥက္ကဋ္ဌကြီးဖြစ်သူ သတိုးသီရိသုဓမ္မ ဆာဦးသွင်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊ ထိုစဉ်က တရားဌာနဝန်ကြီး သတိုးသီရိသုဓမ္မ ဒေါက်တာ ဦးအေးမောင်၊ မဟာသီရိသုဓမ္မ ဟသ်ာတ ဦးမြ၊ သာသနာရေးဌာနဝန်ကြီး ဦးဝင်း (ယခု အမေရိကန် သံအမတ်ကြီး)၊ ပြန်လည်ထူထောင်ရေးဌာန ဝန်ကြီး ဗိုလ်မင်းခေါင်၊ အမြတ်

တော်မင်းကြီး စည်သူ ဦးစံသိမ်း၊ မီးရထားအင်ဂျင်နီယာချုပ် (ယခု မီးရထားမင်းကြီး) ဦးကြည်ဝင်း၊ ရှေ့နေချုပ်ကြီး (ယခု နိုင်ငံတော် တရားလွှတ်တော်ချုပ် တရားဝန်ကြီး (သတိုးမဟာသရေစည်သူ ဦးချန်ထွန်း)စသော ပုဂ္ဂိုလ်များ ပိသုကာကြီးများနှင့် ဤသမိုင်းရေးသားသူတို့ စုံညီစွာ တက်ရောက်ပါသည်။ ထိုအစည်းအဝေး၌ပင် ဗမာ့ခေတ် သတင်းစာတိုက်ပိုင်ရှင် ဦးအုန်းခင်မှာလည်း ဧည့်သည်တော်အဖြစ် တက်ရောက်ပါသည်။ ထိုအစည်းအဝေးမှ ဤသမိုင်းရေးသားသူ တင်ပြသောပုံစံနှင့် လုပ်ငန်းစဉ် မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးကြပြီး အများသဘောတူ လက်ခံရာ၌ နိုင်ငံတော်ဝန်ကြီးချုပ်က ဤသမိုင်းရေးသားသူအား ဒီလုပ်ငန်းကို တိကျစွာ တာဝန်ယူ၍ ပြီးစီးအောင် ဆောင်ရွက်နိုင်မည် မဆောင်ရွက်နိုင်မည် ဆဋ္ဌသင်္ဂါယနာတင် အချိန်မှီ လုပ်နိုင်မည် မလုပ်နိုင်မည် စသည်တို့ကို တိကျစွာ မေးမြန်းပါသည်။ သို့မေးမြန်းရာ၌ ဤသမိုင်းရေးသားသူတွင် အပြစ်တခုရှိကြောင်းကိုလည်း မှန်ကန်သည့်သစ္စာတရားအရ ဝန်ခံရပေမည်။ အကြောင်းမှာ သာသနာ့ရိပ်သာတွင် နိုင်ငံခြားသားများ တရားအားထုတ်ရာ အဆောက်အဦတခု တည်ဆောက်ရေးနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးကြောင့် အချိန်မှီ ပြီးစီးခဲ့ခြင်းမရှိပေ။ ထိုလုပ်ငန်းပြီးစီးမှု မရှိသည်ကို နိုင်ငံတော်ဝန်ကြီးချုပ် သာသနာ့ရိပ်သာသို့ ရောက်တိုင်းပင် စိတ်မချမ်းမသာဖြစ်ခဲ့ရသည်။ သို့သော် မည်သည့်အကြောင်းကြောင့် မပြီးစီးသည်ကို ဤသမိုင်းပြုစုသူမှာ နိုင်ငံတော်ဝန်ကြီးချုပ် စိတ်မချမ်းသာဖြစ်မည်စိုးရိမ်သောကြောင့် မပြောခဲ့ပေ။ ငွေကြေးအခက်အခဲများကြောင့် လုပ်ငန်းဆောင်တာများ မပြီးစီးခဲ့သည်ကို နိုင်ငံတော်ဝန်ကြီးချုပ်အား စိတ်အနှောက်အယှက် မဖြစ်စေလိုသောအာသီသဖြင့် မျိုသိပ်၍ အောင့်အည်းသည်းခံကာနေခဲ့ရပေသည်။ သို့ယခုတည်ဆောက်ရမည့် အဆောက်အဦကြီးမှာ သာသနာ့ရိပ်သာတွင် တည်ဆောက်သော အဆောက်အဦများနှင့် နှိုင်းစာပါက ဗုဒ္ဓသာသနာကြီးပွါးထွန်းကားရေးအတွက် များစွာ အထောက်အပံ့ ဖြစ်စေမည့် အဆောက်အဦကြီးတခု ဖြစ်ရုံမျှမက သမိုင်းပြုစုသူ၏ ၁၀-သက်တွင်လည်း ထိုမျှကြီးကျယ်ခမ်းနားသည့် ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင် အဆောက်အဦကြီးတခု ဖြစ်မြောက်တည်ဆောက်ပေးနိုင်ရေးမှာ မှန်းဆ၍ပင် မဖြစ်နိုင်သော ဤကောင်းမြတ်လှသည့် အခါအခွင့်ကောင်းကြီးတခုကို လက်မလွှတ်နိုင်ရကား အချိန်ရှိခိုက် လှုံ့လစိုက်ရမည့် အခွင့်အခါကောင်းကြီးနှင့် ကြုံကြိုက်သည့်အားလျော်စွာ အသက်သေသေ အရေခန်းခန်း ဆောင်ရွက်မည်ဟု တဒင်္ဂစိတ်ဓာတ် လှုံ့ဆော်မှုများကြောင့် ချက်ခြင်းပင်လျှင် နိုင်ငံတော်ဝန်ကြီးချုပ်အား ဤအဆောက်အဦကြီးကို လိုအပ်သည့်အချိန်မှီ ပြီးစီးအောင် တည်ဆောက်ပေးပါမည်ဟု ရဲရဲတောက် ကတိဝန်ခံချက် ပြုခဲ့ပေသည်။ ဤသို့ ရဲရဲတောက် ကတိပြုသည်ကိုပင် ထိုစဉ်က မီးရထားအင်ဂျင်နီယာချုပ် ဖြစ်ခဲ့သော ဦးကြည်ဝင်းသည် ဤကဲ့သို့ ရဲရဲတောက် ကတိဝန်ခံချက် မပြုသင့်ကြောင်း သတိပေးစကား ပြောကြားလေသည်။ သို့သော်လည်း ဤသမိုင်းရေးသားသူမှာ မဖြစ်မနေဖြစ်အောင်လုပ်မည်ဟု အလွန်ထက်သန်သော စိတ်ရှိသူတယောက် ဖြစ်သောကြောင့် မိမိ၏ခံဝန်ချက်ကို ပယ်ဖျက်ခြင်းမရှိဘဲ ကတိပေးခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်က ထိုအချိန်တွင် ယုံကြည်ဟန်မတူ စဉ်းစားပြီးမှ ၎င်းအား အကြောင်းပြန်ကြားရန် အောက်တွင် ဖော်ပြလတ့်သော ပဌမအကြိမ်မြောက် လိုဏ်ဂူတော် တည်ဆောက်ရေးအဖွဲ့ အစည်းအဝေးမှတ်တမ်း ကောက်နှုတ်ချက်များက သက်သေခံလျက် ရှိပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ဤသမိုင်းရေးသားသူသည် ထက်သန်သော စိတ်မွေးမြူသူတယောက် ဖြစ်ရကား

မဖြစ်မနေ ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချပြီးသည့် အလျောက် မဆိုင်းမတွဘဲ ပေးအပ်သမျှ တာဝန်ကို ခံယူ၍ စတင် တည်ဆောက်ရန် စိမံလေသည်။

### ဆဋ္ဌသင်္ဂါယနာတင်လိုဏ်ဂူ ဆောက်လုပ်ရေး ပဌမဆုံးအကြိမ် ကျင်းပသော အစည်းအဝေး မှတ်တမ်း

ပဌမအကြိမ်မြောက်အစည်းအဝေးကို ၁၃၁၄-ခု ပြာသိုလဆုတ် ၁၁ (၁၀-၁-၅၃) စနေနေ့ ညနေ ၃-နာရီအချိန်၌ ကမ္ဘာအေးစေတီတော် ဓမ္မာရုံတွင် ကျင်းပရာ အောက်ပါလူကြီးမင်းများ တက်ရောက်ကြပါသည်။

(၁) သတိုးသီရိသုဓမ္မ ဆာ ဦးသွင်။ (၂) နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု။ (၃) ဝန်ကြီး ဦးဝင်း။ (၄) မဟာသီရိသုဓမ္မ ဦးမြ(ဟသ်ာတ)။ (၅) ဝန်ကြီး ဗိုလ်မင်းခေါင်။ (၆) ဦးစံသိမ်း။ (၇) ဦးလှကျော် မီးသတ် ညွှန်ကြားရေးဝန်။ (၈) ဦးကြည်ဝင်း မီးရထားအင်ဂျင်နီယာချုပ်။ ဝန်ကြီးချုပ်၏ ညွှန်ကြားချက်အရ ဦးလှကျော်က ဖိတ်ခေါ်သော ၉-၁-၅၃ နေ့စွဲပါ အစည်းအဝေး ဖိတ်ကြားစာနှင့် ပူးတွဲထားသည့် သက်ဆိုင်ရာ စာတမ်းများကို အခြေပြု၍ ဆွေးနွေးကြလေသည်။

### ၁။ ဗဟိုအဆောက်အဦကြီး၏ပုံစံ

ဝန်ကြီးချုပ် ဦးနု၏ဆန္ဒအရ ဦးလှကျော် လုပ်ကိုင်ရေးဆွဲပြသော သစ်သားပုံစံများနှင့် ကားချပ်ပုံစံများအရ လိုဏ်ဂူကြီးပုံသဏ္ဍာန် ဗဟိုအဆောက်အဦကြီးကို တည်ဆောက်ရန် ဆွေးနွေးကြသည်။

### သဘောတူချက်

အဆိုပါ ပုံစံများအတိုင်း ဆောက်လုပ်ရန် သဘောတူကြသည်။

### ၂။ တည်ဆောက်ရေးအဖွဲ့ကြီးတွင် ခန့်အပ်သောအဖွဲ့ဝင်များ သဘောတူချက်

အောက်ပါ ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ်ဖြင့် ခန့်အပ်ရန်။

(၁) ဝန်ကြီးချုပ် ဦးနု။ (၂) ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီး ဦးတင်။ (၃) သာသနာရေး ဝန်ကြီး ဦးဝင်း။ (၄) ကာကွယ်ရေးဝန်ကြီး ဦးဘဆွေ။ (၅) ပြန်လည်ထူထောင်ရေးနှင့် ပြည်သူ့လုပ်ငန်းဝန်ကြီး ဗိုလ်မင်းခေါင်။ (၆) မဟာသီရိသုဓမ္မ ဦးမြ (ဟသ်ာတ)။ (၇) ပင်လယ်ရေကြောင်း ပို့ဆောင်ရေးအဖွဲ့နာယက ဦးစံသိမ်း။ (၈) မီးသတ် ညွှန်ကြားရေးဝန် ဦးလှကျော်။ (၉) မီးရထား အင်ဂျင်နီယာချုပ် ဦးကြည်ဝင်း။ (၁၀) ပြည်သူ့လုပ်ငန်းဌာနအင်ဂျင်နီယာ ဦးသာဒုတ်။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ ရာထူးအလျောက် (၁၁) ဥက္ကဋ္ဌကြီးဖြစ်သော သတိုးသီရိသုဓမ္မ ဆာ ဦးသွင်နှင့် (၁၂) အထွေထွေအကျိုးဆောင်ချုပ် ဖြစ်သော နိုင်ငံတော် ရှေ့နေချုပ်ကြီး သတိုးမဟာသရေစည်သူ ဦးချန်ထွန်း။

### ၃။ ပစ္စည်းများရှာဖွေရေးနှင့် လုပ်ငန်းဆောင်ရွက်ရေး အဖွဲ့ခွဲ သဘောတူချက်

အောက်ပါ ပုဂ္ဂိုလ်များအား ဖော်ပြပါ အဖွဲ့ခွဲဝင်များ အဖြစ်ဖြင့် ခန့်အပ်ရန်။ (၁) ကာကွယ်ရေးဝန်ကြီး ဦးဘဆွေ။ (၂) ပြန်လည်ထူထောင်ရေးနှင့် ပြည်သူ့လုပ်ငန်းဌာန ဝန်ကြီး ဗိုလ်မင်းခေါင်။ (၃) မဟာသီရိသုဓမ္မ ဦးမြ (ဟသ်ာတ)။ (၄) မီးသတ်ညွှန်ကြားရေး ဝန်ဦးလှကျော်(ဆော်ဩသူ)။ (၅) မီးရထား အင်ဂျင်နီယာချုပ် ဦးသာဒုတ်။

## ၄။ ဘဏ္ဍာရေးအဖွဲ့ခွဲ သဘောတူချက်

အောက်ပါပုဂ္ဂိုလ်များအား အဖွဲ့ကြီး၏ဘဏ္ဍာရေးအဖွဲ့ခွဲဝင်အဖြစ်ဖြင့် ခန့်အပ်ရန်။ (၁) ဝန်ကြီးချုပ် ဦးနု။ (၂) ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီး ဦးတင်။ (၃) ပင်လယ်ရေကြောင်း ပို့ဆောင်ရေးနာယက ဦးစံသိမ်း။

လိုအပ်သော ဘဏ္ဍာတော်ငွေများကို နိုင်ငံတော် အစိုးရက ဗုဒ္ဓသာသနာအဖွဲ့ကြီးသို့ ပေးအပ်ထားရန်နှင့် ဤအဖွဲ့ကြီးက အခါအားလျော်စွာ လိုအပ်သော အသုံးငွေ ထုတ်ယူရာ၌ အောက်ပါ စည်းမျဉ်းအတိုင်း တဆင့် ထုတ်ယူရန်။

ပစ္စည်းရှာဖွေရေးနှင့် လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ခွဲက စစ်ဆေး၍ အခါအားလျော်စွာ လိုအပ်သည့်ငွေကို ဘဏ္ဍာရေးအဖွဲ့ဝင် ပုဂ္ဂိုလ်တဦးဦး၏ ထောက်ခံချက် လက်မှတ်ဖြင့် နိုင်ငံတော်ဗုဒ္ဓသာသနာ အဖွဲ့ကြီးထံမှ ထုတ်ယူရန်။

## ၅။ ကျွမ်းကျင်သူများနှင့် လုပ်သားများ သဘောတူချက်

အောက်ဖော်ပြပါ ကျွမ်းကျင်သူများနှင့် လုပ်သားများ စာရင်းအရ ရယူဆောင်ရွက်ရန် ကြီးကြပ်ရေးဌာန (၁) အမှုဆောင်အင်ဂျင်နီယာကြီး တယောက်။ (၂) လက်ထောက်အင်ဂျင်နီယာ တယောက်။ (၃) အိုဗာစီယာ ၃-ယောက်။ (၄) စက်ဘက်ဆိုင်ရာ အင်ဂျင်နီယာတယောက်။ (၅) တိုင်းကီပါ ၂-ယောက်။ (၆) ပုံဆွဲဆရာ တယောက်။ (၇) လက်ထောက် ပုံဆွဲဆရာ တယောက်။ (၈) ပစ္စည်းထိန်း တယောက်။ (၉) စာရင်းကိုင်အရာရှိ တယောက်။ (၁၀) အထွေထွေစာရေး ၂-ယောက်။ (၁၁) ဒရဝမ် ၂-ယောက်။ (၁၂) မင်းစေ တယောက်။ (၁၃) စက်ဆရာ တယောက်။ (၁၄) စက်မောင်းသူ ၆-ယောက်နှင့် (၁၅) မော်တော်ကားမောင်းသူ ၁၂-ယောက်။

## လက်တွေ့လုပ်ငန်းဌာန

(၁) ပန်းရံဆရာကြီး ၈-ယောက်။ (၂) ပန်းရံဆရာ ၁၀၀-ယောက်။ (၃) ပန်းဘဲဆရာ ၄-ယောက်။ (၄) လက်သမားဆရာ ၁၀-ယောက်။ (၅) ရိုးရိုးအလုပ်သမား ၄၀၀။

မှတ်ချက်။ ။(၁) သံတံခါးကြီးများ, သစ်သားတံခါးများနှင့် သံဝရံတာများကို တင်ဒါစံနစ်ဖြင့် အလုပ်သီးခြားခွဲဝေပေးရန်။

(၂) အထက်ဖော်ပြပါ ပန်းရံဆရာ ၁၀၀-အနက် ကျောက်စီလုပ်ငန်းကို ကျွမ်းကျင်သည့်သူကို စစ်ကိုင်းခရိုင်မှ ခေါ်ယူရန်နှင့် အလုပ်သမား ၄၀၀ အနက်မှ ကျောက်ဆစ်သမား ၂၅-ယောက်ကို မိုးကုတ်မှ ခေါ်ယူအသုံးပြုရန်။

## ၆။ လိုအပ်သောစက်ကိရိယာ တန်ဆာပလာများနှင့် ပစ္စည်းများ သဘောတူချက်

အောက်ဖော်ပြပါ ပစ္စည်းများကို ရယူရန် စက်ကိရိယာတန်ဆာပလာများ (၁) ကွန်ကရစ်ဖျော်စက်အကြီး ၈-လုံး။ (၂) မြေထောင်းစက် ၂-လုံး။ (၃) ကွန်ကရစ်ထောင်းစက် ၂-လုံး။ (၄) ကွန်ကရစ်ဒေါင့်ညှိစက် ၂-လုံး။ (၅) မြေတူးစက် ၂-လုံး။ (၆) မြေညှိစက် အကြီး ၁-လုံး။ (၇) မြေညှိစက် အသေး ၂-လုံး။ (၈) ကရိန်း ၄-ခု။ (၉) စက်သီးဆွဲစက် ၄-ခု။ (၁၀) ကျောက်ဖောက်စက် ၂-ခု။ (၁၁) တစ်ပါလော်လီ ၁၂-စီး။ (၁၂) သံဂဟေနှင့် ဖြတ်စက် ၂-ခု။

## အခြားပစ္စည်းများ

(၁) ကျောက်ပြာ (၆-သိန်း ကုဗပေ) ကျင်း ၆၀၀၀။ (၂) ကျောက်စရစ် (၄-သိန်း ကုဗပေ) ကျင်း ၄၀၀၀။ (၃) အုတ်ကျိုး (၅-သိန်း ကုဗ ပေ) ကျင်း ၅၀၀၀။ (၄) သဲ (၄-သိန်း ကုဗပေ) ကျင်း ၄၀၀၀။ (၅) ဘိလပ်မြေ တန်ချိန် ၇၀၀၀။ (၆) ဂဝံကျောက် (၅-သောင်း ကုဗပေ) ကျင်း ၅၀၀။

## သံပစ္စည်းများ

၁။ မီးရထား သံလမ်း ပေရှည် ၁၈၀၀၀၊ ၂။ သံဇကာ ဘီ-အာရ်-စီ နံပါတ် ၆-စတုရန်းပေ ၃၀၀၀၀။ ၃။ ၎င်းနံပါတ် ၉-စတုရန်းပေ ၁၆၀၀၀၊ ၄။ ၎င်း နံပါတ် ၁၂-စတုရန်းပေ ၁၂၀၀၀။ ၅။ သံ ၁-လက်မ အချင်းပေရှည် ၆၀၀၀၀။ ၆။ သံ လုံး ၃-မတ် အချင်း ပေရှည် ၃၅၀၀၀။ ၇။ သံလုံး ၅-မူး အချင်းပေရှည် ၈၀၀၀။ ၈။ သံယက်မနှင့် ထုတ်ယောက် ဒိုင်းများ သံများ တန်ချိန် ၁၈၆-၂-ပိုင်း ၁-ပိုင်း။

မှတ်ချက်။ ။(မီးရထား သံလမ်းများမှ တပါး နိုင်ငံခြားမှ မှာယူရန် ဖြစ်ပါသည်)။

## သစ်သားပစ္စည်းများ

၁။ ကျွန်းသစ် တန်ချိန် ၃၃။

## ၇။ ပစ္စည်းများပေးသွင်းရမည့်အချိန် သဘောတူချက်

အောက်ဖော်ပြပါဇယားများအတိုင်း ပစ္စည်း ရရှိရန် ၁၉၅၃-ခု ဖေဖော်ဝါရီလ ၁-ရက်နေ့ မတိုင်မီ ရရှိမည့် ပစ္စည်းများ။ ၁။ မီးရထား သံလမ်း ပေရှည် ၁၈၀၀၀။ ၂။ ကျောက်စရစ် ကျင်းပေါင်း ၁၀၀၀။ ၃။ အုတ်ကျိုး ကျင်း ပေါင်း ၅၀၀။ ၄။ သဲ-ကျင်းပေါင်း ၅၀၀။ ၅။ ဘိလပ်မြေ တန်ချိန် ၇၀၀။

မှတ်ချက်။ ။ရေပိုက် ဆက်သွယ်ရေးနှင့် အိမ်သာအတွက် တင်ဒါခေါ်ပြီးဖြစ်ရမည်။

## ၁၉၅၃-ခု မတ်လ ၁-ရက်နေ့မတိုင်မီ ရရှိမည့်ပစ္စည်းများ

၁။ ကျောက်စရစ် ကျင်းပေါင်း ၁၀၀၀။ ၂။ အုတ်ကျိုး ကျင်းပေါင်း ၁၀၀၀။ ၃။ သဲကျင်း ပေါင်း ၅၀၀။ ၄။ ဘိလပ်မြေတန်ချိန် ၁၃၀၀။ ၅။ ၁-လက်မသံလုံးပေရှည် ၂၀၀၀၀။ ၆။ ၄-ပိုင်း ၃-ပိုင်းလက်မ သံလုံးပေရှည် ၁၀၀၀၀။ ၇။ ၂-ပိုင်း ၁-ပိုင်းလက်မ သံလုံးပေရှည် ၂၀၀၀။ ၈။ သံဇကာ ဘီ-အာရ်-စီ နံပါတ် ၇-စတုရန်းပေ ၁၀၀၀၀။ ၉။ ၎င်းနံပါတ်- ၉-စတုရန်းပေ ၆၀၀၀။ ၁၀။ ၎င်းနံပါတ် ၁၂-စတုရန်းပေ ၅၀၀၀။

မှတ်ချက်။ ။လျှပ်စစ် ဓာတ်အားနှင့် ပတ်သက်သော လုပ်ငန်းများအတွက် တင်ဒါခေါ်ပြီး ဖြစ်စေရမည်။

## ၁၉၅၃-ခု ဇွန်လ ၁-ရက်နေ့မတိုင်မီ ရရှိမည့်ပစ္စည်းများ

၁။ ကျောက်ပြာ ကျင်းပေါင်း ၂၀၀၀။ ၂။ ကျောက်စရစ် ကျင်းပေါင်း ၁၅၀၀။ ၃။ အုတ်ကျိုးကျင်းပေါင်း ၁၅၀၀။ ၄။ သဲကျင်း ပေါင်း ၁၀၀၀။ ၅။ ဂဝံကျောက် ကျင်းပေါင်း ၅၀၀။ ၆။ ဘိလပ်မြေတန်ချိန် ၁၅၀၀။ ၇။ သံဇကာ ဘီ-အာရ်-စီ နံပါတ် ၆-စတုရန်းပေ။ ၂၀၀၀၀။ ၈။ ၉-၎င်းနံပါတ် စတုရန်းပေ ၁၀၀၀၀။ ၉။ ၎င်းနံပါတ် ၁၂-စတုရန်းပေ ၇၀၀၀။ ၁၀။ သံယက်မများနှင့် အမိုးအတွက် သံများအား လုံး ၁၈၆-၂-ပိုင်း ၁-ပိုင်း တန်နှင့် ၁-လက်မ သံလုံးပေရှည် ၄၀၀၀၀။ ၁၁။ ၄ ပိုင်း ၃-ပိုင်း သံလုံးလက်မပေရှည် ၂၅၀၀၀။ ၁၂။ ၂-ပိုင်း ၁-ပိုင်း သံလုံးလက်မပေရှည် ၆၀၀၀။ ၁၃။ ကျွန်း သစ်တန်ချိန် ၃၃။

## ၁၉၅၃-ခု စက်တင်ဘာလ ၁-ရက်နေ့မတိုင်မီ ရရှိမည့်ပစ္စည်းများ

၁။ ကျောက်ပြာ ကျင်းပေါင်း ၂၀၀၀။ ၂။ ကျောက်စရစ် ကျင်းပေါင်း ၅၀၀။ ၃။ အုတ်ကျိုး ကျင်းပေါင်း ၁၅၀၀။ ၄။ သဲကျင်းပေါင်း ၁၀၀၀။ ၅။ ဘိလပ်မြေ တန်ချိန် ၂၀၀၀။

## ၁၉၅၃-ခု ဒီဇင်ဘာလ ၁-ရက်နေ့မတိုင်မီ ရရှိမည့်ပစ္စည်းများ

၁။ ကျောက်ပြာ ကျင်းပေါင်း ၂၀၀၀။ ၂။ အုတ်ကျိုး ကျင်းပေါင်း ၅၀၀။ ၃။ သဲကျင်းပေါင်း ၁၀၀၀။ ၄။ ဘိလပ်မြေ တန်ချိန် ၁၅၀၀။

## ၈။ ပြီးမြောက်မည့် အလုပ်ချိန် သဘောတူချက်

အောက်ပါဇယားအတိုင်း အလုပ်များ ပြီးမြောက်စေရန် ပြီးမြောက်မည့် အလုပ်ချိန်ဇယား

ဇန်နဝါရီလ ၁၉၅၃-ခု။ ။ဇန်နဝါရီလ ၁၅-ရက်နေ့မှ ဖေဖေါ်ဝါရီလ ၅-ရက်နေ့အထိ မြေတူးခြင်း အလုပ်ပြီးမည်။

ဖေဖော်ဝါရီလနှင့် မတ်လ။ ။ဖေဖော်ဝါရီလ ၅-ရက်နေ့မှ မတ်လ ၃၁-ရက်နေ့ အထိ မြေပြင်အခင်းအထိ မြေဝင် အုတ်မြစ်ချလုပ်ငန်း ပြီးမည်။

ဧပြီလ- မေလ-ဇွန်လ-ဇူလိုင်လ။ ။ဧပြီလ ၁ ရက်နေ့မှ ဇူလိုင်လ ၃၁-ရက်နေ့အထိ အတွင်းခံကွန်ကရစ် အလုပ်များ၊ အတွင်း နံရံကပ်ကျောက် အလုပ်များ၊ အောက်ဆုံးအထပ် ဂုံးပေါက်များနှင့် ပဋ္ဌမဝရံတာအခင်းပြီး အတွင်းသံဃာစင် အကြမ်းထည် တည်ဆောက်ရေးအထိ ပြီးမည်။

ဩဂုတ်လ စက်တင်ဘာလ။ ။ဩဂုတ်လ ၁ ရက် နေ့မှ နိုဝင်ဘာလ ၃၀-ရက်နေ့အထိ ဝရံတာ။ အောက်တိုဘာလ နိုဝင်ဘာလ။ ပဋ္ဌမ အထပ်မှ အထက်မြေပြင်အခင်းမှ ပေ ၅၀-အထိ ဒိုင်းတင်ရန် အောက်ခံကျောက်တုံးပါ ပြီးရမည်။

ဒီဇင်ဘာလ ၁၉၅၃-ခု၊ ဇန်နဝါရီလ ဖေဖော်ဝါရီလ ၁၉၅၄-ခု၊ ၁၉၅၃-ခု၊ ဒီဇင်ဘာလ ၁-ရက်နေ့မှ ၁၉၅၄-ခု၊ ဖေဖော်ဝါရီလ ၂၈-ရက်နေ့အထိ အမိုးအထက်ရှိ အမိုးနှင့် ကျောက်ကွန်ကရစ် အလုပ်များ၊ မျက်နှာကြက်များ ခေတ်မီဆက်သွယ်ခြင်းနှင့် အိမ်သာ ရေချိုးခန်းများ ပြီးရမည်။

မတ်လ ၁၉၅၄-ခု၊ လိုအပ်သော အမွန်းတင်ရန် အလုပ်များ ပြီးရမည်။

## ၉။ လုပ်ငန်းစတင်ရန် သဘောတူညီချက်

(က) ၁၃၁၄-ခု၊ တပို့တွဲလဆန်း (၁) ရက် (၁၅-၁-၅၃) ကြာသပတေးနေ့ နံနက် (၇) နာရီ အချိန် တိတိ၌ ပန္နက်ရိုက်၍ သက်ဆိုင်ရာ လုပ်ငန်းများ စတင်ရန်။

(ခ) ၁၃၁၄-ခု၊ ပြာသို လဆုတ် ၁၂-ရက် (၁၁-၁-၅၃) တနင်္ဂနွေနေ့မှစ၍ သီရိမင်္ဂလာ ပရိတ်အဖွဲ့က (၁၀၈) ရက်တိုင်တိုင် ပရိတ်တော်များ ရွတ်ဆိုရန်။

(ဂ) လုပ်ငန်း အောင်မြင် ထမြောက်ရေး အတွက် အုပ်ချုပ်ရေးမှူးချုပ် ခန့်အပ်ရန် ဦးလှကျော်အား ရွေးချယ်ရန် မူအားဖြင့် သဘောတူ ငြားသော်လည်း ဦးလှကျော်က မိမိလက်ရှိ အလုပ်အပြင် အဆိုပါတာဝန်ကို တိကျစွာ ထမ်းဆောင်နိုင်မည် မထမ်းဆောင်နိုင်မည်ကို ဝန်ကြီးချုပ်အား အလျင်အမြန် အစီရင်ခံရန်နှင့် ဦးလှကျော် မဆောင်ရွက်နိုင်က သင့်လျော်သော ပုဂ္ဂိုလ်အား ဤရာထူးအတွက် ဝန်ကြီးချုပ်က ခန့်အပ်ရန်။

(ပုံ) ဦးနု (ဝန်ကြီးချုပ် ဥက္ကဋ္ဌ)
(ပုံ) စံသိမ်း

(ပုံ) လှကျော် (အတွင်းရေးမှူးများ)
၁၃၁၄-ခု၊ ပြာသိုလဆုတ် (၁၃) ရက်
၁၉၅၄-ခု၊ ဇန်နဝါရီလ (၁၂) ရက်

အထက် ဖော်ပြပါအတိုင်း ဤသမိုင်း ရေးသူသည် လိုဏ်ဂူတော်ကြီး ပြီးမြောက်အောင် အဓိဋ္ဌာန်ပြု၍ ကတိခံဝန်ချက် ပေးပြီးနောက် သမိုင်း ရေးသူ၏ တာဝန်မှာ ပစ္စည်းနှင့် ငွေကြေး ပြည့်စုံပါက အချိန်မှီ ပြီးစီးအောင် တည်ဆောက်ပေးရန် အဓိကတာဝန်ကြီးပင် ဖြစ်ရကား လိုဏ်ဂူတော်ကြီး တည်ဆောက်ရေး အဖွဲ့ကြီးတခုကို အထက်ဖော်ပြပါ အစည်းအဝေး မှတ်တမ်းအရ ပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းခဲ့၍ ဘဏ္ဍာရေးအဖွဲ့ခွဲနှင့် ပစ္စည်းရှာဖွေရေး လုပ်ငန်းဆောင်ရွက်ရေး အဖွဲ့ခွဲ ၂-ခုကိုလည်း အထက်ဖော်ပြပါ အစည်းအဝေး မှတ်တမ်းအရ ဖွဲ့စည်းခဲ့လေသည်။

ထိုအထက်ဖော်ပြပါ ကျောက်လိုဏ်ဂူတော်ကြီး တည်ဆောက်ရေးအဖွဲ့က ကမ္ဘာအေးစေတီတော် မြောက်ဘက်ရှိ ကုန်းမြေတွင် တည်ဆောက်ရန် ရွေးချယ်ပေးသည့်အလျောက် ထိုကုန်းမြေတွင် စတင်တည်ဆောက်ရန် စီစဉ်ရလေသည်။

အထက်ဖော်ပြပါ ဆောင်ရွက်မှုများပြီးစီးသည့်နောက် မူလရည်ရွယ်သည့် ဆဋ္ဌသင်္ဂါယနာတင်ခေတ်မှီ အဆောက်အဦ တည်ဆောက်ရေးကိစ္စကို ပယ်ဖျက်၍ လိုဏ်ဂူတော်ကြီး တည်ဆောက်ကြောင်း ရေးသားဖော်ပြရာ၌ ပေါ်လွင်ပြီး ဖြစ်သောကြောင့် ဆက်လက်ဖတ်ရှုရန် တိုက်တွန်းအပ်ပါသည်။

ထို ဆဋ္ဌသင်္ဂီတိမဟာပါသာဏဂုဟာခေါ် ဆဋ္ဌသင်္ဂါယနာတင် ကျောက်လိုဏ်ဂူတော်ကြီး တည်ဆောက်ရာ၌ မည်သို့မည်ပုံ တည်ဆောက်သည်ကို မဖော်ပြမီ တည်ဆောက်ရာ၌ ကြီးကြပ်ဆောင်ရွက်လုပ်ကိုင်ကြသည့် ရာထမ်း မှုထမ်း အပေါင်းနှင့်တကွ အုပ်ချုပ်သူများ မည်သို့ မည်ပုံ စီမံအုပ်ချုပ်ဆောင်ရွက်ခဲ့သည်ကို မဖော်ပြက သမိုင်းပြည့်စုံမည် မဟုတ်သောကြောင့် ဖော်ပြရပေမည်။ ထို့အပြင် ဤသို့ဖော်ပြခြင်းအားဖြင့် မဂ်လာတရားတော်နှင့်အညီ ချီးမြှောက်ထိုက်သူများကို ချီးမြှောက်ရာလည်း ရောက်ပေမည်။

လိုဏ်ဂူတော်ကြီးကို မြေသားပြင်၌ ကျပ်သိန်းပေါင်း ၉၀-ကျော် အကုန်အကျခံ၍ လူလုပ်အားများ အများဆုံး ပါဝင်ကာ လူသားပကတိတို့က မြေပြင်ပေါ်တွင် ကျောက်တောင်ကြီးသဖွယ် ဖန်တီး တည်ဆောက်ရာ၌ လွယ်ကူသော လုပ်ငန်းတရပ် မဟုတ်ကြောင်း အများသိရှိလိမ့်မည်ဟု ယူဆပေသည်။ ဥပမာ ထိုစဉ်အခါက သူပုန်သူကန်များ လွှမ်းမိုးနေသည့်နယ်များအတွင်းမှ ကျောက်ပြာတုံးကြီးများ ထုတ်လုပ်မှုသည်၎င်း၊ မီးရထားတွဲများ အလွန်တရာ ရှားပါးနေချိန်တွင် ကျောက်ပြာတုံးကြီးများနှင့် ကျောက်စရစ်များသယ်ယူရန် အခက်အခဲများ ရှိနေချိန်တွင်၎င်း၊ နိုင်ငံခြားမှ မှာယူသော ကုန်ပစ္စည်းများ အချိန်မှီ ရောက်ရှိရန် အခက်အခဲများစွာ ရှိနေချိန်တွင်၎င်း၊ မည်ကဲ့သို့ အခက်အခဲများရှိစေကာမူ ဗုဒ္ဓမြတ်စွာ သာသနာ၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် ထိုလိုဏ်ဂူတော်ကြီးမှာ ကမ္ဘာ့ပိသုကာ အင်ဂျင်နီယာများ၏ မျက်စိတွင် မည်သို့မျှ ထိုအချိန်ကာလအတောအတွင်းဖြစ်သော ၁၄-လ ရာသီတွင် ပုံဆွဲခြင်း၊ တွက်ချက်ခြင်း၊ ဗိသုကာပညာရပ်များပါဝင်သည့် တီထွင်ဆောင်ရွက်ခြင်း၊ အင်ဂျင်နီယာတည်ဆောက်ရေးဆိုင်ရာ ပညာပါရဂူတို့၏ ဉာဏ်စွမ်းဖြင့် တည်ဆောက်ပေးစွမ်းနိုင်ခြင်း စသည့်လုပ်ငန်းများကို ထို တိုတောင်းလှသော အချိန်ကာလအတွင်း စွမ်းဆောင်နိုင်ရန် ခက်ခဲလှသော်လည်း သာသနာတော်မြတ်၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် ထိုမျှတိုတောင်းလှသော ၁၄-လ ရာသီ

အတွင်း ပြီးမြောက်အောင် အဖက်ဖက်မှ တာဝန်ယူ၍ ဆောင်ရွက်ကြသော ပုဂ္ဂိုလ်များအား ဤသမိုင်းဖြင့် ချီးကျူးရပါသည်။

## ကျောက်လိုဏ်ဂူတော်ကြီး တည်ဆောက်ရန် အပိုင်းကြီး ၅-ပိုင်း

ကျောက်လိုဏ်ဂူတော်ကြီး တည်ဆောက်ရေးတွင် အပိုင်းကြီး ၅-ပိုင်း ခွဲခြား၍ အုပ်ချုပ်စီမံခန့်ခွဲလေသည်။ ထိုအပိုင်းကြီး ၅-ပိုင်းလုံးကိုခြုံ၍ အုပ်ချုပ်သူမှာ ဤသမိုင်းရေးသူပင် ဖြစ်ပေသည်။ ထိုအပိုင်းကြီး ၅-ပိုင်း ခွဲခြားအုပ်ချုပ်ရာ၌ (၁) အင်ဂျင်နီယာ ပိသုကာဌာန။ (၂) ပစ္စည်းသိုလှောင်ထိန်းသိမ်းရေးဌာန၊ (၃) အလုပ်သမားထိန်းသိမ်းစောင့် ရှောက်ရေးဌာန၊ (၄) အဖွဲ့ ရုံး အုပ်ချုပ်ရေး ဌာနနှင့် (၅) ငွေရေးကြေးရေး ငွေစာရင်းထိန်းသိမ်းရေးဌာနတို့ပင် ဖြစ်ပေသည်။ ထိုဌာနကြီး ၅ခုကို ကြည့်ရှုသော် အရေးအကြီးဆုံးသော ဌာနမှာ အင်ဂျင်နီယာဌာနပင် ဖြစ်သည်။ ထိုဌာနတွင် အပိုင်းကြီး ၃-ပိုင်း ထပ်မံခွဲခြား ထားရှိပြန်သည်။ ထိုဌာန ၃-ခုတွင် (၁) တည်ဆောက်ရေးအဖွဲ့ အင်ဂျင်နီယာဌာနခွဲ။ (၂) စက်မှုနှင့် လျှပ်စစ် အင်ဂျင်နီယာဌာနခွဲ။ (၃) ပိသုကာဌာနခွဲဟူ၍ ၃-ပိုင်း ပိုင်းခြား ဆောင်ရွက်ခဲ့ပေသည်။ ဤဌာနများတွင် (၁) တည်ဆောက်ရေးအဖွဲ့ အင်ဂျင်နီယာဌာနခွဲ၌ ပဌမအင်ဂျင်နီယာ ဦးသာလှိုင်ကို ခေါင်းဆောင်စေ၍ တည်ဆောက်ခဲ့ရာ များမကြာမီအတွင်း အင်ဂျင်နီယာ ဦးသာလှိုင်မှာ အခြား ဆဋ္ဌသင်္ဂါယနာတင် အဆောက်အဦများ တည်ဆောက်ရေးအတွက် အင်ဂျင်နီယာများ လိုအပ်သောကြောင့် လွှဲပြောင်း တာဝန်ထမ်းဆောင်စေခဲ့၍ ထိုနေရာတွင် အင်ဂျင်နီယာ ဦးသန်းဖေအား တာဝန်လွှဲအပ်ခဲ့ပေသည်။ ထိုတည်ဆောက်ရေးအဖွဲ့ အင်ဂျင်နီယာဌာနကို ဦးသန်းဖေခေါင်းဆောင်ပြီး အင်ဂျင်နီယာ ဦးသင့်က စီမံခန့်ခွဲ၍ ၎င်းအောက်တွင် တည်ဆောက်ရေးဆိုင်ရာ လက်ထောက် အင်ဂျင်နီယာများဖြစ်သော ဦးတင်၊ ဦးစံ၊ ဦးအေးစံ၊ ဦးထွန်းကျော်၊ ပန်းရံဆရာကြီးများဖြစ်သော ဦးစိန်နှင့် ဦးစိန်ကြီးတို့အား ခေါင်းဆောင်၍ ကျောက်တောင်နှင့်တကွအတွင်း ပိသုကာလုပ်ငန်းရပ်များကို တည်ဆောက်ခဲ့လေသည်။

(၂) စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနခွဲတွင် အင်ဂျင်နီယာကြီးဖြစ်သူ ဦးမြသာထွန်းအား ခေါင်းဆောင်စေ၍ လိုဏ်ဂူတော်ကြီးတည်ဆောက်ရာတွင် လျှပ်စစ်နှင့် ပတ်သက်သမျှသော လုပ်ငန်းဆောင်တာ အဝဝတို့အပြင် စက်ကိရိယာများဖြင့် မြေတူးဖော်ခြင်း၊ မြေဆောင့်ခြင်း၊ မြေထိန်းသိမ်းခြင်း၊ အမာခံ ကွန်ကရစ်အုတ်မြစ် တည်ဆောက်ခြင်း၊ သံဒိုင်း၊ သံထုပ်၊ သံယောက်တည်ခြင်း၊ သံပါကွန်ကရစ် အမာခံ သံလုံး သံချောင်းတိုင်များ ပြုပြင်တည်ဆောက်ပေးခြင်း၊ ထုပ်ယောက် ဒိုင်းများ တည်ဆောက်ခြင်းစသည့် ကြီးကျယ်လှသော သံနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်တာ အဝဝနှင့် လျှပ်စစ်နှင့် ပတ်သက်သည့် လုပ်ငန်းဆောင်တာတို့အပြင် လိုဏ်ဂူတော် အသံထိန်း လုပ်ငန်းဆောင်တာ ကိစ္စအဝဝတို့ကို အောက်ခံအဖွဲ့ဝင်အပေါင်းတို့က နေ့ရော ညဉ့်ပါ ကြပ်မတ်တည်ဆောက်ပေးခဲ့လေသည်။

(၃) ပိသုကာ ဌာနခွဲတွင် ရေဝန်ရုံး အုပ်ချုပ်ရေးအဖွဲ့မှ စေတနာ သဒ္ဓါတရားပြည့်ဝစွာဖြင့် လွှဲပြောင်းပေးချက်အရ ပိသုကာတဦးဖြစ်သူ ဦးတင်မောင်ကြီးအား လိုဏ်ဂူတော် တည်ဆောက်ရေးအဖွဲ့မှ ကျေးဇူးတင်စွာဖြင့် ရရှိသောကြောင့် ၎င်းအား ခေါင်းဆောင်စေပြီး လိုဏ်ဂူတော်ကြီး၏ တည်ဆောက်ရန် အသေးစိပ်ပုံစံများကို ရေးဆွဲစေခဲ့ရပေသည်။ ၎င်းအား စေတနာ့ဝန်ထမ်းအဖြစ် အကူအညီပေးကြသော ရေဝန်ရုံး ပိသုကာဆရာ ဦးအုန်းဖေနှင့် ပိသုကာအဖွဲ့ဝင်များအား

လည်း ၎င်းတို့၏ အားလပ်ချိန်များတွင် စေတနာ
အလျောက် ဝိုင်းဝန်းကူညီကြသောကြောင့် အထူး
တလည် ကျေးဇူးတင်ရပေသည်။ ထို့မျှမကသေး
အင်ဂျင်နီယာကဲထရိုက်ကြီး တဦးဖြစ်သူ ပိသုကာ
ဆရာကြီး ဦးထွန်းစိန်အားလည်း အချိန်အခါ
အလျောက် ၎င်း၏အားလပ်ချိန်များတွင် လိုဏ်ဂူ
တော်ကြီး ပြီးမြောက်အောင် တည်ဆောက်ရေး
အတွက် လာရောက် အကူအညီပေးခြင်းများနှင့်
ဝိုင်းဝန်းကူညီ စောင်မခြင်းများအတွက် ကျေးဇူး
တင်ရပေမည်။ ဤပိသုကာဌာန၏ စွမ်းစွမ်းတမန်
ဆောင်ရွက်မှုများသည်ပင်လျှင် လိုဏ်ဂူတော်ကြီး
တည်ဆောက်ရာ၌ အချိန်မှီ ပြီးမြောက်ရန်အတွက်
အရေးကြီးသော အကြောင်းအချက်တခု ဖြစ်ပေ
သည်။

ပဉ္စမ အရေးအကြီးဆုံး အင်ဂျင်နီယာဌာနဆိုင်
ရာ ၃-ပိုင်းခွဲခြားဆောင်ရွက်ပုံကို အကြမ်းဖျင်း
အားဖြင့် အကျဉ်းချုပ် ဖော်ပြပြီးနောက် ဒုတိယ
အရေးအကြီးဆုံးဌာနတခု အကြောင်းကို အစီရင်
ခံရပါမည်။ ထိုဌာနသည် အခြားမဟုတ် လိုဏ်ဂူ
တော်ကြီးတည်ဆောက်ရေးတွင် ပစ္စည်းထိန်းသိမ်း
မှု ဆိုင်ရာမှ မယိုမဖိတ်ရန်အတွက် အထူးထိမ်းသိမ်း
စောင့်ရှောက်ရမည့် ပစ္စည်းထိန်းဌာနတခုပင် ဖြစ်
ပေသည်။ ထိုဌာနကို ဝါးခယ်မ သခင်အောင်သင်း
က စီမံခန့်ခွဲ အုပ်ချုပ်ခဲ့ပေသည်။ ၎င်း၏အုပ်ချုပ်
မှုမှာ ပစ္စည်းသိုလှောင်မှုသာမက ပစ္စည်းရှာဖွေရေး
အတွက်ပါ တာဝန်ခံ အုပ်ချုပ်ရသောကြောင့်
ပစ္စည်းရှာဖွေရေးနှင့် သိုလှောင်ရေး အတွက်ပါ
တာဝန်ရှိခဲ့လေသည်။ ထိုလိုဏ်ဂူတော်ကြီး အချိန်
မှီ ပြီးစီးရန်အတွက် ပစ္စည်းသိုလှောင်ရေးမှာ
လည်း အရေးကြီးသော ကိစ္စတခုဖြစ်ရကား
ဦးအောင်သင်း၏ စီမံခန့်ခွဲမှုများ ကောင်းမွန်
သဖြင့်သာ ယိုဖိတ်မှုမရှိဘဲ အချိန်မှီ ပစ္စည်းရှာဖွေ
ပေးနိုင်ခြင်း, ကြိုတင် သိုလှောင်နိုင်ခြင်းများ
ကြောင့် ဤလိုဏ်ဂူကြီး ပြီးစီးခဲ့သည်ကိုလည်း
ထည့်သွင်းချီးကျူးရပေမည်။ ဦးအောင်သင်း၏
လက်အောက်တွင် အမှုထမ်းကြသော အမှုထမ်း
များမှာလည်းပိယိသေသပ်စွာ အမှုထမ်းကြသော
ကြောင့် လုပ်ငန်းဆောင်တာ အဝဝ ပြီးစီးအောင်
မြင်ခဲ့လေသည်။

ဤလိုဏ်ဂူတော်ကြီး တည်ဆောက်ရေးသည်
ကြီးကျယ်သော လုပ်ငန်းဆောင်တာ ဆောင်ရွက်
မှုတရပ် ဖြစ်သောကြောင့် အုပ်ချုပ်ရေးဌာနသည်
လည်း အရေးတကြီး ပါဝင်ပြန်လေသည်။

ထိုအုပ်ချုပ်ရေးဌာနတွင် စီမံခန့်ခွဲရန် လူရွေး
ချယ်ရာ၌ ဤသမိုင်းရေးသူအဖို့ အခက်အခဲများ
စွာ တွေ့ကြုံခဲ့ရပေသည်။ အုပ်ချုပ်ရေးဌာနကို
အုပ်ချုပ်ရမည့်သူမှာ သာမန်အားဖြင့် ဆောင်ရွက်
လုပ်ကိုင်မှုအပေါ် တွင် မူမတည်ဘဲ ထိုလုပ်ငန်းကြီး
ကို ဦးစီးအုပ်ချုပ်ရမည့် ပုဂ္ဂိုလ်တို့လိုလားအပ်သည့်
အစီအစဉ်များကို စနစ်တကျ လိုက်နာဖန်တီးပေး
ရန် ဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်ကိုသာ ရွေးချယ်
အုပ်ချုပ်စေရမည်ဖြစ်သည်။ သို့ကြောင့် အငြိမ်း
စား မြူနီစီပယ် အခွန်ဝန်ဖြစ်သူ ရိုးသားဖြောင့်
မတ်၍ လုပ်ငန်းဆောင်တာအဝဝတို့ကို ကျွမ်းကျင်
နားလည်သည့် ဦးကွန်းလုံ အား စီမံအုပ်ချုပ်သူ
အဖြစ် ရွေးချယ်ကာ ရုံးလုပ်ငန်းဆောင်တာများ
ကို အုပ်ချုပ်စေ၍ လက်အောက်တွင်လည်း ကျွမ်း
ကျင်သော အုပ်ချုပ်မှုဆိုင်ရာ ရာထမ်းမှုထမ်းများ
ကို ခန့်ထားဆောင်ရွက်စေခဲ့သည်။

ဤလိုဏ်ဂူတော်ကြီး တည်ဆောက်ရေးတွင်
သိန်းပေါင်း ၉၀-ကျော်မျှ အကုန်အကျခံ၍ တည်
ဆောက်ရာ၌ ဤသမိုင်းရေးသူ လိုဏ်ဂူတော်ကြီး
တည်ဆောက်သူသည် ငွေရေးကြေးရေးအတွက်
များစွာထိတ်လန့် ဝန်လေးခဲ့မိသည်။ ထို့ကြောင့်
ပင်လျှင် လိုဏ်ဂူတော်ကြီးတည်ဆောက်ရေးအဖွဲ့
အစည်းအဝေးတခု၌ ဤသမိုင်းရေးသူက လုပ်ငန်း
စဉ် အပိုင်း ၃-ပိုင်းရှိရာ (၁) ငွေရေးကြေးရေး။
(၂) တည်ဆောက်ရေး။ (၃) ပစ္စည်းထိန်းသိမ်း

ရေး ၃-ပိုင်းရှိသည့်အနက် တည်ဆောက်ရေးကို ကျွန်တော်တာဝန်ယူပါမည်။ ငွေရေးကြေးရေးနှင့် ပစ္စည်းထိန်းသိမ်းရေးအတွက် အသင့်လျော်ဆုံးသော ပုဂ္ဂိုလ်များကို ရွေးချယ်ပေးအပ်ရန် နိုင်ငံတော် ဝန်ကြီးချုပ်သို့ တောင်းဆိုခဲ့ဘူးပါသည်။ သို့တောင်းဆိုရာ၌ ပစ္စည်းထိန်းသိမ်းရေးအတွက် အထက် ဖော်ပြပါ ဦးအောင်သင်းအား တာဝန်ခံစောင့်ရှောက်စေ၍ ငွေရေးကြေးရေးအတွက်မှာမူ နိုင်ငံတော် စာရင်းစစ်မင်းကြီးနှင့် ငွေစာရင်းမင်းကြီးများနှင့် တိုင်ပင်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသည်။ သို့ကြောင့် တနေ့တွင် ယခုအမြတ်တော် မင်းကြီး စည်သူ ဦးစံသိမ်းနှင့် သမိုင်းရေသားသူတို့သည် ငွေစာရင်း မင်းကြီးရုံး၌ ငွေရေး ကြေးရေး ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ငွေစာရင်းဌာန အထက်တန်း ပုဂ္ဂိုလ်ကြီးများပါဝင်သော အစည်းအဝေးတရပ်ကိုကျင်းပပြီး ငွေစာရင်းဌာနကို ထိန်းသိမ်းရန် အရာရှိတယောက် ရရှိရေးအတွက် ဆွေးနွေးတိုင်ပင်ရုံမျှမက ငွေစာရင်း ထိန်းသိမ်းရေး ဥပဒေများကိုပါ ရေးဆွဲရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။သို့ဖြင့် ငွေစာရင်းဌာနကို စီမံခန့်ခွဲအုပ်ချုပ်ရန် ငွေစာရင်းဌာနမှ စာရင်းကိုင်အရာရှိ ဦးသိန်းအား ဆဋ္ဌသင်္ဂါယနာတင်မဟာဓမ္မသဘင် ကျင်းပရာ ဆဋ္ဌသင်္ဂီတိ မဟာပါသာဏဂုဟာ တည်ဆောက်ရေးတွင် စာရင်းအင်းများနှင့် ငွေကြေးထိန်းသိမ်းရန်အတွက် စာရင်းကိုင်အရာရှိအဖြစ် ရွေးချယ်၍ တာဝန်ထမ်းဆောင်စေပါသည်။ ထိုပုဂ္ဂိုလ်မှာလည်း တိကျမှန်ကန်စွာ ငွေကြေးများကို လိုအပ်သည့်အတိုင်း ထိန်းသိမ်းစောင့်ရှောက်မယိုမဖိတ်ရအောင် ဖန်တီးအုပ်ချုပ်ခဲ့ပေသည်။

ထိုမျှသာမကသေး၊ လိုဏ်ဂူတော်ကြီး အချိန်မှီ တည်ဆောက်ပြီးစီးရေးမှာ အလုပ်သမားဌာနကလည်း အရေးကြီးသော ကဏ္ဍတခုအဖြစ် ပါဝင်ခဲ့ပါသည်။ ထိုလိုဏ်ဂူတော်ကြီး တည်ဆောက်ရာ၌ အလုပ်သမားများသည် အင်ဂျင်နီယာများမှအစ အလုပ်သမား အများဆုံး ခိုကပ်ခြင်း မရှိကြဘဲ လိုအပ်သည့်အတိုင်း ဆောင်ရွက်ပေးခဲ့ကြပေသည်၊ ထိုစဉ်က အလုပ်သမားများကို အုပ်ချုပ်သူအလုပ်သမားအရာရှိ ဦးလှမောင်အား ခန့်ထားခဲ့ပေသည်၊ ၎င်း၏အဆင်ပြေစွာ အုပ်ချုပ်နိုင်မှုများကြောင့်၎င်း၊ ၎င်း၏လက်အောက်ရှိ ပန်းရံဌာန၊ သံဌာန၊ လျှပ်စစ်ဌာနစသည့် ဌာနဆိုင်ရာ အသီးသီးတို့မှအုပ်ချုပ်ကြသည့် အဖွဲ့ဝင်များနှင့် အလုပ်သမားတစု၏ ကောင်းမြတ်သော စေတနာ သဒ္ဓါတရားများကြောင့်၎င်း၊ လုပ်ငန်းဆောင်တာအဝဝတို့သည် ပေးအပ်သော အချိန်ကာလအတွင်းအားလုံး ပြီးမြောက်အောင် အဖက်ဖက်မှ နေ့ရောညဉ့်ပါ အခါမရွေး ဆောင်ရွက်ခဲ့ကြပေသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အဖွဲ့ဝင်အသီးသီးတို့အား ၎င်းတို့၏ လုပ်ငန်းဆောင်တာများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဌာနအသီးသီးရှိ အထက်ဆုံးအတန်းမှ အောက်ဆုံးအတန်းထိ ဆောင်ရွက်ကြကုန်သော ပုဂ္ဂိုလ်အပေါင်းအား ဤသမိုင်းဖြင့် ချီးကျူးထောမနာ ပြုရပေသည်။

ဤလိုဏ်ဂူတော်ကြီး တည်ဆောက်ရာတွင် ထူးခြားချက်တရပ်လည်း ရှိပေသေးသည်။ ထိုထူးခြားချက်မှာ အခြားမဟုတ် နိုင်ငံတော် အလုပ်သမားဥပဒေအရ အချိန်ပိုသော ကာလအပိုင်းအခြားများတွင် လုပ်ခနှစ်ဆ တောင်းခံနိုင်ခွင့် ရှိသော်လည်း ထိုလိုဏ်ဂူတော်ကြီးတွင် အလုပ်လုပ်ကြသော လူအပေါင်းမှာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို ပြုစုချီးမြှောက်ရန် တည်ဆောက်သည့် လိုဏ်ဂူတော်ကြီး ပြီးမြောက်ရေးကိုသာ အဓိကထားရှိလျက် စေတနာထက်သန်စွာ ဆောင်ရွက်ကြသောကြောင့် အချိန်ပို လုပ်ခ မတောင်းကြဘဲ ဆောင်ရွက်မှုများသည်ပင်လျှင် ဤလိုဏ်ဂူတော်ကြီး ပြီးမြောက်အောင်မြင်ရာ၌ ထူးခြားချက်အကြောင်းကြီးတရပ်ဖြစ်ကြောင်း မှတ်တမ်းတင်ချီးကျူးရပေသည်။

# လိုဏ်ဂူတော်စတင် တည်ဆောက်ရန်စီမံခြင်း

ဤလိုဏ်ဂူတော်ကြီး တည်ဆောက်ထားသည့် နေရာသည် မူလက ရာဘာခေါ် ကော်ပတ်ခြံကြီး တခုဖြစ်၍ လိုဏ်ဂူတော် တည်ဆောက်ရန် အတွက် ထိုကော်ပတ်ပင်များကို ရှင်းလင်းသုတ်သင်ခဲ့ရာ ဘုရားငုတ်တိုနေရာ တခုပါတွေ့ရှိသောကြောင့် ထိုမြေသည်ပင်လျှင် ရှေးယခင်က သာသနာ့မြေတခုဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေခဲ့ပါသည်။ သို့ဖြစ်သည် အားလျော်စွာလည်း ဤလိုဏ်ဂူတော် တည်ဆောက်ရာ ကုန်းကြီးတခုလုံးတွင် လူများနေထိုင်ခြင်းမပြုခဲ့ပဲ ကော်ပတ်ခြံများ ကိုသာ စိုက်ပျိုးထားကြောင်း တွေ့ရှိရသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန် စစ်ဖက်ဆိုင်ရာများ ဤကော်ပတ်ခြံအနီးတွင် စားနပ်ရိက္ခာ သိုလှောင်မှုများ ပြုလုပ်ခဲ့သည်။ သို့ပြုလုပ်ခဲ့သော်လည်း အင်္ဂလိပ် အမေရိကန်လေတပ်မှ ထိုနေရာဌာနတွင် လေယာဉ်ပျံများဖြင့် ဦးကြိုတိုက်ခိုက်ခဲ့ရာ ရွှေ့ပြောင်းသွားရသဖြင့် ဂျပန်စစ်သည်တော်များ ကြာရှည် နေထိုင်မှုမရရှိခဲ့ကြောင်းကိုလည်း ကြားသိရပါသည်။ ထိုကုန်းမြေကိုပင် သုတ်သင် ရှင်းလင်းပြီး ပန္နက်တင် မင်္ဂလာ မကျင်းပမီ ၃-ရက်တိုင်တိုင် ၁၃၁၄-ခု ပြာသိုလပြည့်ကျော် ၁၃-၁၄-၁၅ ရက် နေ့များတွင် ရန်ကုန်မြို့ ဘုရားကြီးတိုက်ဆရာတော် အရှင်ကောဏ္ဍညအမှူးပြု၍ သံဃာတော်အပါး ၅၀၀-တို့သည် ၃-ရက်တိုင်တိုင် ညနေတိုင်း ၄-နာရီ အချိန်မှ အစပြု၍ ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများကို တခမ်းတနား ဆင်ယင်ကျင်းပ ဆောင်ရွက်တော်မူကြပါသည်။

ထို့ပြင် မဟာသီရိသုဓမ္မ ဟသ်ာတဦးမြ၊ သာသနာ့ညွှန်ကြားရေးဝန် ဦးကြီးဖေ၊ သာသနာရေး အရာရှိ ဦးခင်မောင်လင်းတို့ ခေါင်းဆောင်သော သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့က ပရိတ်တော် ၁၁-သုတ်ကို ဘေးအန္တရာယ် ကင်းရှင်းစေရန် အလို့ငှာငင်း လိုဏ်ဂူတော်ကြီး တည်ဆောက်ရာ၌ ထမြောက်အောင်မြင်စေရန်ငင်း ရည်သန်၍ ၃-ရက်ပတ်လုံး နေ့ရော ညဥ့်ပါ ပရိတ်သံမစဲ ရွတ်ဖတ်သရဇ္ဈာယ် ကြလေသည်။ ထိုအချိန်က လိုဏ်ဂူတော် တည်ဆောက်ရေး ဌာနအနီးတွင် မဏ္ဍပ်ကြီးများကို ပန္နက်တင်မင်္ဂလာ အုတ်မြစ်ချမင်္ဂလာစသည်တို့ကို ကျင်းပနိုင်ရေးအတွက် ခမ်းနားကြီးကျယ်စွာ တည်ဆောက်ထားခဲ့၏။ ထိုမဏ္ဍပ်ကြီးများအတွင်း၌ လာရောက် ကြသော ပရိသတ်အပေါင်း မြောက်မြားစွာတို့မှာလည်း နေ့ည မစဲ အုတ်အော် သောင်းသောင်း ရှိခဲ့လေသည်။

## ပန္နက်တင် မင်္ဂလာသဘင်

၁၃၁၄-ခုနှစ် တပို့တွဲလဆန်း ၁-ရက် ကြာသပတေးနေ့ နံနက် ၈ နာရီ တိတိအချိန်တွင် လိုဏ်ဂူတော်ကြီး၏ ပန္နက်တင်မင်္ဂလာသဘင် ဆင်ယင်ကျင်းပရန် နေ့ကောင်း နေ့မြတ် ဇေယျသိဒ္ဓိမင်္ဂလာအခါကောင်းအခါမြတ်ဖြစ်၍ ထိုနေ့နံနက်တွင် သံဃာသော် ၁၀၈ ပါးတို့အား ဆွမ်းခဲဘွယ်ဘောဇဉ်တို့ကို လိုဏ်ဂူတော်အနီး တည်ဆောက်ထားသော မင်္ဂလာ မဏ္ဍပ်တော်ကြီးအတွင်း၌ လှူဒါန်းဆက်ကပ်ပြီးလျှင် နံနက် ၈-နာရီ အချိန်တွင် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မဆာဦးသွင်အမှူး ပြုသော ဗုဒ္ဓဘာသာဝင် သာသနာ့ မျက်နှာဖုံး ပုဂ္ဂိုလ်ကြီးများ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ သာသနာရေးဝန်ကြီး ဦးဝင်း အမှူးရှိသော အစိုးရအဖွဲ့

ဝင်ဝန်ကြီးများ အတွင်းဝန်များနှင့် အရာရှိများ နိုင်ငံတော် တရားဝန်ကြီးချုပ် သတိုးသီရိ-သုဓမ္မ အဂ္ဂမဟာသရေစည်သူ ဦးသိမ်းမောင် အစရှိသော တရားဝန်ကြီးများ၊ တိုက်နယ် အသီးသီးရှိ ဖ-ဆ-ပ-လ ပြည်သူလူထု ကိုယ်စားလှယ်တော်များ မဟာသီရိသုဓမ္မ ဟဿတ ဦးမြ အမှူးပြုသည့် ကုန်သည်ကြီးငယ် အများတို့သည် လိုဏ်ဂူတော်ကြီး တည်ဆောက်မည့်နေရာ မင်္ဂလာကုန်းတော်သို့ အညီအညွတ်လာရောက်ကြပြီးလျှင် အရပ် ရှစ်မျက်နှာတို့၌ မိမိတို့ နေ့ နံ အလိုက် နေရာယူကြ၍ ရွှေပန္နက် ရွှေတူဘို့ကို စွဲကိုင်ကြလျက် တပြိုင်နက်တည်း ပန္နက်တင် မင်္ဂလာအခါတော် အခမ်းအနား သဘင်ကြီးကို တခဲနက်မျှ ဆင်ယင်ကျင်းပကြလေသည်။ ထိုဇေယျသိဒ္ဓိ ပြည့်ညီသော အချိန်တွင် ပန္နက်တင်မင်္ဂလာ အခမ်းအနား ကျင်းပသည့် အချိန်မှ အစပြု၍ သီရိမင်္ဂလာပရိတ်တော် အဖွဲ့ကလည်း မဟာသီရိသုဓမ္မ ဟဿတ ဦးမြ၊ နိုင်ငံတော်အစိုးရ သာသနာ့ညွှန်ကြားရေးဝန် ဦးကြီးဖေတို့ ခေါင်းဆောင်၍ တြင်းနဝင်းကြေ ၅၄-နာရီတိတိ နေ့ရောညဉ့်ပါ အသံမစဲ တခဲနက်မျှ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး အဓွန့်ရှည်စွာ တည်မြဲရန် ရည်သန်၍၎င်း၊ ဆဋ္ဌသင်္ဂါယနာတင် လုပ်ငန်းရပ်ကြီး အောင်မြင်ရန် ရွှေရှုရည်သန်သဖြင့်၎င်း၊ တနာရီ တမိနစ်မျှ အသံမစဲ ပဋ္ဌာန်း ဒေသနာတော် မြတ်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်၍ ပူဇော်ခြင်းပြုကြပါသည်။

ပန္နက်တင်မင်္ဂလာကျင်းပသည့် ၁၃၁၄-ခု၊ တပို့တွဲလဆန်း ၁-ရက်နေ့မှစ၍ အုတ်မြစ်ချမင်္ဂလာပြုလုပ်သည့် ၁၃၁၄-ခု၊ တပို့တွဲလပြည့်ကျော် ၆-ရက် ထိုကာလ ရက်အပိုင်းအခြားကို တွက်စစ်ကြည့်ရှုပါက ၂၁-ရက်သာ ကွာခြားခဲ့လေသည်။ ထိုအုတ်မြစ်ချမင်္ဂလာ ကျင်းပနိုင်ရေးအတွက် မည်သို့ မည်ပုံ ဆောင်ရွက်သည်ကို အောက်တွင် ရှင်းလင်း ဖော်ပြရန် ဖြစ်ပေသည်။

ထိုပန္နက်တင် မင်္ဂလာ ကျင်းပသည့် ၁၃၁၄-ခု၊ တပို့တွဲလဆန်း ၁-ရက် ကြာသပတေးနေ့ နံနက် ၉-နာရီ အချိန်မှအစပြု၍ အုတ်မြစ်ချ မင်္ဂလာပွဲသဘင် ကျင်းပနိုင်ရေးအတွက် ပန္နက်တင်မင်္ဂလာသို့ ကြွရောက်လာကြသော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်နှင့် သာသနာ့ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးများ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု အမှူးပြုသည့် နိုင်ငံတော်အစိုးရ ဝန်ကြီးများ၊ ရပ်ကွက်ဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်တော်ကြီးများ၊ သာသနာရေးဌာန ဝန်ကြီး ဦးဝင်း၊ တရားဝန်ကြီးချုပ် သတိုးသီရိသုဓမ္မ အဂ္ဂမဟာ သရေစည်သူ ဦးသိမ်းမောင်တို့ အစရှိသောတရားဝန်ကြီးများ၊ အစိုးရအရာရှိကြီးငယ်များ၊ မဟာသီရိသုဓမ္မ ဟဿတ ဦးမြအမှူးပြုသည့် ကုန်သည်ကြီးငယ်များ၊ ပြည်သူလူထုကြီး တရပ်လုံးရှိရှိသမျှသော ပုဂ္ဂိုလ်ကြီးတို့သည် ပေါက်ပြား ပေါက်ချွန်း ဂေါ်ပြား စသည်တို့ကိုစွဲကိုင်၍ ပန္နက်မြေပြင်အတွင်း တူးဆွနေချိန်တွင် လိုဏ်ဂူတော်တည်ဆောက်ရေး လုပ်ငန်းကြီးကို စက်နှင့် လျှပ်စစ်ဌာနမှ ကြီးကြပ် ဆောင်ရွက်ရမည့် တာဝန်ခံ အင်ဂျင်နီယာ ဦးမြသာထွန်း ခေါင်းဆောင်သော စက်ယန္တရားတပ် တာဝန်ခံ ပုဂ္ဂိုလ်များကလည်း စက်များဖြင့် မြေများကို ထိုးဆွ၍တဖုံ တူးဆွ၍တမျိုး လိုဏ်ဂူတော် တည်ဆောက်ရေးအတွက် အသက်ဝင်ကာ စတင်ဆောင်ရွက်ကြလေသည်။

## အုတ်မြစ်ချမင်္ဂလာသဘင်

၁၃၁၄-ခု၊ တပို့တွဲလပြည့်ကျော် ၆-ရက် ဗုဒ္ဓဟူးနေ့ နံနက် ၈-နာရီအချိန်သည် ထို ကျောက်လိုဏ်ဂူတော်ကြီး တည်ဆောက်ရေးအတွက် အရေးကြီးလှသော အုတ်မြစ်ချ မင်္ဂလာအခါတော်ကြီးပင် ဖြစ်ပေသည်။ အထက်ဖော်ပြခဲ့သည့်အတိုင်း ပန္နက်တင် မင်္ဂလာနှင့် အုတ်မြစ်ချမင်္ဂလာ အခမ်းအနား

သည် အလွန်တိုတောင်းလှသော အချိန်ကာလအားဖြင့် ၂၁-ရက်မျှသာ ဖြစ်သော်လည်း ဗုဒ္ဓမြတ်စွာ သာသနာတော်၏ တန်ခိုးတေဇော်အာနုဘော်ကြောင့် လူအား စက်အားဖြင့် အုတ်မြစ်ချမင်္ဂလာ အခမ်းအနားကျင်းပနိုင်သည့် အခြေသို့ရောက်အောင် ဖန်တီး ပေးစွမ်းနိုင်ခဲ့လေသည်။ သို့အုတ်မြစ်ချ မင်္ဂလာသဘင်အခမ်းအနား ကျင်းပရာတွင် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီး ၉-ပါးကို အမှူးပြု၍ ကျင်းပရာဌာနသို့ မင်္ဂလာအခါတော် အချိန်မှီ ကြွရောက်၍ ဆွမ်းဘောဇဉ်များကပ်လှူပြီး အုတ်မြစ်ချ မင်္ဂလာအခမ်းအနားကြီး အောင်မြင်စိမ့်သောငှါလည်း, ဗုဒ္ဓသာသနာတော် မြတ်ကြီးအဓွန့်ရှည်စွာ ကြီးပွားစိမ့်သောငှါလည်း, ရည်သန်သဖြင့် ပရိတ်တော်မြတ်များရွတ်ဖတ်သရဇ္ဈာယ်တော်မူခြင်းစသည့် ပြုဘွယ်ကိစ္စ အဝဝတို့ကိုပြု၍ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ နိုင်ငံတော်တရားဝန်ကြီးချုပ် သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူဦးသိမ်းမောင်၊ အစိုးရဌာနဝန်ကြီးများ၊ အစိုးရရာထမ်းမှုထမ်းအဖွဲ့ဝင်များ၊အတွင်းဝန်များ၊ပါလီမန်အမတ်များ၊ ရန်ကုန်တိုက်နယ် အသီးသီးမှလူထုပရိသတ်များ၊ ပြည်ထောင်စု လူမျိုးအသီးသီးပါဝင်သော လူထုပရိသတ် ၅-သောင်းကျော်တို့သည် လိုဏ်ဂူတော်ကြီး အုတ်မြစ်ချပွဲတော်အခမ်းအနားသို့ အုတ်အော် သောင်းသောင်းလှိုက်လှိုက်လှဲလှဲ တက်ရောက် ပါဝင်ဆင်နွှဲကြလေသည်။ ထိုအုတ်မြစ်ချပွဲအခမ်းအနားတွင် မဟာသီရိသုဓမ္မ ဟသ်ာတဦးမြကလည်း လာသမျှရဟန်းရှင်လူ ပရိတ်သတ်များအား ထမင်းခဲဘွယ်ဘောဇဉ်တို့ဖြင့်လှူဒါန်းကျွေးမွေးခြင်း,ဗမာပြည်မာရဝါဒီ ကုန်သည်ကြီးများ အသင်းကလည်းသက်သတ်လွတ် ဆွမ်းထမင်းဟင်းလျာ များဖြင့်ကျွေးမွေး လှူဒါန်း ဧည့်ခံခြင်း ကမ္ဘာအေး စေတီတော် ဝေယျာဝစ္စအဖွဲ့ကလည်း ဦးမောင်ကိုကြီးမှူး၍ အဖျော်ယမကာများ တိုက်ကျွေး လှူဒါန်းခြင်း စသည့် အလှူအတန်းမြောက်မြားစွာတို့ကို ထိုအုတ်မြစ်ချပွဲ မင်္ဂလာသဘင် အခမ်းအနားကြီးတွင် ပါဝင်လှူဒါန်းကြလေသည်။

ထိုအုတ်မြစ်ချ မင်္ဂလာသဘင် အခမ်းအနားတွင် အထက်ဖော်ပြပါ မင်္ဂလာ အခါတော်ကျရောက်သည်နှင့် တပြိုင်နက် ကြေးစည်ခရုသင်းအိုးစည် ဗုံမောင်းတို့ကို တီးခတ် ရိုက်ဟီးစေလျက် ဩဝါဒါစရိယ ဆရာတော်ကြီး (၉)ပါး ဦးဆောင်ပြီးလျှင် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ ဆာဦးသွင်သည်၎င်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည်၎င်း၊ (အထက် အောက်လွှတ်တော် နာယက ဥက္ကဋ္ဌကြီးများ) တရားဝန်ကြီး သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူဦးသိမ်းမောင်သည်၎င်း၊ နိုင်ငံတော်အစိုးရ ဝန်ကြီးများ၊ တရားဝန်ကြီးများ၊ အတွင်းဝန်ချုပ်နှင့်အတွင်းဝန်များ၊ ပါလီမန်အတွင်းဝန်များ၊ လွှတ်တော်အမတ်များ၊ မြို့တော်ဝန်နှင့် မြူနီစီပယ်လူကြီးများ၊ တိုက်နယ်အသီးသီးမှ လူထုခေါင်းဆောင်များနှင့် လူထု အပေါင်းပါတို့သည်၎င်း အသီးအသီး ရွှေဖလား ငွေဖလားများကို ကိုင်ဆောင်ကြ၍ ထိုရွှေဖလား ငွေဖလားများအတွင်းရှိသည့် ကျောက်စရစ်လေးဆ၊ သဲနှစ်ဆ ဘိလပ်မြေတဆ ရောမွှေထားသည့် ကွန်ကရစ် များကိုသယ်ပိုးယူဆောင်ကြလျက် တခမ်းတနား အစီအစဉ်များအရ အုတ်မြစ်ချကြလေသည်။ ထိုအုတ်မြစ်ချ မင်္ဂလာပွဲမှာ ဗမာ့ရာဇဝင်သမိုင်းတွင် ထူးခြားလှသော အုတ်မြစ်ချမင်္ဂလာပွဲကြီး တရပ်ပင်ဖြစ်ပေသည်။ အကြောင်းမူကား ထိုဆဋ္ဌသင်္ဂါယနာတင် လုပ်ငန်းရပ်ကြီးသည် ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူ အပေါင်းတို့နှင့် တိုက်ရိုက်သက်ဆိုင်သော လုပ်ငန်းရပ်ကြီးတခုဖြစ်သည် အားလျော်

စွာ နိုင်ငံတော်အစိုးရတို့ကလည်း အာဏာစက်ဖြင့် ဆရာတော်သံဃာတော်များကလည်း ဓမ္မစက်ဖြင့် လွှမ်းမိုးစေလျက် တည်ဆောက်စေခဲ့ရကား ဆရာ တော်သံဃာတော်များနှင့်တကွ နိုင်ငံတော်အစိုး ရပြည်သူလူထု လူမျိုးမရွေး ဘာသာမရွေး ထို အုတ်မြစ်ချ မင်္ဂလာပွဲအခမ်းအနားကို ဝိုင်းဝန်း ကျင်းပကြသောကြောင့် ဗမာ့ရာဇဝင်သမိုင်းတွင် အထူးခြားဆုံးဖြစ်၍ ပြီးမြောက်အောင်မြင်ခဲ့လေ သည်။

## ထူးခြားသောတိတ်နိမိတ်များ

ထိုကျောက် လိုဏ်ဂူတော်ကြီး၏ ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပသည့်နေ့ ဖြစ်သော ၁၃၁၄-ခု တပို့တွဲလဆန်း ၁-ရက် ကြာသပတေး နေ့၌၎င်း၊ အုတ်မြစ်ချ မင်္ဂလာ အခမ်းအနား ကျင်းပသည့်နေ့ဖြစ်သည့် ၁၃၁၄-ခု တပို့တွဲလပြည့် ကျော် ၆-ရက် ဗုဒ္ဓဟူးနေ့၌၎င်း၊ ပန္နက်မချမီ အုတ်မြစ်မချမီ သံဃာတော်အရှင်မြတ် ၅၀၀-တို့ နေ့စဉ် ပရိတ်တော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်သော ညနေချိန်အခါများ၌၎င်း၊ ကောင်းကင်တွင် နေ ပူရှိန်များလျက် ရှိသော်လည်း မိုးသားတိမ်လိပ် တို့သည် တကောင်းကင်လုံး ကမ္ဗလာဖုံးအုပ်သကဲ့ သို့ နေပူရှိန်ကို အကာအကွယ်ပေးခြင်းသည်၎င်း၊ အထူးအားဖြင့် ရွှေပန္နက်ပွဲမင်္ဂလာ အခမ်းအနား ကျင်းပသည့်နေ့ နံနက်ချိန်အခါ အရှေ့ဟာဝေယံ ကောင်းကင်ထက်ဝယ် သက်တန့်ရေး ၃-ခု ရှမ်းမြီး အောင် ပေါ်ထွန်းလာခြင်းသည်၎င်း၊ ပြာသို တပို့တွဲလချိန်ခါများတွင် မိုးရာသီ မဟုတ်သော် လည်း အုတ်မြစ်ချမင်္ဂလာ အခမ်းအနားကျင်းပ သည့်နေ့နံနက် အချိန်အခါတွင်လည်း ပေါက္ခရ ဝဿမိုး ရန်ကုန်မြို့ ပတ်ဝန်းကျင်အရပ်များတွင် သည်းထန်စွာ ရွာသွန်းသော်လည်း ကျောက် လိုဏ်ဂူတော် အုတ်မြစ်ချပွဲတော် အခမ်းအနား ကျင်းပရာ သိရိမင်္ဂလာကုန်းမြေ ပတ်ဝန်းကျင် တွင် မိုးပေါက်တစုံတရာမကျပဲ အုတ်မြစ်ချ မင်္ဂ လာ အခမ်းအနားကြီးကို ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပ နိုင်ခဲ့ခြင်းသည်၎င်း ထူးခြား သော တိတ်နိမိတ်များဖြစ်ပါသည်။ ထို့မျှမက သေး၊လိုဏ်ဂူတော်တည်ဆောက်လျက်ရှိကြသော လိုဏ်ဂူတော် တည်ဆောက်ရေး အဖွဲ့ဝင် အပေါင်း မှာလည်း လိုဏ်ဂူတော် တည်ဆောက်သည့်နေ့မှ အစပြု၍ လိုဏ်ဂူတော်ကြီး ပြီးစီးသည့် နေ့တိုင် အောင်ကြိုးစားဆောင်ရွက် လုပ်ကိုင်ခြင်းကြောင့် ကိုယ်ပင်ပန်း နွမ်းနယ်ကြစေကာမူ စိတ်ပျော်ရွှင် လန်းဝမ်းမြောက်စွာ ကိုယ့်တာဝန်နှင့်ကိုယ် ညီညာ ဖြဖြ ဆောင်ရွက် ကြခြင်းသည်ပင်လျှင် အတိတ် ကောင်း နိမိတ်ကောင်းများ ဖြစ်ပါသည်။

## လိုဏ်ဂူတော်ကြီး တည်ဆောက်ရာတွင် မှုတည်ဝိသေသအထိမ်းအမှတ်များ

ဆဋ္ဌသင်္ဂီတိ မဟာပါသာဏဂုဟာ ခေါ် ဆဋ္ဌ သင်္ဂါယနာတင်ကျောက်လိုဏ်ဂူတော်ကြီး မတည် ဆောက်မီ မည်သို့ မည်ပုံ တည်ဆောက်ခဲ့သည့် ဗိသုကာ ပညာရပ်များနှင့် ပတ်သက်၍ အသေး စိတ် လုပ်ငန်းဆောင်တာများကို ရှေ့တွင် ဆက် လက် ဖော်ပြသွားမည် ဖြစ်ပေသည်။ သို့သော် လိုဏ်ဂူတော်ကြီး တည်ဆောက်ရာ၌ အဓိက ရည် ရွယ်ချက်များကို ပေါ်လွင်စေရန်လည်း လိုအပ် လျက်ရှိရကား ထိုကျောက်လိုဏ်ဂူတော်ကြီး တည် ဆောက်ရာတွင် မူတည် အချက်အလက် မြောက် မြားစွာ ပေါ်ထွက်ခဲ့လေသည်။ ထိုမူတည်အချက် အလက်များသည် ရှေးသင်္ဂါယနာတင် ထုံးတမ်း များကို နည်းမှီးစေနိုင်ရန်၎င်း၊ ဤပြည်ထောင်စု သမတနိုင်ငံတော်၏ခေတ်ကို ပေါ်လွင်စေရန်၎င်း၊ ဆဋ္ဌသင်္ဂါယနာတင်၏ အထိမ်းအမှတ်တခုဖြစ်စေ ရန်၎င်း၊ ဗုဒ္ဓမြတ်စွာ သာသနာတော်နှစ် ၅၀၀၀- တည်တံ့ခိုင်မြဲစေရန်၎င်း အဓိကအချက်ကြီးများ

အဖြစ် ထားရှိခဲ့သည့်ပြင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုကိုယ်တိုင် ချမှတ်ခဲ့သောလမ်းစဉ်ကြီး ၃-ရပ်ကိုလည်း အမှီပြုခဲ့ရပေသည်။ ထိုလမ်းစဉ်ကြီး ၃-ရပ်မှာ (၁)ကြာရှည်လေးမြင့်တည်တံ့ခိုင်မြဲခြင်း။ (၂)လွတ်လပ်သည့် ပြည်ထောင်စုသမတခေတ်ကို ပေါ်လွင်စေသည့် ရိုးသားစွာ တန်ဆာဆင်သည့် အဆောက်အဦ ဖြစ်ခြင်း။ (၃) ငွေအကုန်အကျနည်းခြင်းစသည့် အချက်ကြီး ၃-ခုကိုလည်း အမှီပြု၍ တည်ဆောက်ခဲ့ပါသည်၊ သို့ကြောင့်ပင်လျှင် ဤကျောက် လိုဏ်ဂူတော်ကြီးကို ကြည့်ပါက အိန္ဒိယပြည် ဘုံဘိုင်မြို့အနီးရှိ နှစ်ပေါင်း ၇၀၀-ခန့်မင်းအဆက်ဆက် ကျောက်တောင်ကြီးကို ထွင်းဖောက် လုပ်ခဲ့သော အာဂျင်တာကစ်ဖ်ခေါ် ကျောက်လိုဏ်ဂူတော်ကြီးနှင့်လည်း မတူ၊ ယခင်ပဥ္စမသင်္ဂါယနာ တင်ခဲ့သော သတ္တပဏ္ဏိလိုဏ်ဂူတော်နှင့် စတုတ္ထသင်္ဂါယနာတင်ခဲ့သော အာလောက ကျောက်လိုဏ်ဂူများနှင့်လည်း မတူ၊ ခေတ်အားလျော်စွာ တမူဆန်းပြား လူသားပကတိတို့က ခေတ်မှီနည်းစနစ်များဖြင့် မြေပြင်မှ ကျောက်တောင်ကြီးတခုကို မားမားမတ်မတ် ပေါ်ထွက်နေသကဲ့သို့ တည်ဆောက် ဖန်တီးခဲ့ရာ၌ အပြင်ကကြည့်လျှင် ကျောက်တောင်ပူစာကြီး တခုကို ကျောက်သားပကတိဖြင့် တည်ဆောက်ထားကြောင်း တွေ့မြင်ရပေမည်။ ဘေးကျောက်လှေကားတဖက်တချက်မှ ကျောက်တောင်ပေါ်သို့ တက်သွားလျှင်လည်း အာလိန် အဆင့်ဆင့် အဆောင်ဆောင် အခန်းခန်း ဂူနန်းအထွတ်ကြောင်လိမ်လှေကားတသွယ်-မလွယ်ပေါက်လမ်း စသည့် လိုဏ်ဂူတော်ကြီး၏ ကျက်သရေကို ဆောင်သည့် အခမ်းအနားများ တွေ့ရှိရပေမည်။ သည်သာမက အာလိန်၅-ဆင့် အပေါ်ယင်ပြင်တိုက်နံရံတွင်လည်း ဗုဒ္ဓမြတ်စွာ ပွင့်တော်မူသောအခါ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးကို ဟောမြွက်တော်မူဟန် ဗုဒ္ဓရုပ်ပွါးတော်တဆူသည် ကျောက်လိုဏ်ဂူတော် အတွင်းဝယ် ကိန်းဝပ်စမွယ်ခဲ့လေသည်။

ထိုအာလိန်၅-ဆင့် လိုဏ်နန်းမြင့်မှ အောက်သို့ ဆင်းရာ ဝဲယာများ၌ ကျောက်တောင်လိုဏ်နန်း ရစ်သန်းသွားရာ သက်လမ်းနှစ်ဖြာကို တွေ့ရလိမ့်မည်။ ထိုဝဲယာနှစ်ဖက် ဆင်းသက်သည့်လမ်း နှစ်သွယ်ဖြင့် လိုဏ်ဂူရစ်ပတ်သည့် အထက်ဆုံးနတ်လမ်းမှ စတုတ္ထဆင့်ဖြစ်သော လိုဏ်လမ်းကို သက်ဆင်းနိုင်သည့် လမ်းများမှာလည်း လိုဏ်ဂူတောင်မြောက်မှ ဆင်းသက်နိုင်သည်။ ထို စတုတ္ထ လိုဏ်လမ်းဖြင့် လှည့်ပတ်ကြည့်ရှုပါမူ လိုဏ်ဂူအသီးသီးတို့၌ ပဋိပတ္တိသာသနာတော် ထွန်းလင်းတောက်ပရန် တရားကျင့်မည့် ဌာနတို့ဟူ၍ ရည်မြော်တည်ဆောက်ထားခြင်း ဖြစ်သည်။ ထိုလိုဏ်တွင်းမှ လိုဏ်လမ်းဂူပြင်သို့ ကြည့်ရှု၍ မမြင်နိုင်ပဲ အေးချမ်းသာယာစွာ လိုဏ်ဂူတော်တွင်း တည်ဆောက်ထားသည့် လိုဏ် အဝဝတို့ကိုလည်း တွေ့မြင်ရပေမည်။ ထိုမှတဝ တတိယလိုဏ်ဂူသို့ သက်ဆင်းလိုပါမူ အပြင်ကျောက်တောင် တက်လမ်းနှစ်သွယ်မှ အပေါ်သို့တက်၍ သက်ဆင်းသော လမ်းနှစ်သွယ်ဖြင့် ဆင်းသက်၍ မရပဲ အတွင်းလိုဏ်ဂူလမ်းဖြင့် ဆင်းသက်ရမည်ဖြစ်ပေသည်။ ထိုလမ်းစဉ်မှာ လိုဏ်ဂူကို ထိုးဖောက် တည်ဆောက်ထားသော စက်လှေကားတသွယ် ခြေလျှင်ဆင်းနိုင်သည့် လှေကားဖြင့်တနည်း လိုဏ်ဂူတော်၏ မြောက်ဖက် အတွင်းလမ်းဖြင့်သာ သက်ဆင်းနိုင်ပေသည်။ ထိုလမ်းနှစ်သွယ်ကို လိုဏ်ဂူတော်၏ အတွင်းအပြင် သွားလာမှုများ ပိတ်ဆို့လိုသည့်အခါတွင် တားဆီးထားနိုင်ရန်အတွက် လိုဏ်ဂူတော်မြောက် တတိယဆောင် စတုတ္ထထပ်ရှိ ခန်းမ၏ ဝင်ထွက်ပေါက်တံခါးကြီးနှစ်ခုဖြင့် ပိတ်ဆို့ထားခဲ့လေသည်။ ထိုတံခါးကြီး ဝဲယာနှစ်ပေါက်ကို ဖွင့်မှသာလျှင် အောက်ထပ် တတိယဆောင် အတွင်းလိုဏ်ခန်းမ

ဖြင့် လိုဏ်ဂူတော်ကြီး၏အတွင်းသို့ ဝင်ရောက်သွားလာနိုင်အောင် ဖန်တီးထားခဲ့လေသည်။ ထိုဒုတိယအထပ်ရှိ တတိယလိုဏ်လမ်းသည် လိုဏ်ဂူတော်ကိုပတ်၍ သွားလာနိုင်ရုံမျှမက သံဃာစင်များနှင့် အောက်ထပ် လိုဏ်လမ်းအတွင်း သွားလာနိုင်သည့်အပြင် သံဃာစင်များမှ ဆင်း၍လည်း အောက် လိုဏ်ဂူတော်ကြီး ယင်ပြင်တော်တွင်းသို့ သွားလာနိုင်ပေသည်။ သို့ဖြင့် တတိယလိုဏ်ခေါ် ဒုတိယအထပ်ရှိ လိုဏ်အောက်သို့ သွားလာနိုင်သော လမ်းပေါင်း မြောက်မြားစွာ ရှိသော်လည်း အထူးသဖြင့် တောင်ဘက်တွင် လိုဏ်ကိုပတ်၍ အောက်ထပ်သို့ဆင်းလမ်း သီးသန့်လမ်းနှစ်သွယ် ဖန်တီးထားခဲ့ပေသည်။ မြောက်ဖက်တွင်မူ ကျောက်လှေကားလမ်း တခုနှင့် လျှပ်စစ်ဓာတ်လှေကား လမ်းတခု ဖန်တီးထားရှိသည်။ အတွင်းသို့ ဆင်းတက်နိုင်သော လိုဏ်ဂူတွင်း ကျောက်လှေကားများမှာ ဆရာတော်အရှင်မြတ်များ မိမိနေရာသို့ ရောက်အောင် တောက်လျှောက် ဆင်းသက် နိုင်ရန်အတွက် သီးသန့် ဖန်တီးထားသော သင်္ဂါယနာတင် သံဃာစင်ကြီးများနှင့် ပူးတွဲ တည်ဆောက်ထားသော လိုဏ်ဂူတွင် သံဃာစင်များသို့ တက်ရာ ကျောက်လှေကားများပင်ဖြစ်ပေသည်။ ထိုသံဃာစင် ဆင်းသက် လမ်းများမှသော်၎င်း၊ တောင်မြောက်ဝဲယာ ကျောက်လိုဏ်လှေကားမှသော်၎င်း၊ လျှပ်စစ်ဓာတ်စက်လှေကားဖြင့် ဆင်းသက်လျှင်သော်၎င်း အောက်ဆုံးထပ်အတွင်း လိုဏ်ခန်းမဆောင်နှင့် လိုဏ်ဂူကိုပတ်သော အတွင်းအောက်ဆုံးထပ် ဒုတိယလိုဏ်လမ်းသို့ရောက်ရှိပေမည်။ ထိုလိုဏ်လမ်းမှ ပတ်၍သွားလျှင် လိုဏ်ဂူတော်ကြီးအတွင်းသို့၎င်း လိုဏ်ဂူတော်ကြီးကို ပတ်၍သော်၎င်း သွားလာနိုင်သော အတွင်းလိုဏ်လမ်းကို တွေ့ရှိရမည် ဖြစ်ပေသည်။ ထိုအောက်ဆုံးထပ်အတွင်းလိုဏ်လမ်းများ၏ အပြင်တွင် အပြင်လိုဏ်လမ်းတခုကိုလည်း လိုဏ်ဂူတော်ကြီး၏ ပဌမဆုံးလိုဏ်အဖြစ် တွေ့ရှိရမည် ဖြစ်ပေသည်။ ထိုအပြင်ဆုံး လိုဏ်လမ်းမှာ လိုဏ် ၅-ဆင့်၏ အောက်ဆုံးလိုဏ်လမ်းသဖွယ် ဖန်တီးထားရကား အောက်ဆုံးထပ် အတွင်းလိုဏ်လမ်းမှ လိုဏ်လမ်း၏ အပြင်သံပြူတင်းများမှ ကြည့်လျှင် အပြင်လိုဏ်လမ်းကို မျက်ဝါးထင်ထင် တွေ့မြင်ရပေမည်။ ထိုအပြင်ဆုံးလိုဏ်လမ်းမှာ ဝင်ပေါက်ကြီး ၆-ပေါက်၏ နံရံများက ကာဆီးထားသဖြင့်၎င်း အပြင်ကျောက်တောင်နှင့်အတွင်း လိုဏ်ဂူကြီး ဆက်စပ်အောင် ပြုရန် ဖန်တီးထားသဖြင့်၎င်း လိုဏ်ဂူတွင်းအခြားလိုဏ်လမ်းများကဲ့သို့ လှည့်ပတ် သွားနိုင်မှု မရရှိသော်လည်း ထိုအောက်ဆုံးထပ် ပဌမ အပြင်လိုဏ်လမ်းကြီး ၆-ခုသည်ပင်လျှင် ထိုလိုဏ်ဂူတော်ကြီးကို ဆဋ္ဌသင်္ဂါယနာတင် ဆောင်ရွက်မှုကို ပေါ်လွင်စေသည့် တိုင်ကြီး ၆-တိုင်နှင့် ဝင်ပေါက်ကြီး ၆-ခုတို့ကို အထိမ်းအမှတ်ပြုသကဲ့သို့ ဤအပြင် ပဌမလိုဏ်ကြီး ၆-ခုမှာလည်း ဆဋ္ဌသင်္ဂါယနာတင် အထိမ်းအမှတ်အဖြစ် ပေါ်လွင်စေခဲ့ပါသည်။

လိုဏ်ဂူတော်ကြီး တည်ဆောက်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ (၆)ကြိမ်မြောက် ဆဋ္ဌသင်္ဂါယနာတင်ရန် ဖြစ်သောကြောင့် သို့(၆)ကြိမ်၏ အနက် အဓိပ္ပါယ် ပေါ်လွင်စိမ့်သောငှါ ထိုလိုဏ်ဂူတော်ကြီး၏ ဝင်သောအပေါက်များကိုကြည့်လျှင် အပေါက်ကြီး ၆-ပေါက်သာ တွေ့ရှိရမည် ဖြစ်ပေသည်၊ လိုဏ်ဂူတော်ကြီးအတွင်းသို့ ဝင်လိုက်လျှင်လည်း စွင့်စွင့်ငွါးငွါး မားမားမတ်မတ် တိုင်ကြီး ၆-တိုင်ဖန်တီးထားကြောင်း တွေ့ရှိရလေသည်။ ဤဝင်ပေါက်ကြီး ၆-ပေါက်နှင့် တိုင်ကြီး ၆-တိုင်ပင်လျှင် (၆)ကြိမ်မြောက် ဆဋ္ဌသင်္ဂါယနာတင်၏ အထိမ်းအမှတ်ကြီး ဖြစ်ကြောင်း တွေ့ရှိရပေမည်။ ဝင်ပေါက်ကြီး ၆-ပေါက်အနက် ဘေးတဖက်တချက်ရှိ ဝင်ပေါက်ကြီး ၄-ပေါက်ကိုကြည့်လိုက်လျှင် အတွင်းရှိ တိုင်ကြီး ၆-တိုင်အနက် ၄-ခုသော

တိုင်လုံးကြီးများမှာ မျက်မြင်အားဖြင့် ထင်ရှား ပေါ်လွင်လျက် ရှိပေလိမ့်မည်။ ဤသည်ပင်လျှင် ယခုခေတ် ဗိသုကာကြီးများအဖို့ ခေတ်မှီ အဆောက်အဦ တည်ဆောက်ရာတွင် တိုင်များသည် ဝင်ပေါက်မှတတ်နိုင်သမျှ ဖယ်ရှားတီထွင်ရေးဆွဲကာ တည်ဆောက်ရမည် ဖြစ်ပေသည်။ ဤအချက်ကို ဤသမိုင်းရေးသား၍ လိုဏ်ဂူတော်တည်ဆောက်ရေး တာဝန်ခံဖြစ်သူ အသိပင် ဖြစ်သော်လည်း အထက်ဖော်ပြပါ ဝင်ပေါက်ကြီး၆-ခုနှင့်တိုင်ကြီး ၆-တိုင်မှာ သာသနာအဓွန့်ရှည်စွာ တည်မြဲလျက် ဆဋ္ဌသင်္ဂါယနာတင်ခေါ် (၆)ကြိမ်မြောက် သာသနာပြုပွဲကြီး၏ အထိမ်းအမှတ်ကို ထင်ထင်ရှားရှား ပေါ်လွင်စိမ့်သောငှါ တီထွင်ဖန်တီး တည်ဆောက်ထားခြင်းဖြစ်ရာ ဗိသုကာဆရာကြီးများက ဤ ရှင်းလင်းဖော်ပြချက် အကျဉ်းအားဖြင့် ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု ယူဆပါသည်။

လိုဏ်ဂူတော်ကြီး တည်ဆောက်ရာ နောင်တွင်ဖြစ်ပေါ်လတ္တံ့သော အသေးစိတ် ဗိသုကာ အနုပညာရပ်များနှင့် ပတ်သက်သော အကြောင်းအချက်အလက်များစွာတို့ကို တည်ဆောက်ပုံများနှင့်တကွ ဖော်ပြရှင်းလင်းရမည်ဖြစ်ရာ ယခုရေးသားသော အကြောင်း အချက်အလက်များသည် အသေးစိတ် ရေးသားဖော်ပြချက်များ၏ အထောက်အပံ့များသာဖြစ်ပေသည်။ လိုဏ်ဂူတော်ကြီးကို ကြည့်လျှင် အပြင်က ကျောက်တောင်ကြီးဖြစ်ရကား အတွင်းတွင် ခေတ်မှီရှိုးသားစွာတန်းဆာဆင်ထားသော တိုက်ခန်းမကြီးတခု ဖြစ်ပေသည်။ အပြင်ကျောက်တောင်နှင့် အတွင်းတိုက်ခန်းမကြီးသည် အနည်းနည်းအားဖြင့် ဆက်စပ်လျက်ရှိသော်လည်း ကိုယ့်ဝန်နှင့်ကိုယ်အား ဆိုသလို အပြင်ကျောက်တောင်ကြီး၏အားသည် အပြင်ပန္နက်အုတ်မြစ်များပေါ်၌သာ တည်မြဲလျက် ရှိပါသည်။ အပြင်ကျောက်တောင်နှင့် အတွင်းတိုက်ခန်းမကြီးဆက်စပ်ရာ၌ ဂုံးများဖြင့် ပေါင်းကူး၍ တည်ဆောက်ထားသောကြောင့် အတွင်း အပြင်အင်အားချင်း မျှလျက်ရှိရကား အပြင်ကျောက်ဆောင်ကြီးသည် အတွင်းတိုက်ခန်းမကြီး၏ အင်အားကို မဆုတ်ယုတ်စေသကဲ့သို့ အတွင်းတိုက်ခန်းမကြီး၏ အင်အားမှာလည်း အပြင်ကျောက်တောင်ကြီး၏ အင်အားကို ဆုတ်ယုတ်စေခြင်း မရှိကြောင်း အသေးစိတ် ဖော်ပြလျှင် ပေါ်လွင်ထင်ရှားစေပါလိမ့်မည်။ လိုဏ်ဂူတော်ကြီးအတွင်းသို့ ဝင်လိုက်သောအခါ လိုဏ်ဂူတော်ကြီး အတွင်းမှနေ၍ ကြည့်လျှင် တံခါးမကြီးများသော်၎င်း ပြူတင်းများသည်၎င်း လေဝင်ပေါက်များသည်၎င်း တထပ်တထပ်၌ တွက်စစ်ကြည့်ရှုပါက အပေါက်ပေါင်း ၂၄-ပေါက်သာ တွေ့ရမည် ဖြစ်ပါသည်။ ပဌမထပ် အတွင်းတံခါးပေါက်ကြီးများကို တွက်စစ်ကြည့်ရှုပါကလည်း ၂၄-ပေါက်သာ ရှိလေသည်။ အပေါ်ဆုံး လေဝင်လေထွက် အပေါက်များကို စိစစ်ကြည့်ရှုပါကလည်း ၂၄-ပေါက်သာ တွေ့ရှိရပေမည်။ ဤကဲ့သို့ ၃-ဆင့် ၃-ထပ် ထားခြင်းသည် ရတနာ ၃-ပါးကို ဦးထိပ်ထားခြင်းကို ရည်ရွယ်၍ ထားခြင်းဖြစ်ပါသည်။ မည်သည့် အထပ်မဆို အပေါက်များကို တွက်စစ်ကြည့်ရှုက ၂၄ ပေါက်မျှသာ ထားခြင်းသည် ၂၄-ပစ္စည်း ပဋ္ဌာန်းဒေသနာတော်ကြီးသည် ဤလိုဏ်ဂူတော်ကြီးကို လွှမ်းခြုံ၍ ဗုဒ္ဓသာသနာတော်တည်တံ့သမျှ ခိုင်ခံ့လုံခြုံပါစေ သတည်းဟု အဓိဋ္ဌာန်ဖြင့် ထားခြင်းဖြစ်ပေသည်။ ဤလိုဏ်ဂူတော်ကြီး၏ အလယ်တွင် ကြည့်ပါမူ တိုင်ကြီး ၆-တိုင်၊ သံဃာတော် ၂၅၀၀• သင်္ဂါယနာ တင်နိုင်ရန်အတွက် အဆင့်ဆင့်သော စင်မြင့်များ သံဃနာယက မဟာထေရ်ကြီးများ သီတင်းသုံးရန်စင်မြင့် စသည်တို့ပါဝင်၍ တိုင်ကြီး ၆-တိုင် မားမားမတ်မတ် လွှင့်ထူထားသည့် တထပ်တိုက် အာရုံခံကြီးသဖွယ် တွေ့မြင်ရပါလိမ့်မည်။ ဘေးနှစ်ဖက်သို့အထက်လှေကားမှ တက်၍ ကြည့်

ပါမူ နှစ်ထပ်တိုက် နံရံ လိုဏ်ဂူလမ်းများဖြင့် ပြီးသော အထပ်ကိုသာ တွေ့မြင်ရပါမည်။ ထိုနှစ်ထပ်သို့ ရောက်လျှင် လိုဏ်ဂူတော်၏ မြောက်ဖက်အတွင်း၌ ဝိဟာရတိုက်ခန်းမကြီးကို တွေ့မြင်ရပေမည်။ သို့သော် လိုဏ်ဂူကြီး၏မြောက်ဖက် အထက်ပါ ခန်းမဆောင်၏ အနောက်ဖက်ဒေါင့်တွင် ကျောက်ဖြင့် တည်ဆောက်ထားသော ခတ်လှေကားတပ်ဆင်ထားသည့်အဆောင်မှအခန်းများကို အဆင့်ဆင့်တက်၍ ကြည့်ရှုပါမူ အာလိန်ငါးဆင့် အထက် ဓမ္မစကြာ ဟောတော်မူသော မြတ်စွာဘုရား ရုပ်ပွားတော် ကိန်းဝပ်ရာ ယင်ပြင်တော် အထိ အထပ်အဆင့် ၅-ထပ် ၅-ဆင့် တွေ့ရှိရမည် ဖြစ်ပေသည်။

ထိုအထပ်မှ အထက်သို့ လျှပ်စစ်ခတ်လှေကားခြေဖြင့်တက်သော လှေကားအတွင်းမှ အထက်တက်သည့် ကျောက်ကြောင်လိမ်လှေကားစသည့် တက်ရန်လမ်း အဆင့်ဆင့် အသွယ်သွယ်ကို ဖန်တီးထားရှိမှုမက တတိယဆင့်တွင်မူ ဆရာတော်သံဃာတော်မြတ်များ အပန်းဖြေရန် ခန်းမဆောင်ကြီးများ၊ အပြင်မှ ကျောက်တောင်လုံးသဏ္ဍာန် ဖုံးအုပ်လျက်ရှိသော ပဋိပတ္တိကျင့်သုံးသူများအဖို့ ရည်ရွယ်၍ ကျောက်သား ကျောက်တုံးဖြင့် တည်ဆောက်ထားသည့် ဂူများလည်း ရှိပါသေးသည်။ ထို့နှင့် တဆက်တည်း ထိုအထပ်မှပင် အထက်သို့ ကြောင်လိမ်လှေကား ဝဲယာ တပ်ဆင်ထားသည့် အောက်အရပ်များတွင်လည်း ချေမ်းသာယာစွာ ပဋိပတ္တိ လုပ်ငန်းများကို အားထုတ်နိုင်ကြရန်အတွက် ကျောက်ဂူများလည်း ဖန်တီးထားခဲ့လေသည်။ လိုဏ်ဂူတော်ကြီး၏ အောက်ဆုံးထပ် အတွင်း လိုဏ်ဂူလမ်းမှ ရှောက်၍ ကမ္ဘာအေးစေတီတော်ဘက်ထွက်သော မုခ်ဝ၏ ဘေးတဖက်တချက်တွင်လည်း အပေါ်ထပ်အတွင်း လိုဏ်ဂူလမ်းသို့တက်ရန် လမ်းနှစ်သွယ်လည်း ရှိပါသေးသည်။

ထိုလမ်းနှစ်သွယ်မှ တက်ရောက်လျှင် ပဌမထပ်အတွင်းလိုဏ်လမ်းမှပတ်၍ မြောက်ဖက်တိုက်ခန်းဂုံးပေါက်မှ လိုဏ်ဂူတွင်းသို့ ထွက်ကြည့်လျှင် ပဌမထပ် တိုက်ခန်းနှင့် တဆက်တည်း ပဌမထပ်ကြမ်းပြင် မျက်နှာသည် သံဃနာယက မဟာထေရ်ကြီးများ သီတင်းသုံးရာ ဓမ္မာသနပလ္လင် တည်ရာဌာနသို့ ရောက်ရှိမည်။

အထက် ဖော်ပြချက်များနှင့် ပတ်သက်၍ အနောက်ဖက် အာလိန် ၅-ဆင့် တိုက်ခန်းများ၏ ရည်ရွယ်ချက်များကိုလည်း ရှင်းလင်းဖော်ပြရန် လိုပေသည်။ ထိုအာလိန်ငါးဆင့် အထပ်များ၏ အောက်ဆုံးထပ်တွင် အနောက်ဖက်၌ လိုဏ်ဂူတော်ကြီး၏ ခတ်မီးအားပေးရေးနှင့် လိုဏ်ဂူတော်ကြီး တည်ဆောက်ရေး အလုပ်သမားများ တာဝန်ဝတ္တရား ဆောင်ရွက်ရန် အခန်းပါဝင်၍ အခြား အရှေ့ဘက်တွင် လိုဏ်ဂူတော်ထိန်းသိမ်းစောင့်ရှောက်သည့် တာဝန်ခံပုဂ္ဂိုလ် တာဝန်ဝတ္တရားဆောင်ရွက်ရန် အစမ်းစကားပြော ကြေးနန်းများ ထားရှိရန်အခန်းနှင့် လိုဏ်ဂူတော်နှင့် ပတ်သက်သည့် ပစ္စည်းပစ္စယများ ပရိဘောဂများ သိုလှောင်ရန်အခန်းများဖြစ်၍ ထိုအထပ် အလယ်ခန်းမဆောင်တွင် သံဂါယနာတင် ဆရာတော်ကြီးများနားနေချိန် သီတင်းသုံးတော်မူကြရန်အတွက် ရည်ရွယ်ဖန်တီးထားသော အဆောင်ဆောင် အခန်းခန်းများ ဖြစ်ပါသည်။ ဒုတိယထပ်မှာလည်း ပဌမနှင့်တတိယထပ်များကဲ့သို့ အဆောင်များ ပါရှိရာ သင်္ဂါယနာတင်တော်မူကြသည့် ဆရာတော်သံဃာတော် အရှင်မြတ်များ သင်္ဂါယနာတင်မှ အပ အားလပ်သည့် အချိန်များတွင် အပန်းဖြေသီတင်းသုံး ကျိန်းစက်တော်မူနိုင်ရန် ထို့မှတပါးဆဋ္ဌသင်္ဂါယနာတင် ဆရာတော်အရှင်သူမြတ်များအားလပ်၍ သီတင်းသုံး နေတော်မူချိန်များတွင် အဖျော်ယမကာများဖြင့် ကပ်လှူပူဇော်နိုင်ရန်နှင့်

လိုအပ်သည့် အချိန်များတွင် သင်္ဂါယနာတင်နာယက ဆရာတော်ဘုရားများနှင့် သံဃာ့ဝန်ဆောင် ဆရာတော်ဘုရားများ သာသနာ့ကိစ္စ အဝဝတို့အတွက် ဆွေးနွေးတိုင်ပင်နိုင်ရန် ရည်ရွယ်ဖန်တီးတည်ဆောက်ထားရှိပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ရာဌာန ဤကျောက်လိုဏ်ဂူတော်ကြီးတခုလုံးကို နိုင်ငံတော် ဩဝါဒါစရိယ ဆဋ္ဌသင်္ဂါယနာတင် ပဌမသံဃနာယက ဖြစ်တော်မူသော (ဘဒ္ဒန္တ ရေဝတာဘိဓဇမဟာရဋ္ဌဂုရု) ဘွဲ့တံဆိပ်တော်ရ ညောင်ရမ်းဆရာတော်ဘုရားကြီးကိုယ်တိုင် ဦးဆောင်၍ ဆဋ္ဌသင်္ဂါယနာတင်ရာသို့ ကြွရောက်လာကြသော သင်္ဂါယနာတင် အရှင်သူမြတ်များ၏ ဥပုသ် ပဝါရဏာ စသော သံဃကံ ပြုလုပ်နိုင်ရန် သိမ်သမုတ်ထားပါသည်။

## လိုဏ်ဂူတော်ကြီး တည်ဆောက်ခြင်း

၁၃၁၄-ခု၊ တပို့တွဲလပြည့်ကျော် ၆-ရက် ဗုဒ္ဓဟူးနေ့ နံနက် ၈-နာရီအချိန် အထက်ဖော်ပြပါအတိုင်း နိုင်ငံတော် ဝန်ကြီးချုပ်မှ အစ နိုင်ငံတော်အစိုးရအဖွဲ့ဝင်များ၊ မြို့မျက်နှာဖုံး လူကြီးလူကောင်းများ၊ ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များ၊ ဖ-ဆ-ပ-လ အဖွဲ့ဝင်များတို့သည် သောင်းသောင်းဖြဖြ အုတ်မြစ်ချ မင်္ဂလာ အခမ်းအနားကြီးကို ကျင်းပပြီးသည့်နောက် ပြန်လည်ထူထောင်ရေးအဖွဲ့ ဝန်ထမ်းတပ်သားများနှင့် ၎င်းတို့၏ စက်ယန္တယားတပ်သည်၎င်း၊ ပြည်သူ့အိုးအိမ် ပြန်လည် ထူထောင်ရေးဌာန အရာရှိကြီးငယ် အဖွဲ့ဝင်များသည် ၎င်းတို့၏ စက်ယန္တယားများဖြင့်၎င်း၊ ပြည်သူ့လုပ်ငန်းဌာန အရာရှိကြီးငယ်များသည် ၎င်းတို့၏ စက်ယန္တယားများဖြင့်၎င်း အကူအညီပေးကြ၍ ထို ကျောက်လိုဏ်ဂူတော်ကြီး၏ အုတ်မြစ်ကို ခိုင်ခံ့တည်မြဲစွာ ဝိုင်းဝန်းတည်ဆောက်ကြလေသည်။ ထိုကျောက်လိုဏ်ဂူတော်ကြီး၏ အုတ်မြစ်တည်ဆောက်ရာ၌ အစိတ်အပိုင်းနှစ်ခု တည်ရှိခဲ့လေသည်။ အုတ်မြစ် အစိတ်အပိုင်းတခုမှာ အတွင်းကျောက်တိုက်ကြီး၏ အုတ်မြစ်အစိတ်အပိုင်းဖြစ်၍ ဒုတိယအစိတ်အပိုင်းမှာ အပြင်ကျောက်တောင်၏ အုတ်မြစ်အစိတ်အပိုင်းပင် ဖြစ်လေသည်၊ ယခု အတွင်းကျောက်တိုက်ကြီး၏ အုတ်မြစ် အစိတ်အပိုင်းကို စတင်ဖော်ပြပါမည်။ အတွင်းကျောက်တိုက်၌ ကျောက်တိုက်ကြီး၏ အတွင်းနံရံကြီးများခိုင်ခံ့စွာ တည်ဆောက်ရေးနှင့် အတွင်းကျောက်တိုက်ကြီး၌ ဖြစ်ပေါ်လတ္တံ့သော လိုဏ်ဂူများ၏ နံရံအတွင်း ကျောက်တိုက်ကြီး၏ အပြင်နံရံဖြစ်သောလိုဏ်ဂူ နံရံနှစ်ဆင့်၏ အုတ်မြစ်မှာ အတွင်းကျောက်တိုက်ကြီးနှင့် တဆက်တည်းမိုး၍ နေရကား ဤအတွင်း ကျောက်တိုက်ကြီး၏ လိုဏ်ဂူအပါအဝင် နံရံများသည်၎င်း၊ အတွင်းကျောက်တိုက်အလယ်ရှိ ကျောက်တိုင်ကြီး ၆-ခု၏ အုတ်မြစ်များသည်၎င်း၊ ဝန်တင်အလေးချိန် တွက်စစ်သောအားဖြင့် အမာခံပြုလုပ်မည့် အင်အားမှာ ဆက်စပ်လျက်ရှိရာ ဖော်ပြပါရှိသော ပုံစံများကို ကြည့်ခြင်းအားဖြင့် မည်သို့ မည်ပုံ တည်ဆောက်ထားသည်ကို မျက်ဝါးထင်ထင် တွေ့ရှိကြရလိမ့်မည် ဖြစ်ပေသည်။ ကျောက်လိုဏ်ဂူတော်ကြီး၏ အောက်ဆုံးထပ်ကို ကြည့်ရှုပါမူ အတွင်းလိုဏ် အပြင်လိုဏ်ဟူ၍ လိုဏ်နှစ်ထပ်ရှိကြောင်း တွေ့ရှိရပေမည်။ အတွင်းလိုဏ်သည် ခေတ်မှီရိုးသားစွာ တည်ဆောက်ထားသည့် လိုဏ်ဂူလမ်းဖြစ်၍ လိုဏ်ဂူကို ပတ်၍ သွားလာ နိုင်ပါသည်။ အောက်ဆုံးထပ်အတွင်း လိုဏ်၏အပြင်ရှိ အောက်ဆုံးကျောက်လိုဏ်ဂူမှာမူကား အပြင် ကျောက်တောင်ကြီးပေါ်တွင် အခြေပြု၍ အတွင်းအပြင်ဖြစ်သည့် ကျောက်ရိုးလိုဏ်နှင့် ဆက်စပ်၍ပေါင်းကူးများ ဖန်တီးထားရာမှ ထွက်ပေါ်လာသော အပြင်သာမန် ဂူလမ်းပင် ဖြစ်ပေသည်။ သို့ကြောင့်ပင်လျှင် အပေါက်ကြီး ၆-ပေါက် ထားရကား ထိုအောက်ဆုံးထပ်ရှိ

အပြင်လိုဏ်မှာ အတွင်းလိုဏ်ကဲ့သို့ ပတ်လည်သွားလာမရပဲ အထက်ဖော်ပြပါ အတွင်း၆-နေရာဝင်ရောက်ကြည့်ရှုမှသာလျှင် အပြင်လိုဏ်ကြီး ၆-ခုကိုတွေ့ရပေမည်။ သို့ အပြင်လိုဏ်ကြီး ၆-ခုဝန်းရံပတ်မှုသည်ပင်လျှင် ဆဋ္ဌသင်္ဂါယနာတင်၏ အထိမ်းအမှတ်ဖြစ်သည့် တိုင်ကြီး ၆-ခု၊ အပေါက်ကြီး ၆-ခု၊ လိုဏ် ၆-ခု ဖြစ်၍ အတိတ်နိမိတ် ၃-ထပ်ပြုကာ တည်ဆောက်ဖန်တီးခဲ့ခြင်းပင် ဖြစ်ပေသည်။

ယခု လိုဏ်ဂူတော်ကြီးအဘွင်း ဆက်စပ်လျက်ရှိသော မြေတွင်းအုတ်မြစ်များ မည်ကဲ့သို့ ဖန်တီးတည်ဆောက်ထားမှုကို ဖော်ပြပါအံ့။ ကမ္ဘာအေးစေတီတော် ယင်ပြင်တော်နှင့် ကျောက်လိုဏ်ဂူတော်ကြီး၏ ယင်ပြင်တော် အနိမ့် အမြင့်ကိုတွက်စစ် ကြည့်ရှုလျှင် ကျောက်လိုဏ်ဂူတော်ကြီး၏ ယင်ပြင်တော်မှာ နိမ့်သည်၊ ထိုကျောက်လိုဏ်ဂူယင်ပြင်တော်၏အမှတ်အသားကို တွက်စစ် မှတ်သား၍ ထိုကျောက်လိုဏ်ဂူတော် ယင်ပြင်တော်၏အောက်ဖျမ်းမျှခြင်းအားဖြင့် အတွင်းလိုဏ်ဂူတော်ပန္နက်မှာ အများအားဖြင့် စက်ယန္တယား အင်အားဖြင့် တူးဖော်ရာ၌ အလွန်တရာ ကောင်းမွန်သော မြေများ ဂဝံကျောက် ၁၀-ပေမျှ အနက်တူးဖော်ခဲ့လေသည်။ ထိုလိုဏ်ဂူတော် ပန္နက်ကိုမြေများကိုသာတွေ့ရှိရသောကြောင့်စက်ကိရိယာမြေညှိသည့် မြေထိုးစက်များဖြင့် ထိုးဖောက်ရာကျောက်ဆောင် ကျောက်သား ပကတိကဲ့သို့အောက်ခံမြေကောင်းလျက်ရှိရကား စက်ကိရိယာများဖြင့် တူးဆွရာတွင် မာကျောလှ၍ အခက်အခဲတွေ့ရှိရပေသည်။ သို့သော် သာသနာ ၅၀၀၀-မြင့်ရှည်ကြာအောင် ရည်မှန်းတည်ဆောက်လျက် ရှိသော အဆောက်အဦတခုဖြစ်ရကား မဖြစ်မနေနည်းအမျိုးမျိုးဖြင့် လိုအပ်သည့် ပန်းတိုင်သို့ရောက်အောင် ဖျမ်းမျှခြင်း ၁၀-ပေမျှ ပန္နက်ပုံစံများအရ နေ့ရော ညဥ့်ပါ တူးဆွ ထုတ်ဖော်၍ ကျောက်လိုဏ်ဂူတော် အခင်းအောက် ၁၀-ပေပန္နက်အထိ ကျောက်တောင်ပတ်လည် အတွင်းနံရံ ၂-ထပ် တူးဖော် အောင်မြင်ခဲ့လေသည်။ ထိုမြေအောက်ပန္နက် ၁၀-ပေ ထက်ဝယ် သာမန် အင်္ဂတေကျောက်ရောစပ် တည်ဆောက်ခြင်းမဟုတ်ပဲ မီးရထားသွားရန် အသုံးပြုသော သံလမ်းကြီးများကိုမြေပန္နက်အောက်မှ ၃-လက်မ ခွါ၍ ညီညာစွာကူးသန်းပြီးနောက် သံလမ်းတခုနှင့်တခု ၁-ပေခြားဗဟိုပြု၍ ညီညာစွာ တည်ခင်းခဲ့လေသည်။ ထိုအပေါ် ပန္နက်ပုံစံတွင် ပါရှိသည့်အတိုင်း မီးရထားသံလမ်းကြီးများကိုပင် ဖြတ်တောက်၍ ဗဟိုတပေခြား ကန့်လန့်ဖြတ်သန်းကာ တင်ပြီး သံဂဟေဖြင့်ဆက်ထားခဲ့လေသည်။ ထိုသံလမ်း အာမခံများကို လွှမ်းခြုံ၍ ကျောက်စရစ် ၄-ဆ၊ သဲနှစ်ဆ၊ ဘိလပ်မြေ တဆ ရောသော သံပါ ကွန်ကရစ်ဖြင့်ထု ၂-ပေအောက်ခြေအမာခံ လိုဏ်ဂူတော် ဝန်းရံပတ်သည့် အုတ်မြစ် ကွန်ကရစ်ကို တည်ဆောက်ခဲ့လေသည်။ ထိုအောက်ခြေအမာခံ ၂-ပေထုရှိ သံပါကွန်ကရစ်ပေါ်တွင် ၆-ပေမျှမြင့်သော အတွင်းကျောက်တိုက်ခွါအုတ်မြစ်ကို တဆင့်တဆင့်တွင်တပေ အမြင့်ထား၍ အကျယ်၉-လက်မ ဆုတ်ပြီးတည်ဆောက်ခဲ့လေသည်။

ဤသည်ပင်လျှင် ဆဋ္ဌသင်္ဂါယနာတင်ခြင်းသရုပ်ဖော်ရာ အောက်ခွါ၆-ထပ်ခံ၍ တည်ဆောက်ခဲ့လေသည်။ ထိုအတွင်း လိုဏ်ဂူ အပါအဝင်အတွင်းနံရံ နှစ်ထပ်ကိုကြည့်ရှုက အုတ်မြစ်တဖက်မှ တဖက်အဆုံးအထိ ၂၈-ပေ ကျယ်ပြန့်၍ မြေပြင် အခင်းအောက် အနက် ၁၀-ပေရှိကြောင်းတွေ့ရှိရပေသည်။ ထိုအတွင်းနံရံနှစ်ခုမှာ ဆက်စပ်လျက်ရှိရကား အတွင်းနံရံ နှစ်ခုသည်ပင်လျှင်ဂဟေဆက်၍ တပေါင်း တဆက်တည်း အောက်ခံအုတ်မြစ် အပေါ် ၂-ပေ အထိ ဆက်စပ် တည်ဆောက်ထားခြင်းကို တွေ့ရှိရပေမည်။ အခင်းအ

ပေါ် အထက်နံရံကို ကြည့်လျှင် အတွင်းတိုက်နံရံ ကျောက်သားမှာ ၄-ပေ အထူထုရှိ၍ အပြင်ကျောက်သား နံရံထုမှာလည်း ခေါင်းပိတ်ပေ ၅-ပေရှိကြောင်း တွေ့ရှိရပေမည်။ မြေပြင် အထက် အတွင်းလိုဏ်၏ နံရံနှစ်ထပ်တို့တွင် အတွင်းနံရံသည်၎င်း အပြင်နံရံသည်၎င်း အချို့နေရာများ၌ အခါအားလျော်စွာ ငွေကုန်ကြေးကျ နည်းစေခြင်းအလို့ငှါ ခေါင်းပွနံရံများ ဖန်တီးထားရှိခဲ့ပေသည်။ သို့သော် ထိုနေရာများမှာ သီးသန့်နံရံများ နေရာသာဖြစ်၍ အပေါ်အလေးချိန် မဖိစီးစိမ့်သော၄ါ လိုအပ်သည့်နေရာများတွင်သာ အခါအားလျော်စွာ ခေါင်းပွ ဖန်တီးထားခြင်းဖြစ်သည်ကိုလည်း နောင်လာ နောက်သားများသိရှိ မှတ်သား သတိထားကြစေလိုပါသည်။ အတွင်းနံရံအားလုံးတို့တွင် တည်ဆောက်ထားသော ကွန်ကရစ်များမှာ ထုပ် ယောက် များနှင့် အလွန်အရေးကြီးသော ဂုံးကြီးများ ပေါင်းကူးများမှ အပ အားလုံးကျောက်စရစ် ၄-ဆ၊ သဲ နှစ်ဆ၊ ဘိလပ်မြေ တဆဖြင့် တည်ဆောက် ပြီးစီးခဲ့လေသည်။ အရေးကြီးသော ဂုံးများတွင်၎င်း ပေါင်းကူးများတွင်၎င်း ထုပ်များသည်၎င်း သံဘင်းများကိုပတ်သည့် ကွန်ကရစ်သည်၎င်း ကျောက်ထုပ်ကြီးများသည်၎င်း ကျောက်ပြာ ကျောက်ထုခွဲ ၃-ဆ၊ သဲတဆခွဲနှင့် ဘိလပ်မြေ တဆ ရောစပ်သော သံပါ ကွန်ကရစ်ဖြင့်၎င်း တည်ဆောက်ခဲ့လေသည်။

လိုဏ်ဂူတော်ကြီးအတွင်း အထက် ဖော်ပြပါဘေးပတ်လည်အတွင်း လိုဏ်ဂူတော်ကို ထိန်းသိမ်းသည့် နံရံကြီးနှစ်ခုကား အောက်ဆုံးမြေပြင်အခင်းအောက်တွင် ဖော်ပြပါ ပုံစံကို ကြည့်ရှုပါက အောက်ခြေအုတ်မြစ် ဆက်စပ်လျက်ရှိရကား ထိုဆက်စပ်လျက်ရှိသည့် အောက်ခြေအုတ်မြစ်နှင့် လိုဏ်ဂူတော် အောက်ဆုံးဘက်အတွင်း လိုဏ်အတွင်းအောက်ရှိ လစ်လပ်၍ ဟာလျက်ရှိနေသောနေရာတွင် မြစ်သဲဖြင့်ဖို့၍ ရေလောင်း သိပ်သည်းစေ၍ ထိုနံရံ နှစ်ခုကို ပြန်လည် ဆက်စပ်ရန်အတွက် အောက်လိုဏ် နံရံ နှစ်ခု၏ ကျောက်နံရံနှစ်ခုအတွင်း တဖက်တချက် ၉-လက်မစီ ဆက်စပ်ထွင်းဖောက်နေရာ ချန်လှပ်ပြီး အောက်ဆုံးထပ်အခင်းကို ကျောက်ပြာ ကျောက်ထုခွဲ ၄-ဆ သဲ နှစ်ဆ ဘိလပ်မြေ တဆ ပါဝင်သော သံဇကာပါ ကွန်ကရစ်ဖြင့် အောက်ဆုံးလိုဏ်လမ်း အောက်ခံအခင်းကို ထု ၆-လက်မ အမြင့်ထား၍ သွန်းလုပ်ပြီး တည်ဆောက်ခဲ့လေသည်။

လိုဏ်ဂူတော် ခန်းမဆောင်ကြီးအတွင်းရှိ ဆဋ္ဌသင်္ဂါယနာတင်မဟာဓမ္မသဘင်ကြီးကို သရုပ်ဖော်ထားသော တိုင်ကြီး ၆-တိုင်၏ အခြေခံအုတ်မြစ်ကိုလည်း ဖော်ပြရန် လိုပေသည်။ ထိုတိုင်ကြီး ၆-တိုင်အနက် တိုင်ကြီး တတိုင် တတိုင်၏ အောက်တွင် ၁၇-ပေပတ်လည်ကျယ်သော အုတ်မြစ်၊ ထိုအခင်းမြေပြင်မှ အောက် ၁၀-ပေအထိ ညီညာစွာတူး၍ အခြေခံ မြေမာရောက်အောင် စမ်းသပ်ကြည့်ရှုခဲ့ကြလေသည်။ လိုဏ်ဂူ၏ မြောက်ဆုံးဘက် တိုင် ၂-တိုင်၏ အောက်ခြေကို တူးဖော်ရာ၌ အောက်ခံမြေသားသည် အလွန်တရာကောင်းမွန်ရန် လိုအပ်သည်ကတကြောင်း၊ အောက်ခံ ကျောက်သားမတွေ့သမျှ တူးဖော်ရာ၌ အနောက်မြောက်ဒေါင့်တိုင်၏ ပန္နက်မှာ ၁၂-ပေ ၃-လက်မအထိ တူးဖော်ရ၍ အရှေ့မြောက်ဒေါင့် တိုင်၏ ပန္နက်မှာ ၁၁-ပေ ၉-လက်မအထိ တူးဖော်ရလေသည်။ သို့မြေပန္နက်ကို တူးဖော်ရာ၌ အောက်တွင် စိတ်တိုင်းကျ ကျောက်ကမ္ဗာ မြေခံလာသည်အထိ တူးဖော်၍ တည်တံ့ခိုင်မြဲသော လိုဏ်ဂူတော်ကြီး၏ တိုင်ကြီး ၆-ခုကိုပန္နက် အုတ်မြစ် သွန်းလောင်းရာ၌ ထိုနက်ရှိုင်းသည့် ပန္နက်မြေပြင်မှ ၃-လက်မ ခွါ၍ ခိုင်ခံ့သော မီးရထားသံလမ်းကြီးများကို ၄-ဘက်၄-တန်

၉-လက်မခြား နှစ်ဆင့် နှစ်ထပ်ပြုလုပ်ကာ သံဂဟေဆက်ပြီးနောက် ထိုသံလမ်းများကို အောက်ခြေမှ နှစ်ပေအမြင့် ကျောက်စရစ် ၄-ဆ သဲ နှစ်ဆ ဘိလပ်မြေ တဆ ပါဝင်ရောမွှေသောသံပါ ကွန်ကရစ်ဖြင့် အောက်ခြေကို အခိုင်အမာ တည်ဆောက် ခဲ့ပါသည်။ ထိုအပေါ်တွင် တပေတပေစီ မြင့်သောတိုင် ပန္နက် တဆင့် တဆင့်တွင် ၉-လက်မစီဆုတ်၍ အုတ်မြစ်အထစ်များ တည်ဆောက် ဖန်တီးခဲ့ပါသည်။ ထိုကျောက်တိုင်ကြီး၏ အဝန်း အကျယ်မှာ ကျောက်သား ၆-ပေ ၆-လက်မဖြစ်၍ လုံးပတ်အတွင်း ကျောက်သား ပေ ၂၀-ဖြစ်ပါသည်။

ဤလိုဏ်ဂူတော်၏မြောက်ဖက် ၅-ထပ်အာလိန်တွင် ကျောက်တိုက် လိုဏ်ဂူတော်အတွင်း ဖန်တီးထားရှိသည့် တိုက်များ၏ အောက်ခြေ အမာခံအုတ်မြစ်များသည်လည်း ယခင် ဖော်ပြခဲ့သည့် ဘေးနံရံ အုတ်များကဲ့သို့ အထူအပါး ညီညာစွာ တမျိုးတစားတည်း သံပါ ကွန်ကရစ်များဖြင့်သာ ဖန်တီး တည်ဆောက် ထားရှိပါသည်။ ဤသည်ပင်လျှင် အကြမ်းအားဖြင့် လိုဏ်ဂူတော်ကြီး အတွင်းရှိ အတွင်းအမာခံ အုတ်မြစ်များ၏ သရုပ်ကို ဖော်ဆောင်ရေးသားခြင်းဖြစ်ရာ နောင်လာ နောက်သားများအတွက် မှတ်သားမိရန် တိကျမှန်ကန်စွာ ရေးသား ဖော်ပြ အပ်ပါသတည်း။

ကျောက် လိုဏ်ဂူတော်ကြီးအတွင်း အုတ်မြစ်များ၏ အတိုင်းအထွာများကို ဖော်ပြရမည် ဆိုလျှင် အောက်ဆုံးထပ် အတွင်းလိုဏ်ဂူ၏ ကျောက်သားနံရံ ဗဟိုပြုသည့် အကျယ်အဝန်းမှာ ကျောက်သား နံရံ တခုနှင့်တခု ဗဟိုပြု၍ တိုင်းထွာပါက ၁၂-ပေနှင့် ၆-လက်မ ရှိမည်။ အတွင်းလိုဏ်ဂူ၏ ကျောက်နံရံ တခုမှတခုသို့ အကျယ်သည် ၈-ပေ ရှိမည်။ ကမ္ဘာအေးစေတီတော်ဘက်ရှိ တောင်ဘက်လိုဏ်တွင် အရှေ့ အနောက် ဘေးလိုဏ်များကဲ့သို့ နှစ်ထပ်ရှိကြောင်း တွေ့ရှိရလိမ့်မည်။ ထိုလိုဏ်နှစ်ထပ်၏ အုတ်မြစ်မှာလည်း နံရံ ၃-ခုတွဲထပ်၍ အုတ်မြစ် တူးဖော်သည့် အကျယ် ၃၉-ပေဖြင့် ပန္နက်ချအုတ်မြစ်ခံ၍ အနက်မှာ အခင်းမှ ၁၀-ပေအထိ ရှိသည်။ ထိုတောင်ဘက်တွင် ထူးခြားစွာ လိုဏ်နှစ်ထပ်ထားခြင်း၏ အကြောင်းမှာ အတွင်းလိုဏ်သည် အရှေ့အနောက်ဘေးလိုဏ်များနှင့် ဆက်လျက်ရှိသော်လည်း အတွင်းလိုဏ်မှာ အပြင်လိုဏ်သို့ ထွက်သည့်အခါ အပေါ်ထပ်သို့ တက်ရန် လိုဏ်ဂူကြီး၏ အရှေ့အနောက် အပေါ်ထပ်အတွင်းသို့ တက်သော လှေကားနှစ်ခုဖန်တီးထားခြင်းကြောင့် ဖြစ်သည်။ ထိုတောင်ဘက် လိုဏ်ဂူနှစ်ထပ်တွင် ဖော်ပြသည့် လှေကားများ၏ အောက်၌ ကုဋီ (အိမ်သာ) များ ထားရှိပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လိုဏ်ဂူတော်ကြီး၏ မြောက်ဖက်တွင် အာလိန် ငါးဆင့်ပါရှိသည့် ငါးထပ်တိုက် သဖွယ် ဖန်တီးထားရှိရာ မြေဝင် ပန္နက်နှင့် အခြေခံ အုတ်မြစ်များသည် တူညီသော အောက်ဆုံး မြေဝင် အခင်း အထက်တည်ဆောက်ထားပုံမှာ လိုဏ်ဂူတော်ကြီး၏ အနောက် မြောက်ဒေါင့်ရှိ လျှပ်စစ်ဓာတ်အားပေးခန်း ပစ္စည်းသိုလှောင်ခန်း စသည့် အခန်းများသည်၎င်း၊ ဓာတ်လှေကားနှင့် အပေါ်သို့ တက်သည့် ကျောက်လှေကားလမ်းသည်၎င်း၊ အလယ်ခန်းမဆောင်သည်၎င်း၊ ယာယီနားနေရန် အဆောင်ခန်းမကြီးသည်၎င်း၊ လိုဏ်ဂူတော် ထိန်းသိမ်း စောင့်ရှောက်သူ တာဝန်ဝတ္တရား ဆောင်ရွက်ရန်နှင့် သင်္ဂါယနာတင်သည့် ပိဋကတ်တော်များသိုလှောင်ထားရန်အခန်းသည်၎င်း၊ အောက်ဆုံးထပ်နှင့် ဆက်စပ်လျက်ရှိရာ ပြင်ပ အမာခံကျောက်နံရံအောက်ဆုံးထပ် မြေပြင်ပေါ်၌ ၆-ပေကျယ်၍ အခြားဆောင်ခန်းများ၏ နံရံများသည် ၅-ပေမျှ အကျယ်ရှိခဲ့သည်။ ထိုနည်းနှင်နှင် ဆိုခဲ့

ပြီးသောအခန်းများနှင့် ဆက်စပ်၍ အောက်ဆုံး ထပ်တွင် သံဃာတော်များအတွက် ရေချိုးခန်းနှင့် ကုဋီ(အိမ်သာ)များကို အပြင်သို့ သီးခြားအခန်း ထုတ်၍ မြောက်ဖက် ဝင်ပေါက်ကြီးနှင့် တဆက် တည်း ဝဲယာတွင်လည်း အခန်းများ ပြုလုပ်သီး သန့် ဖန်တီးဆောက်လုပ် ပေးခဲ့သည်။ ထို အပြင် ဂုံးကျောက် နံရံ၏ထုမှာ ၆-ပေမျှ ရှိသည်၊ ဝင် ပေါက်ကြီး တခုတခုသည် ၁၂-ပေမျှ ကျယ်ဝန်း၍ လိုဏ်ဂူတော်ကြီးတွင် ဝင်ပေါက်ကြီး ၆-ပေါက် ထားရှိလေသည်။ ထိုဝင်ပေါက်ကြီး ၆-ပေါက်၌ မိလ္လာဖြင့်ပြီးသော တံခါးကြီး ၆-ခုကို တပ်ဆင် ထားလေသည်။ ထိုမိလ္လာဖြင့်ပြီးသော တံခါး ကြီးများကို နိုင်ငံခြားမှ မှာယူခြင်းမပြုပဲ ဤ သမိုင်းရေးသူကိုယ်တိုင် ကြပ်မ၍ လုပ်ကိုင်ခဲ့လေ သည်။ ထိုမိလ္လာတံခါးကြီးများတွင် ခြသေ့် ခေါင်းရှာတွင် ဖွင့်ပိတ်ရန် လက်ကိုင်ကွင်းများတပ် ဆင်၍ မိလ္လာတံခါးများ၏ မျက်နှာစာ၌ နေဝင် ပွင့်လတ္တံ့သောအရိမေတ္တေယျမြတ်စွာဘုရားသည် ကံ့ကော်ပင်ရင်း၌ပွင့်တော်မူသည့် အထိမ်းအမှတ် ကိုရည်သန်၍ ကံ့ကော်ပွင့်ကြီးများကို ထင်ရှား ပေါ်လွင်စွာ တပ်ဆင်ထားပါသည်။

လိုဏ်ဂူတော်ကြီး၏ အတွင်းအပြင် မှမ်းမံခြယ် လှယ်ရာ၌ ပန်းလှ ပန်းချီး ဟူ၍ ဗိသုကာပညာရပ် များ ကွန့်မြူးထားသည်ကို တွေ့ရှိရလိမ့်မည်မဟုတ် ပေ။ နက်နဲသော ဗိသုကာပညာရပ်များဖြင့် တည် ဆောက်ထားရာ လိုဏ်ပုံ-ဂူပုံ-ဂုံး- ပြူတင်းပေါက် အဆောင်များမှတပါး ပန်းလှ ပန်းချီးဟူ၍ မရှိ သော်လည်း ပကတိခန့်ညား ရိုးသားထယ်ဝါစွာ တည်ဆောက်သည့် သာသနာ့အဆောက်အဦကြီး တခု ဖြစ်သည့်အားလျော်စွာ ဓမ္မစကြာ ပန်းဝိုင်း နှင့် ကံ့ကော်ပန်းပွင့်သဏ္ဍာန် ပန်းလှများမှတပါး အခြားတွေ့မြင်ရလိမ့်မည်မဟုတ်ပေ။ အထူးသဖြင့် ဓမ္မစကြာ ပန်းဝိုင်းများကို ဤလိုဏ်ဂူတော်ကြီး ဝန်းခြုံသည့် အနေဖြင့်သာလျှင် တွေ့ရှိရလိမ့်မည်။ ကံ့ကော်ပွင့်များကိုမူ အထက်ဖော်ပြပါအတိုင်း အရိမေတ္တေယျ မြတ်စွာဘုရားကို ရည်စူး၍ ဝင် သည့်နေရာများ ထွက်သည့်နေရာများနှင့် သင်္ဂါ ယနာတင်ရာ သံဃာတော်များ သီတင်းသုံးသည့် နေရာများတွင်သာ တွေ့မြင်ရမည် ဖြစ်ပေသည်။ ထိုမိလ္လာ တံခါးကြီးများ မည်သို့မည်ပုံ တည် ဆောက်ထားသည်ကို ပုံတွင် ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ တံခါးကြီးများအတွင်း တည် ဆောက်ပုံမှာလည်း သံဟင်ဂလန်များကို ပတ်ခွေ ဂဟေဆက်ပြီး အမာခံများ ပြုလုပ်၍ကြေးမိလ္လာ ပြားကြီးများကို လိုအပ်သလို လှည့်ပတ်တပ် ဆင် ခိုင်ခံ့စွာ ဆက်စပ်ဖန်တီးထား၍ အလွယ် တကူ ဖွင့်နိုင်ပိတ်နိုင်ရန်အတွက် အောက်ခံ ရေ တံလျှောက်အပေါ် သံလမ်းတွင် ဘီးများဖြင့် ဖန်တီး တည်ဆောက်ထားရှိပါသည်။

လိုဏ်ဂူတော်ကြီးအတွင်းမှ အပေါ် ထပ်သို့တက် ရောက်ရန် လှေကား ၄-စင်းရှိပါသည်။ ထိုလှေ ကားများမှာ တောင်ဘက်တွင် ၂-စင်း၊ မြောက် ဖက်တွင်နှစ်စင်း ရှိပါသည်။ တောင်ဘက် နှစ်စင်း မှာမူ ကျောက်သား နံရံ အတွင်း ၉-လက်မစီ အတွင်းသို့ မြှုပ်၍ ကျောက်ပြာ ကျောက်ထုခွဲ ၄-ဆ သဲနှစ်ဆ ဘိလပ်မြေ တဆ ပါဝင်သော ကျောက်ထုခွဲ ကွန်ကရစ်ကို အမှတ်-၉ သံဇကာ ကွက်ကြား နှစ်ဆင့်ခံ၍ ပုံအတိုင်း သွန်းလောင်း တည်ဆောက်ခဲ့ပါသည်။ ထိုလှေကား နှစ်စင်းမှာ ကမ္ဘာအေးစေတီတော်မှ ရွှေရှူ၍ လိုဏ်ဂူတော်၏ တောင်ဘက် မုခ်ပေါက်မှ ဝင်လာလျှင် လာချင်း ဝဲယာရှေ့နောက်တွင် တွေ့ရှိသော လှေကား နှစ် စင်းပင် ဖြစ်သည်။ ထိုလှေကား နှစ်စင်းမှာ ပဌမ ထပ် အတွင်းလိုဏ်အထိသာ သွားလာနိုင်သော လှေကားများ ဖြစ်ပါသည်။

လိုဏ်ဂူတော်၏ မြောက်ဖက် အာလိန် ၅- ဆင့် တိုက်ခန်းများသို့ လိုဏ်ဂူတော် အတွင်းမှ

နေ၍ တက်ရန် လှေကားမှာ နှစ်မျိုး နှစ်စားရှိခဲ့လေသည်။ တမျိုးတစားမှာ သာမန်ရိုးရိုး အပေါ်ဆုံး အာလိန် ၅-ဆင့် ယင်ပြင်တော်အထိ အတွင်းလမ်းမှ သွယ်ဝိုက်သောနည်းဖြင့် ခြေလျင်တက်နိုင်သော ကျောက်လှေကားဖြစ်၍ အခြား တက်နိုင်သော လှေကားမှာ လျှပ်စစ်ဓာတ်အားဖြင့်ပြုလုပ်ထားသော ဓာတ်စက်လှေကားပင် ဖြစ်သည်။ ထိုဓာတ်လှေကားမှာ တတိယဆင့်ဖြစ်သောခန်းမဆောင် တတိယအထပ်အထိသာ တက်နိုင်ရန် ဖန်တီးထားပါသည်။ တတိယဆင့်မှ အထက်ထိတက်နိုင်သော လမ်းနှစ်သွယ်မှာ ဓာတ်စက်လှေကားကို ပတ်၍ ခြေလျင် တက်သော ကျောက်လှေကားကိုဖန်တီးထားရကား တတိယဆင့်အထိဓာတ်စက်လှေကားဖြင့်တက်၍ အပေါ် အာလိန် ၅-ဆင့်ဘုရား ယင်ပြင်တော်အထိ တက်လိုပါမူ ဖော်ပြပြီးသော ကျောက်လှေကားမှပင်လျှို့ဝှက်စွာ အပြင်လိုဏ်လမ်း ကျောက်လှေကားဖြင့်သာ တက်ရောက်နိုင်ပါသည်။ သို့ဓာတ်လှေကား ခြေလျင်လှေကားကို အောက်ဆုံးထပ်မှအစပြု၍ဖန်တီးရာ၌ခိုင်ခံ့ရန်နှင့် တက်ရောက်လျှင် လွယ်ကူစေရန် အလို့ငှါ ထု၁၀-လက်မ ဗျက် ၅-လက်မရှိ သံဘင်းကြီးများကို လိုအပ်သလို အချိုးအစားအလိုက် သံဂဟေဆက်၍ လှေကားအမာခံအဖြစ် တည်ဆောက်ပြီး (လှေကားပုံကို ကြည့်က သိနိုင်ပါသည်။) တဖက်တချက် ပန္နက်တင်မည့် အမာခံကိုမူ မူလကပင် ကျောက်နံရံကြီးများအတွင်းသို့ လှေကားထစ်များ ကျော်နင်း အင်အားရှိစေရန်အတွက် ၉-လက်မ အတွင်းသို့ မြှုပ်၍ ထားရှိပါသည်။ ထိုကျောက်လှေကားများကို ကျောက်ပြာထုခွဲ ၄-ဆ သဲနှစ်ဆ၊ ဘိလပ်မြေတဆဖြင့် တထပ်တထပ် အတွက် နေ့ချင်း ပြီးစီးအောင် တည်ဆောက်ခဲ့လေသည်။ ထိုခြေလျင် တက်သော ကျောက်လှေကားအတွင်း၌လျှပ်စစ်ဓာတ်စက်လှေကား တပ်ဆင်ထားရှိရာ ထိုလျှပ်စစ်ဓာတ်စက်လှေကားမှာ သာမန်အားဖြင့် လူပုဂ္ဂိုလ်ရဟန်းပုဂ္ဂိုလ် ၆-ဦးအား တင်ဆောင် သွားလာနိုင်သော်လည်း တချိန်တွင် ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ် ၄-ဦးသာ တင်ဆောင်ရန် သတ်မှတ်ထားရှိခဲ့ပေသည်။ ထိုလျှပ်စစ်ဓာတ်စက်လှေကားကို တည်ဆောက်သည့် ကုမ္ပဏီမှာ ကမ္ဘာတွင် ထင်ရှားကျော်စောသော အောတစ်စ်-ဓာတ်စက်လှေကား အမျိုးအစားပင် ဖြစ်သည်။ ထိုဓာတ်စက်လှေကား၏အင်အားရယူခုတ်မောင်းရာ စက်ကိရိယာများကို ဓာတ်စက်လှေကားအပေါ် ဆုံးထပ်တွင် သီးသန့်အခန်းတခု ဖြင့်တည်ဆောက်ထားရှိ၍ အပေါ် မှစက်လှေကား ခုတ်မောင်းစက်များ တပ်ဆင် ထားရှိခဲ့ပါသည်။ ထိုတတိယထပ် အပေါ် ရှိ ဓာတ်စက်လှေကား အင်အား ခန်းသည်ပင်လျှင် သမိုင်းရေးသူအတွက် အာလိန် ၅-ဆင့် ယင်ပြင်တော်ပေါ် သို့ တက်ရန် လမ်းစရှာဖွေရာ၌ ထိုဓာတ်စက် အားပေးခန်း၏ အပေါ် အာလိန် ၅-ဆင့်တက်လှေကား ဖန်တီးပေးရန်အကြောင်း ဖြစ်ပေါ် လာသည်ကို အနောက် အာလိန် ၅-ဆင့်တက်လမ်းအတွက် ရေးသားရာ၌ ဖော်ပြပါရှိမည်ကိုသတိပြုစေလိုပါသည်။

တတိယဆင့်အပေါ် ၌ စတုတ္ထဆင့်ကိုကျော်လွန်၍ ပဉ္စမဆင့် ဖြစ်သော ယင်ပြင်တော်လမ်းသည် အတွင်းမှ တက်သည့် ကျောက်လမ်းနှင့် လိုဏ်ဂူတော်အပြင်မှ ကျောက်တောင်ကြီးကို ပတ်၍ ယင်ပြင်တော်သို့တက်သော အပြင် ကျောက်လမ်းနှစ်သွယ်အနက် အတွင်းမှ တက်သောလမ်းဖြင့် အနောက်ဖက်တက်လမ်းနှင့် ဆုံစည်း၍ ယင်ပြင်တော်သို့ တက်နိုင်ခဲ့သော်လည်း အရှေ့မှ အပြင်ကျောက်တောင်ကို ထွင်းဖောက် တည်ဆောက်ထားသော ကျောက်လမ်းကြီးမှ တက်လာပါမူ အတွင်းမှတက်သောကျောက်လှေကားနှင့် တွေ့ဆုံခြင်းမရှိပဲ အတွင်းလမ်းမှ တက်လာသော ပုဂ္ဂိုလ်တို့သည် ယင်ပြင်တော်ကို အရှေ့ဘက်မှ တက်လို

ပါမူ စတုတ္ထ ခန်းမဆောင်ကို အနောက်မှ အရှေ့သို့ ကျော်ဖြတ်သွားမှသာ အတွင်းအပြင်လမ်းဆုံရာကို တွေ့ရှိပြီး ယင်ပြင်တော်ပေါ် သို့ တက်နိုင်ပေမည်။ ဤအတွင်းအပြင် လိုဏ်လမ်းများ ထားရှိ စီမံခြင်း ပင်လျှင် လိုဏ်ဂူတော်ကြီး၏ ထူးခြားသော ဝိသေသတခုပင် ဖြစ်ကြောင်း ပေါ်လွင် စေပါသည်။

ယခုလိုဏ်ဂူ ကူးပုံတို့ကို မရေးသားမီ ကျောက်သား နံရံများ အကြောင်းကို ရေးသား ဖော်ပြပါမည်။ ပုံစံကို ကြည့်ပါ။ ကျောက်သား နံရံများကိုကြည့်လျှင် အရှေ့နှင့်အနောက် နံရံကြီးများသည် အတွင်းလိုဏ်ဂူတော်ကြီးကိုပတ်၍ နှစ်ထပ် နှစ်ဆင့်ရှိသည်ကို တွေ့ရှိရပေမည်။ ထိုနံရံများ အားလုံးသည်ပင်လျှင် ကျောက်စရစ်၄-ဆ သဲ ၂-ဆ ဘိလပ်မြေတဆဖြင့် ပြုလုပ်သော ကျောက်နံရံကြီးများ ဖြစ်ပေသည်။ လိုဏ်ဂူတော်ကြီး တခုလုံးအတွက် အသုံးပြုသော ကျောက်စရစ်များမှာ ကုန်းကျောက်စရစ်မဟုတ် ဟသ်ာတမြို့ အနီးရှိ သာရဝေါဆိပ်ကမ်းမှ တင်လာသော ကျောက်စရစ်များပင် ဖြစ်သည်။

## ဝန်တင်အားရှိသောနံရံများဖြင့် ဖန်တီးထားပုံ

လိုဏ်ဂူတော်ကြီး၏ ဝန်တင် အင်အား ရှိသော နေရာများကို ပုံစံအများတွင် ဖော်ပြလျက် ရှိသောကြောင့် ဗိသုကာများ ဝေဘန်သုံးသပ်နိုင်ပေမည်။ သို့ ပုံစံတွင် ပါရှိပြီးသည့်အတိုင်း ကြည့်ရှုပါက လိုဏ်ဂူတော်ကြီး၏ အမိုးအင်အားကျရာ ဝန်တင်အင်အားကို ထမ်းဆောင်ရာသည်ရင်း ထုပ်ကြီးများ ယောက်ကြီးများ အခင်းများနှင့် အပြင်ကျောက်တောင်မှီးရာ နေရာများသည်ရင်း ထိုအထက် ဖော်ပြပါ အတွင်းနံရံများသည်ပင်လျှင် ထိုဝန်တင်အားများကို ထမ်းဆောင်ရမည်ဖြစ်ရာ ထိုဝန်တင်အင်အား ထမ်းဆောင်သည့် နေရာများ၌ ဖော်ပြပါ ပုံစံများကို ကြည့်ရှုပါမူ ခိုင်ခံ့လုံလောက်အောင် ဖန်တီးထားကြောင်း တွေ့ရှိရပေသည်။ ဥပမာအားဖြင့် လိုဏ်ဂူအတွင်း ပြင်ပကျောက်တောင်မှအပ အတွင်းနံရံ အပြင်နံရံ အတွင်းလိုဏ်ဂူသွား ဘေးဝဲယာရှိ နံရံများ လိုဏ်ဂူတော်၏ မြောက်ဖက်ရှိနံရံများ လိုဏ်ဂူတော်၏ တောင်ဘက်ရှိ ကျောက်နံရံကြီးများအားလုံးတွင် အင်အား ဝန်ခံမည့် နေရာ မှန်သမျှ ပုံစံတွင် ပါရှိသည့်အတိုင်း သံပါ ကွန်ကရစ်များဖြင့် ပြုလုပ်ခဲ့ပါသည်။ မည်သို့သံပါ ကွန်ကရစ်ဖြင့် ပြုလုပ်သည်ကို အောက်တွင် ဖော်ပြအပ်ပါသည်။

ထိုဝန်တင်ရာ နေရာတိုင်းတို့တွင် အောက်ထပ်မြေအခင်း အောက်နှစ်ပေ အနက်မှအစပြု၍ မူလမြေပြင်အခင်း အောက်ကွန်ကရစ် ထည့်လောင်းသည့် အချိန်ကပင် လိုအပ်သော တွင်းများကို ကွန်ကရစ် ကျောက်အုတ်မြစ်များတွင် ချန်လှပ်ထားခဲ့၍ ထိုမြေပြင် အခင်းအောက် ၂-ပေအနက်ရှိ ချန်လှပ်ထားသော တွင်းများတွင် ပုံစံများပါအတိုင်း ၁-လက်မ-အဝကျယ် သံမဏိ သံလုံး အမာခံများ တနေရာတွင် ၁၂-လုံးပတ်လည် ၄-ဒေါင့်သဏ္ဍာန် တည်ဆောက်၍ရင်း တလက်မ အကျယ်ရှိသံလုံး ၁၂-လုံး ခိုင်မြဲစေရန်အတွက် အဝန်းကျယ်တမတ် သံလုံးကို ၉-လက်မခြား တပ်ဆင်ရစ်ပတ်စေပြီး ထိုတလက်မသံလုံးနှင့် တမတ်သံလုံးတို့ကို ရစ်ပတ်သည့် သံလုံးအမာခံ တိုင်များကို သံဂဟေဖြင့် ခိုင်ခံ့အောင် ဆက်စပ်စေခဲ့ပါသည်။ ထိုအမာခံ သံပါ ကွန်ကရစ်များ၏ အောက်ခြေခံပန္နက် ၂-ပေ ၉-လက်မ ပတ်လည်ရှိ၍ သံတိုင် ပတ်လည်၏ အကျယ်မှာ ၂-ပေ၁-လက်မ အကျယ် ထားရှိပါသည်။ ထိုအမာခံ သံကျောက် သံတိုင်ကြီးများက ကျောက်ထုခွဲ၄-ဆ သဲ ၂-ဆ ဘိလပ်မြေ တဆဖြင့် ပြုလုပ်စေခဲ့ပါသည်။ ထိုအမာခံ တည်ဆောက်သည့်

နေရာများ သံပါ ကွန်ကရစ်ဖြစ်သည့် ထုပ်ယောက်များ အတွင်း လိုဏ်ဂုံးကူးများ အခင်းများမှ အပ ကျန်အင်အား မလိုလားအပ်သည့် နေရာများတွင် ကျောက်ပြာ ကျောက်ထုခွဲ အစား စရိတ်ကြေးငွေ အကုန်အကျ သက်သာစေရန်ရည်သန်၍ ကျောက်စရစ်ပါဝင်သော ကွန်ကရစ်ဖြင့်သာ ပြုလုပ်စေခဲ့ပါသည်။

အပြင် ကျောက်တုံးပကတိ ဖြစ်သည့် လိုဏ်ဂူတော်ကြီးနှင့် အတွင်း ကျောက်သား ပကတိဖြစ်သည့် လိုဏ်ဂူတော်ကြီး ဆက်စပ်သဖြင့် ကျောက်လိုဏ်ဂူတော် အောက်ဆုံးထပ် အပြင်လိုဏ်တည်ဆောက်ရာ လုပ်နေးများကို မဖော်ပြမီ ကျောက်လိုဏ်ဂူတော်ကြီးအတွင်း၌ ကျောက်သားပကတိ သရုပ်ဖော်ထားသည့် လိုဏ်ဂူတော်ကြီးအတွင်း ဖန်တီး တည်ဆောက်ထားသော အတွင်းလိုဏ်၏ ဂုံးကူးပုံကို ဖော်ပြလိုပါသည်။ အတွင်း လိုဏ်ဂူ သဏ္ဌာန်သည်၎င်း ဝင်ပေါက်ကြီး ၆ ပေါက်ဖြင့် ဗွန္ဒြေရစွာ ခန့်ငြားထည်ဝါ တည်ဆောက်ထားသော ဂုံးကြီးများသည်၎င်း အိန္ဒိယ ရောမစသည့် နိုင်ငံခြား ရှေးမူပုံဟန် ဖြစ်သည့် ဂုံးများ မဟုတ်ကြောင်း ပဌမဦးစွာ လေ့လာကြစေလိုပါသည်။ အတွင်းလိုဏ်ပုံသည်၎င်း ဝင်ပေါက် ဂုံးကြီးများသည်၎င်း ဂုံးသဏ္ဌာန်မှီးသည့် အတိုင်းအထွာ ဂုံးတည်ဆောက်ပုံမှာ သရုပ်အားဖြင့် ပုဂံ အာနန္ဒာ ဂုံးသဏ္ဌာန်ကိုသာ အခြေပြုမှီးခဲ့ကြောင်းကိုအများ သိရှိစေလိုပါသည်။ ယခု လိုဏ်ဂူတော်ကြီးဂုံးမှာ ပုဂံအာနန္ဒာဂုံးကို မူအားဖြင့် မှီးသော်လည်း ၎င်း အာနန္ဒာဂုံးရှိ ပြင်ပမွမ်းမံ ခြယ်လှယ်ခြင်းများကို ပယ်ဖျက်၍ ရိုးရိုးခန့်ခန့် ခေတ်အလိုက်မြန်မာဂုံး၏ အနက်အဓိပ္ပါယ်ကိုသာ ပေါ်လွင်စေခဲ့ပါသည်၊ ထို အတွင်း လိုဏ်ဂုံးများကို ဂုံးအထူ တပေထုထား၍ သံပါကွန်ကရစ်ကို ကျောက်ပြာထုခွဲ ၄-ဆ သဲနှစ်ဆ ဘိလပ်မြေတဆဖြင့် ပြုလုပ်စေခဲ့လေသည်။ ထိုဂုံးကို ကူးရာ၌ ဂုံးပေါ်တွင် အင်အားမရှိသော်လည်း နှစ်ရှည်လများ တည်တံ့ရန်အတွက် အလေးချိန် အပေါ်တွင် မရှိသောဂုံးသည် အင်အား မလိုရကား သာမန်အားဖြင့် အရောင်ပြဂုံးတခု ဖန်တီးခြင်းလည်း ဖြစ်နိုင်ပေသည်။ သို့သော် သာသနာ ၅၀၀၀-ရည်မှန်း၍ ထိုအလေးချိန် ဝန်တင်မရှိသော လိုဏ်လမ်းဂုံး တည်ဆောက်ရာတွင်ပင်လျှင် အမှတ် ၉-သံဇကာကို အထက် အောက် နှစ်ထပ်ခံ၍ ထု ၁-ပေရှိသော သံပါကွန်ကရစ်ဖြင့် ထိုအတွင်း လိုဏ်ဂူလမ်းကြီးတလျှောက် ဂူပေါက် လိုဏ်လမ်းသဖွယ် ဖန်တီးတည်ဆောက်ထားခဲ့လေသည်။ ထိုဂုံးကြီးများသည် လိုဏ်ဂူအတွင်း ပတ်လည်လမ်းရှိ ကျောက်နံရံကြီး နှစ်ခုကို တပေခန့် တွင်းဖောက် အမှီသဟဲပြု၍ တည်ဆောက်ထား ပါသည် ။

လိုဏ်ဂူတော်ကြီး၏ အတွင်းဝယ် သံဃာနာယကဆရာတော်ဘုရားကြီးများ ပုစ္ဆကဝိသဇ္ဇက ဆရာတော်ဘုရားများ သင်္ဂီတိကာရကဆရာတော်ဘုရားများ ဆဋ္ဌသင်္ဂါယနာတင်တော်မူကြရန် အတွက် သံဃာစင်ကြီးများကိုလည်းတည်ဆောက်ထားရှိပေသည်။ ထိုသံဃာစင်ကြီးများ တည်ဆောက်ကြရာ၌ သာသနာ သက္ကရာဇ် ၂၅၀၀-ပြည့်ခေတ်တွင် တင်သော သင်္ဂါယနာဖြစ်သည့်အတွက် သံဃာတော်ပေါင်း ၂၅၀၀-ပါဝင်ပြီး သင်္ဂါယနာ တင်နိုင်ရန် ရည်သန်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လိုဏ်ဂူတော်ကြီး၏ အတွင်း ရဟန်းပရိသတ် မင်းပရိသတ် လူပရိသတ်အပေါင်း တသောင်းခန့် ပါဝင်ဆင်နွှဲ သင်္ဂါယနာတင်နိုင်ရန် အကျယ်အဝန်း ပြည့်စုံစွာ ရှိပေသည်။ ထိုလိုဏ်ဂူတော်ကြီးအတွင်း အကျယ်အဝန်းများမှာ အလျားပေ ၂၂၀-ရှိ၍ အနံပေ ၁၄၀-ရှိသည်။ သံဃာစင်များနှင့် ပတ်သက်၍ လိုဏ်ဂူတော်ကြီး၏ မြောက်ဖက် တည့်

တည့်ရှိ ပဌမထပ်နှင့်အညီ ဓမ္မစကြာဝိုင်း ပုံတော်ကြီးများ ဝန်းရံခြယ်လှယ်ကာ တည်ဆောက်ထားသော အမြင့်ဆုံး သံဃာစင်ကြီးမှာ ဆဋ္ဌသင်္ဂါယနာတင်ရာဝယ် သံဃနာယက သမ္မုတိရဖြစ်တော်မူသော ဆရာတော်ဘုရားကြီးနှင့် သိက္ခာဝါကြီးသည့် သံဃ မဟာနာယက ဖြစ်တော်မူကြသော ဆရာတော်ဘုရားကြီးများ ပိဋကတ်သုံးပုံကို ချောက်ချားနိုင်သည့် သံဃသမ္မုတိရပုစ္ဆက ဝိသဇ္ဇက အမေးအဖြေပြုတော်မူကြသော သာသနအာဇာနည် ဆရာတော်များ သီတင်းသုံးတော်မူရာ သံဃာစင်တော်ကြီးပင် ဖြစ်ပါသည်။ ထိုသံဃာ စင်တော်ကြီးကို ပုံစံတွင် ပါရှိသည့်အတိုင်း ဓမ္မစကြာဝိုင်း ပုံတော်ကြီးများ လွှမ်းခြုံ၍ ရွှေဘိန်းချ ကံ့ကော်ပန်းပွင့်ကြီးများ ဝန်းရံပတ်လျက် ကျောက်သား ပကတိအင်္ဂတေဖြင့် တည်ဆောက် ထားလေသည်။ သံဃာစင်များ တည်ဆောက်ပုံကို အောက်တွင် ဖော်ပြပါမည်။ အထူးသဖြင့် အမြင့်ဆုံး အမွန်မြတ်ဆုံး သံဃာစင်ကြီးမှာ အောက်မြေပြင်မှ သံဃာစင်ပေါ်သို့ တက်ရန် လိုဏ်ဂူတော်ကြီး၏ သင်္ဂါယနာတင်ရာ ခန်းမဆောင်ကြီးမှ လမ်းနှစ်သွယ် ဖန်တီးထားပါသည်။ ဆရာတော် သံဃာတော် အရှင်မြတ်များမှာ လိုဏ်ဂူတော်တွင်းသို့ မြောက်ဖက် ဝင်ပေါက်မှ ဝင်ကြ၍ အဋ္ဌမထပ်သို့ လျှပ်စစ်ဓာတ်လှေကားဖြင့်တနည်း ကျောက်လှေကားဖြင့်တသွယ် တက်ရောက်နိုင်ကြပါသည်။ ထိုသံဃာစင်ကြီးသို့ ပဌမထပ် နောက်တည့်တည့်ရှိ ဝင်ပေါက်ကြီးမှရင်း ဝဲယာ ဝင်ပေါက်များမှရင်း ကြွရောက်နိုင်ကြပါသည်။

ထိုသံဃာစင်ကြီးဝယ် မြောက်ဖက်ရှိ လိုဏ်ဂူပေါက်ကိုမှီ၍ အမြင့်ဆုံး သံဃာစင်တခု၊ ထိုသံဃာစင်ရှေ့တည့်တည့်တွင် ဓမ္မာသနပလ္လင်တော်တခု ထိုဓမ္မာသန ပလ္လင်တော်၏ ရှေ့ ဝဲနှင့်ယာတွင် ဓမ္မာသနပလ္လင်တော်နှစ်ခုဟူ၍ သီးသန့်ထားသော မဟာရဟ နေရာတော်လေးခုရှိပါသည်။ ထိုနေရာတော်လေးခုအနက် အမြင့်ဆုံးသံဃာစင်ကို ပိုးဖဲ့ကတ္တီပါတို့ဖြင့် ဖုံးအုပ်ခြယ်လှယ်၍ ထားပါသည်။ ဓမ္မာသန ပလ္လင်တော် (၃) ခုကိုကား ရွှေပိန်းချ၍ထားပါသည်၊ အမြင့်ဆုံး သံဃာစင်မှာ ဆဋ္ဌသင်္ဂါယနာတင် ဆရာတော် သံဃာတော်တို့ကျောက်ထီးတန္တု အလေးပြုလျက် သိက္ခာ ဝါအကြီးဆုံး ဖြစ်တော်မူကြသော မဟာသံဃနာယက ဆရာတော်ကြီးများ သီတင်းသုံးစမွှယ်တော်မူကြသည့် နေရာတော်မြတ် ဖြစ်ပါသည်။

အမြင့်ဆုံး သံဃာစင်၏ ရှေ့တည့်တည့်ရှိ ဓမ္မာသနပလ္လင်တော်မှာ ဆဋ္ဌသင်္ဂါယနာတင်ရာဝယ် အုပ်ချုပ်စီမံတော်မူရန် သင်္ဂီတိကာရက ဆရာတော် သံဃာတော်များဆန္ဒဖြင့် သမ္မုတိပေးကာ တင်မြှောက်ထားသော ဘဒ္ဒန္တရေဝတာဘိဇ မဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော် အစရှိသော သံဃနာယက သဘာပတိဆရာတော်ကြီးများ သီတင်းသုံးတော်မူသော ဓမ္မာသန နေရာတော်မြတ်ဖြစ်ပါသည်၊ ယာဘက်ရှိ ဓမ္မာသနပလ္လင်တော်မှာ ဆဋ္ဌသင်္ဂါယနာ တင်ရာဝယ် နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ အကြောင်းအရာစုံကို နှုတ်တက်အာဂုံ ပြတ်ပြတ်သားသား အမေးပုစ္ဆက ပြုတော်မူရန် သင်္ဂီတိကာရက ဆရာတော် သံဃာတော်များဆန္ဒဖြင့် သမ္မုတိပေးကာ တင်မြှောက်ထားသော ဘဒ္ဒန္တသောဘန အဂ္ဂမဟာပဏ္ဍိတမဟာစည် ဆရာတော်ဘုရား သီတင်းသုံးတော်မူသော နေရာတော်ဖြစ်ပါသည်၊ ဝဲဘက်ဓမ္မာသနပလ္လင်တော်မှာ ဆဋ္ဌသင်္ဂါယနာတင်ရာဝယ် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အကြောင်းအရာစုံကို အမေးပုစ္ဆက ပြုသောအခါ နှုတ်တက်အာဂုံ ပြတ်ပြတ် သားသား အဖြေဝိသဇ္ဇက ပြုတော်မူရန် သင်္ဂီတိကာရက ဆရာတော်

သံဃာတော်များ ဆန္ဒဖြင့် သမ္မုတိပေးကာ တင်မြှောက်ထားသော တပ်ဥက္ကဌ ဓမ္မဘဏ္ဍာဂါရိက သာသန အာဇာနည် အရှင် ဝိစိတ္တသာရာဘိဝံသ ဆရာတော် သီတင်းသုံးတော်မူသော ဓမ္မာသန နေရာတော်မြတ် ဖြစ်ပါသည်။

ထိုပလ္လင်တော် ၃-ခုမှာ ထီးဖြူတော်များ ဖြန့်ကျက် ဆောင်းမိုးထားသည့်ပြင် သမ္မုတိရ သံဃနာယက သဘာပတိ ဆရာတော် သံဃ ဘာရ နိတ္ထာရကဆရာတော် ပုစ္ဆကဆရာတော် ဝိသဇ္ဇက ဆရာတော် ဘာဏကဆရာတော်များ အသီးသီး ထိုနေရာများဝယ် ပြောဆိုရွတ်ဖတ် မေးဖြေနိုင်ရန် အသံလွှင့်စက်များ အသံဖမ်းစက်များကို အသင့် တပ်ဆင်ပေးထားသည်။ ထိုပြင် သံဃာစင်ကြီးပေါ်၌ နိုင်ငံတော် ဝန်ကြီးချုပ် လှူဒါန်းထားသည့် ဗုဒ္ဓရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးနေသည့်အလား အရောင်ခြောက်မျိုးတို့ဖြင့် ဆန်းကြယ်စွာ ထွန်းညှိလှူဒါန်းထားသော ဓာတ်ဖယောင်းတိုင်များသည်လည်း ကြွရောက်ဖူးမျှော်ကြသောပရိသတ်တို့အား ကြည်ညိုဘွယ်ကိုဆောင်လျက်ရှိပါသည်။

ထိုသံဃာစင်ကြီး၏ ဝဲယာ တဖက်တချက်တွင် ထိုသံဃာစင်ကြီးကဲ့သို့ ညီညာ ပြန့်ပြန့် တည်ဆောက်ထားသည့် သံဃာစင်ကြီး နှစ်ခုလည်း ရှိပေသည်၊ ထိုသံဃာစင် နှစ်ခုမှာလည်း ဆဋ္ဌသင်္ဂါယနာတင် ဆရာတော် သံဃာတော်တို့ သီတင်းသုံးရန် ဖန်တီးတည်ဆောက်ထားခြင်း ဖြစ်ပေသည်။ လိုဏ်ဂူတော်ကြီး၏ ဝဲယာ အရှေ့အနောက်ဘက်တွင် တဖက်လျှင် သံဃာစင် ၅-စင်စီ တည်ဆောက်ထားသော သံဃာစင်ကြီးများမှာ လိုဏ်ဂူတော် အောက်ထပ် ယင်ပြင်မှ သံဃာစင် ၇-ဆင့် နိမ့်မြင့် ညီညာ တည်ဆောက်၍ ထားပါသည်။ သို့ အဆင့်ဆင့် တည်ဆောက်ထားခြင်းမှာလည်း သင်္ဂါယနာတင်တော်မူသော သံဃာတော် အရှင်မြတ်များအား မင်းပရိသတ် လူပရိသတ်များက ကောင်းစွာ ကြည်ညိုဖူးမျှော်နိုင်ရန်ငှင်း ထေရ်စဉ်ဝါစဉ်အလိုက် သီတင်းသုံးတော်မူကြရန်ငှင်း ရည်ရွယ်သဖြင့် တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ သံဃာစင် အဆင့်ဆင့်သို့ တက်ရန် ကူးရန် လမ်းအသွယ်သွယ်တို့ကိုလည်း ကျောက်သား ပကတိဖြင့်ပြီးစေပါသည်။ သံဃာစင်ရှေ့ရှိ အကာအကွယ်ထားသည့် ဝရံတာများကိုလည်း သံဝရံတာများဖြင့်ပြီးစီးစေ၍ ထိုဝရံတာ အကာအကွယ်အားလုံးတို့၌လည်း ရွှေပိန်းချ ကံ့ကော်ပွင့်များဖြင့်သာ ပြီးစီး တည်ဆောက် ထားခဲ့လေသည်။ လိုဏ်ဂူတော်အတွင်းရှိ သံဃာစင် အားလုံးတို့ကို တည်ဆောက်ရာ၌ ပုံတွင်ဖော်ပြပါရှိသည့်အတိုင်း သံဃာစင်တည်ဆောက်မည့် နေရာများကို မြေပြင်ပန္နက်ကို မြေအောက်သို့ ၄-ပေ ၉-လက်မ တူးဖော်၍ လိုဏ်ဂူနံရံနှင့် မျဉ်းတပြေးတည်း အတွင်းအမာခံနံရံများ တည်ဆောက်၍ငှင်း၊ အကျယ်အားဖြင့် အမာခံ နံရံတခုနှင့် တခု ကြား ၅-ပေခန့် ဗဟိုပြု၍ ငှင်း၊ သံဃာစင်၏ အောက်ခံ အုတ်မြစ်များကို တည်ဆောက်ခဲ့လေသည်။ ထိုသံဃာစင်များမှာ ခေါင်းပိတ်မဟုတ် အထက်က ဖော်ပြခဲ့သည့် အမာခံ အုတ်မြစ်များပေါ်တွင် အောက်ဆုံး အုတ်မြစ် ၄-ပေမှ ၆-ပေအထိ အကျယ်ပြု၍ မြေပြင်အောက် ၄-ပေ ၉-လက်မ အနက်တွင် တူးဖော်၍ အုတ်ကျိုး ၆-ဆ သဲသုံးဆ၊ ဘိလပ်မြေတဆ ပါဝင်သော ကွန်ကရစ်ဖြင့် ပြီးစေခဲ့ပါသည်။ ထိုအထက်တွင် အခင်းမြေညီအထိ တဆင့်တဆင့်တွင် တပေရှိ၍ ၆-လက်မစီ ဆုတ်သော အောက်ခွါများကို ပြုလုပ်ခဲ့ပါသည်။ (ပုံတွင် ကြည့်ပါ) အောက်ဆုံး မြေပြင်အထက် သံဃာစင်များကို ထောက်ခံသော နံရံကြီးများမှာ ၁၂-လက်မ ထုရှိပါသည်။ ထိုအခြေခံခွါပေါ် ၁၂-လက်မ ထုရှိသော သံဃာစင်များကို ကျားကန်ထားသည့် အခြေခံ နံရံကြီးများကို ကျောက်စရစ်၄-ဆ၊ သဲနှစ်ဆ၊ ဘိလပ်မြေတဆဖြင့်

ခိုင်ခံ့စွာ ပြီးစီးစေခဲ့ပါသည်။ ထိုအခြေခံများ ပေါ်တွင် သံဃာစင်များကို တည်ဆောက်ရာ၌ သံဃာစင် တဆင့်တဆင့် ဆရာတော်ဘုရားများ ကျယ်ဝန်းစွာ သီတင်းသုံးနေထိုင်ရန် အကျယ် အဝန်းထားရှိ၍ ထိုသံဃာစင် အပေါ်ပိုင်း သံဃာ တော်များသီတင်းသုံးရန် အခင်းများကို တည် ဆောက်ရာ၌ သံဃာစင်တဆင့်မှာ ကွန်ကရစ် ကျောက်သားထု ၆-လက်မ အထူ ရှိပါသည်။ ထိုသံဃာစင် အပေါ်ဆုံးကွန်ကရစ်ကျောက်သား ထုကိုကျောက်ပြာကျောက်ထုခွဲ ၄-ဆ၊ သဲနှစ်ဆ၊ ဘိလပ်မြေတဆဖြင့် ပြီးစီးစေပါသည်။

ထိုသံဃာစင်အောက်ခံ ကျောက်သား အဆင့် ဆင့်ခုံတွင်း၌ သံဃာတော်မြတ်များ သီတင်းသုံး ရန်နေရာတဝိုက်တွင် အကွက်လှသည့် နှစ်ချို ကျွန်းပျဉ်ကြီးများဖြင့် ခင်းထားရန် လိုအပ်သည့် အလျောက် ထိုကျွန်းပျဉ်များ ပန္နက်စိုက်မြှုပ် သွင်းရန်အတွက် သစ်သားဘလောက်များကို ထို အောက်ခြေကွန်ကရစ်အတွင်း မူလကပင် မြှုပ်နှံ ထားရှိခဲ့ပါသည်။ ထို့ကြောင့် ထိုသံဃာစင်များ တွင် ခင်းထားသည့် တလက်မခွဲထု အထူရှိသော ပျဉ်ပြားနှင့် အောက်ခံ ကျောက်သားတွင်းရှိ သစ်သားဘလောက်များကို ကြေးဝက်အူဖြင့် စုတ် ထား ခိုင်ခံ့ တည်မြဲစေခဲ့ပါသည်။ ထိုသစ်သား ပျဉ်များ၏ ဘေးပတ်ဝန်းကျင်တွင် မေခနှင့် မေလိခ ဧရာဝတီမြစ် အထက်မြစ်ပေါင်းဆုံရာ ဌာနမှ ခက်ခဲစွာ ဆောင်ယူလာသော ကျောက် ကြူးရောင်စုံအပွင့်ဖော်၍ အဝါရောင်အင်္ဂတေဖြင့် ပင် ကျောက်ပွင့်စားပြီး သရုပ်ဖော်ထားသည့် ကျောက်ပြားကွက်များဖြင့် ပြီးစီးစေခဲ့ပါသည်။ သို့ဖြစ်သောကြောင့်ဗိသုကာမျက်စိများဖြင့်ကြည့် မည်ဆိုသော် ဤသံဃာစင်များသည် ကျောက် သားပကတိ ဂင်ပိတ် သံဃာစင်များအသွင် ပြီး အောင် ဖန်တီးထားသည်ဟု ပြောဆိုရန် အ ကြောင်းရှိပါသည်။ ဗိသုကာများအနေဖြင့် အထူး တည်ဆောက်ရန်လည်း သာမန်အားဖြင့် ကြည့် လျှင် ဤကဲ့သို့ ဂင်ပိတ် သံဃာစင်ကြီးများ တည် ဆောက်ရန် မသင့်လျော်ပေ။ တည်ဆောက်ရန် လည်းမတည်ဆောက်အပ်။ ထိုကျယ်ဝန်းလှသော နေရာများကို တခုခုသော ကိစ္စအတွက် အသုံး ပြုရန် လိုအပ်ပေသည်။ သို့သော် ဤသမိုင်းရေး သူသည် ဤ လိုဏ်ဂူတော်ကြီးကို တည်ဆောက် ရာ၌ သာသနာ ၅၀၀၀-တည်တံ့ရမည့် အဆောက် အဦကြီး တခုအဖြစ် တည်ဆောက်ခဲ့ခြင်းနှင့် အဆောက်အဦကြီးကို ကြည့်လိုက်ခြင်းဖြင့်လည်း လုံးလုံးခဲခဲ တစ်တစ်ရစ်ရစ်ကြည့်လိုက်သည့် နေရာ တိုင်း ပိန်းပိန်းထူထပ် ကျောက်တိုင်ကျောက်ခဲ အမြစ်စွဲ၍ ကျောက်တောင်ကြီးအတွင်းတွင် ထား သည့် ကျောက်တိုက်ကြီးသဏ္ဍာန် ပေါ်လွင်စေ ခြင်းစသည့် ပေါ်လွင်စေမှုဖြစ်ရန် ရည်သန်သော ကြောင့် ထိုလိုဏ်ဂူကြီး၏ အတွင်း လိုအပ်သော နေရာတို့တွင် ခေါင်းပိတ်ခေါင်းပွ လိုအပ်သလို ဖန်တီးတည်ဆောက် ထားခဲ့ခြင်းဖြစ်ပေသည်။

အောက်ခြေတွင် အတွင်း လိုဏ်များကိုသော် ၎င်း အတွင်းနံရံများကိုသော်၎င်း ကြည့်ရှုပါမူ ကျောက်သားကျောက်ကွက် ကျောက်တုံးများကို ညီညီညာညာစီထားသည့် သဏ္ဍာန်ဖန်တီး တည် ဆောက်ထားခြင်းကို တွေ့ရှိရပေမည်။ သို့သော် တည်ဆောက်ရာ၌ ဤသို့ ကျောက်တုံးများကို စီထားခြင်းမဟုတ် ကျောက်စရစ် ၄-ဆ၊ မြစ်သဲနှစ် ဆ၊ ဘိလပ်မြေတဆ ပါဝင်ရောမွှေသည့် ကျောက် ကွန်ကရစ်ကို တကြိမ်လျှင် ၄-ပေအမြင့် သွန်း လောင်းရာ၌ သွန်းလောင်းသည့် ပုံချထားသော သစ်သား ပုံစံဖြင့် ကျောက်ကွက် သဏ္ဍာန် ဖော်၍ထားပြီး ကွန်ကရစ် သွန်းလောင်းသော ကြောင့် ထိုသစ်သားပုံများကို ခွါလိုက်သည့်အခါ အတွင်း၌ ကျောက်သား ကျောက်ကွက် ပုံသဏ္ဍာန်

ပေါ်လွင်လာခြင်း ဖြစ်သည်။ ထို့ကြောင့် ကျောက်လိုဏ်ဂူတော်ကြီး အတွင်းသို့ ဝင်သည့်အခါ ကျောက်တောင်ကြီးအတွင်း ကျောက်ကွက်များ ဖော်ထားသော ကျောက်သားပကတိ ကျောက်လိုဏ်ဂူတော် အဆောက်အဦကြီး တခုဖြစ်သည့် သဏ္ဍာန်ပေါ်လွင်စေခြင်းဖြစ်အောင် ဖန်တီးတည်ဆောက်ထားခြင်း ဖြစ်သည်။

အောက်ထပ် လိုဏ်ဂူတော်တွင်း ဝင်နိုင်သည့် တံခါးပေါက်များကို ရေတွက်ပါက ဝင်ပေါက် ၂၄ ပေါက်တွေ့ရှိရပေမည်။ ထိုဝင်ပေါက်များ၏အပေါ်တွင် သံဇကာသံပါ ကွန်ကရစ် ထုပ်ကြီးများဖြင့် အမာခံ ပေါင်းကူးတည်ဆောက်ထားရာ ထိုထုပ်ကြီးများ၏ အမြင့်မှာ အပေါ်မှဝန်ကို တွက်စစ်၍ အထု ၂-ပေမှ ၃-ပေ အထိ တည်ရှိစေပြီး အပေါက်နံရံ တဖက်တချက်ပေါ်တွင် တပေမှ နှစ်ပေအထိ ဝန်ဆောင်နိုင်ရန် အင်အားကို ဖန်တီးထားရှိသည်။ ထိုအပေါက်ပေါ်ရှိ ထုပ်များ အင်အား အလေးချိန် အရွယ်အစားအလိုက် (ပုံများတွင် ကြည့်ပါ) ထုထယ် ကြီးမားလှသော သံဘင်းကြီးများ သံချောင်းများ စသည်တို့ကို လိုအပ်သည့် အရွယ်အစားရှိ သံချောင်းများဖြင့် ရစ်ပတ်စေ၍ကျောက်ပြာထုခွဲ ၄-ဆ၊ မြစ်သဲ နှစ်ဆ၊ ဘိလပ်မြေ တဆဖြင့် ပြီးသော သံပါကွန်ကရစ်ဖြင့် တည်ဆောက်ခဲ့လေသည်။ ထိုနည်းလျှင်လျှင်ပင် အောက်ဆုံးထပ်တွင်လည်း ပဌမထပ် နံရံတခုနှင့်တခု အောက်တိုင်များပေါ်တွင် ပတ်၍သွားသော ထုပ်များလည်း ရှိပေသေးသည်။ ထိုထုပ်များကိုလည်း အတွင်းနံရံတခုနှင့်တခု ဆက်စပ်နေအောင် ဖန်တီးသောအားဖြင့် သံပါ ကွန်ကရစ်ကျောက်ထုပ်များကို ၁၀-ပေခြား ဆက်စပ်ထားရှိခဲ့လေသည်။ ဤကဲ့သို့ ပဌမထပ် အခင်းအောက် အတွင်း ကျောက်လိုဏ်ဂူတော်တွင် ဖန်တီးထားခြင်းမှာလည်း မြင့်မားလှသော ကျောက်လိုဏ်ဂူ အတွင်းနံရံများ တခုနှင့်တခု ဆက်စပ် ထိန်းသိမ်းစေရန်အတွက် ဖန်တီးထားခြင်း ဖြစ်သည်။ အောက်ဆုံးထပ် ကျောက်လိုဏ်ဂူ၏ လိုဏ်လမ်းသွားရာ ကျောက်ဂုံးကူးထားသည့် လူသွားလမ်းအပေါ်ရှိ ဂုံးတည်ဆောက်ပုံကို ရေးသားဖော်ပြရမည်ဆိုလျှင် ထိုအတွင်းလိုဏ် ကျောက်ဂုံးမှာ ခေါင်းပွ ကျောက်ဂုံးသာဖြစ်ကြောင်း အထက်တွင် ဖော်ပြပြီးဖြစ်၍ ထပ်မံဖော်ပြရန် လိုမည်မဟုတ်ပေ။

လိုဏ်ဂူတော်ကြီး၏ မြောက်ဖက်ရှိ အာလိန် ၅-ဆင့် ခန်းမဆောင်ကြီး၏ အောက်ဆုံးထပ် အမိုးဖြစ်သော ပဌမထပ် အခင်းနှင့် အာလိန် ၅-ဆင့်၏ အင်အားခံနိုင်စိမ့်သောငှါ တည်ဆောက်ထားပုံကို အထက်ပါ သံအမာခံ ပုံစံများအရ ဖော်ပြထားပါသည်။ တည်ဆောက်ရာတွင် ဤမြောက်ဖက်ရှိ အာလိန် ၅-ဆင့် ၅-ထပ် တိုက်၏ ဝန်တင်အင်အားကို ခံနိုင်ရန် တွက်ချက်တည်ဆောက်မှုမှာ များစွာ အရေးကြီးရကား အထပ်တိုင်းမှာပင် ဝန်တင်အင်အားခံနိုင်အောင် ဖန်တီးတည်ဆောက်မှုမှာ များစွာ အရေးကြီးပေသည်။ ထိုဝန်တင်အင်အား ခံနိုင်မှုကို တွက်ချက်ရာ၌ အခင်း အမိုး အကာသာမဟုတ် သာမန်လှေကားသွားလာမှု လျှပ်စစ်လှေကားသွားလာမှုနှင့် လူပေါင်းများစွာ ဖြတ်သန်းသွားလာမှုတို့ကို ချင့်ချိန်တွက်ချက် တည်ဆောက်ခဲ့လေသည်။ ထို့ကြောင့် ထိုတည်ဆောက်မှုတွင် ကျောက်သားပကတိ နံရံကြီးများသည်၎င်း ထိုနံရံကြီးများကို ကူး၍ သံဟင်ဂလန်များ သံပြားများကို ဖက်စပ်၍ တည်ဆောက်သည့် သံထုပ်ယောက် ယက်မကြီးများသည်၎င်း များစွာ ပါဝင်ခဲ့လေသည်။ သို့ထုပ်ကြီးများ ကူး၍ တည်ဆောက်ရာ၌ ၁၈-လက်မ ၇-လက်မရှိသော သံထုပ်ကြီးဖြင့် အကျယ် ၁၂-လက်မ ထု ၁-လက်မမှုတင်း သံပြား များကို အထက်အောက် နှစ်ထပ်ဆင့်၍ မူသေနည်းဖြင့် သံစို့များ ရိုက်နှိပ် ကြပ်စွဲစေပြီး ယက်မကြီးများ

သဖွယ် ကျောက်နံရံကြီးများပေါ်တွင်မှီး၍ အခိုင်အမာ ပြုထားပါသည်။ ထိုကျောက် ယက်မကြီးများ တခုနှင့်တခု တည်တံ့ခိုင်မြဲစေရန်နှင့် အထက်မှ ဝန်ကိုထမ်းဆောင်နိုင်ရန်အတွက် ထု ၁ဝ-လက်မ ဗျက် ၅-လက်မရှိ သံထုပ်ကြီးများကိုလည်း စွဲဆင်ထားရှိပါသည်။ ထိုသံအတိပြီးသော ယက်မကြီးများနှင့် ထုပ်ကြီးများကို ကျောက်ပြာ ထုခွဲ ၄ ဆ မြစ်သဲ ၂-ဆ၊ ဘိလပ်မြေ တဆဖြင့် ပြီးသော ကွန်ကရစ်ဖြင့် သွန်းလောင်းရာ၌ ထိုသံယက်မကြီးများကို အမှတ် ၁၂-ရှိ သံဇကာဖြင့် ရစ်ပတ်၍ သံချောင်းများ ကာဆီးကာ ပကတိ ကျောက်ထုပ်ကြီးများသဖွယ် သွန်းလောင်း တည်ဆောက်ထားရှိ ခဲ့ပါသည်။

ဝင်ပေါက်ကြီး ၆-ခုတွင် မိလ္လာတံခါးကြီးများ တည်ဆောက်ပုံကို အထက်က ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုမိလ္လာ တံခါးကြီးများပေါ်၌ အပေါ်ထပ်နှင့် အောက်ထပ် ဆက်စပ်ရာ အကြားတွင် ပန်းကော့သဏ္ဍာန် ဖန်တီးထားသော နေရောင်ကာများကိုလည်း တွေ့ရှိရပေမည်။ ထိုနေရောင်ကာများသည် ပန်းကြိုးဖော်၍ တည်ဆောက်ထားသည်။ သို့တည်ဆောက်ရာ၌ (ထိုတည်ဆောက်ပုံကို ပုံစံကို ကြည့်ပါ) သံဟင်ဂလန်များကို ၎င်းအပေါက်ကြီးအထက် တားဆီးထားသည့် ထု ၁၂-လက်မ၊ အကျယ် ၅-လက်မရှိ သံထုပ်ကြီးကို ၃×၃ လက်မ ထု ၃-မူးရှိ သံဟင်ဂလန်များကို ကောက်၍ သံဟင်ဂလန်များဖြင့် သံဂဟေဆက်ပြီး ဖန်တီးထားသော သံဟင်ဂလန် နေရောင်ကာ အမာခံကို သံဇကာကွက်ကြဲ တမတ်ပြားတွင် ထပ်၍ ဂဟေဆက်ပြီး ထို သံနေရောင်ကာ အတွင်းအပြင်တို့တွင် မြစ်သဲ ၃-ဆ၊ ဘိလပ်မြေ တဆဖြင့်ပြီးသော အတွင်းအပြင်ထု ၃-လက်မ ထူသည်အထိ ထပ်ကာ အင်္ဂတေ အချောကိုင်လုပ်နည်းဖြင့် ပြီးစေခဲ့သည်။ သို့သော် သံဇကာ အတွင်းအမာခံအားဖြင့် တမတ် ကျောက်စရစ် ၄-ဆ မြစ်သဲ ၂-ဆ ဘိလပ်မြေတဆ ပါဝင်သော ကွန်ကရစ်ဖုံးအုပ်၍ သံဟင်ဂလန်များကို ပန်းလှပန်းချီး မွေရိုးပြုကာ ဖန်တီးလျက် အကာအကွယ်ပြု၍ တည်ဆောက် ခဲ့လေသည်။ သို့နေရောင်ကာ ပြုလုပ်မှုမရှိက မိလ္လာ တံကားကြီး၏ အပေါ်တွင် ဟာ၍ နေပေမည်။ ထိုဟာနေသော နေရာကို လှပတင့်တယ်စွာ ပိတ်ရန် အတွက် ဤနေရောင်ကာကို ဖန်တီး တပ်ဆင်ထားခြင်း ဖြစ်ပေသည်။

အောက်ဆုံးထပ် တည်ဆောက်ရေးနှင့်ပတ်သက်၍ လိုဏ်ဂူကြီး၏ အလယ်ခန်းမဆောင် တွင်းရှိ ကျောက်တိုင်ကြီးခြောက်ခု၏ အခြေခံ အုတ်မြစ် တည်ဆောက်ရေးကို အထက်က ဖော်ပြပြီးဖြစ်ခဲ့သည့်အတိုင်း သိရှိကြပြီးဖြစ်ပေမည်။ ဤကျောက်တိုင်ကြီးခြောက်ခုကို တည်ဆောက်ရာတွင် သမိုင်းရေးသားသူသည် ဗိသုကာ အနုပညာရပ်လိုက်စားသူများ၏မလိုလားအပ်သော အပေါက်ကို ကွယ်လျက်တိုင် ရောက်သည့် တည်ဆောက်မှုဖြစ်သော ကြောင့် မလိုလားအပ်ပေ။ တိုင်မပါသော်လည်း ထိုမျှလောက် ကျယ်သော နံရံတခုကို သံဒိုင်းဖြင့် ကူးဆက်၍ တည်ဆောက်ရန် ဝန်လေးသောအလုပ် မဟုတ်ပေ။ ထိုမျှမက ပေတရာ အနံ အကျယ် အဝန်းရှိသည့် နံရံတဖက်တွင် အခုအခံ မရှိဘဲ တဖက်တည်းသော နံရံ အပေါ်တွင် အမှီပြု၍ တည်ဆောက်ထားသော ကမ္ဘာ့ဗိသုကာ ပညာများကိုလည်း အီတလီပြည် ရောမမြို့တော်ရှိ မီးရထားရုံးကြီးကို၎င်း ရုရှား ဂျာမနီ အမေရိကန်ရှိ ထိုသို့ တိုင်မပါ ပေါင်းကူးတည်ဆောက်ထားသော အဆောက်အဦ မြောက်မြားစွာတို့ကို၎င်း တည်ဆောက်ခဲ့ကြသော ဗိသုကာများ၏ ပညာရပ်ကို ချီးကျူးပါ၏။ ဤသမိုင်းရေးသူပင်လျှင် ဤဆဋ္ဌ သင်္ဂါယနာတင် လိုဏ်ဂူတော်ကြီး တည်ဆောက်ရာ၌ တိုင်ကြီး (၆) တိုင်မဝါဘဲ ပေါင်းကူးတည်

ဆောက်ရန် ဝန်လေးမှုမရှိခဲ့သော်လည်း ဆဋ္ဌသင်္ဂါယနာ၏ အဓိပ္ပါယ်ကိုပေါ်လွင်စေရန် ရည်သန်၍ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တိုင်ကြီး (၆)တိုင် ထည့်သွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ပေသည်။

ဤတိုင်ကြီး(၆)တိုင် တည်ဆောက်ရာ၌ မြေခံ အုတ်မြစ် တည်ဆောက်ရေးကို အထက်တွင် ရေးသား ဖော်ပြခဲ့ပြီးဖြစ်သည်။ မြေခံ အုတ်မြစ် အထက် တည်ဆောက်ရေးမှာမူ ထိုအုတ်မြစ်တိုင်၏ အခြေခံမြေပြင်အခင်း အောက်နှစ်ပေက္ခာမှ မူလရည်ရွယ်ချက်အတိုင်း တလက်မခွဲ အဝန်းရှိသည့် သံတိုင် ၄-တိုင်ကို တမတ်လုံးဝကျယ်ရှိ သံချောင်းဖြင့်ရစ်ပတ်၍ တည်ဆောက်ရန် ဖြစ်သော်လည်း ထိုထက်ပိုမိုခိုင်ခံ့ရန် ရည်သန်၍ မီးရထားသံလမ်း ၁၂-ချောင်းကို စိုက်ထူပြီး ၎င်းမီးရထားသံချောင်းများကို ၃-မူးဝကျယ်ရှိ သံချောင်းများဖြင့် တပေက္ခာခြား ရစ်ပတ်စေကာ ထိုသံလမ်းသံချောင်းတိုင်များ တခုနှင့်တခု ကြားတလက်မ အဝကျယ်ရှိ သံမဏိချောင်းများကိုလည်း ထည့်သွင်း၍ ရစ်ပတ်သည့် သံအားလုံးတို့ကို သံဂဟေဖြင့်ဆက်စပ်ပြီး မြေပြင်မှ ပေ(၅၀)အထိကျောက်စရစ်လေးဆ မြစ်သဲနှစ်ဆ၊ ဘိလပ်မြေ တဆ ဖြင့်ပြီးသော သံပါကွန်ကရစ်ဖြင့် ပြီးစေခဲ့ရာ အထက်ကြာလှန်အဆုံးတွင် အဝကျယ်အားဖြင့် ၅-ပေ ၃-လက်မရှိ၍ ကြာလှန်အထက် လေးထောင့်သဏ္ဌာန် ပန်းလှ၏အကျယ်အဝန်းမှာလည်း ၇-ပေ ၃-လက်မရှိလေသည်။ အဝိုင်းကြာလှန်ပန်းလှမှ အထက်လေးဒေါင့်သဏ္ဌာန် ပန်းလှအဆုံး အမြင့် ၂-ပေ ၆-လက်မရှိသည်။ အလယ် ပန်းလှခါးပတ်မှာ တပေ ၆-လက်မရှိသည်။ [ပုံစံများ တွင်ကြည့်ပါ]

လိုဏ်ဂူတော်ကြီး၏ အရှေ့ဘက်မျက်နှာနှင့် အနောက်ဖက်မျက်နှာများတွင် ဝင်ပေါက်နှစ်ခုစီရှိ၍ ကျောက်ဂုံးကြီးများမှာ အတွင်းနံရံသည်၎င်း အပြင်နံရံသည်၎င်း အဝင်လိုဏ်ဂူကြီးသဖွယ် ပေါင်းကူး ဆက်စပ်ထားရှိ၍ တောင်ဖက်နှင့် မြောက်ဖက်တို့တွင်ရှိ လိုဏ်ဂူကြီး အတွင်းသို့ဝင်ပေါက်တို့မှ ဝင်ရောက်ကြည့်ရှုပါမူ လိုဏ်ဂူတော်ဂုံးကြီး ၃-ဆင့်စီရှိကြောင်း တွေ့ရှိရပေသည်။ ယခုဖော်ပြခဲ့သော နံရံကို အမှီပြု၍ပေါင်းကူး တည်ဆောက်ထားသော ဂုံးကြီးများ, ၎င်းဂုံးဘေးရှိ သံပါ ကွန်ကရစ်တိုင်ကြီးများကို မှီး၍ အမှတ် ၂-သံဇကာနှစ်ဆင့် နှစ်ထပ်ခံပြီးထု ၁-ပေ လက်မ အထူ ကျောက်ဂုံးကြီးများကိုပေါင်းကူး ပြီးစေခဲ့ ပါသည်။ သို့ ကျောက်ဂုံးကြီးများကို သံပါကွန်ကရစ်ဖြင့် ပြီးစီးရာ၌ ကျောက်ပြာ ကျောက်ထုခွဲလေးဆ၊ ဘိလပ်မြေနှစ်ဆ၊ သဲတဆဖြင့် ကျောက်ဂူဂုံးကြီးများအထက်ရှိ နံရံများ ပိုမိုခိုင်ခံ့စေရန်အတွက် ကျောက်ဂုံးဘေးရှိ သံပါ ကွန်ကရစ်တိုင်များဖြင့် တွယ်၍ ထု ၄-ပေရှိ သံပါ ကွန်ကရစ်ထုပ်ကြီးကိုပါ ကျောက်ဂုံးကြီးများကို ကွန်ကရစ်လောင်းသည့်အခါတွင် တကြိမ်တည်း တပြိုင်နက်တည်း တွဲစပ်သွန်းလောင်းခဲ့လေသည်။ ထို့ကြောင့် လိုဏ်ဂူတော်ကြီး၏ နံရံများ၏ အင်အားဖိနှိပ်မှု တွက်ချက်ရာ၌ ဂူပေါက်ကြီးသာမက အပေါ်အလေးချိန် ဝန်များကိုပါ တွက်ချက်၍ သံပါကွန်ကရစ်တိုင်များကို ပတ်ရစ်၍ သံပါကွန်ကရစ်ထုပ်ကြီးများကိုလည်း အမာခံ တည်ဆောက်ထားရှိခဲ့သည်။ ပဉ္စမထပ်ရှိ ဝင်ပေါက်ကြီး ၆-ပေါက်မှအပ ဂုံးပေါက်များကိုလည်း သံဇကာ အမှတ် ၆-ကို နှစ်ထပ် အမာခံပြု၍ တည်ဆောက်ခဲ့ပါသည်။ အဝင် ဂုံးပေါက်ကြီးများ နည်းနှင်နှင် သံပါ ကွန်ကရစ်တိုင်များနှင့် တွဲစပ်၍ ၎င်း ဂုံးပေါက် ကလေးများ၏ အပေါ်တွင်လည်း တလက်မ သံလုံးများကို အမာခံပြု၍ သံပါကွန်ကရစ်ထုပ်များဖြင့် ပြီးစီးစေခဲ့ပါသည်။ လိုဏ်ဂူတော်ကြီး၏ အတွင်းလိုဏ်အပြင်

နံရံတွင် အောက်ထပ်ကဲ့သို့ လေဝင်ပေါက်များ လေဝင်သံပြူတင်းများ ဖောက်လုပ် တပ်ဆင်ထားရှိရာ ထိုအပေါက်များ၏ အပေါ်၌ ကျောက်ပြာထုခွဲ လေးဆ၊ သဲနှစ်ဆ၊ ဘိလပ်မြေဘဆပါဝင်၍ နံရံတဖက်တချက်ရှိ သံပါ ကွန်ကရစ်တိုင်များကိုမှီး၍သံပါကွန်ကရစ်ထု သုံးပေရှိ ထုပ်ကြီးများကိုလည်း ဖန်တီးထားရှိရာ ထိုထုပ်ကြီးများသည် သံပါကွန်ကရစ်တိုင်ပါသည့် နံရံကြီးများ၏ အပေါ်တွင် အင်အားလုံလောက်စွာ သံဘင်းများ မီးရထား သံလမ်းများကို အမာခံပြု၍ သံပါကွန်ကရစ်ထုပ်ကြီးများကို တည်ဆောက် ထားရှိပါသည်။

အောက်ဆုံးအထပ်နှင့် ပဋ္ဌမထပ်တို့တွင် အတွင်းလိုဏ်၏ အပြင်မှ အလင်းရောင်နှင့် လေဝင်ပေါက်များကို သံပြူတင်းတံခါးများဖြင့် ဖန်တီးထားရှိရာ အပြင်က ကျောက်တောင်ကြီး ကွယ်နေ၍ အလင်းရောင်ကိုင်း လေဝင်မှုကိုင်း မရရှိပေ၊ ပိတ်ဆို့ကာ နေလိမ့်မည်ဟုအများယူဆရန်ပင် ဖြစ်သည်။ အလျဉ်းသင့်သဖြင့် ထိုအပေါက်များမှ အလင်းရောင်များကိုင်း လေရရှိရေးကိုင်း မည်ကဲ့သို့ ဖန်တီးထားသည်ကို ဤသမိုင်းရေးသားသူ ဖော်ပြရန် လိုအပ်ပေသည်။ အပြင်က ကျောက်တောင်ကြီးသဖွယ် ကွယ်နေသဖြင့် အလင်းရောင်နှင့် လေဝင်ပေါက်များ လေကောင်းလေသန့်များကို ရရှိလိမ့်မည်မဟုတ်ဟု သာမန်အားဖြင့် ယူဆတွက်စစ် နိုင်ကြပါသည်။ ဤလိုဏ်ဂူတော်ကြီး အတွင်း ဓမ္မသဘင်ဌာနကြီးကို ကြည့်ရှုပါမူ လျှပ်စစ် လေရဟတ်များကိုသော်ရင်း လျှပ်စစ်ဖြင့် ပြုလုပ်ဖန်တီးထားသည့် အအေးခါတ်ကိုင်း ဖန်တီး ထားသည်ကို တွေ့ရှိရလိမ့်မည် မဟုတ်ပေ။ သို့သော် လိုဏ်ဂူတော်ကြီး အတွင်း၌ကား အမြဲ လေအေးများကိုရရှိ၍ ပူအိုက်ခြင်း မရှိကြောင်း တွေ့ရှိရပေသည်။ အဘယ်ကြောင့်ဆိုသော် အထက်ဖော်ပြပါ အလင်းရောင်ကိုင်း ပြူတင်းများမှ လေအေးလေကောင်း လေသန့်များကိုင်း အပြင်တောင်ဖြင့် အတွင်းတိုက်သားများ၏ ကြားတွင် သွယ်ဝိုက်သောနည်းနှင့် သန့်ရှင်းသောလေကိုခိုးယူ၍ လိုဏ်ဂူတော်ကြီးအတွင်းသို့ ရရှိအောင် ဖန်တီးထားမှုကြောင့် အပြင်မှ ကျောက်တောင်ကြီးအား တိုက်ခတ်ယူဆောင်လာသော လေကောင်း လေသန့်များ တိုးဝှေ့၍ တောင်ကြိုတောင်ကြားမှ လှည့်ပတ်ကာ လိုဏ်ဂူအတွင်းသို့ လေအေး လေကောင်း လေသန့်များ ရောက်ရှိလာပေသည်။ အတွင်းမှ လေပူလေအိုက်များကိုလည်း အပေါ်တွင် ရွှေပိန်းချ ဓမ္မစကြာဝိုင်း သဏ္ဌာန် လေစုတ်ပေါက်များ ဖန်တီးထားသည့် လေစုတ်ပေါက် ၂၄-ပေါက်မှ အတွင်းညစ်ညမ်းသောလေများနှင့် လေပူများကို စုတ်ယူထုတ်ပေးနေသောကြောင့် လိုဏ်ဂူတော်အတွင်း လေကောင်းလေသန့်များ လှည့်လည်နေရုံမျှမက ထိုအပြင် တောင်နှင့် အတွင်းတိုက်သား နံရံကြားရှိ လိုဏ်ဂူတော်၏အပြင်လိုဏ်ကြားနှင့် လိုဏ်ဂူတော်အမိုးမှ ခိုးယူသွင်းထားသော အလင်းရောင်များသည်ပင်လျှင် လိုဏ်ဂူတော်ကြီးအတွင်းသို့ အလင်းရောင်ကိုပေးစွမ်းနိုင်ခဲ့လေသည်။

လိုဏ်ဂူတော်ကြီး၏ ပဋ္ဌမထပ်ဖြစ်သော တောင်ဘက် အဝင်ပေါက်မှ ပဋ္ဌမထပ်သို့တက်သော လိုဏ်တွင်းလှေကား လမ်းနှစ်သွယ်၏ အထက်အတွင်း မိုးသဏ္ဌာန် ပေါင်းကူးထားသည့် အတွင်းလိုဏ်ဂုံးအမိုးကို သတိထား ကြည့်ရှုစေလိုပါသည်။ ထိုလိုဏ်ဂုံးအမိုးကို ဖန်တီးရာ၌ အလျဉ်းသင့်သဖြင့် တနေ့ လိုဏ်ဂူတော်ကြီး တည်ဆောက်နေရာတွင် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဤသမိုင်းရေးသားသူတို့ တွေ့ဆုံကြရာဝယ် နိုင်ငံတော်ဝန်ကြီးချုပ်က ပုဂံမြို့ရှိ အာနန္ဒာလိုဏ်များသည် များစွာ ထူးခြားကြောင်း၊ ထိုအထက်တက်သော လိုဏ်များကူးရာတွင် အာနန္ဒာလိုဏ်ကဲ့သို့ အဆင့်ဆင့် မပေါ်စေဘဲ

စိတ်ကူးကောင်းစွာဖြင့် တည်ဆောက်ရန် ညွှန်ကြားခဲ့လေသည်။ ထိုနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဤသမိုင်းရေးသားသူအား ပုဂံသို့ရောက်ဖူးသလားဟု မေးမြန်းရာ သမိုင်းပြုစုသူက မရောက်ဘူးကြောင်း ပြောကြားလေသည်။ နိုင်ငံတော် ဝန်ကြီးချုပ်က ဤလိုဏ်ဂူတော်ကြီး တည်ဆောက်ရာ၌ အချို့ကိစ္စများအတွက် အတုယူ၍ ဆောက်ရန်လိုအပ်သည်ဖြစ်၍ အာနန္ဒာဘုရားသို့ သွားရောက်ကြည့်ရှုရန် အမိန့်ရှိသည်။ ထို့ပြင် ဘုံဘိုင်မြို့အနီးရှိ အာဂျန်တာ ကစ်ဖ်ခေါ် အာဂျန်တာ လိုဏ်ဂူကြီးသို့ ဦးလှကျော် သွားရောက် ကြည့်ရှုရန် ဝန်ကြီး ဦးကျော်ငြိမ်းက အကြံဉာဏ်ပေးကြောင်း နိုင်ငံတော် ဝန်ကြီးချုပ်က ထိုစဉ်က အမိန့်ရှိခဲ့သည်။ ထိုနောက် ဦးကျော်ငြိမ်းနှင့် ၎င်း၏ တိုက်နယ်ဖြစ်သော သိမ်ဖြူတိုက်နယ်မှ လူထုပရိသတ် ၅၀၀၀-ကျော်မျှ တနေ့တွင် လိုဏ်ဂူတော်ကြီး တည်ဆောက်ရာ၌ လုပ်သားအား ကူညီလျက် ကုသိုလ်ကောင်းမှု ပြုကြရာဝယ် ထိုနေ့တနေ့လုံး ဝန်ကြီး ဦးကျော်ငြိမ်း၊ ဝန်ကြီးကတော် ဒေါ်နွဲ့နွဲ့မှီ မှအစ သားသမီးများပါမကျန် လုပ်အားကူညီသူ ၅၀၀၀-တို့အားကြွရောက်အားပေးကာ အတူတကွ ကုသိုလ်ကောင်းမှုပြုကြပါသည်။ ထိုအခါ ဝန်ကြီး ဦးကျော်ငြိမ်းကိုယ်တိုင်ကလည်း ဘုံဘိုင်မြို့ အနီးရှိ အာဂျန်တာ လိုဏ်ဂူတော်သို့ သွားရောက်ကြည့်ရှုသင့်ကြောင်း အကြံဉာဏ်ပေးပြန်သည်။ သို့သော်လည်း၊ဤသမိုင်းရေးသားသူ၏ စိတ်တွင် ဆင်္ဂါယနာတင် လိုဏ်ဂူတော် တည်ဆောက်ရာ၌ ပြီးမြောက်ရန် အချိန်ကာလ တိုတောင်းစွာရှိသည့် အလျောက် ပြီးမြောက်အောင် တည်ဆောက်ရမည့် တာဝန်ဝတ္တရားသည် ပဌမအကြီးလေးဆုံးသော တာဝန်ဝတ္တရား ဖြစ်သည်။ ပုဂံမြို့ရှိ အာနန္ဒာဘုရားမှ အစ လိုဏ်ဂူတော် အသီးသီးသို့၎င်း၊ အနောက်နိုင်ငံ အိန္ဒိယပြည်ရှိ ဘုံဘိုင်မြို့အနီး အာဂျန်တာ လိုဏ်ဂူနှင့် တကွ သင်္ဂါယနာတင်

အရပ်ဒေသများသို့၎င်း လှည့်လည်ကြည့်ရှုသဖြင့် ရရှိမည့် အကြံဉာဏ်များမှ အချိန်ရပါမူ အလွန်ကောင်းပါသည်။ သို့သော်လည်း အချိန်မရသည့်အတွက် အထက်ဖော်ပြခဲ့ပြီး ယခု သမတခေတ်နှင့် အညီ ပေါ်လွင်စေရန် မူတည် ဝါဒများအရသာ အချိန်မှီ တည်ဆောက်ခဲ့ရပါသည်။ အကြံကောင်း ဉာဏ်ကောင်းများပေးကြသော ပုဂ္ဂိုလ်များအား အထပ်ထပ် ကျေးဇူးတင်လျက်ပင်ရှိပါသည်။ အထူးအားဖြင့် ဤလိုဏ်ဂူတော်ကြီး တည်ဆောက်ရာတွင် မည်သည့်နေရာကမှ အတုယူ တည်ဆောက်ခဲ့သော လိုဏ်ဂူတော်ကြီးတခု မဖြစ်စေလိုသည်တကြောင်း၊ ဤသမိုင်းရေးသားသူသည် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကို ယုံကြည်လေးစားသည့်အလျောက် ဗုဒ္ဓသာသနာတော်မြတ်၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် မိမိ စိတ်ကူးဉာဏ်ဖြင့် တည်ဆောက်ခဲ့သော လိုဏ်ဂူတော်ကြီးသည် ကောင်းမွန်စွာ ပြီးစီးပါစေသတည်းဟု အဓိဋ္ဌာန်ပြုပြီး တည်ဆောက်ခဲ့သည်တကြောင်းတို့ကြောင့် လိုဏ်ဂူတော်ကြီး၏ တစိတ်တဒေသသည်ပင်လျှင် ကမ္ဘာအဝှန်း၌ ရှိကြသော လိုဏ်ဂူတော် လိုဏ်နန်း လိုဏ်ကြင့်နန်းများနှင့် မတူပဲ တမူကွဲပြားကာ တည်ဆောက်ထားသဖြင့် ကမ္ဘာအဝှန်းက ကြွရောက်လာသမျှသော ပုဂ္ဂိုလ်များသည် မြေပြင်မှ လူဖန်ဆင်းသည့် လိုဏ်ဂူတော်ကြီး တခု ဖြစ်သည်ကို ချီးမွမ်းထောမနာ ပြုကြရပေသည်။

ထိုအောက်ထပ် လိုဏ်ဂူတော်ကြီး အတွင်း ပဌမထပ်သို့ ဆင်းတက် သွားလာရန်မှာ အထက်ဖော်ပြပါ အတိုင်း တောင်မြောက် အပေါက်များမှ လျှပ်စစ် ဓာတ်စက်လှေကားအပါအဝင် ဆင်းရာ တက်ရာ လှေကားလမ်း ၄-သွယ် ရှိသည်ကို ဖော်ပြခဲ့ပြီး ဖြစ်သည်။ လိုဏ်ဂူတော် အတွင်းမှ ပဌမအထပ်သို့ သံဃာစင်ကြီးများကို မှီး၍ ဆင်းတက်နိုင်ရန်ကျောက်သားပကတိပြီးသောလှေကား

များကိုလည်း သံဃာစင်တိုင်းတွင် တပ်ဆင် ထားရှိခဲ့လေသည်။ လိုဏ်ဂူတော်ကြီး၏ အတွင်း အောက်ဆုံးအခင်းကိုမူ ရွှေနှင့်မြပမာ ကြည့်ရှုသူတို့ မျက်စိတွင် ပနာရစေရန် ရည်သန်၍ အဝါရောင်ခင်းပြင်တွင် အစိမ်းရောင် ကျောက်ပြားများ ရစ်ပတ်၍ တည်ခင်းထားရှိပေသည်။ ထိုကျောက်ပြားများကို လိုဏ်ဂူတော် တည်ဆောက်ရေးဌာနတွင်ပင် ဖော်စပ်ဖန်တီး တီထွင် ခဲ့သည်။ ထိုအခင်းများ တည်ဆောက်ရေးကို မောင်အောင်ထွန်းက စီမံအုပ်ချုပ်ဆောင်ရွက်ခဲ့သည်။ထိုခင်းထားသည့်ကျောက်ပြားကြီး တပြား၏ အကျယ်အဝန်းမှာ တပေ ၆-လက်မ ပတ်လည်ရှိ၍ အထူ ဒု-နှစ်လက်မရှိပြီး အတွင်းတွင် သံဇကာခံ၍ကျောက်ပြာ ကျောက်ထုခွဲ သုံးဆ မြစ်သဲ တဆခွဲ ဘိလပ်မြေတဆ ပါဝင်ရောစပ်သော သံပါကွန်ကရစ်များကို သစ်သားပုံစံတွင် သွင်း၍ လိုအပ်သည့်အခါ အစိမ်းအရောင်ဘိလပ်မြေတဆကို အဖြူအနက်တမတ် သံဇကာတင်ရောင်စုံကျောက်ဖြင့် အပေါ် ခံအမွှန်းတင်ပြီးစီးစေခဲ့၍ ကျောက်ဖြင့်တိုက်ကာ မွှမ်းမံပြီးအရောင်တင်ထား လေသည်။ထိုနည်းနှင့် ကျောက်တိုင်ကြီး၆-တိုင်၏ အောက်ခြေရှိ ဘိနပ်ခုံများတွင်လည်း အစိမ်းရောင်ကျောက်သားဖြင့် အမွှန်းတင်၍၎င်း ဆဋ္ဌသင်္ဂါယနာတင် သံဃာတော် အရှင်မြတ်များ သီတင်းသုံးတော် မူကြရာ ကျောက်သံဃာစင်များတွင် အခင်း ကျောက်သားကမ္ဗလာများ၏ ဘေးပတ်ဝန်းကျင်တွင်လည်းအဝါရောင် ကျောက်သားဖြင့်အမွှန်းတင်၍၎င်း သံဃာစင်တော်သို့ သွားလာနိုင်သည့် ကျောက်လှေကားများတွင်လည်း အဝါရောင် အမွှန်းတင်၍၎င်း ကျောက်ပြာဖြင့်ကျောက်သားကျောက်ထု အမာခံပြု၍ကျောက်ရောင်အမွှန်းတင်၍၎င်း တည်ဆောက်ထားရှိပါသည်။လိုဏ်ဂူတော်ကြီး၏ အပေါ် ထပ်မှအစ၊ဝင်ရာ ထွက်ရာ တံခါးကြီးများ၊ဂုံးကြီးများကို ပြည်တွင်းထွက် ပဌမတန်း ကျွန်းသစ်သားများဖြင့်သာ လုပ်ကိုင် တပ်ဆင်ပြီးစီးစေခဲ့ပါသည်။

လိုဏ်ဂူတော်ကြီး၏ အောက်ဆုံး အထပ်တိုက် ပဌမထပ်ဟူ၍ ခေါ်ဆိုပါက ယခု ရေးသားမည့် အဆောင်အထပ်ကိုတတိယထပ်ဟု ခေါ် ရပေသည်၊ ထိုတတိယအထပ်တွင် အတွင်းမှ တက်နိုင်သော ကြောင်လိမ်လှေကားနှင့် လျှပ်စစ် ဓာတ်စက်လှေကားဖြင့် ပြီးစေ၍လိုဏ်ဂူတော်၏ အပြင်ကျောက်တောင်ဝဲယာမှ တက်လာသော လှေကားဖြင့်လည်း ဤအဆောင်၏ဘေးတဖက်တချက်၌ရှိသော ထွက်ပေါက်ဖြင့် သွားလာ ဝင်ထွက် နိုင်ပေသည်။ ထိုအဆောင်မှာလည်း ခန်းမဆောင် ၃-ခုရှိ၍ ဆရာတော်ဘုရားများ အေးချမ်းစွာ သီတင်းသုံးလိုက သုံးနိုင်ရန် ဖန်တီးထားခြင်းဖြစ်ပါသည်။ ထိုခန်းမဆောင်၏ ဝဲယာရှေ့နောက် တဖက် တချက်တွင် ဒုတိယဆင့် ဝဲ ယာ ဆောင်များ၏ အမိုးတို့ကို ကွန်ကရစ် အမိုးဖြင့်၎င်း၊ ၎င်းအမိုး သည်ပင်လျှင် တတိယဆင့်ခန်းမဆောင်၏လသာခန်းများသဖွယ် တည်ရှိစေခြင်းဖြင့်၎င်း၊ ထိုအမိုးများသည် ပင်လျှင် အတွင်းအပြင် ကျောက်လမ်း ဆက်စပ်ရာ ခင်းပြင်တခုသဖွယ် အထက်ထပ်များသို့ တက်ရာ ကျောက်လမ်းများ ပြုလုပ်ထားခြင်းဖြင့်၎င်း၊ထိုအထက်ထပ်သို့ တက်သော ကျောက်လမ်းများ၏အောက်တွင် ပဋိပတ်တရားပွါးများနိုင်ရန်ရည်သန်၍ လိုဏ်ဂူများ ထားရှိသဖြင့် ၎င်း ဖန်တီးထားခဲ့ပါသည်။ ထိုတတိယထပ်၏ မြောက်ဖက် လှေကားမကြီးများမှ ထွက်၍ ကြည့်ရှုပါမူ လိုဏ်ဂူတော်ကြီးကို အဝေးမှ ကြည့်ရှုသည့်အခါ လိုဏ်ဂူတော်၏ ထိပ်သည် မြောက်ဖက်သို့ ထိုးထွက်လျက် တောင်လုံးကြီးသဖွယ် အတွင်းကျောက်သား နံရံကို ကာဆီးထားသည့် ကျောက်တောင်သဏ္ဍာန် အတွင်းရှိ လိုဏ်ဂူများကို မှီ၍ တည်ဆောက် ထားသော ကျောက်တုံးကြီးများကို ဆက်စပ် ဖန်တီးထားသည့်ကျောက်နံရံကြီးများ ကျောက်ပေါင်းကူးများနှင့် ကျောက်ဂူများကို တွေ့ရှိရပေမည်။

ထိုကျောက်ဂူများ၏ အရှေ့ဘက်ဆုံး ကျောက်ဂူ
အတွင်းတွင်ငင်း ထိုတတိယထပ် အဆောင်မှပတ်
၍ အာလိန် ၄-ဆင့် အတွင်းမှ သွားသည့် အပေါ်
ဆုံး ဟာဝေယံ နံရံအောက်ရှိ စတုတ္ထလိုဏ်ဂူလမ်းမှ
ပတ်၍သွားသော တောင်ဘက် (ကမ္ဘာအေးဘုရား
ဘက်ရှိ) တရားအားထုတ်ရာ ဂူများအောက် အ
နောက်ဖက် ဂုံးဂူအတွင်းတွင်ငင်း လိုဏ်ဂူကြီး အ
တွင်းသို့ ရေရရှိရေးအတွက် ရေတိုင်ကီကြီးများ
တပ်ဆင်ထားသည်ကို တွေ့ရှိရပေမည်၊ ထိုလိုဏ်ဂူ
ဆောင်များအတွင်းသို့ ဂျိုးဖြူ ရေကန်မှ လာ
သော ရေကို သီရိမင်္ဂလာ ကုန်းမြေသို့ သွယ်ယူ
ထားရှိသော ပိုက်မှ လိုဏ်ဂူတော်အတွင်းရှိ လျှပ်စစ်
ရေစုတ်စက်ဖြင့် ထိုအထက်ဖော်ပြပါ လိုဏ်ဂူများ
အတွင်းရှိ သွပ်ရေလှောင်ကန်များသို့ ထည့်သွင်းပြီး
ထိုမှတဆင့် လိုဏ်ဂူတော်အတွင်းရှိ လိုအပ်သော
နေရာများနှင့် ကုဋီများသို့ တဖန် ရေရရှိရန် ဆက်
သွယ်ပေးခဲ့လေသည်။ ထိုတတိယထပ် ခန်းဆောင်
နှင့် ပတ်သက်၍ လေဝင်ပေါက်များ နှင့် အလင်း
ရောင် ရရှိစေရန် လုံလောက်စွာ ဖန်တီးထားရှိ
သည့် ထိုအထပ်ခန်းတွင်းမှ အရှေ့အနောက်ဝဲယာ
နှင့် မြောက်ဖက်အရပ်သို့ ထွက်၍ ကြည့်ရှုသော
အခါ ကျောက်တောင်ကြီးသဖွယ် ဖန်တီးထားသည့်
ကျောက်တုံး ကျောက်ရိုးများမှတပါး ပြင်ပများသို့
မြင်ရမည် မဟုတ်ပေ။ ကျောက်တောင်ပေါ်သို့
တက်သည့် စတုတ္ထဆင့်နှင့် ပဉ္စမဆင့် ဖြစ်သော
ယင်ပြင်တော်သို့ အတွင်းလမ်းဖြင့် တက်ရန် စခန်း
မှာလည်း ဤတတိယဆင့် အထပ်တွင် လျှပ်စစ်
ဓာတ်စက် လှေကားဖြင့် တက်ရောက်မှုသည်ငင်း
အတွင်း ကျောက်လှေကားဖြင့် တက်ရောက်သည့်
လမ်းသည်ငင်း ပြီးဆုံး ဆိပ်သုဉ်းခဲ့လေသည်။စတုတ္ထ
ဆင့်တွင် ယင်ပြင်တော်ကို တက်နိုင်သော ဝဲယာ
လမ်းမှာ ဤတတိယကိုကျော်၍ ဘေးကြောင်လိန်
လှေကားမှ သွယ်ဖောက်တက်ရောက်ရန် စီစဉ်ထား
ရှိလေသည်။ ထိုတတိယထပ်ရှိ အခင်းမှာ ပဋမဆင့်
အခင်းကဲ့သို့ပင် အဝါရောင် ကျောက်သားပွင့်များ
ဖြင့် ပြီးသည့် ပြည်တော်ဖြစ် ကျောက်ပြားများ
ဖြင့်သာ ခင်းထားလေသည်။ ပဋမဆင့် တတိယ
ဆင့်နှင့် စတုတ္ထဆင့် ရှိ အခင်းများသည် ဤနည်း
နှင်နှင် ပြည်တော်ဖြစ် ကျောက်ပြားများဖြင့် ပြီး
သော်လည်း ဒုတိယဆင့် သို့မဟုတ် ပဋမထပ်ရှိ
သင်္ဂါယနာတင် ဆရာတော်ဘုရားများ သီတင်း
သုံးရန် ဖန်တီးထားသော ခန်းမဆောင်ကြီးများ
တွင်မူ အခင်းအောက် သွန်းလောင်းထားသော
ကျောက်အခင်းပြားကြီးပေါ် နိုင်ငံခြားမှ လာသော
မာလေယံတိုင်ခေါ် ကော်ပတ်တမျိုး ဖြစ်ပြီး ထု
တမတ်ထူ အစိမ်းရောင်ဖြင့် ပြီးစေသည့် ဖယောင်း
ပုဆိုးကော်ပတ်ပြားများကို ခင်းကျင်းထားရှိလေ
သည်။ ထိုသို့ ပဋမထပ် ဒုတိယဆင့်အတွက် သီး
ခြား ခင်းကျင်းထားရှိခြင်းမှာလည်း ထိုအထပ်တွင်
ဘိနပ်မစီးရသောကြောင့် သက်တော်ဝါတော် ကြီး
ရင့်တော်မူကြသော မဟာထေရ် အရှင်မြတ်များ
သီတင်းသုံး စံပယ်ကြတော်မူကြရာတွင် ခြေအေး
ရောဂါ မဖြစ်ပွါးစိမ့်သောငှါ သီးခြား ဖန်တီးထားရှိ
ခြင်းပင် ဖြစ်ပေသည်။ တတိယခန်းမဆောင်၏ အ
ပေါ်တွင် စတုတ္ထ အဆောင်အတွက် အမာခံ တည်
ခင်းထားသော သံပါကွန်ကရစ် ကျောက်ထုပ်ကြီး
များ ကျောက်ယောက်ကြီးများ မှာလည်း
အောက်ထပ် တတိယထပ်တွင် ဖန်တီး ထားသကဲ့
သို့ပင် အကူအညီ တည်ဆောက်ထားရှိပါသည်။ ထို
တတိယထပ်၏ နံရံများသည်လည်း နံရံ အတွင်းရှိ
သံပါ ကွန်ကရစ် များနှင့် နံရံတွင် အသုံးပြုသော
ကျောက်သား ကျောက်ပြာ နံရံများ သည်ပင်
လျှင် အခြား အထပ်များ ကဲ့သို့ ထပ်တူ ထပ်မျှ
ရောစပ် ဖန်တီး ပြီးစီး ခဲ့လေသည်။ ထို အထပ်ကို
အုတ်ခြုံ ဝန်းရံ ဖန်တီးထားသော အပြင် ကျောက်
တောင်နှင့် အတွင်း နံရံ ရေယှက်ပုံများကိုမူ
အပြင် ကျောက်တောင် အတွက် အောက်တွင်
ရေးသား ဖော်ပြလတ္တံ့သော ဆက်စပ်မှု တည်

ဆောက်မှု များ ရေးသားရာတွင် ထပ်မံ ပေါ်လွင် ထင်ရှား စေပါ လိမ့်မည်။

အတွင်း အပေါ်ထပ်သို့ တက်လမ်း များမှာ ဤဖော်ပြပါ တတိယထပ်တွင် လျှပ်စစ် ဓာတ်လှေကား သော်လည်းငင်း အတွင်း ကျောက်လှေကား သော်ငင်း အထက် ဖော်ပြပါ အတိုင်း ပြီးဆုံးလျက် ရှိရကား ထို အထပ်မှ ဘေး ဝဲယာ ထွက်သော တံကားမကြီး နှစ်ခုမှ ထွက်လိုက်လျှင် ဘေး ဝဲယာရှိ လသာဆောင် ခန်းကူး နံရံများ အပေါ်သို့ ကျော်၍ အပေါ် စေတုတ္ထ ထပ်သို့ တက်သွားနိုင်သော ကျောက်လမ်းကို တွေ့ရှိရပေမည်။ ထိုအထက် စေတုတ္ထမှာ ပိဋကတ်တော်များကို သိုမှီးထားရှိရန် မူလ ရည်ရွယ်၍ တည်ဆောက် ခဲ့လေသည်။ သို့သော် လိုဏ်ဂူတော်ကြီး၏ မြောက်ဖက်တွင် ပိဋကတ် တိုက်တော်ကြီး တခု သီးခြား တည်ဆောက်သျက် ရှိရကား ထို စတုတ္ထ ဆောင်ကို ဝိပဿနာ တရား ပွဲများရန် အဆောင် အဖြစ် သို့မဟုတ် လိုဏ်ဂူတော် ပေါ်သို့ အပြင်လမ်း အ အတွင်းလမ်းမှ တက်ရောက် ကြရသည့် ရဟန်း ပုဂ္ဂိုလ် လူပုဂ္ဂိုလ်များ ခေတ္တ နားနေရန် အဆောင် အဖြစ် အသုံးပြုရန် ရည်ရွယ်၍ တည်ဆောက် ထားပါသည်။ ၎င်းခန်းမဆောင်၏ အကျယ် အဝန်းမှာ ၃၄-ပေ ပတ်လည်ခန့် ကျယ်ဝန်း ပါသည်။ ထိုစတုတ္ထဆောင်၏ အမိုးသည် ပင်လျှင် အာလိန် ၅-ဆင့်တွင် ပဌမဆင့် ယင်ပြင်တော် ဖြစ်သည်။ ထို ယင်ပြင်တော်တွင် ဗုဒ္ဓမြတ်စွာ မိဂဒါဝုန် တော၌ ပဥ္စဝဂ္ဂီ ၅ ယောက် တို့အား ဓမ္မစကြာ တရားဦးကို ဟောကြားဟန် ဗုဒ္ဓရုပ်ပွါးတော် တဆူ ဖန်တီး ထားခဲ့လေသည်။ ထိုအာလိန် ၅-ဆင့် ယင်ပြင်တော်သို့ စတုတ္ထ အထပ်မှ တက်ရန် အာလိန် လိုဏ်လမ်း တည်ဆောက် ရေးနှင့် ပတ်သက်၍ ဤသမိုင်း ရေးသားသူ၏ အခက် အခဲ များသည် လိုဏ်ဂူတော် တည်ဆောက် ရေးနှင့် ပတ်သက်၍ ပေါ်လာခဲ့သော ဖြစ်ပေါ် လာသည့် အကြံဉာဏ် များကိုလည်း ဟုတ်မှန်သည့် အတိုင်း ရဟန်း ရှင်လူများအား ထုတ်ဖော် ဝန်ခံရပေမည်၊ လိုဏ်ဂူတော်ကြီး စတင် တည်ဆောက်ရန် စီစဉ် ချိန်တွင်၎င်း တိုင်ကြီး များနှင့် သံဃာစင်ကြီးများ တည်ဆောက်ရေးတွင်၎င်း အထက်အမိုး ဒိုင်းကြီး များ ကူးဆက် ပေါင်းစပ် ရာတွင်၎င်း လိုဏ်ဂူ တော်ကြီး၏ အပြင် ကျောက်တောင်များ တည် ဆောက်ရေးတွင်၎င်း အပြင်လိုဏ် ပေါင်းကူး စပ်ရာ များတွင်၎င်း အပြင်လိုဏ် ကျောက် လှေကားနှင့် အတွင်း နံရံ ဆက်စပ်သည့် ပေါင်းကျော် ကျောက် လှေကား ကြီးများ တည်ဆောက်ရေးတွင်၎င်း ပဌမ ထပ်သို့ တက်သည့် အာလိန် လှေကား ဖန်တီး ဆက်စပ်မှုများတွင်၎င်း ဤ သမိုင်း ရေးသူ ဤလိုဏ်ဂူတော်ကြီး တည်ဆောက် သူ၏ထိုးထွင်း ဉာဏ်စွမ်းကို ဖြည့်စွမ်း ပေးခဲ့သည့် သာသနာတော် စောင့် နတ်များ၏ အကူအညီကိုလည်း မဖော်ပြ လျှင် သမိုင်း ပြည့်စုံမည်ဟု မယူဆပေ။ တဖက်မှ ကြည့်လျှင်လည်း ဤသို့ ရေးသား ဖော်ပြခြင်း သည် ပင်လျှင် ဟုတ်မှ ဟုတ်ပါမည်လော။ ဤ ခေတ်တွင် သာသနာစောင့် နတ်များ ကူညီသည် ဆိုသည်မှာလည်း ဟုတ်မှ ဟုတ်ပါမည်လောဟု သံသယ အမျိုးမျိုး ပေါ်ပေါက် ကောင်း ပေါ် ပေါက် ပေလိမ့်မည်။ သို့သော် မည်သူ မည်ဝါ တို့က မည်သို့ပင် ပြောစေကာမူ သမိုင်း ရေးသား သူ၏ အဖို့ အမှန် တရားကိုသာ ရှေးရှု ဖော်ပြခြင်း ဖြစ်၍ အမှန် တွေ့ကြုံသော အကြောင်းခြင်းရာ များကိုသာ ဖော်ပြမည် ဖြစ်ပေသည်။ အောက် တွင် ဖော်ပြလတ္တံ့သော ဝန်ခံချက် များသည် ပင်လျှင် နိုင်ငံတော် ဝန်ကြီးချုပ်သည် ထို လိုဏ်ဂူ တော်ကြီးတည်ဆောက်ရေးနှင့် ပတ်သက်၍ ၎င်း၏ စိတ်ကူးဉာဏ်တွင် ပေါ်လာပုံကို အထောက် အပံ့ ပြုလောက်သော သာကေတခု အဖြစ် ဆက်လက် ဖော်ပြ လိုပါသည်။

၁၃၁၄-ခု၊ ပြာသိုလဆန်း ၈-ရက် နေ့ ညနေ လိုဏ်ဂူတော်ကြီး တည်ဆောက်ရန် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ ညွှန်ကြားချက်အရ လိုဏ်ဂူတော် ပုံသဏ္ဍာန် ရွှံ့ပုံတခု ပြုလုပ် တင်ပြရာ၌ သာမန် အားဖြင့် ယူဆပါမူ ဤ သမိုင်း ရေးသူ ပင်လျှင် တည်ဆောက်၍ ဖြစ်နိုင်မည့် ပုံတခု မဟုတ်ကြောင်း ဝန်ခံပါသည်။ သို့သော် နိုင်ငံတော် ဝန်ကြီးချုပ်၏ လိုအင် ဆန္ဒအရ ပြုလုပ်ရခြင်း ဖြစ်၍ ဝန်ကြီးချုပ် သဘောကျသည် ဖြစ်စေ မကျသည်ဖြစ်စေ မိမိ တာဝန် ဝတ္တရား အရ ဆောင်ရွက်မည့် လုပ်ငန်းတခုဖြစ်သည်ဟု ယူဆပြီး ထိုနမူနာ ရွှံ့ပုံစံတခု ဖန်တီးရာ၌ မဖန်တီးမှီပင်လျှင် ဤသမိုင်းရေးသားသူသည် အဓိဋ္ဌာန်တခု ပြုခဲ့လေသည်။ ထိုအဓိဋ္ဌာန်မှာ နိုင်ငံတော် ဝန်ကြီးချုပ်က ရွှံ့သား ပုံစံ ၄-၅-၆ ခု တီထွင် ပေးရန် ခိုင်းစေခဲ့သော်လည်း အချိန်မရသည့် အလျောက် ပုံစံတခုကိုသာ ပြုလုပ် တင်ပြရာ၌ ဝန်ကြီးချုပ်၏ စိတ်ကူး ဉာဏ်တွင် ပေါ်လာသော လိုဏ်ဂူတခု ဖြစ်ပါမူ ဤသမိုင်း ရေးသားသူ တင်ပြသော ပုံစံတခုသည် ပင်လျှင် အမှန် ၎င်းလိုလားသော ပုံစံ ဖြစ်စေသားဟု အဓိဋ္ဌာန် ပြုခဲ့လေသည်။ ထိုအဓိဋ္ဌာန်သည် အောင်မြင်ခဲ့၏။ ဤပုံစံသည်ပင်လျှင် နိုင်ငံတော် ဝန်ကြီးချုပ်အလိုရှိသောလိုဏ်ဂူပုံစံတခု ဖြစ်လာခဲ့သည်။ သို့သော်လည်း ဤပုံစံအရ အကယ်လက်တွေ့ တည်ဆောက်နိုင်ရန် များစွာ ခက်ခဲရကား ဒုတိယအကြိမ် ဤသမိုင်း ရေးသားသူ အဖို့တွင် ကြီးကျယ်ခက်ခဲ နက်နဲသည့်တကယ်လက်တွေ့ တည်ဆောက်ရန် ပြဿနာကြီးနှင့် ရင်ဆိုင်တွေ့ရှိခဲ့ရပေသည်။ သို့ပင် ဖြစ်သော်လည်း လိုဏ်ဂူတော်ကြီး တည်ဆောက်နိုင်ရန် ပုံသဏ္ဍာန်နှင့် သစ်သားနမူနာပုံ တည်ဆောက်မှုနှင့် ရေးသားသော ပုံစံများ အပါအဝင် ကုန်ကျမည့် ငွေကြေးကိုပါ အချိန် ၁၅-ရက် ပေး၍ တွက်စစ် တင်ပြရန် နိုင်ငံတော် ဝန်ကြီးချုပ်၏ ညွှန်ကြားချက် အရ စတင် ဖန်တီးခဲ့ရာ ပဌမနေ့တွင် မည်မျှ ခေါင်းလေး စိတ်ရှုတ်၍ မည်သည့် နည်းနှင့်မျှ ဖြစ်နိုင်ရန် လမ်းမမြင်သော လုပ်ငန်းကြီး တရပ်ကို တာဝန်ခံခဲ့ခြင်းပင် ဖြစ်ပေသည် ဟု မိမိကိုယ်ကို မိမိနောင်တကြီးစွာ ရမိခဲ့လေသည်။ သို့သော် နောက်တနေ့ အာရုဏ်တက်အချိန်၌ ထူးခြားစွာသော အတိတ် နိမိတ်နှင့် ဆဋ္ဌသင်္ဂါယနာတင်၏ တန်းခိုး တေဇော် အာနုဘော် ကြောင့် မမျှော်လင့်မိခဲ့သော မျှော်လင့်ချက်ကြီးများသည် သမိုင်း ရေးသူ၏ စိတ်ကူး ဉာဏ်၌ ရှင်းလင်း ထင်ရှားစွာ ဖြစ်ပေါ် လာခဲ့လေသည်။

မည်သို့ မည်ပုံ ဆဋ္ဌသင်္ဂါယနာတင် လိုဏ်ဂူတော် တည်ဆောက်ရေးနှင့် ပတ်သက်၍ မိမိ စိတ်ကူး ဉာဏ်တွင် ထင်လင်းစွာ ပေါ်လွင် လာသည့် အလျောက် ထိုနေ့ နံနက် ရှေး နှစ်ပေါင်း ၂၀-ကျော်က အတူတကွ လုပ်ကိုင် ဆောင်ရွက်ခဲ့ဘူးသော တပည့်ကြီးများဖြစ်သည့်မောင်ဘကျင် မောင်လှမောင် မောင်သိန်း မောင်သောင်းတို့အား ချက်ခြင်း ခေါ်ယူစေ၍ လိုဏ်ဂူတော်၏ နမူနာ သစ်သားပုံကို တည်ဆောက်စေခဲ့သည်။ ထို နမူနာ ပုံစံသည် ပင်လျှင် အထက် ဖော်ပြပါ တပည့်များ အပြင် လူပေါင်း ၉-ယောက်ခန့်မျှနေ့ရော ညဥ့်ပါ ပြီးစီးအောင် အချိန်မှီ ဖန်တီးခဲ့ကြရ လေသည်။

ထိုအချိန်က ဤသမိုင်းရေးသူ မှတ်မိသလောက် အစီရင်ခံရမည်ဆိုလျှင် ဤသို့ တိုင်ပင် ဆောင်ရွက်သော နေရာကား ရန်ကုန်မြို့ ဂွတ္တလစ်လမ်းရှိ ကျွန်တော်၏ နေအိမ်နှင့် မျက်နှာချင်းဆိုင် မိတ်ဆွေကြီး ဖြစ်သူ အမြတ်တော်ခွန်မင်းကြီး စည်သူ ဦးစံသိမ်း၏ အိမ်နေရာတွင် ခေတ္တတဲထိုးနေထိုင်ခိုက် အချိန် ဖြစ်သည်။ သို့စိတ်ကူးဉာဏ်တွင် ဖြစ်ပေါ်သည့် အလျောက် ကျောက်လိုဏ်ဂူတော်ကြီး၏ အကြမ်း ပုံစံများကို သမိုင်းပြုစုသူ ကိုယ်တိုင် ထိုအချိန်အခါက မီးသတ်ညွှန်ကြားရေးဝန်၏ တာဝန်ဝတ္တရား

များကိုပြည့်ဝစွာ ထမ်းဆောင်နေစဉ်တွင် အားလပ်သော အချိန်များနှင့် ညအချိန်အခါများ၌ သီးသန့်ပိုမိုအချိန်ယူ၍ ဤလိုဏ်ဂူတော်ကြီး၏ပုံစံကြမ်းများကို ကိုယ်တိုင် ပုံကြမ်း ရေးဆွဲ၍ တပည့်ဟောင်းကြီးများ ဖြစ်သော အထက် ဖော်ပြပါ အဖွဲ့ဝင်များကလည်း ညွှန်ကြားပြသသည့်အတိုင်း သစ်သားပုံစံတခုကို မိမိတို့ တတ်စွမ်းသည့် ပညာရပ်များဖြင့် နေ့ညမစဲ အားထုတ်လုပ်ကိုင်၍ လိုဏ်ဂူတော် သစ်သားပုံစံ တခုကို ပြီးမြောက်အောင် ဖန်တီးပေးခဲ့လေသည်။ သို့နှင့်ပင် သစ်သားပုံစံမှာလည်း ပြီးမြောက်၍ လိုဏ်ဂူတော် ပုံစံကြမ်းကြီးကို သမိုင်း ရေးသားသူ ကိုယ်တိုင် ရေးဆွဲသဖြင့် ပြီးမြောက်ခြင်းသို့ ရောက်ခဲ့ လေသည်။ သို့သော် အုတ် ကျောက် ဘိလပ်မြေ သစ်သား သံနှင့် အင်္ဂတေ သဲ ကျောက်စရစ် အစရှိသော ပစ္စည်းများ ကုန်ကျမှုနှင့် ငွေကြေးတွက်ချက်မှုများမှာ နိုင်ငံတော်ဝန်ကြီးချုပ်ပေးထားသောအချိန်ကာလ ရက်၌ ပြီးမြောက်ခြင်းမရှိခဲ့ပေ။သို့ ပြီးမြောက်ခြင်း မရှိခဲ့သော်လည်း ဇွဲသတ္တိ ပြည့်ဝစွာဖြင့် နှစ်ရက်နှင့် နှစ်ည မအိပ်မနေ ကြိုးပမ်း တွက်ချက်မှုကြောင့် အထက်ဖော်ပြပါ ၁၃၁၄-ခု၊ ပြာသိုလဆန်း ၈-ရက်နေ့ ညနေ ၃-နာရီအမှီ လိုဏ်ဂူတော်နှင့် တည်ဆောက်ရေးအဖွဲ့ဆိုင်ရာ နိုင်ငံတော် ဝန်ကြီးချုပ်ကြီးမှူးသည့် အစည်းအဝေးသို့ ခန့်မှန်းခြေ ကုန်ကျမည့်စာရင်း အကြမ်းဖျင်း အားဖြင့် တွက်ချက်ပြီးမြောက်၍ တင်ပြနိုင်ခဲ့ပေသည်။ ဤသည်ပင်လျှင် လိုဏ်ဂူတော်ကြီး တည်ဆောက်၍ ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်ကြီး ဆင်ယင်ကျင်းပနိုင်ရန် သာသနာစောင့်နတ်များ၏ လှုံ့ဆော်ကူညီမှုကြောင့် ပြီးစီးတင်ပြနိုင်ခဲ့ခြင်း ဖြစ်သည်ကို ပဥ္စမ အနေအားဖြင့် ဤသမိုင်း ရေးသားသူ ရိုးသားစွာ ဝန်ခံရပေမည်။ ဤသို့ ဖော်ပြရခြင်းမှာလည်း ကိုယ်ရည်သွေးအတွက် ဖော်ပြခြင်း မဟုတ်၊ ယခုခေတ်တွင် နိုင်ငံခြား ဗိသုကာများနှင့် နိုင်ငံတော် အစိုးရတို့ ပူးပေါင်းဖက်စပ် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ကြရာ၌ ဤသိန်း ၉၀-ကျော်မျှ အကုန်အကျခံ၍ တည်ဆောက်သောအဆောက်အဦတခုကို အပပြု၍ သာမန် အဆောက်အဦများသည်ပင်လျှင် နိုင်ငံတော် ဗိသုကာများ၏ပညာရပ်အရှိန်ယူမှု ပုံစံနှင့်တကွ ငွေကြေး ကုန်ကျမှုတွက်ချက် ဆောင်ရွက်နိုင်မှုအပြင် သစ်သားနမူနာပုံစံကိုပါ ပြီးစီးအောင် ဆောင်ရွက် နိုင်မှုသည် သာမန်အားဖြင့် ဤမျှ တိုတောင်းလှသော ရက်ကာလအတွင်း ပြီးစီးနိုင်မည်မဟုတ်။ သာမန် လူသားတို့၏ တီထွင်မှုသာမက သမာဒေဝ နတ်ကောင်း နတ်မြတ်များ၏ အကူအညီလည်း ပါဝင်သည်ဟု သမိုင်းရေးသားသူ အတိအကျ ယူဆသောကြောင့် ဤသမိုင်းတွင် ထည့်သွင်းဖော်ပြခြင်း ဖြစ်ပေသည်။

ဤမျှသာမကသေး လိုဏ်ဂူတော်ကြီးကို ဖန်တီးတည်ဆောက်သူ၏ အကြံဉာဏ် အလုပ်အကိုင်များအပြင် သာသနာတော်စောင့်နတ်ကောင်းနတ်မြတ်များ၏ အကူညီလည်းရှိပါသည်ဟု ယုံကြည်သည့် အလျောက် အောက်ပါ အချက်အလက် များကို ဆက်လက် ဖော်ပြရပေမည်။ ဥပမာ အားဖြင့် လိုဏ်ဂူတော်ကြီးကို အပြင်မှကြည့်လျှင် ကျောက်တောင်ကြီးသဖွယ် တွေ့မြင် ရပေမည်။ အတွင်းသို့ ဝင်၍ ကြည့်လျှင် ခေတ်ဆန်သည့် တိုက်နံရံများ ပတ်ဝန်းကာရံထားသော ရဟန်းပရိသတ် လူပရိသတ် တသောင်းခန့်ဆန့်သည့် ခန်းမကြီးကို မျက်ဝါးထင်ထင် တွေ့မြင်ရပေမည်။ ထိုသို့ အပြင်မှ ကျောက်တောင်ကြီးသဖွယ် တွေ့မြင်ရန်နှင့် အတွင်းတွင် တိုက်ခန်းမဆောင်ကြီးတခု တွေ့မြင်ရန် ဖန်တီးရာ၌ ဤမျှ တိုတောင်းသော အချိန်ကာလအတွင်း လူသာမန်တို့ ဖန်တီး တည်ဆောက်၍ ပြီးမြောက်နိုင်ရန် ခဲယဉ်း သော်လည်း ထိုမျှ တိုတောင်းလှသော အချိန်ကာလ အတွင်း၌

ပြီးမြောက် အောင်မြင်သော အကြောင်းတခု ဖြစ်သည်ကိုလည်း နောင်လာ နောင်သားများ မှတ်သားမိနိုင်ရန် ဖော်ပြရေးသားခဲ့ပေသည်။

လိုဏ်ဂူတော် တည်ဆောက်စအချိန်တွင် ဤ လိုဏ်ဂူတော် တည်ဆောက်ဖန်တီးသူတွင် ရုတ်ခြင်း အားဖြင့် ဇဝနဉာဏ် ဝင်စားလာသောကြောင့် ဤအပြင်ကျောက်တောင်ကြီးနှင့် အတွင်းလိုဏ်ဂူ တော်ကြီး ဆက်စပ်ဖန်တီးရေး၌ လည်း သူ့ဝန်နှင့် သူ့အား ပြည့်ဝအောင် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ အချင်းချင်း အမှီပြုလျက် ဖန်တီးတည် ဆောက်နိုင်မှု ရှေးရှုဖန်တီးနိုင်ခဲ့လေသည်။ အတွင်း ကျောက်တိုင်ကြီး ၆-တိုင် ဖန်တီးရာ၌ငင်း သင်္ဂါ ယနာတင် သံဃာစင်များ ဖန်တီးရာ၌ငင်း မည်သို့ မည်ပုံ ဖန်တီးရမည်ကိုလည်း စိတ်ကူးစဉ်းစားရာ၌ မည်သို့ မည်ပုံ ဖန်တီးရမည့် ပုံသဏ္ဍာန်များကို လွယ်လင့်တကူ စိတ်ကူးဉာဏ်ပေါ်ပေါက်၍ ယခု မျက်ဝါးထင်ထင် တွေ့မြင်သော ကျောက်တိုင်ကြီး များနှင့် သံဃာစင်ကြီးများကို တည်တံ့ ခိုင်ခံ့စွာ ဖန်တီး တည်ဆောက်နိုင်ခဲ့ပေသည်။ ဤသံဃာစင် များ တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ တနေ့ ကိုယ်တွေ့အဖြစ်အပျက်တခုကို ဖော်ပြလိုပေသေး သည်။တနေ့နံနက်သမိုင်းရေးသူသည် လိုဏ်ဂူတော် တည်ဆောက်ရာ ဌာနသို့ သွားရောက်၍ လိုဏ်ဂူ တော် အဖွဲ့တည်ဆောက်ရေး တာဝန်ခံ အင်ဂျင် နီယာများ အလုပ်သမားများ ဌာနမှူးတို့အား လိုဏ်ဂူတော်အတွင်း မည်သူမျှ တပိုတပါးမသွား ရန်နှင့် လိုဏ်ဂူတော်ကြီး တည်ဆောက်ရာတွင် သစ္စာ သမာဓိရှိစွာဖြင့်ဆောင်ရွက်ကြရန်ညွှန်ကြား နှိုးဆော် တိုက်တွန်းခဲ့လေသည်။ သို့သော်လည်း ထိုနေ့နံနက် ၁၀-နာခွဲအချိန်၌ ဤသမိုင်းရေးသား သူသည် မိမိ၏ တာဝန်ဝတ္တရား ရှိသည့်အလျောက် မီးသတ်ညွှန်ကြားရေးဝန်ရုံး၌ ရုံးထိုင် အလုပ်လုပ် လျက်ရှိစဉ်လိုဏ်ဂူတော်အလုပ်သမားဌာနတာဝန်ခံ အကြီးအကဲဖြစ်သည့် ဦးလှမောင်က စကားပြော ကြေးနန်းဖြင့်ခုမကြာမီအချိန်အတွင်းအလုပ်သမား တဦးသည် အပေါ်ကျောက်နံရံသွန်းသည့် သစ်သား ပုံသွင်း နံရံတခုသည် ခိုင်ခံ့စွာ ချည်နှောင် ထားသော်လည်း လေမတိုက်ပဲ အလိုအလျောက် ပြုတ်ကျလာ၍ ၎င်းအလုပ်သမား၏ အပေါ်သို့ ကျသောကြောင့် ဒဏ်ရာ ပြင်းထန်စွာရ၍ ဆေးရုံသို့ ပို့ရကြောင်း အစီရင်ခံလေသည်။ ထိုအစီရင်ခံသည့် အတိုင်းသမိုင်းရေးသူလည်း ချက်ခြင်းလိုဏ်ဂူတော် တည်ဆောက်ရာ ဌာနသို့ သွားရောက် စုံစမ်းရာ ထိုအလုပ်သမားမှာ လိုဏ်ဂူတော်အတွင်း၌ တပို တပါး အပေါ့အပါး သွားနေခိုက် အပေါ်တွင် အထက်ဖော်ပြပါ သစ်သားအကာကြီး ကျလာဖိ မိသောကြောင့်ဆေးရုံသို့ ပို့ရကြောင်းသိရှိရသည်။ ဤသည်ပင်လျှင် လိုဏ်ဂူတော် တည်ဆောက်ရာ ကြိုတင်နိမိတ်ပြသော အကြောင်းအချက်များပင် ဖြစ်သည်။ ထိုအလုပ်သမား မှာလည်း ဤမျှ လေး လံသော ၁၄-ပေအရှည်၊ အမြင့် ၄-ပေရှိသစ်သား ကျောက်ကွက်ပြားကြီးမှာ အမြင့် ၁၇-ပေမှ ကျ လာ ဖိပြွားသော်လည်း သေကံမရောက် သက်မ ပျောက်ဟု ဆိုသည့်အတိုင်း ထိုအချိန်အခါက မိုး တွင်းအခါဖြစ်၍ ၎င်းတူးဖော်နေသော တွင်းထဲသို့ နစ်မြှုပ်သွားစေခြင်းအားဖြင့် ဒဏ်ရာကြီးကျယ်စွာ မရရှိပဲ ၃-ရက်မြောက်သောနေ့၌ ထိုအလုပ်သမား မှာ အလုပ်ကို ပြန်လည်ထမ်းဆောင်နိုင်ခွင့်ရရှိခဲ့ လေသည်။

အပြင် ကျောက်တောင် ကြီးနှင့် အတွင်း နံရံ ဆက်စပ်သည့် လုပ်ငန်း ဆောင်တာ များနှင့် ပတ် သက်၍ လည်း အကြိမ်ကြိမ် အခက်အခဲ မြောက် မြားစွာ တွေ့ရှိရ ပေသည်။ သို့သော် ထိုအခက်အခဲ တွေ့ရှိမှုများသည် နေ့ရက် မကြာ ပြဿနာ ဖြေရှင်း နိုင်ခြင်းအားဖြင့် ထိုကျောက်တောင်ကြီး မားမား မတ်မတ် ပေါ်ပေါက် လာနိုင် ခဲ့ပေသည်။ တနေ့တွင် ဤသမိုင်း ရေးသူအဖွဲ့ အခက်အခဲကြီး

နှစ်ခု ရင်ဆိုင် တိုးလျက် ရှိပေသည်။ ထို အခက် အခဲကြီး နှစ်ခုမှာ (၁) အပြင် ကျောက်တောင် မှ အတွင်း ကျောက် နံရံကြီးသို့ ကျော်၍ ဖောက် မည့် ကျောက်လမ်း တည်ဆောက် ရေးနှင့် (၂) လိုဏ်ဂူ၏ မြောက်ဖက် စတုတ္ထ ဆောင် ခန်းမှ ပဥ္စမ ယင်ပြင်တော်သို့ တက်ရောက်ရန် ကျောက် လမ်း ဤလမ်း နှစ်သွယ် ဖန်တီးရာတွင် အမြင် လွယ်သလောက် ထိုအချိန်က များစွာ ခက်ခဲသော တည်ဆောက်မှု လုပ်ငန်း တရပ်နှင့် ရင်ဆိုင် တိုး လျက် ရှိရပေသည်။ သို့ ဖြစ်ရကား ဤသမိုင်း ပြုစုသူသည် နံနက် အာရုဏ် တက်ချိန်၌ လိုဏ်ဂူ တော် အထက် ထိုအချိန်က စတုတ္ထထပ် အခင်း မပြီးသေး၊ တတိယ ထပ် အပြင်ဆောင်တွင် နံနက် အာရုဏ် မတက်မှီ ပရိတ်ရွတ်ခြင်း သာသနာစောင့် နတ်များကို တိုင်တည်၍ အကူအညီ တောင်းခြင်း စသည့် သာသနာ့ ကိစ္စ အဝဝ တို့ကို ဆောင်ရွက် အာရုံပြု စိတ်ကူးသော ခဏ၌ လိုအပ်သော အထက်သို့ တက်သည့်လမ်း နှစ်သွယ် တည်ဆောက် ရေး ခက်ခဲ မှုများ ကျော်လွန် စေခဲ့ပါသည်။ သို့ဖြင့် မိမိ သတိရသည့် အထက်လမ်း တည် ဆောက်မှု များကို မှတ်သား၍ ချက်ချင်း လိုဏ်ဂူ တော်မှ ဆင်းသက်ကာ ပုံရေးရာ ဌာနသို့ သွား ရောက်ပြီး မည်သို့ မည်ပုံ ကျောက်တောင်နှင့် အတွင်း လိုဏ်လမ်းကူးသည့် ပုံစံနှင့် စတုတ္ထ ဆင့်မှ ပဥ္စမဆင့် ယင်ပြင်တော်သို့ ကူးသည့် လမ်းသွား လာပုံတို့ကို အကြမ်း ဖျင်းရေးဆွဲ၍ ထိုအချိန် အခါက စေတနာ ဝန်ထမ်း လိုဏ်ဂူတော် တည် တည်ဆောက် ရေးကို အားပေး၍ ပုံစံများ ရေးဆွဲ ပေးကြသူများ ဖြစ်သော ရေဝန်ရုံး အင်ဂျင်နီယာ များ ဖြစ်သည့် ဦးတင်မောင်ကြီး ဦးအုန်းဖေ စသော ရေဝန်ရုံး ပုံဆွဲဌာန ပုံဆွဲ တာဝန်ခံ ပုဂ္ဂိုလ် များကို ပြောပြပြီး ပုံကြမ်းများ ရေးဆွဲ ပြရာ ထို ပုံစံ ကြမ်းများကို မူတည်၍ ထို တက်လမ်း နှစ်သွယ် တို့ကို ရေးဆွဲပြီးမြောက် တည်ဆောက် နိုင်ခဲ့လေ သည်။ ဤသည် ပင်လျှင် ထိုမျှ တိုတောင်းသော အချိန် ကာလအတွင်း လိုဏ်ဂူတော်ကြီး တည် ဆောက် ပြီးမြောက်ရေး အတွက် ဤ သမိုင်း ရေးသားသူ တည်ဆောက်သူ သာမဟုတ် သမာ- ဒေဝ နတ်ကောင်း နတ်မြတ်များကလည်း အား ပေး ကူညီမှုကြောင့် မြေသားပြင်တွင် ထင်ထင် ရှားရှား တွေ့မြင် ရသည့် ဆဋ္ဌသင်္ဂါယနာတင် ကျောက် လိုဏ်ဂူတော်ကြီးကို အချိန် တိုတောင်း စွာဖြင့် ပြီးမြောက်သည်ဟု မိမိ တွေ့ရသော အ ကြောင်း ခြင်းရာ အစစ်အမှန်ကို မူတည်၍ ထုတ် ဖော် ရေးသား ဝန်ခံ ရပေသည်။

ဤ လိုဏ်ဂူတော်ကြီး၏ အမိုး တည်ဆောက် ပုံကို ရေးသားရာ၌ အခက်အခဲ မြောက်မြားစွာ တို့ကြားမှ လိုဏ်ဂူတော် တည်ဆောက်ရေး အဖွဲ့ဝင် အင်ဂျင်နီယာများ၊ လိုဏ်ဂူတော် တည်ဆောက် ရာတွင် ဝိုင်းဝန်း ကူညီ အားပေးကြသော ဦးတင်မောင်ကြီး၊ ဦးအုန်းဖေ စသည့် ဗိသုကာ များ၏ အကူအညီဖြင့်သာ တည်ဆောက် ပြီးစီး နိုင်ခဲ့ကြောင်းကို ထုတ်ဖော် ဝန်ခံခြင်း အားဖြင့် ကျေးဇူး ပြုရပေမည်။ အဘယ်ကြောင့် ဆိုသော် လိုဏ်ဂူတော်ကြီး၏ မူလ အမိုးမှာ သာမန် အားဖြင့် ကျောက်တောင် ကွယ်၍ အတွင်းတွင် လူမမြင်အောင် သာမန် သွပ်မိုး ဒိုင်းကူး၍ တည် ဆောက်ရန် ရည်ရွယ်ချက် ရှိသည့်အတိုင်း သာမန် သွပ်မိုးအင်အား ခံနိုင်ရန် ဒိုင်းများကို တွက်ချက် ရေးဆွဲ၍ရင်း၊ သာမန်သွပ်မိုးအောက်တွင် ၂၈-ဂိတ် နန္ဒင်းမကင်းကွက် သံဇကာကလေးများကို ဒိုင်းဆွဲ အောက်တွင်ထားသော မျက်နှာကြက် သံဟင်ဂ လန် များကို ကပ်ချီ မြစ်သဲ သုံးဆ၊ ဘိလပ်မြေတဆ ပါဝင်ရောနှောသော အင်္ဂတေဖြင့် မွမ်းမံ၍ အကွက် ဖော်ပြီး ပန်းလှ ပန်းချီးများ ထည့်သွင်းတည် ဆောက်ရန် မူလရည်ရွယ်ချက် ရှိသည့်အတိုင်း ဂျပန်ပြည်သို့ လိုအပ်သော ဒိုင်းခွေများနှင့် မျက်

နှာကြက်များနှင့် ပန်းလှ ပန်းချိုးဖော်နိုင်ရန် အမာခံ တည်ဆောက်ရမည့် သံထည်ပစ္စည်းများကို ရန်ကုန်မြို့ရှိ ဂျပန်သံထည်ကိုယ်စားလှယ် ဖြစ်သော ဘဟန် ကုမ္ပဏီမှတဆင့် လိုအပ်သည့် သံများ အချိန်မီ ရောက်ရှိရေးအတွက် မှာယူထားရှိရုံမျှမက နိုင်ငံခြားငွေ လဲလှယ်မှုကိုလည်း ဖန်တီးပြီး ဖြစ်လေသည်။

တနေ့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့် နိုင်ငံခြား ဗိသုကာ အဖွဲ့ဝင်အချို့တို့ လိုဏ်ဂူတော်တည်ဆောက်ရာဌာနသို့ ရောက်ရှိလာခဲ့ရာ လိုဏ်ဂူတော်ကြီး၏ အမိုးကို မည်သို့ မည်ပုံ ဖန်တီးမည်ဖြစ်ကြောင်း မေးမြန်းရာ၌ ဤသမိုင်းရေးသားသူက လိုဏ်ဂူတော်ကြီး၏အမိုးမှာ သာမန်အားဖြင့် သွပ်မိုးဖြစ်၍ လိုဏ်ဂူတော်အတွင်းမှကြည့်ရှုပါမူ ပန်းလှ ပန်းတောင်ကာလျက် မူနီစီပယ် ခန်းမဆောင်ကြီး အတွင်း မျက်နှာကြက်များဖြင့် တီးသကဲ့သို့ တည်ဆောက်မည့်အကြောင်း ရှင်းလင်းပြောပြရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက သာသနာ ၅၀၀၀ တည်တံ့ရန်အတွက် မြှော်ကိုး၍ တည်ဆောက်သော ထိုကျောက်လိုဏ်ဂူတော်ကြီး တည်ဆောက်ရာ အမာခံကျောက်တိုင် ကျောက်နံရံ ကျောက်တောင် အဆောက်အဦများသည် နေ့စဉ်ရှုမငြီး တည်ဆောက်ပြီးဖြစ်သည်အထိ နှစ်သိမ့် အားရမှု ရှိခဲ့ပေသည်။ ငွေကုန်ကျူးလည်း နပ်သည်ဟု ယူဆသည်။ သို့သော် တည်ဆောက်ရေးတွင် အမိုးကျမှ ခိုကပ်သည့်သဘောမလုပ်စေလို၊ ကုန်ချင်သမျှကုန်ပါစေ၊ အမိုးကိုလည်း သာသနာ ၅၀၀၀-တည်တံ့အောင် သံပါကွန်ကရစ်ဖြင့် တည်ဆောက်ပေးရန် ဤသမိုင်းရေးသားသူသို့ စိတ်လိုက်မာန်ပါ တကဲ့စေတနာဖြင့် တိုက်တွန်းခဲ့လေသည်။

ဤသမိုင်း ပြုစုသူမှာလည်း လိုဏ်ဂူတော်ကြီး တည်ဆောက်ရာတွင် အချိန်မီ ပြီးစီးရန် အာသီသ ရှိသည်၊ နိုင်ငံတော် ဝန်ကြီးချုပ် အမိန့်ရှိသည့် အတိုင်း ဖြစ်မြောက်အောင် ကြိုးစားရာ၌လည်း ဖြစ်မှ ဖြစ်ပါမည်လောဟု သံသယများစွာ ရှိခဲ့လေသည်။ သို့သော် ဘာဖြစ်ဖြစ် ကြိုးစားမည်ဟု သန္နိဋ္ဌာန် ချပြီး ယခင် သွပ်အမိုးဖြင့် ပြီးစေမည့် သံဒိုင်း ထုပ် ယောက် များအတွက် ဂျပန်ပြည်မှ မှာယူပြီးသော ပစ္စည်းများကို အပထား၍ ဆင်ပြောင်ကြီး အမြီးကျမှုတစ် မဖြစ်စေရန် အတွက် နေ့ညမအားမလပ် ယခုတွေ့မြင်ရမည့် သံပါကွန်ကရစ်အမိုးကြီးများ တည်ဆောက်ရေးအတွက် ဤမျှတိုတောင်းလှသော အချိန်ကာလအတွင်း မဖြစ်မနေ ကြိုးစားတည်ဆောက်ရန် စီစဉ်ရာ၌ လိုဏ်ဂူတော် တည်ဆောက်ရေးတွင် ပါဝင်ဆင်နွှဲကြသည့် အင်ဂျင်နီယာများ ဖြစ်ကြသော ဦးသန်းဖေ ဦးမြသာဒွန်း ဦးဝင်းဆွေ ဦးသင့်တို့နှင့်၎င်း၊ စေတနာ့ ဝန်ထမ်း ပါဝင်ကူညီကြသည့် ရေဝန်ရုံး အင်ဂျင်နီယာ ဗိသုကာများ ဖြစ်ကြသော ဦးတင်မောင်ကြီး ဦးအုန်းဖေတို့နှင့်၎င်း၊ အပြင်မှ အစစ ကူညီဆောင်ရွက်သည့် အင်ဂျင်နီယာ ကံထရိုက်တာတဦးဖြစ်သူ ဦးထွန်းစိန်တို့ပါ ၎င်း၏ လက်အောက်ရှိ အင်ဂျင်နီယာများဖြင့်၎င်း၊ ညှိနှိုင်းတိုင်ပင်ပြီး ဤလိုဏ်ဂူတော်ကြီး၏ အမိုးမှာ သာသနာ ၅၀၀၀ တည်တံ့၍ နိုင်ငံတော်ဝန်ကြီးချုပ် အလိုရှိသည့်အတိုင်း ဝိုင်းဝန်း ကူညီ အားပေးဆောင်ရွက်ကြလေသည်၊ သို့ဆောင်ရွက်ရာ၌ လွယ်ကူသည့် အလုပ်မဟုတ်၊ ထိုအချိန်သည် လိုဏ်ဂူတော် တည်ဆောက်၍ အမိုးတပ်ချိန် နီးပြီဖြစ်သည့် အချိန်ပင် ဖြစ်ပေသည်။ ထိုအချိန်သည်ပင်လျှင် မူလ ဂျပန်ပြည်မှ မှာယူထားရှိပြီးဖြစ်သော သံထည်များ ရောက်လာချိန်ဖြစ်ပေသည်။ သို့သော်ဂျပန် သံထည်များကိုယ်စားလှယ်တော်ဖြစ်သည့် ဘဟန် ကုမ္ပဏီမှာလည်း လိုက်လျောစွာဖြင့် လိုအပ်သည့် နောက်ထပ်လိုဏ်ဂူတော်ကြီး၏ အမိုးသံပါ ကွန်ကရစ်ဖြင့် တည်ဆောက်ရန် ရေးဆွဲထားသောပုံစံများအရ လိုအပ်သည့် သံများကို တလ အတွင်း ရရှိအောင် ဖန်တီး

ပေးပါမည်ဟု ကတိပြုသည့်အတိုင်း တဖန် မှာယူခဲ့ရပြန်ပါသည်။ ထိုသံထည်များ မရောက်မီပင်လျှင် လိုဏ်ဂူတော်ကြီး အချိန်မှီ ပြီးစီးရန် လိုအပ်သည့်အလျောက် ဆိပ်ကမ်းရေဝန်ဌာနမှငင်း မီးရထားဌာနမှငင်း လိုအပ်သည့် မျိုးတူ သံကရိယာ တန်းဆာပလာများကို ချေးငှါးသဖြင့်ငင်း ဝယ်ယူ၍ ၎င်း အမိုးသံထည် လုပ်ငန်းများကို စတင် ဖန်တီးခဲ့လေသည်။ သို့တည်ဆောက်ရာ၌ လျှပ်စစ်နှင့် သံထည်ဘက်ဆိုင်ရာ အင်ဂျင်နီယာ တဦးဖြစ်သူ ဦးမြသာဒွန်းနှင့် တကွ လက်အောက်တွင် တည်ဆောက်ကြသော သံထည် အင်ဂျင်နီယာများ၏ ဇွဲသတ္တိ ကိုလည်း ဤစာဖြင့် ချီးကျူးရမည် ဖြစ်ပေသည်။ ၎င်းတို့မှာ နေ့ညမစဲ လိုဏ်ဂူတော်ကြီး ပြီးမြောက်ရေးကို အားခဲ၍ စားသောက်ချိန် ဟူ၍ပင် မရှိပကတိစေတနာ ထက်သန်စွာဖြင့်တည်ဆောက်နိုင်ခဲ့ကြခြင်းများကြောင့် သာလျှင် ဤလိုဏ်ဂူတော်ကြီး၏ အမိုးမှာ အချိန်မှီပြီးစီးခဲ့ခြင်းဖြစ်ပေသည်။

ထိုအမိုး သံဒိုင်းကြီးများကို တည်ဆောက်ရာ၌ သံဒိုင်းကြီးများ ကူးရန် အတွင်းကျောက်တိုင်ကြီး ၆-ခုနှင့် အတွင်း ကျောက်နံရံကြီးများကို မူတည်၍ ပုံစံများ ရေးဆွဲရလေသည်။ ထိုပုံစံများ ရေးဆွဲမှုသည်ပင်လျှင် အင်အား တွက်ချက်ခြင်း လိုအပ်သော သံထည်များဖြင့် ဖန်တီးနိုင်ခြင်းစသည့် အချက်အလက် မြောက်မြားစွာတို့သည် ဗိသုကာ ပညာရပ်များတွင် အကျုံးဝင်လျက် ရှိရကား လိုဏ်ဂူတော်ကြီး တည်ဆောက်ရေး ပြီးမြောက်မှုအတွက် အားပေးကူညီကြသော အထက်တွင် ဖော်ပြပါ ဗိသုကာ ပညာရှင်များသည် အချိန်ယူကာ တွေးဆမြော်မှန်း၍ ရေးဆွဲခဲ့ကြရလေသည်။ ဥပမာအားဖြင့် တိုင်ကြီး ၆-တိုင်၏ အခြေခံ အုတ်မြစ်ကို ကြည့်ပါမူ ထို တိုင်ကြီး-၆တိုင်နှင့် ဘေးကျောက် နံရံကြီးများကို အခြေပြု၍ အပေါ် အမိုး အင်အားများကို တွက်ချက် ရေးဆွဲရမည် ဖြစ်ရာ အလှမ်းကျယ်ဝန်းသော အမာခံ တည်ဆောက်မှုပေါ်တွင် အခြေပြု၍ တွက်စစ်ရေးသားရပေမည်။ လိုဏ်ဂူတော်ကြီး၏ အဖွဲ့ဝင်အင်ဂျင်နီယာများသည်ငင်း၊ လိုဏ်ဂူတော်ကြီး ပြီးမြောက်ရေးတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကူညီဆင်နွှဲကြသည့် ရေဝန်ရုံးဆိုင်ရာ ဗိသုကာများသည်ငင်း၊ လိုဏ်ဂူတော်ကြီး ပြီးမြောက်ရေးအတွက် ပြင်ပမှစိတ်စေတနာ ထက်သန်စွာဖြင့် ကူညီအပ်သော ကံထရိုက်တာ အင်ဂျင်နီယာ ဗိသုကာတဦးဖြစ်သူ ဦးထွန်းစိန်သည်ငင်း၊ အချိန်ကာလမီအောင် ပေးစွမ်းနိုင်ရကား ကံထရိုက်တာအင်ဂျင်နီယာဗိသုကာ ဦးထွန်းစိန်၏အကြံပေးချက်အရပြင်ပမှ တွက်ချက်ပုံစံရေးဆွဲသူများကိုပင် ငှါးရမ်းတည်ဆောက်စေခဲ့သောကြောင့်ပြီးမြောက်ခြင်းသို့ရောက်ခဲ့ပေသည်။ ဤသို့ အသေးစိတ် ဖော်ပြခြင်းမှာလည်း အထက်ဖော်ပြပါ ဤသမိုင်းရေးသူ၊ ဗိသုကာအင်ဂျင်နီယာများနှင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြသော ဗိသုကာ အင်ဂျင်နီယာများသည် မဆောင်ရွက်နိုင်ခြင်းကြောင့် မဟုတ်၊ ပြီးမြောက်သည့် အချိန်ကာလကို တွက်စစ်၍သာ မဖြစ်လျှင် ဖြစ်သည့်နည်းဖြင့် တည်ဆောက်ရခြင်း ဖြစ်ပေသည်။

အထက်ဖော်ပြပါ တိုင်ကြီး ၆-တိုင်၏ အပေါ်တွင် အမာခံ သံဒိုင်းကြီးများကိုတည်ဆောက်ရာ၌ အမာခံ အခြေပြု၍ ထိုသံထုပ်ကြီးများကို အမှီပြုပြီး အလယ်ဗဟို သံဂုံးဒိုင်းကြီးများ အုန်းလက်ဒိုင်းကြီးများနှင့် အခြားဒိုင်းများ ဆက်စပ် တည်ဆောက်ထားရှိပါသည်။ အလယ်ဂုံး ဘဲဥခြမ်း ပုံသဏ္ဌာန် သံပါ ကွန်ကရစ်ဖြင့် တည်ဆောက်၍ တိုင်ကြီး ၆-တိုင်နှင့် ၎င်းတို့အား အမာခံ ကူးထားသော ထုပ်ကြီးများကို အမှီပြုကာ ဗဟိုဂုံးကူးသံဒိုင်းကြီးများသည်ငင်း အုန်းလက် သံဒိုင်းကြီးများသည်ငင်း ထိုအုန်းလက်များကို အမှီပြုထားသည့် စို့ဒိုင်းများသည်ငင်း - ဘေးအမိုးခင်းပြင်ကို

တွန်းကန်ထားသည့် ဒိုင်းများသည်၎င်း ထိုဒိုင်းများကို အမှီပြု၍ အသံထိန်း မျက်နှာကြက်သံအမာခံများသည်၎င်း စာဖြင့် ဖော်ပြထားသည်ထက် ပုံစံများကို ကြည့်က ပိုမိုထင်ရှားရန် အကြောင်းရှိပါသည်။ သို့ကြောင့် ဗိသုကာ ပညာရပ်များ လိုက်စားသူအပေါင်းတို့နှင့် ဗဟုသုတကိုအလိုရှိကြသော ပုဂ္ဂိုလ်အပေါင်းတို့သည် ဤအမိုးတည်ဆောက်ရေးနှင့် ပတ်သက်၍ ပုံများကို လေ့လာဆည်းပူးကြစေလိုပါသည်။

အဆင်သင့်သဖြင့် ဤကဲ့သို့ တည်ဆောက်ရေးတွင် လိုဏ်ဂူတော် တည်ဆောက်သူသည် မူလကအမှတ်မထင်ရှိခဲ့ပေသည်။ သို့သော် လိုဏ်ဂူတော်ကြီးမှာ သာသနာ ၅၀၀၀-တည်တံ့ရန်နှင့် လိုဏ်ဂူတော်ကြီး အတွင်းသို့ အလင်းရောင်များ ဝင်နိုင်ရန်စိတ်ကူးကြံဆရာတွင် သမိုင်း ရေးသားသူပင်လျှင်အင်ဂျင်နီယာ ဗိသုကာတဦးဖြစ်၍ လစဉ်နှင့် အမျှအင်္ဂလိပ်အမေရိကန် နိုင်ငံများမှ ဗိသုကာ စာအုပ်များ ဗိသုကာ ရာဇဝင်စာအုပ်များ အမြဲ တစေရောက်ရှိနေရာ ထိုအမိုးမှ အလင်းရောင်အတွင်းသို့ဝင်နိုင်ရန် စိတ်ကူးကြံဆရာ၌ ယခင်က ဗိသုကာပညာရပ်များနှင့် ပတ်သက်၍ စာအုပ် စာတမ်းများကို ကြည့်ရှု လေ့လာရန် အမှတ်မထင်နေမိခဲ့သော်လည်း ထိုနေ့တွင် ဤသမိုင်း ရေးသားသူ၏ရှာဖွေ စုဆောင်း ထားအပ်သော လောကီလောကုတ္တရာ နှစ်ဖြာ အကျိုးရှိစေရန် ရည်သန်ဖန်တီးထားသည့် နေအိမ်တွင်းရှိ ပိဋကတ်စာကြည့်တိုက်ခန်းအတွင်းမှ အင်ဂျင်နီယာ ဗိသုကာများအတွက်ရည်ရွယ်သိမ်းဆည်းထားသောစာအုပ်များအနက် စာတအုပ်ကို ဆွဲယူကြည့်ရာ အမိုးအကာနှင့်ပတ်သက်၍ ခေတ်မှီ တည်ဆောက်နည်း ရေးသားထားသော စာတအုပ်ကို ဖတ်ရှု ရမိသည့်အလျောက် ဤအမိုးကြီးမှာလည်းခေတ်မှီနည်းဖြင့်ပြီးစီးအောင် ဆောင်ရွက်အောင်မြင်စေခဲ့ပါသည်။

အမိုးတခုလုံး သံပါကွန်ကရစ်ဖြင့် ပြီးစေ၍ အလယ် ဂုံးအမိုးမှာ ၄-လက်မခွဲ အထူရှိပြီး အပြင် အုန်းလက် အပါအဝင် အမိုးများသည် ၅-လက်မ အထူ ရှိပါသည်။ ထိုအမိုးကို ကျောက်ပြာကျောက်ထုခွဲလေးဆ၊ မြစ်သဲနှစ်ဆ၊ ဘိလပ်မြေတဆဖြင့်ပြီးစေပါသည်။ထိုအမိုးအတွင်း သံဇကာ အမှတ် ၂-နှင့်သံဇကာ အမှတ် ၆-တို့ကို အထက်အောက် ထားရှိ ပုံသွန်းလောင်းခဲ့ပါသည်။ အုန်းလက်ဒိုင်းများနှင့် ဘေးဒိုင်းများတွင်၎င်း အလယ်ဂုံးဒိုင်းကြီးများ နှစ်ခုကြားတွင်၎င်း အင်္ဂတေကွန်ကရစ်များ တခုနှင့်တခု ဆက်စပ်နိုင်ရန် အတွက် သံဇကာအမှတ်-၉နှင့် ၆-တို့ကို ဆက်စပ်မှုအင်အားတည်မြဲရန်အတွက် အခြေခံ အမိုးဆက်များတွင် တဖက် ၄-ပေခန့်စီ အမာခံထား၍ ထည့်သွင်းတည်ဆောက်ပေးပါသည်။၎င်းအမိုးကြီး၏အပေါ်တွင် မိုးရေ မစိမ့် မယိုစိမ့် သောင့်မိုးရေခံ ရှုဘန္ဒိုက်ခေါ် ရေဘ်ဘကဲ့ကော်ပြား နှစ်ထပ်ဖြင့် တထပ်တထပ်အောက်၌ ရေနံချေးမှ ဖြစ်ပေါ် လာသောကော်တမျိုးကိုကျံ၍ ရေစိမ်ခံ လိုဏ်ဂူတော်ကြီးရေမယိုရန်အတွက် ဝီလျံဂျက်ကမ္ပဏီမှ အာမခံဖြင့်အပေါ် ယံ ရေစိမ်ခံ လုပ်ငန်းကို ဆောင်ရွက်ပေးခဲ့လေသည်။

လိုဏ်ဂူတော်ကြီး၏ အမိုးကို အပေါ်မှ၎င်းအောက်မှ၎င်း ကြည့်ရှုမည်ဆိုသော် ဂူကြီးသဖွယ်ဖန်တီးထားရှိသောကြောင့် မှောင်မည်ဟု အထင်ရှိသော်လည်း ယခင်အထက် ဖော်ပြခဲ့သည့်အတိုင်းဘေးလိုဏ်ဂူတော်၏ အပေါက်များမှ၎င်း လိုဏ်ဂူတော်ကြီး၏ အမိုးတွင် နေရောင်ပူရှိန် မရှိစေပဲအလင်းရောင် ဝင်ရောက်နိုင်ရန် အလင်းဓာတ်ကိုအပူရှိန် မရှိစေရန် ခိုး၍ ထည့်သွင်းထားသောအလင်းရောင်ဝင်ပေါက်ကြီး ၇-ပေါက်မှ၎င်း အလင်းရောင်ရအောင် ဖန်တီးတည်ဆောက် ထားခြင်းကိုလည်း တွေ့ရှိရပေသည်။ ထိုအလင်းရောင်ဝင်ပေါက်

ကြီးများမှာ အလယ်ဂုံးတွင် တပေါက် ဖြစ်၍ဘေးပတ်လည်တွင် ၆-ပေါက်မျှ ရှိပေသည်။ ထိုအလင်းရောင်ကို ခိုး၍ ရယူထားသော အလင်းပေါက်များမှာ အပေါ်ဆုံး သံဒိုင်းကြီးများကို အမှီပြု၍ တည်ဆောက် ဖန်တီးထားပါသည်။ အပေါ်ပိုင်းအလင်းရောင် ဝင်ပေါက် အမာခံတွင် သံဇကာ ပါဝင်ရက်လုပ်ထားသည့် တမတ်ဒု အထူရှိ မှန်ပြားများကို တပ်ဆင် ထားသောကြောင့် ထိုမှန်ပြားများသည် ပင်လျှင်အလင်းရောင်ရယူနိုင်သည့် ဗြုပ်ထူမှန်ပြားများကို သံဟင်ဂလန် အကွက်များပေါ်တွင် စံနစ်တကျ ဝက်အူစုပ်၍ တပ်ဆင်ထားရုံမျှမက မိုးရေမဝင်နိုင်စိမ့်သောငှါလည်း အထူးတလည် စီမံ ဖော်စပ်ထားသော ပလာစတာ ကော်နှင့် ပိတ်ဆို့ထားရှိခဲ့သည်။ ထိုမှန်ပြားများမှ ဝင်လာသောအလင်းရောင်သည် ဗြုတ်ထူသံဇကာပါ မှန်ကိုဖောက်၍ ဝင်လာရာ၌ အပူရှိန်ပါလာသော်လည်း လိုဏ်ဂူတော်အတွင်းသို့ ရောက်သည့်အခါ အပူရှိန်မရှိပဲ အလင်းရောင်ကိုသာ ရရှိနိုင်ရန်အတွက် သံအပေါ်ဒိုင်းကြီး၏ အောက်ခြေဒိုင်းခွဲတွင် အထက်ပါနည်းတူ အပူရှိန်ခံနိုင်ရန် အထူးစီမံထားသည့် မကွဲမရှနိုင်သော ကျဲကော်ဖြင့် ပြီးသည့် အမေရိကန်နိုင်ငံလုပ် အပူရှိန်ထိန်း မှန်ပြားများကို ထည့်သွင်းထားရာ အပေါ်မှ ဝင်လာသော အပူရှိန်ကို အောက်မှန်များက ထိန်းသိမ်းခဲ့၍ အောက်လိုဏ်ဂူအတွင်းသို့ အလင်းရောင် သန့်သန့်ကိုသာ ပေးစွမ်းခဲ့လေသည်။ ထို့ကြောင့် လိုဏ်ဂူတော်ကြီးအတွင်းသို့ အပြင်မှ ဝင်လာသူများကို ပကတိ အလင်းရောင် ပေးစွမ်းစေခဲ့၍ ပူအိုက်ခြင်းမရှိ ပကတိ အေးမြလျက် ရှိစေသည်။

လိုဏ်ဂူတော်ကြီးကို သေချာစွာ လေ့လာ ဆည်းပူးကြည့်က လိုဏ်ဂူတော်ကြီး ဖြစ်သည့်အလျောက် သာမန် မူလ ရည်ရွယ်ချက်အတိုင်း တည်ဆောက်ပါမူ လိုဏ်ဂူတော်အတွင်း စကားပြော၍မှ ဖြစ်မည်မဟုတ်ပေ။ လိုဏ်သံများ ပါနေမည်မှာ မုချမလွဲဖြစ်သည်။ ဤအချက်ကို သမိုင်းရေးသားသူလည်း မူလ တည်ဆောက်စဉ်က မစဉ်းစားမိခဲ့ပါ၊ အထက်ဖော်ပြ ပါရှိသည့်အတိုင်း မျက်နှာကြက် များကို မူလရည်ရွယ်ချက် အတိုင်းပင် မျက်နှာကြက်တွင် သဲသုံးဆ၊ ဘိလပ်မြေတဆဖြင့် ပြီးသော မျက်နှာကြက် အတွန့်အတက် ပန်းတောင် ပန်းလှမျးကို ဖော်၍တည်ဆောက်မည် အမှန် ဖြစ်ပေသည်။ သို့သော် သမိုင်းရေးသူအား သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ ထောက်မ၍ငင်း အမြဲတစေနှိုးဆော်၍ငင်း တနေ့သောညနေအချိန်တွင် ဝန်ကြီးချုပ်နှင့် အချို့ ဗိသုကာ အင်ဂျင်နီယာများ တည်ဆောက်ရေး အဖွဲ့ဝင် ပုဂ္ဂိုလ်များသည် ကမ္ဘာအေး စေတီတော်ကို လာရောက် ဖူးမျှော်၍အပြီး လိုဏ်ဂူတော်ကြီး အတွင်းသို့ ရောက်ရှိလာကြပါသည်။ ထိုအချိန်တွင် သမိုင်းရေးသူ မမှတ်မိ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ပါဝင်လာသည့် ပုဂ္ဂိုလ်များထဲမှ တယောက်သောပုဂ္ဂိုလ်က လိုဏ်ဂူတော်ကြီးပြီးက လိုဏ်သံများ ပါနေမည်လားဟု မေးလိုက်ကြောင်း သတိပြုမိပါသည်။ ထိုအခါ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း တက္ကသိုလ် ဆုနှင်းသဘင်ခန်းမကြီးနှင့် အချို့ ရန်ကုန်မြို့ရှိ ခန်းမဆောင်ကြီးများသည် သာမန်စကားပြောသောအခါ ဖြစ်စေ အသံလွှင့်သည့်အခါ ဖြစ်စေ လိုဏ်သံများပါနေသဖြင့် အဆောက်အဦတည်ဆောက်ရာ၌ လိုဏ်သံပါမှုသည် အဆောက်အဦ မည်မျှကောင်းသော်လည်း ထိုလိုဏ်သံပါမှုက အဖျက်အဆီးတခု ဖြစ်ကြောင်း ပြောပြရုံမျှမက ဤမျှ ငွေကြေးကုန်ကျခံ၍ တည်ဆောက်လျက်ရှိသော လိုဏ်ဂူတော်ကြီးကို လိုဏ်သံမပါအောင် တည်ဆောက်သင့်ကြောင်း လိုအပ်ပါက နိုင်ငံခြားမှ လိုဏ်သံထိန်းသိမ်းနိုင်မည့် ပါရဂူများကို မည်မျှပင် ငွေကုန်ကြေးကျ ရှိစေကာမူ ငှါးရမ်းအကြံဥာဏ် ရယူသင့်ကြောင်း တိကျစွာ အကြံဥာဏ်ပေးခဲ့လေသည်။ သို့ဖြင့်ပင် ဤသမိုင်းရေးသူမှာ ထိုဝန်ကြီးချုပ် အကြံဥာဏ်ပေးချက်မှာ

မှန်ကန်သည်ဟု ယူဆရုံမျှမက ဝန်ကြီးချုပ်နှင့် ပါလာသည့် သတိပေးသော အဖွဲ့ဝင်တဦးအားလည်း များစွာကျေးဇူးတင်မိခဲ့လေသည်။

သို့သော်လည်း ဤသမိုင်းရေးသူသည် လိုဏ်ဂူတော်ကြီး၏ လိုဏ်သံမပါအောင် ဖန်တီးရာတွင် ဥာဏ်မမှီ၊ တခါမျှလည်း ဤသို့ဆောင်ရွက်ခဲ့မှု မရှိရုံမျှမက မိမိမတတ်ကျွမ်းသော လုပ်ငန်းကို တတ်ကျွမ်းသည်ဟု အသားယူမိပါကလည်း ဤမျှ ငွေကုန်ကြေးကျခံ၍ တည်ဆောက်သော အဆောက်အဦကြီးမှာ လိုဏ်သံပါနေသဖြင့် ကမ္ဘာ့ဗိုလ်ပုံအလယ်တွင် ကဲ့ရဲ့မခံလို၊ မိမိမတတ်ကျွမ်းသည့်ကိစ္စကို တတ်ကျွမ်းသယောင်လည်း မည်သည့်အခါမျှလုပ်ရန် ဆန္ဒ မရှိသောကြောင့် နိုင်ငံတော်အစိုးရ ထိုအခါက သာသနာရေးဝန်ကြီး၊ ယခု အမေရိကန်ပြည် ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဖြစ်သည့် ဦးဝင်း၏ အကူအညီကို ယူ၍ အင်္ဂလန်နိုင်ငံတွင် ထိုလိုဏ်သံပါနေသည်ကို ပျက်ပြားအောင် စွမ်းဆောင်နိုင်သည့် လိုဏ်သံပယ်ဖျက်ရေးလုပ်ငန်းတွင် အထူးနာမည်ကျော်ကြား ကျွမ်းကျင်သည့် ပိသုကာကြီးတဦးဖြစ်သူ မစ္စတာကရစ်ပ်တန်ခေါ် ပုဂ္ဂိုလ်အား မြန်မာပြည်သို့ ပင့်ဆောင်၍ ၎င်း၏အကြံဥာဏ်များကို ရယူကာ တည်ဆောက်ရာ၌ မူလမျက်နှာကြက်များ ဖန်တီးရေးကိုပင်လျှင် တဖန် ပယ်ဖျက်ပြီး ယခု လိုဏ်ဂူတော်ကြီးအတွင်း မျက်နှာကြက်ကြီး တည်ဆောက်ထားသည့်အတိုင်း အတွင်းမှ ၃-လက်မ အထူ မှန်ဂွမ်း ဖန်ဂွမ်းများ ထည့်၍ အောက်မှ အပေါက်ကလေး မြောက်မြားစွာ လုပ်ပြီး ခံထားသည့် စက္ကူအမာကပ်ပြားများကို ဖန်တီးထားရှိသည်။ ထိုမျှမက မွေ့စကြာ ပန်းလှမျှားကိုလည်း ကျွန်းဖြင့် ပြီးစေ၍ ရွှေပိန်းချပြီး တပ်ဆင် ထားခြင်းဖြင့်ပင်လျှင် အသံထိန်းရန် အတွက် ရည်ရွယ်တည်ဆောက်ထားခြင်း ဖြစ်သည်။ မူလက အကုန်း အကော့ ကြာမှောက် ကြာလှန် ပန်းတောင်း ပန်းရစ် ပန်းလှမျှားကို ဘိလပ်မြေသရွတ်ဖြင့် ဖန်တီးရန် ဖြစ်သော်လည်း ထိုအသံထိန်းဆိုင်ရာ ဗိသုကာကြီး၏ ညွှန်ကြားချက်အရ ပန်းချီး ပန်းလှမျှားကိုပါ ဖျက်၍ ယခု မြင်သည့် မျက်နှာကြက်များကို ဖန်တီးထားခြင်း ဖြစ်သည်။ ထိုအသံထိန်း ဗိသုကာကြီး၏ ထံမှ အသံထိန်း တည်ဆောက်ရေး ပညာရပ်များကို ဤသမိုင်းပြုစုသူသည် ၎င်း၏စေတနာအလျောက် ပေးကမ်းသင်ပြခြင်းအားဖြင့် ဤအတတ်တွင် ဗဟုသုတ ရရှိခဲ့ရာ ထိုအသံထိန်းအင်ဂျင်နီယာ ဗိသုကာကြီး ဖြစ်သော မစ္စတာ ကရစ်ပတန်ကို ဤသမိုင်း ပြုစုသူသည် ချီးကျူးသောအားဖြင့် ဤသမိုင်းဖြင့်၎င်း၏ ဂုဏ်ပုဒ်များကို ထုတ်ဖော်၍ ကျေးဇူးဆပ်ပါသတည်း။

လိုဏ်ဂူတော်ကြီး၏ အတွင်း နံရံ များတွင်လည်း အောက်ပါ ဖော်ပြသည့် အံ့ဘွယ် ရှစ်ဖြာ သာသနာ စာတမ်း များကို ရေးချိတ် စီမံ ဖန်တီးထားရာ သာမန် အားဖြင့် ကြည့်ပါမူ ဤစာကပ်ကြီးများသည် အံ့ဘွယ် ရှစ်ဖြာ သာသနာရောင်ဝါ ထွန်းစိမ့်သောငှါ ရည်ရွယ်၍ ရေးချိတ်ထားသည်ဟုသာ သိမြင်ကြပေလိမ့်မည်။ သို့သော် ဤစာကပ်ကြီးများ သည် ပင်လျှင် တချက်ခုတ် နှစ်ချက်ပြတ် ဆိုသလို အံ့ဘွယ်ရှစ်ဖြာ သာသနာရောင်ဝါထွန်းပြောင် စိမ့်သောငှါ၎င်း၊ ၎င်းစာကပ်ကြီးများ၏ အတွင်းတွင် ၃-လက်မ အထူရှိ ဖန်ဂွမ်း မှန်ဂွမ်းများပေါ်တွင် ပိတ်ပါးကို ကျွန်းသား ဘောင်ခတ်၍ အထက်တွင် ဆေး သုတ်ပြီး ရွှေစာဖြင့် ရေးသား ထားခြင်းသည် ပင်လျှင် အသံထိန်း ပါရဂူ၏ ညွှန်ကြားချက်အရ နံရံမှ အသံများကို ထိုဖန်ဂွမ်း မှန်ဂွမ်းများမှ စုတ်ယူ၍ အသံထိန်းရန် ရည်ရွယ်ချက်တွင် အကြောင်းတကြောင်းအပါအဝင် အဖြစ် ဆွဲချိတ် ထားခြင်း ဖြစ်သည်။

# အဲ့ဘွယ်ရှစ်ဖြာ သာသနာ

## ၁။ ဝေလာတိက္ကမ သာသနာ

မဟာ သမုဒ္ဒရာ ကြီးသည် ကမ်းကို မလွန် သကဲ့သို့ မြတ်စွာဘုရား ပညတ်တော် မူအပ်သော သိက္ခာပုဒ်တော်ကို တပည့်ကောင်း သာဝက တို့သည် အသက် ဟူသော အကြောင်း ကြောင့် လည်း မလွန်ကျူးရာ ဖြစ်သော သာသနာ။

## ၂။ အနုပုဗ္ဗသိက္ခာ သာသနာ

မဟာသမုဒ္ဒရာကြီးသည် အစဉ် အတိုင်း နက်ဝှမ်း သကဲ့သို့ သရဏဂုံ သီလမှစ၍ အရဟတ္တ ဖိုလ် တိုင်အောင် အစဉ် အတိုင်း နက်ရှိုင်းသော သာသနာ။

## ၃။ မဟန္တာဝါသ သာသနာ

မဟာသမုဒ္ဒရာသည် တိမိရ စသော ကြီးစွာ သော သူတို့၏ နေရာ ဖြစ်သကဲ့သို့ သောတာပန် အစရှိသော ကြီးမြတ်သော သူတော် သူမြတ် တို့၏ နေရာ ဖြစ်သော သာသနာ။

## ၄။ ကေနာမ သာသနာ

မြစ်ကြီး ငါးသွယ် မြစ်ငယ် ငါးရာမှ လာလာ သမျှ ရေအပေါင်း တို့သည် အမည် ဟောင်းကို စွန့်ပစ်၍ သမုဒ္ဒရာ ရေတမည်သာ ရသကဲ့သို့ အမျိုး လေးပါးတို့ ရဟန်း ပြုလျှင် ကိလေသာကို ငြိမ်းစေသူ မြတ်စွာဘုရား၏ သားတော် ဟူ၍ သာ တမည်တည်းဖြင့်သာ ခေါ်ဆိုရာ ဖြစ်သော သာသနာ။

## ၅။ အနူနာပူရသာသနာ

မိုးမရွာခြင်း အလွန်ရွာခြင်းတို့ကြောင့် မဟာ သမုဒ္ဒရာအား ယုတ်ခြင်း လျှံခြင်း မရှိသကဲ့သို့ အနုပါဒိသေသ ပရိနိဗ္ဗာန် ဝင်စံသူမရှိခြင်းအလွန် များခြင်း စသော အကြောင်းကြောင့် နိဗ္ဗာန် ဓာတ်အား ယုတ်ခြင်း လျှံခြင်း ဟူ၍ မရှိသော သာသနာ။

## ၆။ ကေရသ သာသနာ

မဟာ သမုဒ္ဒရာသည် တခုတည်းဖြင့် ငန်သော အရသာ ရှိသကဲ့သို့ ဝိမုတ္တိရသ တည်းဟူသော တခုတည်းသော ရသ ရှိသော သာသနာ။

## ၇။ ရတနာကရ သာသနာ

မဟာသမုဒ္ဒရာသည် ရတနာ ဆယ်ပါးတို့၏ တည်ရာ ဖြစ်သကဲ့သို့ သတိပဋ္ဌာန် လေးပါး သမ္မပ္ပဓာန် လေးပါး ဣဒ္ဓိပါဒ် လေးပါး ဣန္ဒြေ ငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင် ခုနစ်ပါး မဂ္ဂင် ရှစ်ပါး တည်းဟူသော ဗောဓိပက္ခိယ တရား ရတနာတို့၏ တည်ရာ ဖြစ်သော သာသနာ။

## ၈။ ဒုဿီလဥက္ခိပန သာသနာ

မဟာသမုဒ္ဒရာ ကြီးသည် အကောင်ပုပ်ကို လှိုင်းဖြင့် ရိုက်ထုတ် သကဲ့သို့ သာသနာတော်၏ အမှိုက်သရိုက် အတွင်းပုပ် ဒုဿီလ ပါပဇြစ် ခေါင် ရဟန်း ယောင်တို့ကို သံဃဘောင်မှ တခဏ ခြင်း ထုတ်ရာ ဖြစ်သော သာသနာ။

ယခုအခါ လိုဏ်ဂူနှင့် ကျောက်တောင်ကြီး၏ အတွင်း နံရံကာ ကျောက်သား ပကတိ သံပါ ကွန်ကရစ် ကျောက်တိုင်၊ ကျောက်တုပ်၊ ကျောက် ယောက်၊ ကျောက်ယက်မ၊ သံဘင်း၊ သံမြှား၊ သံယက်မနှင့် တည်ဆောက်ပုံ အဝတို့ကို အကြမ်း

အားဖြင့် အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ အသေးစိတ် အားဖြင့် ရေးသားပါမူ ကဏ္ဍ တခု အတွက် ရေးသား၍ပင် မကုန်နိုင်အောင် များလှရကား ဤသမိုင်း ရေးသားသူ အချိန် ရပါက တနေ့နေ့တွင် အသေးစိတ် အားဖြင့် ကဏ္ဍ ပိုင်းခြား ရေးသား ဖော်ပြရန် ရည်ရွယ်ချက် ရှိပေသည်။ သို့သော်လည်း ဤ ယခုအခါတွင် နိုင်ငံတော် အစိုးရ တို့က ချထား ပေးအပ်သော တာဝန် ဝတ္တရား များကို တင်းပြည့် ကြပ်ပြည့် ထမ်းဆောင် နေရလျက် ရှိသောကြောင့် အချိန်ပို ဟူ၍ မရရှိပဲ ရသမျှသော အချိန်ကလေးကို ကုတ်ကပ် စုဆောင်းကာ သာသနာ ၂၅၀၀-ပြည့် ဆဋ္ဌ သင်္ဂါယနာတင် ပဌမ သန္နိပါတ အမှီ ဤ အတ္ထုပ္ပတ္တိ သမိုင်း စာစောင်ကို အချိန်မှီ ထုတ်ဝေ လိုက်ရပေသည်။

ယခု အပြင်တောင် တည်ဆောက်ရေးနှင့် ပတ်သက်၍ ရေးသားရာ၌ အောက်ခြေ အမာခံ တည်ဆောက်ရေးမှ အစပြု၍ အပေါ် အာလိန် ၅-ဆင့်အထိ တည်ဆောက်မှုသည်၎င်း အတွင်း အပြင်လိုဏ် ၅-ထပ် ဝေဟင်ယံ နတ်လမ်း အပေါ်ရှိ ကျောက်တောင် ကျောက်ထွတ် များ တည် ဆောက်ရေးသည်၎င်း ဖက်စပ်၍ ရေးသားဖော်ပြ ရမည် ဖြစ်ပေသည်။

လိုဏ်ဂူတော် အတွင်း တိုင်ကြီး ၆-တိုင်နှင့် ထိုတိုင်ကြီး ၆-တိုင်ကို အမှီပြု၍ ၎င်း၊ ထိုတိုင်ကြီး ၆ တိုင်နှင့် အင်အား ဆက်စပ်ရာ ဘေး အတွင်း နံရံများ အတွင်း တည်ဆောက် ထားရှိသော သံပါ ကွန်ကရစ် တိုင်ကြီးများ၏ ထိပ်၌ အထက် ဖော်ပြပါ အောက်ခံကျောက်တုံးကြီးများပေါ်တွင် အမှီပြု၍ ပေါင်းကူးထားရှိသော သံဒိုင်းကြီးများ၏ အောက်အခြေခံများကို၎င်း၊ တလက်မ အထူရှိ သံမဏိပြားကြီးများကို အောက်ခြေ လေးပေ ပတ်လည်တွင် အဝကျယ်တလက်မခွဲရှိ သံလုံးများ အား ပန္နက်သဖွယ် ကွန်ကရစ် အခြေခံတွင်း များတွင် သုံးပေ-ရှစ်လက်မ စိုက်ထူကာ ဂဟေစွဲ စေ၍ ကွန်ကရစ်ဖြင့်အမာခံ သွန်းလောင်းပြီး အထက်ပိုင်းများ တွင်လည်း ထိုနည်းနှင်နှင် တလက်မ အထူသံပြားများကို ဘိနပ် ခြေနင်း သဖွယ် တိုင်များ၏ အောက်ခြေ၌ ထည့်သွင်း၍ အထက် ဒိုင်း ဘိနပ်နှင့် တိုင်ထိပ် အောက်ခြေ သံမဏိပြား ကွက်တို့ကို ဆက်စပ် တည်ဆောက် ရာတွင် မြန်မာပြည်၏ ရာသီဥတု အလိုက် အပူ အအေး အလျှော့ အတင်းဒဏ်ကို ခံသာနိုင်စိမ့် သောငှါ အလျှော့ အတင်း တလက်မခွဲအထိ သွားလာနိုင်ရန် ဘဲဥပုံသဏ္ဍာန် လျှော့တင်းပေါက် များ စီမံဖန်တီးထားခဲ့လေသည်။ သို့ ဖန်တီးခြင်း ဖြင့် မြန်မာပြည်၏ ရာသီဥတု အလိုက် အပူ အအေး ဓာတ်ကို ရွှေလျှော့ခံနိုင်သည့် အင်အားကို ၎င်း လျှော်လှုပ်သည့်ဘေးဒဏ်ကို ကာကွယ်နိုင် ရန်၎င်း တီထွင်ဖန်တီး တည်ဆောက် ထားခြင်း ဖြစ်ပေသည်။ သို့ ဖန်တီး တည်ဆောက် ထားပုံ များကို စာဖြင့် ရေးသားသော်လည်း ပေါ်လွင် ထင်ရှားနိုင်မည်မဟုတ်ပေ။

ယခု အပြင်မှ ပကတိ မျက်စိဖြင့် ကြည့်ရာ၌ ကျောက်တောင်ကြီး သဖွယ် တည်ဆောက် ထား သော လိုဏ်ဂူတော်ကြီးအား ဝန်းရံပတ်ထားသည့် ကျောက်တောင် လိုဏ်ဂူတော်ကြီး တည်ဆောက်ပုံ ကို အကြမ်းအားဖြင့် ဖော်ပြပေအံ့။ ထိုအပြင် ကျောက်တောင်ကြီး တည်ဆောက်ရာ၌ အခြား သော ပစ္စည်းများ ရရှိနိုင်မှုထက် လိုအပ်သော ကျောက်တောင်သဏ္ဍာန် တည်ဆောက် ရမည့် ကျောက်တုံးကြီးများ အချိန်မှီ ရရှိနိုင်မှုမှာ များစွာ အရေးကြီးသော ပစ္စည်းတခု ဖြစ်ပေသည်။ ထို ကျောက်တောင်ကြီး တခု ပေါ်လွင်ရေးအတွက် လိုအပ်သော၈-လက်မ အောက်ခံ ကျောက်ပြာတုံး ကုဗပေမှာ ၅၆၀၀၀၀-ကျော်ခန့်မျှ လိုအပ်ခဲ့လေ

သည်။ သို့လိုအပ်သည့်အတိုင်း ကျောက်စရစ်ရယူရန်နှင့် သဲ ဘိလပ်မြေ ရယူရန်များ လွယ်ကူသလောက် ကျောက်ပြာတုံးများ ရရှိရေးမှာ အထူးခက်ခဲသော လုပ်ငန်းရပ်ကြီးတခုပင် ဖြစ်ပေသည်။ အဘယ်ကြောင့် ဆိုသော် ထိုအချိန် အခါက ကျောက်ပြာတုံးများ ရရှိနိုင်သည့် သထုံခရိုင်နှင့် တောင်ငူ ခရိုင်တို့မှာ သူပုန်သူကန်များ အမြဲတစေ အနှောင့် အယှက် ပေးလျက် ရှိနေ ပေသည်။ ကျောက်ပြာတုံးများ ရရှိရေးနှင့် ပတ်သက်၍ တိုင်းသူ ပြည်သား ရှင်လူအများ သိရှိထိုက်သော အချက်အလက် များကို အစီရင်ခံရမည် ဆိုသော် လိုဏ်ဂူတော်ကြီးကို ၁၉၅၃-ခု ဇန်နဝါရီလတွင် စတင် တည်ဆောက် ရာ၌ အုပ်ချုပ်ရေး အဖွဲ့ လက်အောက်တွင် ဘဏ္ဍာရေးအဖွဲ့နှင့် ပစ္စည်းရှာဖွေ တည်ဆောက်ရေးအဖွဲ့ဟု အဖွဲ့နှစ်ခု ဖန်တီးထားရှိသည့်အနက် ပစ္စည်း ရှာဖွေ တည်ဆောက်ရေး အဖွဲ့မှာ ဤသမိုင်း ရေးသားသူ လိုလားအပ်သည့် အတိုင်း လိုဏ်ဂူတော်ကြီး ပြီးမြောက် ရေးတွင် ဤကျောက်ပြာတုံးကြီးများ ကုဗပေ ၅၆၀၀၀၀-မျှ ရရှိရေးမှာ အကြီးဆုံးသော ပြဿနာတရပ်ပင် ဖြစ်ပေသည်။ ဤမျှတိုတောင်းလှသော ရက်လအတွင်း၌ အခြား ပစ္စည်းများ ရရှိရန် လွယ်ကူသလောက် ကျောက်ပြာတုံးများ ရရှိရေးမှာ မလွယ်ကူပေ။ ထိုကျောက်ထုတ် လုပ်ငန်းကို မြန်မာလူမျိုး ထဲမှ စွမ်းစွမ်း တမန် ဆောင်ရွက် ခဲ့ခြင်း များလည်း နည်းပါးခဲ့သည်။ သို့ကြောင့်ပင်လျှင် ကျောက်ပြာ တုံး များ ပေးသွင်းရေးအတွက် တင်ဒါဈေးနှုန်း ခေါ်ယူရာ၌ ဈေးနှုန်း အသီးသီး ပေးသွင်းကြရာတွင် ခင်ရီမေတ္တာကုမ္ပဏီမှလည်း ထိုကျောက်တင်ဒါ အတွက် ဈေးနှုန်းပေးသွင်းခဲ့ကြောင်း တွေ့ရှိသည်။ သို့သော် ထိုကျောက်လုပ်ငန်းကို ထိုအချိန်က အနည်းဆုံး ဈေးနှုန်းပေးသွင်းသည့် ခင်ရီမေတ္တာကုမ္ပဏီမှ ကျောက်လုပ်ငန်းပေးသွင်းနိုင်မည့် အခြေခံ မရှိဟု အဖွဲ့ဝင်လူကြီးများက ယူဆ သော်လည်း ဈေးနှုန်းအနည်းဆုံး ပေးသွင်း ထားသည် ဖြစ်သောကြောင့် ခင်ရီမေတ္တာ ကုမ္ပဏီနှင့် အခြား ကျောက်တွင်း ပိုင်ရှင် ကုမ္ပဏီများ ဖြစ်ကြသော ဝါလီမာမက် ကျောက်တွင်းသူဌေးသားများအား ၎င်း၊ မြသန်းကုမ္ပဏီ၊ မီးရထားဌာန၊ ကျောက်ပေးသွင်းနိုင်သူများအား၎င်း အနည်းဆုံးဈေးနှုန်းဖြင့် သုံးဦးမျှ ပေးသွင်းရန်နှင့် ဆဋ္ဌသင်္ဂါယနာ လိုဏ်ဂူတော်ကြီး အချိန်မှီ ပြီးမြောက်ရန် လိုလားအပ်သည့် အကြောင်းခြင်းရာများကို ရှင်းလင်းပြောပြသောအခါ ထိုကုမ္ပဏီ ၃-ဦးစလုံးကပင် ဆောင်ရွက်ကြပါမည်ဟု အတိအလင်း ဝန်ခံကတိပေးကြပါသည်။ သို့သော် မမျှော်လင့်သော အကြောင်းခြင်းရာများ ပေါ်ပေါက်လာပုံကား သထုံခရိုင်မှ ကျောက်တုံးကြီးများ ရရှိရေးနှင့် သယ်ယူပို့ဆောင်ရေးမှာ မျှော်လင့်ချက် မရှိလောက်အောင် အခက်အခဲ များနှင့် တွေ့ဆုံ၍ ကျောက်ကျင်းအနည်းငယ်မှ တပါး မည်သူမျှ ပေးသွင်းနိုင်ခြင်း မရှိခဲ့ပေ။

ထိုအချိန်တွင် ရဲရဲတောက် ပေးသွင်းဆောင်ရွက်သူမှာ ခင်ရီမေတ္တာ ကုမ္ပဏီပိုင်ရှင် ဒေါ်ခင်ရီပင်ဖြစ်သည်။ ၎င်းဒေါ်ခင်ရီမှာ အခက်အခဲ မြောက်မြားစွာ ရှိစေကာမူ ဗုဒ္ဓသာသနာတော်ကြီး ကြီးပွါးထွန်းကားစေလိုသော အာသီသ ရှိသောကြောင့် မရနိုင်သော သထုံခရိုင် ကျောက်ရရှိမှုကို လွှဲဖယ်၍ တောင်ငူခရိုင် အစိုးရ ကျောက်ဘွင်းများမှ ရနိုင်သည့် နည်းကို ရှာကြံ၍ မဖြစ်မနေ အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ပါသည်။ ထိုအခါက တောင်ငူခရိုင်တွင်လည်း သူပုန် သူကန်များ သောင်းကျန်းလျက်ရှိပေသည်။ သို့သော် ဗုဒ္ဓမြတ်စွာ သာသနာ ထွန်းပေါ်ချိန်၌ ထိုအပအန္တရာယ်များ ဖြစ်သော သူပုန် သူကန်များသည် တောင်ငူခရိုင်ကျောက်တွင်းတူးရာမှာလည်း ဗုဒ္ဓမြတ်စွာ၏ မေ့စက်နှင့် အစိုးရ ၏ အာဏာစက်တို့ကို မလွန်ဆန်နိုင်သည့်အလျောက် ဖယ်ရှားကြသောကြောင့် ဤကျောက်ပြာတုံးကြီးများ ပေးသွင်းနိုင်သည့် လုပ်ငန်းမှာ မ

ပြောပလောက်သော အခက်အခဲများမှ အပ အောင်မြင်မှု ရရှိသည့်အလျောက် အပြင်ကျောက်တောင်ကြီးကို ဖန်တီးနိုင်ခဲ့လေသည်။ ဤသည်ပင်လျှင် သမိုင်းရေးသားသူအဖို့ ဝမ်းသာ၍မဆုံးဖြစ်လျက် မင်္ဂလာတရားတော်အရ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ရမည့် တာဝန်ဝတ္တရားရှိသည့် အလျောက် ခင်ရီမေတ္တာကုမ္ပဏီပိုင်ရှင် ဒေါ်ခင်ရီအား ထုတ်ဖော် ချီးကျူးလိုက်ခြင်းဖြစ်သည်။

# အပြင်ကျောက်တောင်ကြီးစတင်ဖန်တီးပုံ

အပြင် ကျောက်တောင်ကြီးကို ကြည့်လျှင် ကျောက်သားပကတိ ကျောက်တုံးများဖြင့် ပြီးသော ကျောက်ဆောင်ကြီး ကျောက်တောင်ကမူကြီး တခု ဖြစ်ပေါ်နေကြောင်း တွေ့မြင်ရပေမည်။ သို့သော် မည်သို့ မည်ပုံ ဖန်တီးတည်ဆောက်မှုကိုကား ပုံစံများရေးဆွဲတည်ဆောက်ရန်အချိန်ကာလအလျောက် မဖြစ်သော်လည်း တည်ဆောက်ခဲ့ပုံကိုမူ ဆက်လက် ဖော်ပြရပေမည်။ ဤသမိုင်းရေးသားသူသည် ကိုယ်တိုင်နေ့စဉ်နှင့်အမျှ နေ့ညမခြား ထိုကျောက်တောင်ဖန်တီးရေးကို နံနက်နေ့အချိန် သာမဟုတ် ညအချိန်များကိုပါ အားလပ်သမျှ အချိန်ယူ၍ ထိုအပြင်ကျောက်တောင် တည်ဆောက်သည့် လေးလနှင့် ၃-ရက်အချိန်ကို တင်းပြည့်ကျပ်ပြည့် ဖန်တီးပေးရလေသည်။ ကျောက်တောင်တည်ဆောက်ရာ၌ ပုံသဏ္ဌာန်ဖော်ရန် ပုံစံရေးဆွဲပြရုံနှင့် မဖြစ်နိုင်ပေ။ ကိုယ်တိုင်ကိုယ်ကျမည်မျှတောင်ထွတ်ထားမည်၊ မည်မျှ အောက်ခံ ကျောက်သမန်တလင်း ထည့်မည်။ တောင်ထွတ်အမြင့် မည်မျှထားရှိမည် စသည့် အချက်အလက်များကို အဝေးမှ တဖုံ အနီးမှ တမျိုး တည်ဆောက် မည့်ပုံသဏ္ဌာန် တောင်ထွတ် တောင်ထိပ် တောင်စွယ် တောင်ခွဲ တောင်ခါးပန်း ဖြတ်သန်းသည့်လမ်းနှင့် အတွင်း အပြင် ပေါင်းကူးရမည့် အချက် အလက်များကိုပါ ကိုယ်တိုင် ကိုယ်ကျ အချိန် ယူ၍ မနားမနေ ထိုတောင်ကြီး ဖန်တီးမှုမှာ လေးလနှင့် ၃-ရက် ကြာမြင့်သော ကာလအပိုင်းအခြားအတွင်း ပြီးစေခဲ့သည်။

အောက်ခြေပုံစံနှင့် ပတ်သက်၍ ပုံတခုသာ ထိုတောင် အတွက် ရှိပေမည်။ ထို ပုံစံကို ကြည့်က တောင်ကြီး၏ အောက်ခြေ ဖုံးကွယ် ထားသည်ကို တွေ့မြင် ရပေမည်။ ကျောက်တောင်၏ အခြေခံ အုတ်မြစ် ပန္နက်မှာ တောင်ခြေသို့ ပတ်၍ အကျယ် ၃-ပေ မှ ၄-ပေအထိ လိုအပ်သလို မြေပြင်ကို ဝန်းရံတူးဖော်၍ အောက်ခြေ ပန္နက် ၄-ပေမှ ၆-ပေအထိ အနက် တူးပြီး ၂-ပေ အမြင့်ရှိသော အခြေခံ ခွဲပန္နက်ကို အုတ်ထုခွဲ ၆-ဆ သဲ ၃-ဆ ဘိလပ်မြေ တဆဖြင့် ပြီးသည့် ကွန်ကရစ် အမာခံ အခြေပြုခဲ့လေသည်။ ထိုတောင်ကြီး၏ ဝဲယာ အလျားဖြင့် ကြည့်သော် ပျမ်းမျှခြင်း ဂ-ပေ၊ အနံဖြင့် ကြည့်သော် ပျမ်းမျှခြင်း ဂ-ပေမျှ အကွက် ချ၍ အောက်မြေပြင် အမာခံ အထက် ဖော်ပြပါ ၄-ပေမှ ၆-ပေ အထိ နက်ရှိုင်းသော အမာခံ အောက်ခြေ ပန္နက်ကို တူးဖော်စေ၍ အမြင့် ၂-ပေရှိ အုတ်ထုခွဲ ၆-ဆ သဲ ၃-ဆ ဘိလပ်မြေ တဆဖြင့် ပြီးသည့် ကွန်ကရစ်ဖြင့် အခြေခံ အုတ်မြစ်ကို တည်ဆောက်ခဲ့ပြန်လေသည်။ သို့ စဉ်အားဖြင့် တူးဖော် ကြည့်ရှုသောအခါ အမာခံ အောက်ခြေ အင်အား နည်းပါးသည့် နေရာ များကို တွေ့ရှိပါက မီးရထား

သံလမ်းများ အထပ်ထပ်ခံ၍ အောက်ခြေ အမာခံကို သံပါ ကွန်ကရစ်ဖြင့် တည်ဆောက် ခဲ့လေသည်၊ ထိုအထက်၌ တောင်ထိပ် တောင်ထွတ် တောင်ခါးပန်း စသည့် နေရာများ အမာခံ ရောက်သည် အထိ အုတ်ထုခွဲ ၆-ဆ သဲ ၃-ဆ ဘိလပ်မြေ တဆ ပါဝင် ရောမွေသော ကွန်ကရစ်ဖြင့် အမာခံ အောက်ခြေ အရောက် နံရံကြီးများ သဖွယ် ကျောရိုးသဖွယ် တည်ဆောက် ခဲ့သည်၊ ထို အမာခံ အုတ် နံရံများသည် ပင်လျှင် တခုနှင့် တခု ပေါင်းကန်၍ ဆက်စပ်လျက် ရှိရကား ထို ပေါင်းကန် နံရံများအတွင်းသို့ လိုအပ်သော မြေများကို တောင်ထပ် တောင်ထွတ် တောင်ခါးပန်း များ ပေါ်လွင်စေသည်အထိ ဖြည့်တင်း၍ ထို အထက်တွင် လိုအပ်သည့် တောင်ကမူ တောင်ပူစာ တောင်ထွတ် တောင်ထိပ်များ တည်ဆောက်ရန် အတွက် အမာခံရရန် အုတ်ထုခွဲ ၆-ဆ သဲ ၃-ဆ ဘိလပ်မြေ တဆ ပါဝင်သော အုတ်ထုခွဲ ကွန်ကရစ် ၆-လက်မမှ ၁၂-လက်မ အထု အထိ ခံ၍ ကျောက်တောင် ကျောက်ထွတ်များ၏ အောက်တွင် အမာခံ အခြေပြု တည်ဆောက် ခဲ့လေသည်။ ထိုအပြင် လိုဏ်ဂူတော် အမာခံ ပြုလုပ်ခြင်း အတွက် အုတ်ကျိုးကုဗပေပေါင်း ၄၅၀၀၀-မျှ အသုံး ပြုခဲ့ လေသည်။

ထို အခြေခံ အုတ်ထုခွဲ ကွန်ကရစ် တောင်ကမူ တောင်ထွတ် တောင်ခါးပန်း များ၏ အောက်ခံ ကွန်ကရစ် ပေါ်တွင် ၉-လက်မထက် မငယ်သော ကျောက်ပြာတုံးကြီးများအား တခုနှင့်တခုဆက်စပ်၍ တောင်ပုံသဏ္ဌာန် ဖန်တီး တည်ဆောက် ခဲ့လေသည်။ ထို ကျောက်ပြာတုံးကြီး တခုနှင့် တခု ဆက်စပ်ရာတွင် ခိုင်မာ တည်တံ့ရန် အတွက် ဆက်စပ် အင်္ဂတေ အသုံး ပြုရာ၌ အချို့ နေရာများတွင် လိုအပ်သလို မြစ်သဲ ၃-ဆ ဘိလပ်မြေ တဆ ပါဝင်သော ဆက်စပ် အင်္ဂတေဖြင့်၎င်း၊ အချို့ နေရာများ၌ အောက်ခြေ အမာခံနှင့် တဆက်တည်း ဆွဲစပ် တည်ဆောက် နိုင်ရန် အတွက်နှင့် ကျောက်ပြာတုံး တခုနှင့် တခု အရေးတကြီး ဆပ်စပ် ရန် လိုအပ်အည့် အလျောက် အရေးကြီးသည့် နေရာများတွင် တမတ် သံဇကာ ချ ကျောက်စရစ် ၃-ဆ သဲ တဆခွဲ ဘိလပ်မြေ တဆ ပါဝင်သည့် ကျောက်ဖြုံးကွန်ကရစ် ဖြင့်၎င်း ဆက်စပ် တည်ဆောက် ထားရှိပါသည်။ အောက်ခြေမှ လိုဏ်ဂူတော် တတိယ ဆင့်သို့ ဖုံးကွယ်ရန် အပြင်ကျောက်တောင်မှ အတွင်း နံရံနှင့် ဖက်စပ် အားယူမှု မရှိ မိမိတို့ အခြေခံ အုတ်မြစ်များ ပေါ်တွင်သာ အလေး တည်တံ့ ခိုင်မြဲ တည်ဆောက် ခဲ့သည်။ သို့သော် သာမန်အားဖြင့် လိုဏ်ဂူတော်ကြီးအတွင်းသို့ ဝင်ရောက် ကြည့်ရှု သူများ အတွက် အတွင်းပိုင်း ကျောက် လိုဏ်နှင့် အပြင် ကျောက် လိုဏ်ကူးစပ်မှုကိုတွေ့ရှိကောင်းမှတွေ့ရှိပေလိမ့်မည်၊ ဤသည် ပင်လျှင် ဗိသုကာအနုပညာ တရပ်ဖြစ်၍ ဗိသုကာ ပညာရပ်များကို လိုက်စားကြသူတိုင်း လိုဏ်ဂူတော်အတွင်းသို့ဝင်၍အတွင်းလိုဏ် ပြူတင်းများကို ဖွင့်ပြီး ကြည့်ရှုပါမူ ကျောက်တောင်မှ ဆက်စပ်သည့် အပြင်လိုဏ် တခု ရှိနေကြောင်းကိုလည်း ပေါ်လွင် ထင်ရှားစေမည်၊ ထို အပြင်လိုဏ်သည် အတွင်းလိုဏ် အပြင် နံရံနှင့် ဆက်စပ်လျက် ရှိနေကြောင်း လိုဏ် ပေါင်းကူး များဖြင့် ထင်ရှားစေ သော်လည်း အတွင်းလိုဏ် အပြင်လိုဏ် နံရံများ အုတ်မြစ်များကို အင်အားဖြည့်မှု ဖိနှိပ် တွန်းကန်မှု မရှိချေ။ အောက်ထပ် အပြင်လိုဏ်အတွင်းသို့ လှည့်ပတ်ကြည့်ရှုပါမူ များစွာ သာယာ၍ အလွန်တရာအေးချမ်းသောလိုဏ်ဂူများ ဖြစ်ပြီး အပြင် ကျောက်တောင်နှင့် အတွင်း ကျောက်သားပကတိ လိုဏ်ဂူတော်နံရံ ဆက်စပ်ရာ ကျောက်ဂူများ၏ အောက်၌ ဝိပဿနာ တရားပွဲများကြပါမူ များစွာ အေးချမ်း တိတ်ဆိတ် သာယာလှသောကမ္မဋ္ဌာန်းဌာနများအဖြစ် အသုံးပြုနိုင်ကြကြောင်းကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ရပေမည်။ ဤသည်ပင်လျှင် အကျဉ်းအားဖြင့်

အောက်ဆုံး အပြင် လိုဏ်၏ သဘာဝကို ဖော်ပြ ရပေသည်။

အောက်ဆုံး အပြင် လိုဏ်လမ်း တည်ဆောက်ရာ၌ ပေါင်းကူး ထားသည့် ဂုံး အမျိုးမျိုးကို တွေ့ရမည် ဖြစ်လေသည်။ အောက်ဆုံး လိုဏ်လမ်းရှိ ဂုံးပေါင်းကူးကြီးများမှာ အပြင် ကျောက်တောင်နှင့် အတွင်း ကျောက်တိုက်ကြီးကို ဖက်စပ်၍ အင်အား ညီမျှစေရန် ဖန်တီးထားသော ဂုံးများဖြစ်ပေသည်။ ထို ဖက်စပ် ဂုံးများကို အမှီပြု၍ အတွင်း ကျောက်တိုက်သား နံရံကို အပြင်မှ မမြင်နိုင်ရန် ရည်သန်၍ ဖန်တီးကူးယှက် ထားသော အတွင်း ပဌမထပ် လေဝင်ပေါက်များ အပေါ်ရှိ ပြုတင်း တံခါး အကာအကွယ် ကျောက်ဂုံးများကိုလည်း တွေ့ရှိရမည် ဖြစ်ပါသည်။ လိုဏ်ဂူကြီးအား ပြင်ပမှ အတွင်း ကျောက်တိုက် ဖုံးကွယ်စေရန် ဖန်ဘီး တည်ဆောက်မှု၌ လိုဏ်ဂူတော်၏ အရှေ့ဘက်နှင့် အနောက်ဖက်မှ ဖုံးကွယ် တည်ဆောက်ရန် လွယ်ကူသလောက် တောင်နှင့် မြောက်ဖက်ရှိ ကျောက်တောင် သဖွယ် ဖုံးကွယ်ရန်မှာ များစွာ ခက်ခဲလေသည်။ အထူးသဖြင့် မြောက်ဖက်မှ ကျောက်တောင် ဖုံးကွယ်ခြင်းသည် အခက်ခဲ ဆုံးဖြစ် ခဲ့ပေသည်။ အဘယ်ကြောင့် ဆိုသော် လိုဏ်ဂူတော်၏ မြောက်ဖက်တွင် အတွင်း လိုဏ်ဂူတော်သည် တထပ် တိုက်ခန်းမကြီးဖြစ်သော်လည်း မြောက်ဖက်တွင် အထပ် ၅-ဆင့် ဖြစ်သော လိုဏ်ဂူတော် ဖြစ်သောကြောင့် ထို ၅-ထပ် တိုက်ခန်းမများကို ဖုံးကွယ်သည့် စီမံ ဖန်တီး ဆောင်ရွက်မှုမှာ များစွာဝန်လေးသော တည်ဆောက်မှု တခု ဖြစ်ပေသည်။ ထို အပြင်အောက်ဆုံးထပ် ပဌမလိုဏ် မြောက်ဖက် အတွင်းမှ လှည့်လည်ကြည့်ရှုပါမူ အထက် ဖော်ပြပါ တည်ဆောက်မှု အခက်အခဲများကို မျက်ဝါး ထင်ထင် တွေ့မြင်ကြရပေမည်။ အပြင်ကျောက်တောင်နှင့် အတွင်း ကျောက်တိုက်သား ဆက်စပ်ရာ၌ အင်အား မျှစေရန် ရည်သန်၍ သံဟင်ဂလန်များကိုရင်း မီးရထား သံလမ်းများကို သော်၎င်း သံဘင်းကြီးများ ကိုသော်၎င်း အင်အား တွက်ချက်၍ တဖက်နှင့် တဖက် အတွင်းတောင် အပြင်တောင် ဆက်စပ်ရာများကွင် လိုဏ်ဂုံးများအပြင် အမာခံ ရရှိစေရန် ဆက်စပ် ထည့်သွင်း တည်ဆောက် ထားခဲ့ပါသည်။ ထို အောက်ဆုံး ပဌမ အပြင်လိုဏ်၏ အခင်းကို အုတ်ထုခွဲ ၆-ဆ သဲ ၃-ဆ ဘိလပ်မြေ တဆဖြင့် ပြီးသော အမာခံ အခင်း ကွန်ကရစ် ပေါ်၌ သဲ ၂-ဆ ဘိလပ်မြေ တဆ ပါဝင်သော ဘိလပ်မြေ သရွတ်ဖြင့် ပြီးခဲ့စေသည်။ ထို အောက်ဆုံးထပ် ပဌမဆင့် လိုဏ်အတွင်းမှ လိုဏ်ဂူတော်၏ အပေါ်ဆုံး အမိုးမှအစ ကျဆင်းလာသမျှသော မိုးရေများကို အပြင်သို့ ထုတ်ယူ နိုင်ရန် အတွက် ကျောက်တောင်ကြီး၏ အောက်ခြေ များတွင် ရေလွှဲပေါက်ကြီး များကိုလည်း တည်ဆောက်ဖန်တီး၍ ကျောက်တောင်ကြီးမှ ကျသမျှသော ရေတို့ကို ထိုရေလွှဲပေါက်များမှတဆင့် လိုဏ်ဂူတော်အပြင်သို့ ထုတ်ပေးခဲ့လေသည်။ သို့ကြောင့်သာလျှင် မိုးတွင်းအချိန်အခါများ၌ မည်မျှပင် မိုးရွာစေကာမူ လိုဏ်ဂူတော်ကြီး ပတ်လည်ရှိ လမ်းပေါ်များ၌ ရေတင်ခြင်းမရှိခဲ့ပဲ ထိုလမ်းများအောက်မှ မိုးရေများကို အပြင်သို့ ထုတ်ပေးနိုင်ခဲ့လေသည်။

ယခု လိုဏ်ဂူတော်ကြီး၏အပြင်လမ်းမှ တက်ရောက်တွေ့ရှိရမည့် ရှုမျှော်ခင်းများကို ဆက်လက်ဖော်ပြ ရေးသားရန် လိုပေသည်။ ကျောက်လိုဏ်ဂူတော်ကြီးအား အပြင်မှ တက်သည့် လမ်း ရှေ့နောက်ဝဲယာ လမ်းနှစ်သွယ်ကို ကျောက်သား ကျောက်ထွတ်များဖြင့်ပြီးစေ၍ တည်ဆောက်ထားရှိခဲ့သည်။ ထိုကျောက်လမ်း နှစ်သွယ်ဖြင့် လိုဏ်ဂူတော်အထွတ်အထိပ် အထိ အပြင်လမ်းမှ တောက်လျှောက် တက်ရောက်သွားလာနိုင်ပေသည်။

ထိုအပြင်လမ်း နှစ်သွယ်မှ တက်ရောက်သည့်အခါ လိုဏ်ဂူတော် တတိယဆင့် ဖြစ်သော လိုဏ်ဂူတော်ကို ပတ်၍ သွားနိုင်သည့် လိုဏ်ဂူလမ်းတခုကိုလည်း အာလိန် နတ်လမ်း မရောက်မီ တွေ့ရှိပေမည်။ ထိုလိုဏ်လမ်းမှာလည်း အောက် အတွင်း အပြင် လိုဏ်လမ်းများ၏ လိုဏ်ဆင့်များကို ရေတွက်ပါမူ (၁)အပြင်ကျောက်တောင် ပဌမလိုဏ်လမ်း။ (၂) လိုဏ်ဂူတော်ကို ပတ်၍ အတွင်း အောက်ဆုံးထပ် ဒုတိယလိုဏ်လမ်း။ (၃)ပဌမထပ် သို့မဟုတ် ဒုတိယ အဆင့်ရှိလိုဏ်ဂူတွင် တတိယ လိုဏ်လမ်း။ (၄)ယခု ဖော်ပြရမည့် လိုဏ်လမ်းမှာ အာလိန် လေးဆင့် စတုတ္ထလိုဏ်လမ်းပင် ဖြစ်ပါသည်။ထိုလိုဏ်လမ်းမှာ ထူးခြားစွာ အတွင်းကျောက်သား ပကတိ နံရံများဖြင့် ပြီးသော လိုဏ်ဂူတော်နှင့် အပြင်ကျောက်တောင်ကြီး ဆက်စပ်ပေါင်းကူးရာ အပြင်မှ ကြည့်လျှင် ကျောက်တောင် ပကတိ တွေ့မြင်အောင် ထိစပ်တည်ဆောက်ရာ အထပ်တခုပင် ဖြစ်သည်။ အထက်က ဖော်ပြခဲ့သည့် အာလိန်ငါးဆင့် တတိယ ထပ်အပြင်လိုဏ်ဂူများပေါ်တွင် မြောက်ဖက်မှ ကြည့်က လိုဏ်ဂူအသွင်တည်ဆောက်ထားကြောင်း ဖော်ပြခဲ့သည့်နည်းတူ အရှေ့အနောက်မှ အတွင်း တိုက်သား နံရံများကိုကွယ်၍ ကျောက်တုံးများဖြင့် အပြင်မှ မမြင်ရအောင် ဖန်တီးထားသော ကျောက်တောင် ကျောက်ထွတ် အထပ်တခု အပြင်ကျောက်တောင်နှင့် အတွင်း ကျောက်နံရံ ဖြတ်သန်း၍ ကူးစပ်ထားသောကျောက်လှေကားဆက်သွယ်ရာဌာများစွာ အခက်အခဲ တွေ့ရှိခဲ့လေသည်။ လိုဏ်ဂူတော်၏ အရှေ့အနောက် ဝယာလှေကား နှစ်သွယ်ကို ကြည့်ရှုပါမူ တဖက်နှင့်တဖက် ဂုံးပေါင်းကူး နေပုံ လှေကားကူးပုံ အထက်သို့ တက်ပုံများသည် မတူညီကြောင်း တွေ့ရှိရမည်။ သို့တည်ဆောက်ကြရာဌ အထက်ဖော်ပြပါ တတိယအထပ် စတုတ္ထဆင့်ဖြစ်သော စတုတ္ထလိုဏ်ဂူလမ်းကို တည်ဆောက်ကြရာဌရင်း အပြင်ကျောက်တောင်မှ အတွင်း လိုဏ်သားနံရံသို့ ကျောက်လှေကားဖြင့် ပေါင်းကူး တည်ဆောက်ရာတွင်ရင်း များစွာ အခက်အခဲနှင့် ရင်ဆိုင်ရသော်လည်း ဗုဒ္ဓမြတ်စွာသာသနာတော်၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် မျှော်မှန်းသည့် ကျောက်လမ်း ကျောက်ဆောင်ကြီးများ အပြီးသို့ရောက်ခဲ့လေသည်။

တတိယထပ် စတုတ္ထဆင့် လိုဏ်လမ်းကို တက်ရောက်ကြည့်ရှုပါမူ လိုဏ်ဂူတော်အတွင်း ရှိ အတွင်း လိုဏ်နှစ်သွယ် ၈-ပေကျယ် ရှိ လိုဏ်လမ်း၏ အတွင်း အပြင် နံရံနှစ်ခုကို မှီး၍ လေဝင်ပေါက်များ လေထွက်ပေါက်များ ချန်လှပ်ကာ ကျောက်ဂုံးများ သဏ္ဍာန် တည်ဆောက်ထားကြောင်း တွေ့ရှိရပေမည်။ ထိုကျောက်ဂုံးသည် အတွင်းနံရံသို့ သွား၍ ဆက်စပ်တည်ဆောက်ထားခြင်းမဟုတ်ပဲ၊ အပေါ်ဆုံးထပ် ဝေဟင်ယံ နတ်လမ်း အခင်းနှင့် ကျောက်သားနံရံတို့သာ ပေါင်းကူးအားပြု၍ ဂုံးအဆင့် တောင်ထွတ် တောင်ခပန်းများကို ကျောက်သား ပကတိဖြင့် ပြီးစေသည်။ သို့ကြောင့်ပင်လျှင် အပြင်မှ ကြည့်သော် ထိုနေရာများ အတွင်းကျောက် သားဟူ၍ မြင်ရသည်မရှိပဲ ကျောက်တောင် ကျောက်ထွတ်များ သဖွယ် တွေ့မြင်ရပေမည်။ ဤစတုတ္ထလိုဏ်လမ်းကို ရစ်ပတ်ဖြတ်သန်း သွားလာပါမူ လိုဏ်ဂူ အများ ဘာဝနာပွါးရန် ဖန်တီးထားရှိသော နေရာအများ တွေ့ရှိရပေမည်။ ဤလိုဏ်လမ်းပင်လျှင် လိုဏ်ဂူတော်အမိုးရှိ မိုးတွင်းကျရေများ လိုဏ်ဂူတော်အပြင်သို့ သံပိုက်ကြီးများဖြင့် ဆက်သွယ်ပို့ဆောင်ရာ အထပ် လိုဏ်ဂူလမ်းတခု ဖြစ်ပေသည်။ ထို စတုတ္ထလိုဏ်လမ်းကို ရစ်ပတ်သွားလာ ကြည့်ရှုပါမူ အထက် ငါးဆင့်မြောက် ဝေဟင်ယံ နတ်လမ်းကို ဖန်တီးပေးထားသည့် လိုဏ်ဂူလမ်းတခု ဖြစ်ခြင်း အပြင်ကျောက်တောင်နှင့် အတွင်းကျောက်တောင် နံရံသဖွယ် သွယ်ဝိုက်သောနည်းဖြင့် ဖန်တီးထားခြင်း၊ ကျောက်တောင်

အနီးရှိ ရေကို သံပိုက်ကြီးများဖြင့် ဆက်သွယ်၍ ကျောက်တောင်ခေါင်း အတွင်းမှ လှျိုဝှက်စွာ အောက်ဆုံးထပ်အထိ ယူဆောင်၍ ကျောက်လိုဏ် အတွင်းမှ အပြင်သို့ မိုးရေများ ထုတ်ပေးခြင်း စသည်တို့ကို တွေ့ရှိပေမည်။

လိုဏ်ဂူ၏ ပြင်ပမှ လိုဏ်ဂူတော် အတွင်းသို့ အပြင် ကျောက်တောင်ကြားမှ လိုဏ်ဂူတော် ပြူတင်းများမှ တဆင့် လေအေးကို သွယ်ဝိုက်သော နည်းဖြင့် သွင်းပေး၍ လိုဏ်ဂူတော် အတွင်းမှ တဆင့် လူပရိသတ် အခိုးအငွေ့ကြောင့် မကောင်းသော လေများကို ထိုစတုတ္ထဆင့်ရှိ လေစုတ်ပေါက် ၂၄ ပေါက်မှ အပြင်သို့ စုတ်ထုတ်ပေးခဲ့လေသည်။ လိုဏ်ဂူတော် အတွင်းသို့ ကြည့်လျှင် ထို လေစုတ်ထုတ်ပေါက် ၂၄-ပေါက် တွေ့ရှိရမည် ဖြစ်သော်လည်း စတုတ္ထလိုဏ်လမ်းမှ ပတ်၍ ကြည့်လျှင် ပတ်လည် ၂၂-ပေါက်သာ တွေ့ရှိရမည် ဖြစ်၍ ကျန် နှစ်ပေါက်မှာ မြောက်ဖက် နံရံ စတုတ္ထခန်းမဆောင်နှင့် ဆက်စပ်လျက်ရှိသော ကြောင့် ထိုလေထွက်ပေါက် ၂-ပေါက်မှ လေများကို ယူ၍ သံပိုက် များဖြင့် အပေါ်ကောင်းကင်ယံသို့ ထုတ်ထားကြောင်းတွေ့ရှိရပေမည်။ ထိုစတုတ္ထ အဆောင်အထက်သို့တက်၍ လှည့်လည် သွားလာကြည့်ရှုပါမူ ဝေဟင်ယံနတ်လမ်းကို တက်နိုင်သည့်လှေကားလမ်းတောင်ဘက်တွင် နှစ်လမ်းနှင့် မြောက်ဖက်တွင် လမ်းနှစ်သွယ်တို့ကို တွေ့ရှိရမည် အမှန်ဖြစ်ပေသည်။ ထိုလမ်း ၄-လမ်းမှတက်ရောက်သွားလာပါမူ ငါးဆင့်မြောက် ဝေဟင်ယံနတ်လမ်းဖြင့်ပတ်၍ လိုဏ်ဂူတော်အပေါ်ဆုံး လိုဏ်ဂူပတ်ဝေဟင်ယံ နတ်လမ်းသို့ သွားလာနိုင်ပေမည်။ ထိုဝေဟင်ယံ နတ်လမ်း၏ အခင်းမှာ ခြောက်လက်မထုအထူရှိ၍ အတွင်းပုံကျောက်သားနံရံကို အမှီပြု၍ သံပါကွန်ကရစ် ကျောက်ထုပ်ကျောက်သားကြီးများဖြင့် ကပ်၍ တည်ဆောက်ထားရှိပါသည်။ ထိုကျောက်ထုပ် ကျောက်သားကြီးများနှင့် ဝေဟင်ယံ နတ်လမ်း၏ အခင်းမှာ ကျောက်ပြာ ကျောက်ထုခွဲလေးဆ၊မြစ်သဲနှစ်ဆ ဘိလပ်မြေတဆဖြင့် ရောမွှေထားသော ကျောက်သံပါကွန်ကရစ်ဖြင့် ပြီးစေခဲ့ပါသည်။ ထိုဝေဟင်ယံနတ်လမ်းသဖွယ် ပြုလုပ်ဖန်တီးထားသောလမ်းကို ကာကွယ်ပေးရန်နှင့်ကျောက်တောင်သဖွယ် ဖန်တီးရှုမြင်ရန်ငှင်း၊ထိုနတ်လမ်း၏ဝရံတာသဖွယ် အကာအကွယ်ဖြစ်စေရန်ငှင်း ခြောက်လက်မ အောက်ခံရှိသောကျောက်ပြာတုံးများကို မြစ်သဲ၃-ဆ ဘိလပ်မြေတဆ ပါဝင်သော သရွတ်ဖြင့်ငှင်း၊ လိုအပ်သည့်နေရာများတွင် တမတ် သံဇကာချ ကျောက်စရစ် ၄-ဆ မြစ်သဲ ၂-ဆ ဘိလပ်မြေ တဆ ပါဝင်သော ကျောက်ဖွဲ့ ကွန်ကရစ်ဖြင့်ငှင်း ခိုင်ခံ့အောင် ဖန်တီးတည်ဆောက် ထားရာ ကျောက်ထွတ်များ သဖွယ် တွေ့မြင်ရမည် ဖြစ်ပေသည်။ ထိုနတ်လမ်း အတွင်းရှိနံရံမှာ လိုဏ်ဂူတော် အတွင်း နံရံသားပင်လျှင် ဖြစ်ရကား ထိုနံရံ၏ အပေါ်ဆုံးထပ် မှာလည်း အပြင်မှ ကြည့်လျှင် ကျောက်သား တောင်ထွတ်သဏ္ဌာန် တွေ့မြင်အောင် ကျောက်တုံး များဖြင့်သာ ပြီးစေခဲ့ပါသည်၊ ထို ဝေဟင်ယံ နတ်လမ်းမှ ပဉ္စမထပ် မြောက်ဖက် ဘုရား ယင်ပြင် တော်သို့ တက်ရန် မြောက်ဖက်တွင် လမ်း နှစ်သွယ် တည်ရှိ ဖန်တီးထားပါသည်။ ထိုလမ်းနှစ်သွယ်မှ တက်လျှင် လိုဏ်ဂူတော် ကျောက်နံရံအတွင်း သိတင်းသုံးနေတော်မူရာ ဘုရားယင်ပြင်တော် အပေါ်ဆုံးထပ်သို့ ရောက်ရှိပါမည်။ ထိုကြောင့် အထက်ကျောက် လိုဏ်ဂူတော် ကြီးသည် ပင်လျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်၏ ထွန်းပရာ ဆဋ္ဌသင်္ဂါယနာမဟာသဘင်ကြီးကျင်းပရာ ဘူမိနက်သန် မှန်ကန်သော အဆောက်အဦ တည်ဆောက် ပြီးမြောက်ကြောင်းကို ဤသမိုင်း ရေးသားသူသည် အတိုချုံး၍ဖော်ပြအပ်ပါသတည်း။

တနေ့တွင် လိုဏ်ဂူတော်ကြီး တည်ဆောက်ရေးနှင့် ပတ်သက်၍ ပုံစံများမရှိပဲတည်ဆောက်သည်ဟူ၍ငှင်း၊ လိုဏ်ဂူတော်ကြီးသည် မူတည်ရည်ရွယ်

ချက်အရ ခိုင်ခံ့စွာ တည်ဆောက်၍ အချိန်မှီ ပြီးမြောက်ပါမည်လောဟူ၍၎င်း သို့လော သို့လော တွေးတောဝေဖန်ခဲ့ခြင်းခံခဲ့ရလေသည်။ သို့စဉ်တွင် နိုင်ငံတော် ဝန်ကြီးချုပ်မှာ တာဝန်ရှိသည့် အလျောက် လိုဏ်ဂူတော် တည်ဆောက် နေစဉ် တနေ့တွင် နိုင်ငံခြား အင်ဂျင်နီယာ ဗိသုကာ ပါရဂူကြီးများကို ခေါ်ယူ၍ ဤလိုဏ်ဂူတော် တည်ဆောက်ရေးနှင့်ပတ်သက်ပြီးစိစစ်စေခဲ့သည်။ ဤသမိုင်း ရေးသားသူမှာ နိုင်ငံတော် ဝန်ကြီးချုပ် စေလွှတ် စိစစ်သည့် ဗိသုကာ အင်ဂျင်နီယာများ အား ရေးဆွဲထားသည့် ပုံစံများ အင်အားတွက် ချက်ပုံများ မြေဝင် ပန္နက်ပုံစံများစသည်တို့ကို၎င်း၊ လိုဏ်ဂူပုံနှင့် သံဒိုင်းကြီးများ တွက်ချက်ပုံ တည် ဆောက်ပုံ စသည့် ပုံစံများကို၎င်း ပေးအပ်ခဲ့၍ ကြည့်ရှုစိစစ် စေခဲ့ရာ ၎င်းပါရဂူကြီးများသည် ၇-ရက်ကြာမျှ ရေးဆွဲထားသော ပုံစံများနှင့်လုပ် ငန်းဆောင်တာများကိုစိစစ် တွက်ချက်ကြပြီး ထို အဆောက် အဦကြီး တည်ဆောက်ပုံမှာ ခိုင်လုံ ကြောင်း သက်သေခံကြသည်ဟု သိရှိရသည်။

ထိုမျှ မကသေး၊ ၁၉၅၄-ခု၊ ဧပြီလတွင် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် သာသနာရေး ဌာန ဝန်ကြီး ဦးဝင်း၊ (ယခု အမေရိကန် သံအမတ်ကြီး) တို့ သီဟိုဠ်ကျွန်းသို့ သွားရောက်ရန် စီစဉ်သည့် တနေ့ နံနက် ဤလိုဏ်ဂူတော်သို့ ကြွရောက် ကြည့်ရှု ကြသည်၊ထိုအချိန်၌ လိုဏ်ဂူတော်၏ မျက်နှာကြက် မှာလည်း မပြီးသေး၊ ဝါးငြမ်းများ ဆင်၍ တည် ဆောက် နေရာ၌ လိုဏ်ဂူတော်တွင်းသို့ ဝင်၍ မရ နိုင်လောက်အောင် ရှုပ်ထွေးလျက် ရှိသည်၊ ထို အချိန်၌ ဝန်ကြီးချုပ် ဦးနုက သမိုင်း ရေးသူအား စိုးရိမ်ယောင်မပြဘဲ ဦးလှကျော် ရွှေလသင်္ကြန်ယနာ တင်အမှီ လိုဏ်ဂူတော်ကြီး တည်ဆောက် ပြီးပ မည်လားဟု အမေးရှိခဲ့သည်။ သမိုင်းပြုစု သူက လည်း မိမိယုံကြည်ချက် အလျောက် နိုင်ငံတော် ဝန်ကြီးချုပ် သီဟိုဠ်ကျွန်းမှ ပြန်လာလျှင် လိုဏ်ဂူ တော်ကြီး အပ်ပါမည်ဟု ကတိ ပြုခဲ့သည်။ သို့သော် သာသနာရေး ဝန်ကြီး ဦးဝင်းမှာ စိုးရိမ် မကင်း ရှိလှသည်နှင့် ဤသမိုင်း ရေးသားသူအား နိုင်ငံ တော် ဝန်ကြီးချုပ် လိုဏ်ဂူတွင်းမှ ထွက်သွားပြီး နောက် တနေ့ရာသို့ ခေါ်ယူ၍ စိုးရိမ်ကြီးစွာဖြင့် နိုင်ငံတော် ဝန်ကြီးချုပ်သို့ ကတိပေး ခံဝန်ချက်မှာ အမှန်ပင် ကတိပြုချက် ဟုတ် မဟုတ် မေးမြန်း လေသည်။ သို့နှင့်ပင် ဤသမိုင်း ရေးသား သူက လည်း ဟုတ်မှန်ကြောင်း ထပ်မံဝန်ခံ ကတိ ပြုရ လေသည်။

နိုင်ငံတော် ဝန်ကြီးချုပ်နှင့် တကွ သာသနာရေး ဝန်ကြီး ဦးဝင်းနှင့် အဖွဲ့ဝင်များ သီဟိုဠ်သို့ သွား ရောက်ပြီးနောက် ပြန်ရောက်မည့် နေ့ထက် တရက် စော၍ မျက်နှာကြက် အားလုံး ပြီးစီး၍ တပည့် ဖြစ်သူ မောင်လှမောင်၏ အကူအညီဖြင့် လိုဏ်ဂူ တွင်းရှိ ငြမ်းများကိုပါ ပယ်ဖျက်ပြီး ဖြစ်လေသည်။ နောက်တနေ့တွင် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် တကွ သာသနာရေး ဝန်ကြီး ဦးဝင်း၊ မဟာ သိရိ- သုဓမ္မ ဟသံ်ာတ ဦးမြတို့မှာ တအံ့တသြ တွေ့မြင်ရ ခြင်းကြောင့် ဤလိုဏ်ဂူတော်ကြီးကို ၁၉၅၄-ခု၊ မေလ ၁၀-ရက် တနင်းလာနေ့ နံနက် ဂ-နာရီ အချိန်တွင် ချောမောစွာ လိုဏ်ဂူတော် ပြီးမြောက် ပေး အပ်ပွဲ အခမ်းအနား ကြီးကို ကျင်းပ နိုင်ခဲ့ လေသည်။

## ဆင္ဒသင်္ဂီတိ မဟာပါသာဏဂုဟာဆင္ဒသင်္ဂါယနာတင်
## ကျောက်လိုဏ်ဂူတော်ကြီးဟု အမည်ပေးခြင်း

ဤသမိုင်း ရေးသားသူသည် နိုင်ငံတော် ဝန်ကြီးချုပ် ညွှန်ကြားချက်အရ ကျောက်လိုဏ်ဂူတော်ကြီး တခု ဖြစ်မြောက်ရန် တည်ဆောက် ခဲ့လေသည်။ သို့ တည်ဆောက် ရာ၌ ဤလိုဏ်ဂူတော်ကြီး တည်ဆောက် ရာတွင် ဖော်ပြခဲ့သည့်အတိုင်း အခက်အခဲ မည်မျှပင် ရှိစေကာမူ ထမြောက် ကျော်လွန် ပြီးမြောက်အောင် ဖန်တီး နိုင်ခဲ့လေသည်။ သို့သော် ထိုကျောက် လိုဏ်ဂူတော်ကြီး၏ အမည် နာမဝိသေသ ပေးရန် အခက်အခဲ တခု ကြုံလာ ပြန်လေသည်၊ ထိုအချိန်မှာ လိုဏ်ဂူတော်ကြီး ပြီးရန် နီးကပ်ချိန်နှင့်လည်း ကြုံကြိုက်ရကား လိုဏ်ဂူတော်ကြီး ပြီးမြောက် သဖြင့် အပ်နှင်းပွဲ သဘင်တွင် ဤ ကျောက်လိုဏ်ဂူကြီး၏ အမည် နာမ တပ်ဆင် ပေးအပ်ရန် အမည်ကို ရှာကြံ မရ ဖြစ်ခဲ့သည်၊ သို့နှင့် လိုဏ်ဂူတော်ကြီး ပြီးခါနီးနေ့ တနေ့သော နံနက် အချိန်၌ ဤသမိုင်း ရေးသားသူ သည် အကြောင်း ကိစ္စ မရှိသော်လည်း သာသနာ့ ညွှန်ကြားရေးဝန် ပဌမကျော် ဦးကြီးဖေ၏ အိမ်သို့ နံနက် စောစော သွားလိုသည့် စိတ်ဓာတ် မြောက်များစွာ ပေါ်ပေါက်ခဲ့ လေသည်။ သို့စိတ်ဓာတ် ပြင်းပြသည့် အလျောက် ယခုသာသနာ့ ညွှန်ကြားရေးဝန် ပဌမကျော် ဦးကြီးဖေ၏ အိမ်သို့ သွားရောက်ပြီး ယခင် သွားလာခဲ့သည့်နည်းတူ အလ္လာပ သလ္လာပ စကားများ ပြောဆိုစဉ် အမှတ်မထင် ကျောက်ဂူကြီး၏ အမည်ပေးရန် ကိစ္စသို့ သွယ်ဝိုက်ရောက်ရှိခဲ့သည်၊ သို့ ဆွေးနွေးကြရာ၌ ဤ သမိုင်း ရေးသူ မှတ်မိ သလောက် သာသနာရေး ဌာန အရာရှိ ဦးခင်မောင်လင်း လည်း ထိုအချိန်တွင် ကျွန်ုပ်တို့နှင့်အတူ ရှိခဲ့လေသည်။ ကျောက်ဂူကြီး၏ အမည်နာမ ပေးရေး ကိစ္စနှင့် ပတ်သက်၍ ဤသမိုင်း ရေးသူ အပါအဝင် ဦးကြီးဖေနှင့် ဦးခင်မောင်လင်းတို့မှာ အပြန်အလှန် ဆွေးနွေးကြပြီး နောက်ဆုံး ဦးကြီးဖေက ဆင္ဒသင်္ဂါယနာတင်ကိစ္စလည်း ပါလေအောင် လိုဏ်ဂူကြီးသဖွယ် တည်ဆောက်ထားမှုလည်း ပါလေအောင် (ဆင္ဒသင်္ဂီတိ မဟာပါသာဏဂုဟာ) ခေါ် ဆင္ဒသင်္ဂါယနာတင် ကျောက် လိုဏ်ဂူ တော်ကြီးဟု အမည် ပေးရ မကောင်းလားဟုအကြံဉာဏ်ပေးသည့်အလျောက် ဤသမိုင်း ရေးသူနှင့် ဦးခင်မောင်လင်း တို့ကပါ နှစ်ထောင်း အားရ ထိုအမည်ဖြင့် သင့်လျော်ကြောင်း သဘောတူညီကြလျက် ဤလိုဏ်ဂူတော်ကြီး၏အမည်ကို ဆင္ဒသင်္ဂီတိ မဟာပါသာဏဂုဟာခေါ် ဆင္ဒသင်္ဂါယနာတင် ကျောက်လိုဏ်ဂူတော်ကြီးဟုခေါ် ဝေါ်သမုတ်ကြရန်ဆုံးဖြတ်လျက် အမည်ပေး မင်္ဂလာပြုခဲ့ကြသည်။ ထိုအမည်ကိုပင် ကမ္ဘာသူကမ္ဘာသား လူအများနှုတ်ဖျားတွင် ခေါ်ဝေါ် သုံးစွဲလျက်ရှိကြသည်။

ဤ လိုဏ်ဂူတော်ကြီး၏ အမည်ပေးရေး ကိစ္စသည်ပင်လျှင် နောင်လာနောက်သား များအဖို့ မည်သူက အမည်ပေးသည် မည်သည့် အတွက်ကြောင့်အမည်ပေးသည်စသည်ဖြင့် ဝိဝါဒကွဲပြားမှု မဖြစ် စေခြင်းငှါရင်း ဤ လိုဏ်ဂူတော် ကြီးကို အမည်ပေးသူသည် သာသနာ့ ညွှန်ကြားရေးဝန် ပဌမကျော် ဦးကြီးဖေဖြစ်ကြောင်း ထင်ရှားစေခြင်းငှါရင်း ဟုတ်မှန်သော အတိုင်း ဖော်ပြရခြင်း ဖြစ်သည်။

# ဆဋ္ဌသင်္ဂါယနာတင် လိုဏ်ဂူတော်တည်ဆောက်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူးချုပ်
# သရေစည်သူ ဦးလှကျော်၏ အစီရင်ခံစာ

၁၃၁၆-ခု၊ ကဆုန်လဆန်း ၈-ရက် (၁၉၅၄-ခု၊ မေလ ၁၀-ရက်) တနင်းလာနေ့ နံနက် ၈-နာရီ အချိန် ဆဋ္ဌသင်္ဂီတိ မဟာပါသာဏ ဂုဟာခေါ် ဆဋ္ဌသင်္ဂါယနာတင် ကျောက်လိုဏ်ဂူတော်ကြီးပြီး မြောက်ကြောင်း အထိမ်းအမှတ်ဖြင့်ဗုဒ္ဓသာသနာ အဖွဲ့သို့ လိုဏ်ဂူတော်ကြီးကို လွှဲအပ်သည့်အခမ်း အနားတွင် လိုဏ်ဂူတော် တည်ဆောက်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူးချုပ်မီးသတ်ဌာနညွှန်ကြားရေးဝန် သရေစည်သူ ဦးလှကျော်၏ အစီရင်ခံစာ။

ဆဋ္ဌသင်္ဂါယနာတင်ရန်နိုင်ငံတော်ဗုဒ္ဓသာသနာ အဖွဲ့ကြီးက စတင်စီစဉ်စ အချိန်ကပင် ဆဋ္ဌသင်္ဂါ ယနာတင်အဆောက်အဦအဖွဲ့ငယ်တွင် ကျွန်တော် ကိုယ်တိုင် အဖွဲ့ဝင်တဦးအဖြစ် ပါဝင်ခဲ့ပါသည်။ ထိုအဖွဲ့ခွဲတွင် ပါရှိသော လူကြီးမင်းများက ဆဋ္ဌသင်္ဂါယနာတင်ရန်အတွက်ခေတ်မီအဆောက် အဦကြီးတခု ဖြစ်မြောက်ရေးကို အာရုံ စူးစိုက် ဆောင်ရွက်ခဲ့ကြရာ ၁၉၅၂-ခု နှိုဝင်ဘာလတွင် ထိုခေတ်မီ ပုံစံအတိုင်း စတင် တည်ဆောက်ရန် ကံထရိုက်တာများကို တင်ဒါ ခေါ်ယူပြီးနောက် အလုပ်စတင် တည်ဆောက်ရန်စီစဉ်ခဲ့ကြပါသည်။ ထိုခေတ်မီပုံစံကို နိုင်ငံတော်ဝန်ကြီးချုပ် တွေ့ရှိရာ၌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှေးရှေး သံဂါယနာ တင်များကို မှီး၍ တည်ဆောက် လိုသည်က တကြောင်း၊ထိုအဆောက်အဦကြီးသည်သာသနာ ၅၀၀၀ တည်တံ့ ခိုင်မြဲရန် ရည်သန်၍ငင်း လိုဏ်ဂူ တော်ကြီး တည်ဆောက်ရန် အကြံဉာဏ် ဖြစ်ပေါ် လာသည့်အတိုင်း အဖွဲ့ဝင်များအား လိုဏ်ဂူကြီး ကဲ့သို့ တည်ဆောက်လိုကြောင်းမိန့်ကြားပါသည်။

## သစ်သားပုံလုပ်၍စခြင်း

ထိုနောက် ကျွန်တော်အား အပေါက် ၆-ပေါက် ပါသည့် ကျောက်လိုဏ်ဂူတော်ကြီးတခု ဖြစ်မြောက် ရန်အတွက် ရွှံ့ပုံစံ တခု လုပ်၍ တင်ပြစေခဲ့သည့် အလျောက် ကျွန်တော်ပြုလုပ်တင်ပြခဲ့သော ရွှံ့ပုံစံ ကို သဘောနှစ်ခြိုက်သည့်အတိုင်း သစ်သား နမူနာ ပုံစံတခုကို ပြုလုပ်စေ၍ ၁၉၅၃-ခု ဇန်နဝါရီလ ၁၀ ရက်နေ့ ညနေ ၃-နာရီအချိန် ကမ္ဘာအေးစေတီ တော် ဓမ္မာရုံ၌ ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်၊ ဝန်ကြီးချုပ် ဦးနု၊ မဟာသီရိသုဓမ္မ ဟသ်ာတဦးမြ၊ ဝန်ကြီးဦးဝင်း၊ ဝန်ကြီး ဗိုလ်မင်းခေါင်၊ အမြတ်တော်မင်းကြီး ဦးစံသိမ်း၊ မီးရထားအင်ဂျင်နီယာချုပ် ဦးကြည် ဝင်း၊ ရှေ့နေချုပ်ကြီး သတိုးမဟာသရေစည်သူ ဦးချန်ထွန်းစသော ပုဂ္ဂိုလ်ကြီးများပါဝင်သည့် အ စည်းအဝေးတွင် ကျွန်တော်တင်ပြသော သစ်သား လိုဏ်ဂူနမူနာပုံကို အများသဘောတူ ရွေးချယ်ကြ သဖြင့် ထိုအစည်းအဝေးမှ လုပ်ငန်းများကို ချက် ခြင်း စနိုင်ရန် ကျွန်တော်အား တာဝန်လွှဲအပ်ကြပါ သည်။

## တည်ဆောက်ရေးအဖွဲ့

ထိုလိုဏ်ဂူတော်ကြီး တည်ဆောက်ရေးအတွက် အဖွဲ့ခွဲ နှစ်ခု ကို တည်ဆောက်၍ လုပ်ငန်းစဉ်များ ကို စတင်ဆောင်ရွက်ခဲ့ရာ ထိုအဖွဲ့ခွဲ နှစ်ခုမှာ (၁) ဘဏ္ဍာရေးအဖွဲ့ခွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနဝန်ကြီး ဦးတင်၊ ယခင် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး နာယက ယခု အမြတ်တော်မင်းကြီး ဦးစံသိမ်းတို့ ပါဝင်၍ (၂) ပစ္စည်းရှာဖွေရေးနှင့် လုပ်ငန်းဆောင် ရွက်ရေးအဖွဲ့ခွဲတွင်ကာကွယ်ရေးဝန်ကြီးဦးဘဆွေ၊ ပြန်လည် ထူထောင်ရေးနှင့် ပြည်သူ့လုပ်ငန်းဌာန ဝန်ကြီးဗိုလ်မင်းခေါင်၊ မဟာသီရိသုဓမ္မ ဟသ်ာတ ဦးမြ၊ မီးရထားအင်ဂျင်နီယာချုပ်ကြီး ဦးကြည် ဝင်း၊ပြည်သူ့လုပ်ငန်းဌာန အင်ဂျင်နီယာ ဦးသာ ဒုတ်နှင့် ကျွန်တော်တို့ ပါဝင်ခဲ့ပါသည်။ ထိုအဖွဲ့ခွဲ

နှစ်ခု၏ တာဝန်ဝတ္တရားများမှာ လိုဏ်ဂူတော်ကြီး အတွက် လိုအပ်သော ပစ္စည်းများနှင့် လုပ်ငန်း ဆောင်ရွက်ရာတွင် ထိန်းသိမ်းရေးကို ပစ္စည်းရှာဖွေရေးနှင့် လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ခွဲက တာဝန်ယူ၍ ဆောင်ရွက်ရပါသည်။ လိုဏ်ဂူတော်ကြီး၏ ဘဏ္ဍာရေး ထိန်းသိမ်းမှုတို့ကိုမူ အထက်ဖော်ပြပါ ဘဏ္ဍာရေးအဖွဲ့ခွဲက တာဝန်ယူဆောင်ရွက်ပါသည်၊ လိုဏ်ဂူတော်ကြီးအတွက် ပန္နက်တင်မင်္ဂလာမကျင်းပမီ ရန်ကုန်မြို့ဘုရားကြီးတိုက်ဆရာတော်အမှူးပြု၍ သံဃာတော်အပါး ၅၀၀-တို့သည် ၃-ရက် တိုင်တိုင် ညနေတိုင်း ၅-နာရီ အချိန်မှအစပြု၍ ပရိတ်တော်မြတ်များ ရွတ်ဖတ်ခြင်း သိမ်နုတ်ခြင်း စသည့် ကိစ္စများကို ဆောင်ရွက်ခဲ့ကြသည့်အပြင် သီရိမင်္ဂလာပရိတ်တော်အဖွဲ့မှ မဟာသီရိသုဓမ္မ ဦးမြနှင့် သာသနာ့ညွှန်ကြားရေးဝန် ဦးကြီးဖေတို့ကလည်း ပရိတ်တော် ၁၁-သုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြပါသည်။

## ရွှေပန္နက်စိုက်ထူခြင်း

လိုဏ်ဂူတော်ကြီးကို ၁၃၁၄-ခု တပို့တွဲလဆန်း ၁-ရက်၊ ၁၉၅၃-ခု၊ ဇန်နဝါရီလ ၁၅-ရက် ကြာသပတေးနေ့ နံနက် ၈-နာရီတိတိအချိန်တွင် သံဃာတော် ၁၀၈-ပါး တို့အား ဆွမ်းကပ် ပူဇော်၍ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မဆာဦးသွင်အမှူးရှိသောဗုဒ္ဓသာသနာအဖွဲ့ဝင်လူကြီးများနှင့် မြို့ပေါ်ရှိ ဂုဏ်သရေရှိ လူကြီးများ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊သာသနာရေးဝန်ကြီး ဦးဝင်းအစရှိသော ဝန်ကြီး အဖွဲ့နှင့် အစိုးရအဖွဲ့ အကြီးအကဲများ၊ နိုင်ငံတော် တရားဝန်ကြီးချုပ်နှင့် တရားဝန်ကြီးများစသည့် အစိုးရအဖွဲ့ လူထုအဖွဲ့ ပုဂ္ဂိုလ်ကြီးများသည် လိုဏ်ဂူတော်၏ အရပ်ရှစ်မျက်နှာ၌ တပြိုင်နက် တချိန်တည်း ရွှေပန္နက်များကို စိုက်ထူ၍ ပန္နက်တင် မင်္ဂလာအခမ်းအနားကြီးကျယ်စွာ ဆင်ယင် ကျင်းပကြပါသည်။ ထို

လိုဏ်ဂူတော်ကြီး ပန္နက်တင် မင်္ဂလာ ကျင်းပပြီးနောက် အုတ်မြစ်ချ မင်္ဂလာ မကျင်းပမီ အထက်ဖော်ပြပါ သီရိမင်္ဂလာ ပရိတ်တော် အဖွဲ့ဝင်များသည် ၅၄-နာရီတိတိ အသံမစဲ ပဋ္ဌာန်း ဒေသနာတော်ကြီးကို ရွတ်ဖတ် သရဇ္ဈာယ် ပူဇော်ပွဲ တရပ် ကျင်းပ ခဲ့ကြပါသည်။

## တနှစ်နှင့် နှစ်လ ဆယ်ရက်ကြာတည်ဆောက်ရခြင်း

ထိုနောက် ၁၃၁၄-ခု၊ တပို့တွဲ လပြည့်ကျော် ၆-ရက်၊ ၁၉၅၄-ခု၊ဖေဖော်ဝါရီလ ၄-ရက်-ဗုဒ္ဓဟူးနေ့ နံနက် ၈-နာရီ အချိန်တွင် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီး ၉-ပါးကို အမှူးပြု၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု အမှူးပြုသော အစိုးရအဖွဲ့ ဝန်ကြီးများ၊ အတွင်းဝန်များ၊ ပါလီမန် အမတ်များ ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင် လူကြီးများ ဗုဒ္ဓသာသနာ အသင်း အဖွဲ့များ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကို အမှူးပြု၍ ဖ-ဆ-ပ-လ အလံတော် အောက်ရှိ လူထု အသင်းအဖွဲ့များ ရန်ကုန် တမြို့လုံးရှိ ဖ-ဆ-ပ-လတိုက်နယ် အသီးသီး တို့မှ လူပရိသတ်များစသည့် ပရိသတ်ပေါင်း နှစ်သောင်းကျော်ခန့် ထို လိုဏ်ဂူ တော်ကြီးကို အုတ်မြစ်ချကြပါသည်။ သို့ ရက်ကောင်း ရသဖြင့် အုတ်မြစ် ချခဲ့သော်လည်း လုပ်ငန်းများကို တိကျပြတ်သားစွာ ဆောင်ရွက်နိုင်မှုမှာ ၁၉၅၄-ခု၊မေလ ၁-ရက်နေ့မှသာ စတင်ဆောင်ရွက်နိုင်သဖြင့် ယခု လိုဏ်ဂူတော်ကြီး ပြီးဆုံး၍ အပ်သည့်နေ့တွင် တနှစ်နှင့် နှစ်လနှင့် ၁၀ ရက် ဖြစ်ပါသည်။

## ထူးခြားချက်ကြီးများ

လိုဏ်ဂူတော်ကြီး ပန္နက်တင် မင်္ဂလာ ဆင်ယင် ကျင်းပသည့်နေ့နှင့် အုတ်မြစ်ချသောနေ့ ထိုနှစ်နေ့တို့တွင် သင်္ဂါယနာတင်အတွက် ထူးခြားသည့် အတိတ် နိမိတ်များကိုလည်း အနည်းငယ် ဖော်ပြလိုပါသေးသည်။ ထို အချက်များမှာ ပန္နက်တင်

မင်္ဂလာမကျင်းပမီ သံဃာတော် အရှင်မြတ်များ ပရိတ်တော်ရွတ်ဖတ်၍ သိမ်နုတ်ချိန်တွင် နေပူရှိန် ကင်းမဲ့၍ တိမ်လိပ်များက နေပူရှိန်ကို ကာကွယ် ပေးခြင်း ပန္နက်တင်မင်္ဂလာ ကျင်းပသည့်နေ့နံနက် ၆-နာရီအချိန် မိုးကောင်းကင်၌သက်တန့်၃-ခုပေါ် ထွန်း၍ မိုးရွာမည့်အချိန်မဟုတ်ပဲ မိုးဖွားကလေး များ ကျလာခြင်း၊ အုတ်မြစ်ချသောနေ့နံနက်တွင် ရန်ကုန်မြို့တွင်းနှင့်အနီးတဝိုက်၌မိုးရွာသွန်းခဲ့သော် လည်း လိုဏ်ဂူတော်ကြီး၏ပတ်ဝန်းကျင်တွင် မိုးလုံး ဝကင်းစင်လျက်ရှိနေခြင်း၊ လူထုပရိသတ်အပေါင်း အုတ်အော်သောင်းတင်းဖြစ်၍ တညီတညွတ်တည်း ဝိုင်းဝန်း အုတ်မြစ် ချနိုင်ခြင်းနှင့် လိုဏ်ဂူတော် တည်ဆောက်သည့် နေ့မှ ပြီးစီးသည့်နေ့ အထိ အလုပ်သမား များတွင် အကြီးအကျယ် ထိခိုက် ဒဏ်ရာ ရမှု သေကြေပျက်စီးမှု လုံးဝ မရှိခြင်း စသည့် အကြောင်း အချက် များပင် ဖြစ်ပါသည်။

## လိုဏ်ဂူတော်တည်ဆောက်ထားပုံ

လိုဏ်ဂူတော်ကြီး တခုလုံး၏ အဆောက် အဦ ကြီးကို ကြည့်ရှုပါမူ အားလုံး သံပါ ကွန်ကရစ်များ ဖြင့်သာ အမာခံ တည်ဆောက် ထားရှိပါသည်။ လိုဏ်ဂူတော်ကြီးကို အပြင်က မြင်ခြင်း အားဖြင့် ကျောက်တောင်ကြီး သဏ္ဍာန် တွေ့ရှိသော်လည်း အတွင်း လိုဏ်ဂူတော်ကြီးနှင့် သာမန် အားဖြင့် သာ ဆက်သွယ် ထားမှု ရှိသောကြောင့် အတွင်း လိုဏ်ဂူတော်ကြီးနှင့် ခိုင်မာမှုမှာမူ အင်အားဆုတ် ယုတ်ခြင်းမရှိပဲ အပြင် ကျောက်တောင်ကြီးသည် ၎င်း၏ သီးသန့် ပန္နက်ပေါ်တွင် သာ အမှီပြုနေပါ သည်။ လိုဏ်ဂူတော်ကြီးတွင် တိုင်ကြီး ၆-တိုင်နှင့် ဝင်ပေါက် ၆-ပေါက် ဖန်တီးထားရာ ၆-ကြိမ်မြောက် ဆဋ္ဌသင်္ဂါယနာတင်၏ အထိမ်းအမှတ်ပင် ဖြစ်ပါ သည်။ လိုဏ်ဂူတော်ကြီးအတွင်း ဧရိယာ အကျယ် အဝန်းမှာ အလျားပေ ၂၂၀ (နှစ်ရာ့နှစ်ဆယ်) အနံ ပေ ၁၄၀ (တရာ့လေးဆယ်) ရှိ၍ လိုဏ်ဂူတော်ကြီး အတွင်းမှ ကြည့်မည်ဆိုသော် လိုဏ်ဂူတော်ကြီး အ တွင်း နံရံအား ဖောက်ထွင်းထားသော အပေါက် ၃-ဆင့် တွေ့မည် ဖြစ်ပါသည်။ ထိုအပေါက် ၃-ဆင့် မှာ ဘုရား တရား သံဃာ ရတနာ သုံးပါးကို ဦးထိပ် ထားခြင်းဖြစ်၍ အပေါက်ပေါင်း ၂၄-ပေါက်စီ ရှိရာ ထိုလိုဏ်ဂူတော်ကြီးကို ၂၄-ပစ္စည်းဖြင့် ခြံရံထား သည်ဟုသဘောသက်ရောက်စေပါသည်။ ထိုအပြင် မျက်နှာကြက်နှင့် အထက်ဆုံးလေစုတ်ပေါက်များ အားလုံးတွင် ဓမ္မစကြာဝိုင်းများဖြင့် ဝန်းရံ အုပ်ခြုံ ထားပါသည်။

လိုဏ်ဂူတော်ကြီးကို ပတ်၍ သွားရန် ၈-ပေ အကျယ် အတွင်းလိုဏ်ဂူလမ်း ၂ထပ်ရှိ၍ လိုဏ်ဂူအ ပေါ် လိုဏ်ဂူတော်ပတ်သည့်လမ်းနှစ်ထပ်ရှိပါသည်၊ လိုဏ်ဂူတော်ကြီး၏ မြောက်ဖက် အတွင်းတွင် ၄-ထပ်ရှိ၍ ထိုအထပ် ၄-ထပ်အပေါ်ဆုံးတွင် ဘုရား ယင်ပြင်တော်နှင့် အများပူဇော်နိုင်ရန် ဆင်းတု တော် ရုပ်ပွါးတော်တဆူ ရှိပါသည်။ လိုဏ်ဂူတော် ပေါ်သို့ တက်နိုင်ရန် အပြင် ကျောက်လမ်းအရှေ့နှင့် အနောက်မှ ကျောက်လမ်းနှစ်ခု ဖန်တီးထားပါ သည်။ ထိုအပြင် အတွင်းလမ်းအပေါ် တောင် ဘက်မှ လှေကားနှစ်ဆင့်၊ မြောက်ဖက်မှ လှေကား တဆင့်အပြင် ဓာတ်လှေကားတခုကိုလည်းတပ်ဆင် ထားရှိပါသည်။ လိုဏ်ဂူတော်ကြီး၏ မျက်နှာကြက် နှင့် နံရံများတွင်လည်း အသံထိန်းသည့် အရာဝတ္ထု ပစ္စည်းများဖြင့် တည်ဆောက်ထားပါသည်။

## ၉၁-သိန်းကျော်ကုန်ကျခြင်း

လိုဏ်ဂူတော်ကြီး အပြင် ပတ်ဝန်းကျင်မှာ အ လျား ၄၅၅- (လေးရာ ငါးဆယ် ငါးပေ) နှင့် အနံ-၃၇၀ (သုံးရာခုနစ်ဆယ်) ပေရှိပါသည်။ ထို လိုဏ်ဂူတော်ကြီးတည်ဆောက်ရာ အုတ်ကျိုး ကုဗ ပေ ၄၅၀၀၁၄၅ (လေးသန်းငါးသိန်း တရာ လေး ဆယ်ငါး)။ ကျောက်စရစ် ကုဗပေ ၆၂၈၀၇၀ (ခြောက်သိန်း နှစ်သောင်း ရှစ်ထောင် ခုနစ်ဆယ်)

ကျောက်ထုနွဲ ကုဗပေ ၄၆၉၀၃ (လေးသောင်း ခြောက်ထောင် ကိုးရာသုံး)။ ကျောက်ပြာတုံးကြီး များ ကုဗပေ ၅၅၉၅၇၂(ငါးသိန်းငါးသောင်း ကိုး ထောင် ငါးရာ ခုနစ်ဆယ်နှစ်)။ သဲကုဗပေ ၅၁၁၀၇၄ (ငါးသိန်း တသောင်း တထောင် ခုနစ် ဆယ်လေး)။ ဘိလပ်မြေတန်ချိန် ၁၁၉၇၃ (တ သောင်း တထောင် ကိုးရာ ခုနစ်ဆယ့်သုံး)နှင့် သံတန်ချိန်ပေါင်း-၃၈၀ (သုံးရာရှစ်ဆယ်)။ သစ် ရိုင်းတန်ချိန်-၇၅၇ (ခုနစ်ရာငါးဆယ့်ခုနစ်တန်၊) ကျွန်းသစ် တန်ချိန်-၁၂၅ (တရာနှစ်ဆယ်ငါးတန်) ဖြစ်ပါသည်။ အလုပ် စတင် လုပ်ကိုင်သည့်နေ့မှ ယနေ့တိုင် လိုဏ်ဂူတော် အပ်သည် အထိ နေ့စဉ် ဖျမ်းမျှခြင်း အရာရှိ အရာခံ ရာထမ်း မှုထမ်း အလုပ် သမားပေါင်း တနေ့လျှင် ၁၄၀၆-ယောက်မျှ လုပ် ကိုင် ဆောင်ရွက်ကြပါသည်။ ထိုလိုဏ်ဂူတော်ကြီး အတွက် ကုန်ကျမည့် စာရင်းပိတ်ငွေမှာ ၉၁ (ကိုး ဆယ်တသိန်း)ခန့်မျှ ဖြစ်ပါသည်။ ထိုလိုဏ်ဂူတော် ကြီး တည်ဆောက်နေစဉ် အတွင်း မဟာသီရိသုဓမ္မ ဟာသ်ာတဦးမြ ခေါင်းဆောင်သော သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့မှ သာသနာ့ ညွှန်ကြားရေးဝန် ဦးကြီးဖေ ဦးစီးစီစဉ်လျက် ပရိတ်တော်အဖွဲ့ဝင် များသည် ပရိတ်တော် ၁၁-သုတ်ကို နဝင်းကြေ ၁၀၈- ရက် တိုင်တိုင် နေ့စဉ် နေ့တိုင်း ရွတ်ဖတ် သရဇ္ဈာယ် ကြပါသည်။ ထိုနောက် ၁၃၁၅-ခု၊ နယုန်လဆန်း ၄-ရက် (၁၆-၅-၅၃)နေ့ နံနက်မှ အစပြု၍ နံနက်တိုင်းတနေ့လျှင်၂-နာရီကျ အဆက် မပြတ် ရွှေပြေး ဆဋ္ဌသင်္ဂါယနာ နိကာယ် ၅-ရပ် ပိဋကတ်သုံးပုံ ရွတ်ဖတ်ပူဇော်ပွဲကြီးပြုလုပ်ရာတွင် ၁၃၁၅-ခု၊ တပေါင်းလဆန်း ၂-ရက် (၆-၃-၅၄)နေ့ တွင် ပြီးဆုံး အောင်မြင် ခဲ့ပါသည်။ ထိုအပြင် ၁၃၁၅-ခု၊တပေါင်းလဆန်း၁၀-ရက်(၁၄-၈-၅၄)နေ့ နံနက် ၈-နာရီမှ အစပြု၍ ၁၃၁၅-ခု၊တန်ခူးလဆန်း ၇-ရက် (၁၀-၄-၅၄) စနေနေ့ နံနက် ၈-နာရီအထိ ရက်ပေါင်း ၂၇-ရက်၊နာရီပေါင်း၆၅၀-တိတိရွှေပြေး သင်္ဂါယနာနိကာယ် ၅-ရပ်၊ပိဋကတ်သုံးပုံကို နေ့ည အသံမစဲထူးကဲစွာ ရွတ်ဆိုခဲ့ကြပါသည်။ ထိုပရိတ် တော်မင်္ဂလာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း များတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု သာသနာရေးဝန်ကြီး ဦးဝင်း တို့လည်း ပါဝင်ဆောင်ရွက် ရွတ်ဖတ် သရဇ္ဈာယ်ခြင်း များပြုလုပ်ခဲ့ကြသည်ကို တွေ့ရှိရ ပါသည်။

### တခုတည်းသောကျောက်တောင်

ဤလိုဏ်ဂူတော်ကြီးတည်ဆောက်သည့် ကိစ္စကို ကျွန်တော် အနည်းငယ် ရှင်းလင်း အစီရင်ခံလိုပါ သည်။ အမှန်စင်စစ် ဤလိုဏ်ဂူတော်ကြီး တည် ဆောက်ရေးသည် ခေတ်မှီ အဆောက် အဦများ တည်ဆောက်ရေးနှင့် လုံးဝကွာခြား ကြောင်းကို တွေ့ရှိ ရပါသည်။ သာမန်အားဖြင့် ကြည့်မူ အဆောက်အဦများ အပါအဝင် မည်သည့် အဆောက်အဦကိုမဆို တည်ဆောက်ကြ ရာ၌ ပဋမ ပုံစံကို ရေးဆွဲ၍ ခန့်မှန်းခြေကုန်ကျငွေ များကို တွက်ချက်ပြီး ထိုပုံစံ ခန့်မှန်းခြေငွေများ ပေါ်တွင် အမှီပြု၍သက်ဆိုင်သူများက တည်ဆောက်နိုင်လင့် ကစား ဤလိုဏ်ဂူတော်ကြီးမှာ ပြီးမြောက်သည့် အခါအမြင်အကြည့်လွယ်သလောက်တည်ဆောက် ရာတွင် များစွာခက်ခဲကြောင်းကို တွေ့ရှိရပါသည်။ အတွင်း လိုဏ်ဂူတော်ပုံစံများကို တွက်ချက်ရေးဆွဲ တည်ဆောက် နိုင်သလောက် အပြင်တောင်ပုံ ဖော်ရန်နှင့် တောင်နှင့် အဆောက်အဦဆက်စပ်ရာ တွင် အမြင့်အနိမ့် အဖောင်း အကြွ သဏ္ဌာန် တူရန်နှင့် သွားရန် သွားလမ်း လာလမ်းလွယ်ကူရန် အပြင်အတွင်းလိုဏ်ဂူတော်ကြီး၏ အားအင် ဆုတ် ယုတ်စေရန် ဖန်တီးရသည့် ကိစ္စများအတွက် မှာမူ သာမန် အားဖြင့် ပုံစံထုတ်၍ ဆောင်ရွက် ရမည့် အစား နေ့စဉ်နှင့်အမျှ စိတ်ကူးဉာဏ် အမျိုးမျိုး ထုတ်၍ တောင်ပုံတော် သဏ္ဌာန် သဘောပေါက် လာရန်နှင့် လူအများ စိတ်ဝင်စားလာရန် ရှိသမျှ

သော အကြံဉာဏ် များကို ထုတ်နုတ်၍ လက်တွေ့သဘောအားဖြင့် ဆောင်ရွက်ခဲ့သော ကျောက်တောင်ကြီးတခု ဖြစ်ပါသည်။ ဤကဲ့သို့ မြေပြင်ပေါက် လူသတ္တဝါများ၏ နည်းပရိယာယ်ဖြင့် တည်ဆောက်သော ကျောက်တောင်မှာ ဗမာပြည်သာမက ကမ္ဘာ့အဝှန်းတွင် ဤ ကျောက်တောင်သည် ပဌမဆုံး တည်ဆောက်သော ကျောက်တောင်တခုဖြစ်ကြောင်းကိုလည်း လူကြီးမင်းများ သိစေလိုပါသည်။

## ဆက်လက်တာဝန်ယူပါသည်

ဤ ကျောက်တောင် တည်ဆောက်ရာ၌ အချိန် တိုတောင်း လှသည့် အတွက် အခက်အခဲများစွာ တွေ့ကြုံခဲ့ သော်လည်း သင်္ဂါယနာ တင်ကိစ္စ အဝဝတို့ကို ဆောင်ရွက်တော် မူကြသော ရဟန်းရှင်လူ အပေါင်းတို့၏ တန်ခိုးအာနုဘော်ကြောင့်၎င်း၊ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များ၏ စောင်မ ကြည့်ရှုရမည့် အမှုများကိုသာလျှင် ယုံကြည်စွာ အဓိဋ္ဌာန် ပြု၍ ဆောင်ရွက်မှုကြောင့်၎င်း ပေါ်လာသမျှ အခက်အခဲ များကို ဖြေရှင်း နိုင်ခဲ့သည့် အပြင် စိတ်ကူးဉာဏ်ဖြင့် ရိုးသားစွာ တည်ဆောက်ခဲ့သော ဤကျောက်တောင်လိုဏ်ဂူတော်ကြီးသည် လိုအပ်သောအချိန်ကာလအတွင်းစိတ်ကူးဉာဏ်အမျိုးမျိုးဖြင့် ဖန်တီး၍ တည်ဆောက်ခဲ့ရခြင်းကြောင့် အခက်အခဲမြောက်မြားစွာရှိလင့်ကစား သင်္ဂါယနာ တင်နိုင်သည်အထိ ပြီးမြောက်ခဲ့သည့် အခြေသို့ ဆိုက်ရောက်ခဲ့ပါသည်။ ထိုသို့ လိုဏ်ဂူတော်ကြီးသည် အပြင်ရှုမျှော်ခင်း အနေဖြင့် ကျွန်တော်လိုလားအပ်သော ရှုမျှော်ခင်းအခြေသို့ မရောက်သေးပါ။ အနည်းငယ် ပြင်ဆင်မှုများ လိုပေလိမ့်ဦးမည်။ ထိုလိုအပ်သောကိစ္စအဝဝတို့ကိုလည်း ပြီးမြောက်သည်အထိ မွမ်းမံပြင်ဆင် ပြီးဆုံးသည့် အခြေသို့ ရောက်အောင် ကျွန်တော် ဆက်လက် တာဝန်ယူဆောင်ရွက် သွားပါဦးမည်။ မည်သို့ပင် ဖြစ်စေ သင်္ဂါယနာ တင်နိုင်သည့် အခြေသို့ရောက်အောင် လိုလားအပ်သည့်နေ့ရက်အတွင်း ပြီးစီးအောင်မြင်သည်အထိမွမ်းမံပြင်ဆင်ခြင်းပြီးဆုံးသည့်အခြေသို့ ရောက်အောင် ကျွန်တော် ဆက်လက် တာဝန်ယူဆောင်ရွက် သွားပါဦးမည်၊ သင်္ဂါယနာတင်နိုင်သည့်အခြေသို့ရောက်အောင် လိုအပ်သည့်နေ့ရက်အတွင်း ပြီးစီးအောင်မြင်သည်အထိ ဆောင်ရွက်ပေးခဲ့ပြီဖြစ်ကြောင်းကိုလည်း ထပ်လောင်းအစီရင်ခံလိုပါသည်။

## ကျေးဇူးတင်ပါသည်

ဤကဲ့သို့ လိုဏ်ဂူတော်ကြီးသည် လွန်စွာမှ တိုတောင်းလှသော အချိန်ကာလအတွင်း သင်္ဂါယနာ တင်နိုင်သည့် အခြေသို့ ရောက်အောင် ထမြောက်အောင်မြင်စွာပြီးစီးခဲ့ခြင်းသည်နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊သာသနာရေး ဝန်ကြီး ဦးဝင်းမှ အစ အစိုးရဌာနများမှ လိုအပ်သော အကူအညီများနှင့် အကြံဉာဏ်များကို လိုက်လျော ပေးကြသောကြောင့်၎င်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီးသတိုးသီရိသုဓမ္မဆာဦးသွင်အမှူးပြုသော ဗုဒ္ဓသာသနာ အဖွဲ့ကြီးက အစစ လိုက်လျော အကူအညီပေးမှုများကြောင့်၎င်း၊လိုဏ်ဂူတော်ကြီး ပစ္စည်း ရှာဖွေရေး အဖွဲ့ခွဲနှင့် ဘဏ္ဍာရေးအဖွဲ့ခွဲတို့မှ မိမိတို့သက်ဆိုင်ရာ တာဝန် ဝတ္တရားများကို အားကြိုး မာန်တက် ဆောင်ရွက်ပေးမှု များကြောင့်၎င်း၊ လိုဏ်ဂူတော် တည်ဆောက်ရေးတွင် မခိုမကပ်ပဲ ဝိုင်းဝန်းဆောင်ရွက်ကြသော အင်ဂျင်နီယာကြီးများ၊ အရာရှိများ၊ အလုပ်သမားများ၏ စေတနာအလျောက် အားကြိုးမာန်တက် ဆောင်ရွက်မှုများ ကြောင့်၎င်း၊ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးမှ ကြီးမှူး၍ ရန်ကုန်ခရိုင်အတွင်းရှိ တိုက်နယ်အသီးသီးမှ လူထုအား၊ အခြားအသင်းအဖွဲ့များမှ လူထုအား၊ အချို့မြို့နယ်များမှ လူထုအား စသည့်

လူထုအများက ဝိုင်းဝန်းကူညီအားပေးကြသော ကြောင့်ရှင်း၊ ဤလိုဏ်ဂူတော်ကြီးမှာ ထိုမျှ ရက် တိုတိုနှင့် အောင်မြင်အောင် တည်ဆောက်နိုင်ခြင်း ဖြစ်ပါသည်။ သို့အတွက် ကျွန်တော်သည် လိုဏ်ဂူ တော်ကြီး ပြီးမြောက်အောင် တာဝန်ခံ၍ တည် ဆောက်ရသူ တယောက် အနေဖြင့် လေးလေး နက်နက် အထက်ဖော်ပြပါ ပုဂ္ဂိုလ်အပေါင်းတို့အား ဝမ်းမြောက်ဝမ်းသာ ကျေးဇူး တင်ရှိပါကြောင်း၊ ယခု ဤ အစီရင်ခံစာဖြင့် နိဂုံးချုပ်၍ လိုဏ်ဂူ တော်ကြီးကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ ကိုယ်စား သတိုးသီရိ သုဓမ္မ ဆာဦးသွင်သို့ လွှဲအပ် ပါကြောင်းအစီရင် ခံပါသည်။

## အမျှယူတော်မူကြပါ

ဤလိုဏ်ဂူတော်ကြီး တည်ဆောက်ရာတွင် အစ-အလယ် အဆုံး သုံးပါး လုံးဝယ် ကာယကံ ဝစီကံ မနောကံ ကံ ၃-ပါး အားဖြင့် စေတနာ ဝန်ထမ်း စိတ်ရောကိုယ်ပါ တည်ဆောက်ပေးခဲ့သောကုသိုလ် ကောင်းမှု အစုစုကို ကြွလာကြသော ပရိသတ်များ နှင့် လူနတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့အား ဤ လိုဏ်ဂူတော်ကြီး ပန္နက်ချစဉ် နိုင်ငံတော် ဝန်ကြီးချုပ်က လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့ အား တိုင်တည်၍ ကျွန်တော့အား တာဝန်လွှဲအပ် ခဲ့သည့်အလျောက် ဤ လိုဏ်ဂူတော်ကြီး တည် ဆောက်ပြီးမြောက်သည့် အထိမ်းအမှတ် ပွဲတွင် လည်း ကျွန်တော်၏တာဝန်ဝတ္တရားများကို ကျေ ပွန်စွာ ထမ်းရွက်ခဲ့ကြောင်း လူနတ် ဗြဟ္မာ သတ္တဝါ များနှင့် ကြွရောက်တော် မူကြသော ပရိသတ် အပေါင်းတို့အား ကျွန်တော်၏ စိတ် စေတနာ ကုသိုလ်ကောင်းမှုအစုစုကို အမျှပေးဝေပါကြောင်း ထပ်လောင်းအစီရင်ခံပါသည်။

(ပုံ) လှကျော်
နိုင်ငံတော် အစိုးရ မီးသတ်ဌာန
ညွှန်ကြားရေးဝန်နှင့်
အုပ်ချုပ်ရေးမှူးချုပ် ဆဋ္ဌသင်္ဂါယနာတင်
လိုဏ်ဂူတော် တည်ဆောက်ရေးအဖွဲ့

## နိဂုံးချုပ်

ဤသမိုင်းကို ရေးသားရာ၌ နိဒါန်းတွင် ဖော်ပြခဲ့သည့်အတိုင်း ကျိုးကြောင်းကွင်းဆက်များစွာ ထည့်သွင်းအတိုချုံး၍ရေးသားရာတွင် ဆင္ဃသင်္ဂီတိ မဟာပါသာဏ ဂုဟာခေါ် ဆင္ဃသင်္ဂါယနာတင် ကျောက်လိုဏ်ဂူတော်ကြီး တည်ဆောက်ရေးသည် မှုအားဖြင့် ပေါ်လွင်မည် မဟုတ်သောကြောင့် ဆက်စပ် ကျိုးကြောင်းများဖြစ်သည့် ဆင္ဃသင်္ဂါယနာတင် ကောလာဟလများ ဗုဒ္ဓရောင်ရှိန် ထွန်းပေါ်ချိန် နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ပေါ်ပေါက်လာပုံ၊ တိပိဋကရေရွေးချယ်ပွဲ၊ ကမ္ဘာအေးစေတီ၊ သီရိမင်္ဂလာကုန်းမြေ၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ စသည့် ကျိုးကြောင်းဆက် ကိစ္စအဝဝတို့ကို အကျဉ်းချုံး၍ ဖော်ပြခဲ့သောကြောင့် ဆင္ဃသင်္ဂီတိ မဟာပါသာဏဂုဟာခေါ် ဆင္ဃသင်္ဂါယနာတင်ကျောက်လိုဏ်ဂူတော်ကြီးတည်ဆောက်ပုံများကို ဤသမိုင်းရေးသားသူသည် အချိန်တိုတောင်းလှစွာ ရေးသားဖော်ပြရသဖြင့် **အသေးစိတ်** ရေးသား ဖော်ပြရန် အချိန်မရရှိခဲ့ပေ။ သို့သော် နောင်အခါတွင် လိုဏ်ဂူတော် တည်ဆောက်ရေးဆိုင်ရာ ဗီသုကာ သမိုင်းတခုကို နောင်ခေတ် ရဟန်းရှင်လူနှင့် ဗိသုကာ အများဖတ်ရှုနိုင်စိမ့်သောငှါ အသေးစိတ်ရေးသားဖော်ပြ ထုတ်ဝေရန် ရည်သန်လျက် ရှိပေသည်။ ယခု ဤသမိုင်းပြုစုသူ၌ ဆင္ဃသင်္ဂါယနာတင်၏ ကျိုးကြောင်းဆက်များကို ကြိုတင် မဖော်ပြလျှင် နောင်ရေးသားရန် ရည်ရွယ်သည့် ကျောက်လိုဏ်ဂူတော်၏သမိုင်းပေါ်လွင်မည် မဟုတ်သောကြောင့် ဤ ပဌမ ကျောက်လိုဏ်ဂူတော်သမိုင်းကို ကျိုးကြောင်းဆက် ဖော်ပြ၍ ရေးသားခြင်း ဖြစ်ရာ အတ္ထုပ္ပတ္တိသမိုင်း ရေးသားရာတွင် လိုအပ်သော အချက် အလက်များကို အတိုချုံး၍ ပေါ်လွင်အောင် ရေးသားဖော်ပြ ထားရှိသောကြောင့် အချို့စာဖတ်သူများက ပြည့်ဝစွာ မဖတ်ရှုရသဖြင့် အပြစ်တင်ကြမည်ဟု သဘောပိုက်မိပါသည်။ သို့သော် ဤသမိုင်းပြုစုသူမှာ အစိုးရတာဝန်ဝတ္တရားများကိုထမ်းဆောင်နေစဉ် ဆင္ဃသင်္ဂါယနာတင်နှင့် သာသနာ ၂၅၀၀-ပြည့်မြောက်ပွဲကို မျှော်မှန်း၍ တိုတောင်းလှသောဤသမိုင်းရေးသားသည့် တလ အချိန်ကာလမျှ အတွင်း ပြီးမြောက်အောင် ရေးသားရသဖြင့် အတိုချုံး၍ ရေးသား ဖော်ပြမှုပင်ဖြစ်သောကြောင့် စာဖတ်ပရိသတ်များအား ဤမျှဖြင့် နှစ်သိမ့်ကျေနပ်ကြပါရန် တောင်းပန်အပ်သည်ကို ကျေနပ်ကြလိမ့်မည်ဟု ကြိုတင်မျှော်လင့်မိပါသည်။

ဤအတ္ထုပ္ပတ္တိသမိုင်းကိုရေးသားရာ၌ မည်သူ၏ အကျိုးမျှမဟုတ်၊ သာသနာ ၅၀၀၀-တည်ရန် ရည်သန်၍ တည်ဆောက်ထားရှိအပ်သော ဆင္ဃသင်္ဂီတိ မဟာပါသာဏဂုဟာခေါ် ဆင္ဃသင်္ဂါယနာတင် ကျောက်လိုဏ်ဂူတော်ကြီး၏ အကျိုးကိုသာ မျှော်မှန်းရကား ဤလိုဏ်ဂူတော်ကြီးသည် ဆင္ဃသင်္ဂါယနာတင်၏ အထိမ်းအမှတ် ပင်မကြီးတခု ဖြစ်သည်အားလျော်စွာ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာသာသနာတော်အား သာသနာ ၅၀၀၀-အစွန့်ရှည်စွာ ထိန်းသိမ်းစောင့်ရှောက် နိုင်ကြသည်နှင့်အမျှ ဤဆင္ဃသင်္ဂါယနာတင် လိုဏ်ဂူတော်ကြီး အားလည်း ဆက်လက်တည်တံ့စွာ ထိန်းသိမ်း နိုင်ကြပါစေ၊ သုံးတန်သာသနာ တည်မြဲအောင် စောင့်ရှောက် နိုင်ကြပါစေ၊ သာသနာသုံးတန်ကို ရဟန်း ရှင်လူ အပေါင်းတို့ ထိန်းသိမ်း စောင့်ရှောက်ကြသော အားဖြင့် နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင် ကြပါစေဟု ဤ သမိုင်းပြုစုသူသည် အဓိဋ္ဌာန်ပြု၍ ဤသမိုင်းကို အကျဉ်းအားဖြင့် နိဂုံးချုပ် ဖော်ပြ ရပေသည်။

ဤသမိုင်း ပြုစုသူအား ဝိုင်းဝန်း ကူညီကြသူအပေါင်းအားလည်း ဤ သမိုင်းရေးသားခြင်းဖြင့် အထူးတလည် ကျေးဇူးဆပ်အပ်ပါသတည်း။

(လှကျော်)

ပ-မ-ဗ-သ-စ—၃၇၂—၁၉-၉-၇၀—၁၀၀၀ (၂)